
www.burmeseclassic.com

ဂ ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ

# ကြိဝဏ္ဏ



BURMESE CLASSIC .com

ဂရူတိုင်မှ ရေသဂ်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စေတနာလက်ဆောင်

❖ အောက်ခြေမှာ မနေလိုသဖြင့်
အမြင့်ဆုံးနေရာရောက်အောင် ကြိုးစားကြတယ်။
အမြင့်ဆုံး နေရာရောက်တော့
လေတိုက်တဲ့ဒဏ်ကို မခံနိုင်ကြလို့
အောက်ကို ပြန်ဆင်းကြရပြန်တယ်။

❖ မွေးဖွားခြင်းရဲ့နိဒါန်းဆိုတာ
သေခြင်းတရားရဲ့နိဂုံးတစ်ခုပါပဲ
သေခြင်းတရားရဲ့နိဂုံးဆိုတာလည်း
အသစ်တစ်ဖန် မွေးဖွားခြင်းရဲ့အစပါပဲ။
ဘာမှ မက်မောတွယ်တာစရာ မရှိလှပါဘူး။

❖ မုန်းတီးခြင်းစိတ်ဆိုတာ
ကြွက်ကိုမနိုင်လို့
ကိုယ့်အိမ်ကို မီးနဲ့ရှို့သလိုပဲ
ပျက်စီးခြင်းများကိုသာ
ခေါ်ဆောင်လာတတ်ပါတယ်။

BURMESE CLASSIC .com

# စေတနာလက်ဆောင်

❖ အလင်းရောင်တစ်ခုဆိုတာ
သင့်ကိုယ်က အရိပ်ကို ဖြစ်ပေါ်စေပါတယ်။
ကိုယ့်အရိပ်ကို ပြန်လန့်နေရတဲ့
အဖြစ်မျိုးနဲ့တော့ မနေချင်ပါနဲ့။
အလင်းရောင်ထဲကို ရဲရဲသာသွားပါ။

❖ ရွှေရလိုသဖြင့်
သောက်ရေကန်ကို ဖျက်ဆီးပစ်သူသည်
မိမိလည်ပင်းစွပ်မည့်ကြိုးကို
ကိုယ်တိုင်ကျစ်သူမျိုးသာဖြစ်သည်။

❖ လှေတစ်စင်းသည်
ရွက်မရှိလျှင် တက်ရှိရမည်။
တက်မရှိသော်မှ လက်ဖြင့်လှော်နိုင်ရမည်။
သို့မဟုတ်ပါက ရေစီးနှင့် မျောပါပြီး
ပင်လယ်ဝဲဩဃသို့ ရောက်သွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာလက်ဆောင်

- လက်တွဲဖော်ဆိုတာ
စည်းပွားဖက်ပဲဖြစ်ဖြစ်
အိမ်ထောင်ဖက်ပဲဖြစ်ဖြစ် ညီမျှဖို့ လိုပါတယ်။
တစ်ဖက်ဖက်က ချို့ယွင်းနေရင်တော့
ရှေ့ဆက်သွားဖို့ မဖြစ်နိုင်ပါဘူး။

- ကြီးပွားချမ်းသာသော ဘဝမျိုး
မရလျှင်လည်း ရှိပါစေ
ကျေးဇူးကန်းသူတစ်ယောက် ဘဝမျိုးနဲ့တော့
ဘဝတစ်လျှောက်လုံး
ခေါင်းမဖော်ရဲသော ဘဝမျိုးနှင့် မနေသင့်ပါပေ။

- နည်းလမ်းဆိုတာ
အောင်မြင်မှုရဲ့လမ်းစ (သဲလွန်စ) ပါပဲ။
နည်းလမ်းကို အလျင်မရှာပဲ
အောင်မြင်မှုကိုသာ
ဖြတ်လမ်းက လိုက်ရှာနေရင်တော့
ရမှာ မဟုတ်ပါဘူး။


# စေတနာလက်ဆောင်


- သူ့ပါးစပ်က ဘာမှ မပြောလျှင်
သူ့မျက်လုံးမှာ အဖြေရှာကြည့်ပါ။
မျက်လုံးသည် စိတ်၏ ထွက်ပေါက် ဖြစ်သဖြင့်
အသံမထွက်သော စကားလုံးများဖြင့်
အချက်ပြပေးတတ်သည်။

- ဥယျာဉ်မြေတစ်ခု မျိုးထောင်လျှင်
ပန်းပင်ရေလောင်းတာထက်
ပေါင်းမြက်တွေ ခုတ်ထွင်ဖယ်ရှားရတာက
ပိုပြီး ပင်ပန်းလေ့ ရှိပါတယ်။

- အချစ်ဟူသည်
အလုပ်မရှိသူအတွက်
အလုပ်များစရာ ဖြစ်တတ်သော်လည်း
အလုပ်များနေသူ အတွက်တော့
အလုပ်ပျက်စရာ ဖြစ်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) မုန်တိုင်းနောက်မှ အန္တရာယ်များ

အခန်း(၂) အန္တရာယ် သဲလွန်စနှင့် ထူးဆန်းသော မြင်ကွင်း

အခန်း(၃) ပင်လယ်ရေအောက်မှ အန္တရာယ်ကောင်

အခန်း(၄) သေမင်းတမန် လက်တံရှည်များ

အခန်း(၅) အချစ်ကြီးသူနှင့် ရန်ငြိုးရန်စ

အခန်း(၆) မေတ္တာလုပွဲကြားမှ အချစ်၏သားကောင်

အခန်း(၇) ရေသရဲ သို့မဟုတ် အဂ္ဂိမုခ အဆိပ်ကောင်

အခန်း(၈) ရေသရဲနှင့် ရင်ဆိုင်တွေ့ကြုံခြင်း

အခန်း(၉) အဆိပ်အပြင်းဆုံး အဆိပ်များ

အခန်း(၁၀) ပင်လယ်ကမ်းခြေမှ အလောင်း

အခန်း(၁၁) ဒေါက်တာမင်းထင်ကျော် ရောက်လာလေပြီ

အခန်း(၁၂) ပေါ်ရာဂဏစကားလုံးများနှင့် ရေးထုံး အဓိပ္ပါယ်

အခန်း(၁၃) အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံခြင်း

အခန်း(၁၄) ဝက်ပါလမ်းမှ မားစာခံဖြစ်ရသူ

အခန်း(၁၅) ရန်သူ့စက်ကွင်းသို့ သက်ဆင်းရခြင်း

အခန်း(၁၆) ငန်းငွေးသော ရင်ခုန်သံများ

အခန်း(၁၇) ရာဇူတိုင်ကျွန်းမှ ရေသူရဲ

အခန်း(၁၈) ချစ်သူတို့အတွက် အရေးအကြီးဆုံးသော အချစ်




# အခန်း(၁)

# မုန်တိုင်းနောက်မှ အန္တရာယ်များ

ကမ္ဘာမြေကြီးဟုသာ ခေါ်ဆိုကြသော်လည်း စင်စစ်တော့ . . ကမ္ဘာမြေပေါ်မှာ ရေထုက လေးပုံရှိပြီး မြေသားထုက တစ်ပုံခန့်သာ ရှိပေသည်။ သို့ကြောင့် ကမ္ဘာမြေဟု ခေါ်ကြမည့်အစား 'သမုဒ္ဒရာ ရေကမ္ဘာ' ဟုသာ ခေါ်ထိုက်သင့်လှပေသည်။

နှစ်သန်းပေါင်းများစွာ အချိန်ကတည်းက . . သက်ရှိသတ္တဝါအားလုံးတို့မှာ ရေအောက်မှပင် ဖြစ်တည်ပေါ်ပေါက်ခဲ့ကြပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှသာ ကုန်းမြေများပေါ်မှာ သစ်ပင်သစ်တောများ ပေါ်ပေါက်လာတော့မှသာ အချို့က ကုန်းမြေရှိရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရာမှ ကုန်းသတ္တဝါများ ဖြစ်လာခဲ့ကြသည်။

သစ်ပင်များမှာလည်း ရေအောက်မှပင် ဦးစွာ ရှင်သန်ခဲ့ကြပြီး နောက်ပိုင်းမှ ကုန်းမြေပေါ်၌ ပေါက်ခဲ့ကြခြင်းဖြစ်သည်။ သမုဒ္ဒရာ၏ အကျယ်အဝန်းသည် ကုန်းမြေပေါ်မှာ နေထိုင်စရာနေရာထက် အဆပေါင်းများစွာ ပိုမိုများပြားလေသည်။

အကြီးမားဆုံးသော ရေငန်ထုများ ရှိသောနေရာကို သမုဒ္ဒရာဟု သတ်မှတ်ကြပြီး. . . ကမ္ဘာပေါ်တွင် အတ္တလန္တိတ် သမုဒ္ဒရာ၊ ပစိဖိတ် သမုဒ္ဒရာ၊ အိန္ဒိယ သမုဒ္ဒရာ၊ အာတိတ်နှင့် အန္တာတိတ် သမုဒ္ဒရာ တို့မှာ အထိကရ သမုဒ္ဒရာကြီးများအဖြစ် လူသိများလှပေသည်။

သမုဒ္ဒရာနှင့် ထိစပ်ပြီး ကုန်းမြေများနှင့် ထိနေသောနေရာများမှ ရေငန်ထုကိုတော့. . သမုဒ္ဒရာထက်သေးသော ပင်လယ်ဟု သတ်မှတ်ထားကြသည်။

သို့သော် သမုဒ္ဒရာကြီးအတွင်းမှာပင် ထူးထူးခြားခြား ပင်လယ်ဖြစ်နေသည့် နေရာမျိုးလည်း ရှိပေသည်။

အတ္တလန္တိတ်သမုဒ္ဒရာကြီးအတွင်းမှာ 'ဆာဂါဆိုပင်လယ်' ရှိသည်မျိုး ဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်တို့သည် လူတို့အတွက် မကုန်ခမ်းနိုင်သော စားနပ်ရိက္ခာနှင့် သယံဇာတ ပစ္စည်းများကို ပေး





သည်။

ကမ္ဘာ့နေရာအနှံ့အပြား သွားလာနိုင်ရန် ရေကြောင်းခရီးများဖြင့် အထောက်အကူပေးခဲ့သည်။

ရှေးနှစ်ပေါင်းများစွာက ခေတ်မီသော လေယာဉ်ပျံ၊ သင်္ဘောကြီးများ မပေါ်ပေါက်ခင်အချိန်ကပင် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်ပေါ်မှာ ရွက်သင်္ဘောများ အသုံးပြုပြီး တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာခဲ့ကြပေသည်။

သမုဒ္ဒရာနှင့်ပင်လယ်တို့သည် လူသားတို့အတွက် မကုန်ခမ်းနိုင်သော စားနပ်ရိက္ခာနှင့် သယံဇာတပစ္စည်းများ၊ ရေအောက်ရတနာပစ္စည်းများကို ပေးသလို လူ့အသက်ပေါင်းများစွာတို့ကို အဆုံးစီရင်လေ့ရှိသော အန္တရာယ်မျိုးစုံတို့လည်း ရှိကြပေသည်။

ကုန်းမြေပေါ်မှာ လူမရောက်နိုင်သော နေရာထိပ်များ မရှိတော့သော်လည်း သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့တွင် ယခုတိုင် လူတို့ မရောက်နိုင်သေးသောနေရာ၊ အဖြေရှာမရနိုင်သော ပဟေဠိများစွာတို့ ရှိနေကြပေသေးသည်။

ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် လူနှင့် ရွက်သင်္ဘောများကို ဖျက်ဆီးနိုင်သော ရေသတ္တဝါကြီးများ ရှိကြသည်။

၎င်းတို့ ဖျက်ဆီးသဖြင့် သေကျေပျက်စီးမှုပေါင်း များစွာရှိသည်။

မုန်တိုင်းများ၊ လှိုင်းလုံးကြီးများ ဖျက်ဆီးမှုကြောင့် ရွက်သင်္ဘောကြီးများ ပင်လယ်ကူးသင်္ဘောကြီးပေါင်း မြောက်



www.burmeseclassic.com

www.burmeseclassic.com



များစွာတို့ သမုဒ္ဒရာကြမ်းပြင်အောက်သို့ ရောက်ကြရသလို လူတို့၏ အသက်ပေါင်းများစွာတို့လည်း ပျက်စီးဆုံးရှုံးခဲ့ကြရပေသည်။

ဘာမြူဒါ တြိဂံနယ်မြေ၊ နဂါးတြိဂံနယ်မြေကဲ့သို့ ဆန်းကြယ်သော နေရာများကြောင့် လေယာဉ်ပျံများ၊ ပင်လယ်ကူးသင်္ဘောကြီးများ မရေမတွက်နိုင်အောင် ပျက်စီးဆုံးရှုံးခဲ့ရသည်။

အချို့ အစအနမျှပင် ရှာမတွေ့တော့ပေ၊ လေယာဉ်ပျံများ၊ သင်္ဘောများပေါ်မှာ လိုက်ပါသွားသော ရာပေါင်းများစွာသောလူတို့ သေကြေပျက်စီးခဲ့ကြရသည်။

ဆူနာမီ ရေလှိုင်းကြီးများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ပင်လယ်ပြင်မှာ ရှိနေသော သင်္ဘောများသာမကပဲ၊ ကမ်းခြေမှာနေသော မြို့များ၊ ရွာများ ပျက်စီးခဲ့ကြရသည်။ လူပေါင်းများစွာ သေကျေပျက်စီးခဲ့ကြရသည်။

ကုန်းမြေပေါ်မှာ စစ်ပွဲများကြောင့်သော်လည်းကောင်း၊ ကပ်ရောဂါ ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များ (ငလျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသော)ကြောင့် လူပေါင်းမြောက်မြားစွာ သေကျေပျက်စီးခဲ့ကြသည်မှာ ကမ္ဘာနေရာအနှံ့အပြားတို့တွင် မကြာခဏ ဖြစ်ပေါ်နေကြပေသည်။

ထိုသဘာဝ ဘေးအန္တရာယ်များက ရှေးအခါက သိပ်မရှိပဲ နှစ်ပေါင်းများစွာ ကြာတော့မှ တစ်ကြိမ်တစ်ခါလောက်သာ ဖြစ်ပေါ်ခဲ့သည်။

ယခုမှသာ ကမ္ဘာမြေပြင်ပေါ်မှာ သစ်ပင်စသော သဘာ





ဝ အကာအကွယ်ပေးထားသော အရာဝတ္ထုများ မရှိတော့သောကြောင့် သဘာဝဘေးအန္တရာယ်များ မကြာခဏ ပေါ်ပေါက်လာကြခြင်း ဖြစ်ပေသည်။

သမုဒ္ဒရာနှင့် ပင်လယ်ပြင်မှာတော့ ကမ္ဘာဦးကာလကပင် သဘာဝဘေးအန္တရာယ်များ ရှိခဲ့ကြသဖြင့် လူပေါင်းများစွာတို့ သေကျေပျက်စီးမှုမှာ ရှေးကတည်းက အစဉ်အဆက်ရှိခဲ့ကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ကမ္ဘာမြေပေါ်တွင် စစ်ပွဲများ၊ကပ်ရောဂါဆိုးများ၊ သဘာဝဘေးအန္တရာယ်တို့ကြောင့် သေကျေပျက်စီးရသော အရေအတွက်ထက် ပင်လယ်သမုဒ္ဒရာတို့၌ သေကျေပျက်စီးရသော အရေအတွက်က ပိုများလှပေသည်။

ထို့ပြင် ရှေ့မှာရေးသားခဲ့သည့်အတိုင်း ကမ္ဘာမြေ မျက်နှာပြင်မှာ လူသူ အရောက်အပေါက် မရှိသေးသောနေရာတချို့သာရှိသော်လည်း. . သမုဒ္ဒရာနှင့် ပင်လယ်ရေပြင် ရေအောက်မှာတော့ လူသူမရောက်နိုင်သော နေရာများနှင့် မဖြေရှင်းနိုင်သေးသော ပဟေဠိများစွာတို့လည်း ရှိကြပေသည်။

ဥပမာ. . ပစိဖိတ်သမုဒ္ဒရာထဲ၌ရှိသော "မာရီယာနာ" တွင်းနက်ကြီးသည် လူသားတို့ မရောက်နိုင်သေးသော နေရာမျိုးဖြစ်သည်။

နောက်ပိုင်းတော့ ခေတ်မီကိရိယာများ အသုံးပြုကာ ရေအောက်သို့ ရောက်အောင် ကြိုးစားခဲ့ကြသည်။

ကြိုးစားသူများက ပေပေါင်း(၃၅၅၀၀)နက်မည်ဟု ခန့်



www.burmeseclassic.com

www.burmeseclassic.com



မှန်းပေးခဲ့ကြသည်။

ကမ္ဘာပေါ်မှာရှိသော အမြင့်ဆုံးတောင်ထွတ်ကြီးများပင် ပင်လယ်သမုဒ္ဒရာအောက်မှာရှိသော တွင်းနက်ကြီးများလောက် အမြင့်ပေ မရှိသည်ကို တွေ့ကြရသည်။

သို့ကြောင့် ပင်လယ်နှင့်သမုဒ္ဒရာတို့တွင် မဖြေရှင်းနိုင်သေးသော အန္တရာယ်များနှင့် ပဟေဠိပုစ္ဆာပေါင်း မြောက်မြားစွာတို့ ရှိနေကြသေးသည်ကို သုတေသနပညာရှင်များက လက်ခံခဲ့ရပေသည်။

ပင်လယ်သမုဒ္ဒရာတို့တွင် အခြားမဖြေရှင်းနိုင်သေးသော အန္တရာယ်ပုစ္ဆာများအပြင် . . နေ့စဉ်မြင်တွေ့နေရသော အန္တရာယ်မျိုးစုံတို့လည်း အမြောက်အမြား ရှိကြပေသေးသည်။

ထိုအထဲတွင် လေမုန်တိုင်းများ၊ ကြီးမားသော လှိုင်းလုံးကြီးများနှင့် ထူးဆန်းသော ရေသတ္တဝါကြီးများကြောင့် သေကျေပျက်စီးမှုများမှာ အများဆုံး ဖြစ်လေသည်။

ရေသတ္တဝါဟုသာ ခြုံငုံရေးသားရသော်လည်း ရေသတ္တဝါ အမျိုးအမည်ပေါင်းက မရေမတွက်နိုင်အောင် များပြားလှပေသည်။

ကုန်းနေသတ္တဝါကြီးများထက် အဆပေါင်းများစွာ ပိုကြီးသော ဝေလငါး၊ မန်း၊ ညံသတ္တဝါ၊ ရေနေနဂါး၊ ရေဘဝဲကြီးများမှ အပ်ချည်ကြိုးတမျှ သေးမျှင်သော ရေသတ္တဝါ အမြောက်အမြားလည်း ရှိကြလေသည်။

ထို့ပြင် ကြီးမားလှသော ငါးကြီးများလည်း ရှိသည်။ အ





ဆိပ်ပြင်းသော သတ္တဝါများ၊ ထူးဆန်းသော ရေသတ္တဝါ မြောက်များစွာတို့လည်း ရှိကြသည်။

ထူးဆန်းသော ရေသတ္တဝါများ အကြောင်းကိုတော့ ရှေ့အခန်းများတွင် ရေးသားဖော်ပြပေးပါမည်။

နှစ်စဉ် ပင်လယ်ပြင်မှာ ဖြစ်ပေါ်လေ့ရှိသော မိုးသက်မုန်တိုင်းကြီးများ၊ ပင်လယ်ရေလှိုင်းကြီးများကြောင့် သေကြေပျက်စီးမှု အမြောက်အမြား ရှိခဲ့ပေသည်။

ထိုမုန်တိုင်းကြီးများတွင် ဟာရိကိန်းမုန်တိုင်းနှင့် တိုင်ဖွန်းမုန်တိုင်းကြီးများမှာ ပင်လယ်ကမ်းခြေဒေသများသို့ နှစ်စဉ်မပျက် ရောက်လာဇာတ်ကြသည့် . . ကြောက်စရာအကောင်းဆုံး မုန်တိုင်းကြီးများလည်း ဖြစ်သည်။

မုန်တိုင်းကြီးများ ဖြစ်လာသောအခါ လေတိုက်နှုန်းကလည်း များစွာကြမ်းလှရာ ပျက်စီးမှု များပြားလေသည်။

မုန်တိုင်းများတိုက်ခတ်ချိန် နီးလာသည့်အချိန်နှင့် မုန်တိုင်းဖြစ်ပေါ်နေသော အချိန်တို့တွင် တစ်နာရီလျှင် ကီလိုမီတာ (၁၀၀)မှ (၂၀၀)အထိ လေတိုက်နှုန်းရှိပြီး မြင့်မားသော လှိုင်းလုံးကြီးများကို ဖြစ်ပေါ်လာစေသည်။

ဒီရေတက်နေချိန်တွင် မုန်တိုင်းကြီးများ တိုက်ခတ်ပါက လှိုင်းလုံးကြီးများ ပိုမိုကြီးကာ အပျက်အစီးလည်း ပိုများလေသည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ နာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်က ဒီရေတက်နေသော အချိန်နှင့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နေသောကြောင့် ကုန်းမြေပေါ်သို့ ပင်လယ်ရေလှိုင်းကြီးများ တက်ရောက်လာခြင်း ဖြစ်သည်။

ထိုအချိန်မျိုးတွင် တက်လာသော ရေလှိုင်းများသည် ကမ်းခြေသို့ ရောက်သောအခါ မုန်တိုင်းဒီရေအဖြစ် ပြောင်းသွားကာ ကုန်းပေါ်မှာရှိသော အရာမှန်သမျှတို့ကို ဖျက်ဆီးမှု ပြုတတ်ပေသည်။

ထိုမုန်တိုင်းကြီးများသည် အရှေ့ဘက်ကမ်းခြေဒေသများတွင်သာ ဖြစ်ပေါ်မှုများသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတစ်လျှောက်ကိုလည်း မကြာခဏ ဝင်ရောက်လာလေ့ရှိကြသည်။

မြန်မာနိုင်ငံ၌ မုန်တိုင်းဒဏ်ကို အများဆုံးခံရသောဒေသများမှာ တောင်ဘက်နှင့် အနောက်ဘက် ကမ်းရိုးတန်းဒေသများ ဖြစ်ကြလေသည်။

ထိုအထဲတွင် တနင်္သာရီတိုင်း ကမ်းရိုးတန်းဒေသလည်း တစ်နေရာ ပါဝင်လေသည်။

ဒီနေရာမှာတော့ ထားဝယ်၊ မြိတ်နှင့် တနင်္သာရီ ဒေသတို့၏ ရှေးကမြင်ကွင်းအခြေအနေများကို အနည်းငယ် ရေးသားတင်ပြရန် လိုပေမည်။

အဘယ်ကြောင့်ဆိုသော်. . ယခုရေးမည့် ဇာတ်လမ်းအခြေခံသောနေရာမှာ ထိုနေရာများ၌ ဖြစ်သောကြောင့်ပင်။

ယခုလက်ရှိ မြင်တွေ့နေရသော အခြေအနေများကို လက်ရှိနေထိုင်သူများရော ကြုံဖူးရောက်ဖူးသူများပါ သိရှိပြီး





ဖြစ်သောကြောင့် အထူးချဲ့ထွင် ရေးသားစရာ မလိုပါသော်လည်း. . ရှေးခေတ်က အကြောင်းများကိုတော့ စိတ်ဝင်စားကြမည် ထင်ပါသဖြင့် အနည်းငယ် ရေးသားဖော်ပြပေးခြင်း ဖြစ်ပေသည်။

ရှေးအခါကတော့ ယခုစည်ကားနေသော မြိတ်၊ ကော့သောင် ဒေသများထက် တနင်္သာရီနှင့် ထားဝယ်ဒေသတို့က ပိုပြီးအချက်အချာကျသောနေရာများ ဖြစ်ကြပေသည်။

ရှေးခေတ်ရေကြောင်းခရီးဖြင့် ကုန်အရောင်းအဝယ်သွားကြသော ကုန်သည်များ အဝင်အထွက်များသောနေရာ၊ အသုံးပြုခဲ့သောနေရာမှာ တနင်္သာရီ မြို့နယ်ပင် ဖြစ်သည်။

(၁၈)ရာစုနှစ်လောက်က "ယိုးဒယားပင်လယ် ကမ်းရိုးတန်းကို တနင်္သာရီနယ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ရှေးခတ်မြေပုံများမှာလည်း ထိုအတိုင်းပင် ဖော်ပြထားကြလေသည်။

ထိုအချိန်ကပင် မြိတ်သည် တနင်္သာရီ နယ်မြေပုံ၌ ပါဝင်သော်လည်း စည်ကားသော မြို့ပြအနေနှင့်တော့ မဟုတ်ပေ။

တနင်္သာရီနှင့် မြိတ်မှာ (၄၅)မိုင်ခန့် ကွာဝေးလေသည်။ မြိတ်မြို့မှ မိုင်(၈၀)အကွာအဝေးတွင် တနင်္သာရီကျွန်း ရှိပေသည်။

၎င်းကျွန်းပေါ်တွင် ပေ(၈၀၀)ခန့်မြင့်သော ကျောက်ဆောင် ကျောက်တန်းများရှိပြီး သစ်တောကြီးများက ထူထပ်စွာ ဖုံးအုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြီးများမှာ နေရာမလပ် ပြည့်နေပြီး ရေစပ်အထိ ဖုံးလွှမ်းထားကြလေသည်။

ထို့ပြင် ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်ကြီးဝါးကြီးများတို့က ရှုပ်ထွေးထူထပ်စွာ ဖုံးအုပ်ထားသဖြင့် သာယာသောနေရာတစ်ခုတော့ မဟုတ်ပါချေ။

တနင်္သာရီကျွန်း၏ အနောက်မြောက်ယွန်းယွန်းနေရာတွင် ပင်လယ်ကွေ့သဖွယ်ဖြစ်နေသည့် နေရာတစ်ခုရှိသည်။ ပင်လယ်ဘက်မှ ကျွန်းအစွယ်တစ်ခုက အကာအကွယ်ပေးထားသောကြောင့် လေကွယ်မိုးကွယ်၊ လှိုင်းဒဏ်သက်သာသော နေရာတစ်ခုလည်း ဖြစ်သည်။

ထိုနေရာတွင် ထူးထူးခြားခြား မြေဖြူကမ်းပါးတစ်ခုရှိပြီး (၅)လံခန့်နက်သော ရေကလည်း ကြည်လင်လှသည်။

ထို့ပြင် ရေချိုရသော တောင်ကျစမ်းတစ်ခုလည်း မနီးမဝေးမှာ ရှိသဖြင့် ရှေးကတော့ လှေသမ္ဗန်ဘာမားတို့ ဝင်ရောက်နားခိုရာနေရာ ဖြစ်ခဲ့သည်။

အများအားဖြင့်တော့ ခရီးသွားကုန်သည်များထက် ထိုအချိန်က ပင်လယ်ပြင်မှာ ကျက်စားသော ပင်လယ်ဓားပြများနှင့် ပင်လယ်ဂျစ်ပစီဟုခေါ်သော 'ဆာလီတား'များသာ ဝင်ရောက်နေကြသည့် နေရာဖြစ်သည်။

ဆာလီတားများမှာ ပင်လယ်ပြင်မှာနေ၊ ပင်လယ်ပြင်မှာသာ ဝမ်းစာရှာဖွေစားသောက်ကြသည့် 'ဆလုံ'များပင် ဖြစ်ကြလေသည်။





ထိုကျွန်းကွေ့ကလေးမှာ ထားဝယ်၊ မြိတ်၊ တနင်္သာရီစသောနေရာများသို့ ဖြတ်သန်းသွားသော ဗဟိုချက်နေရာ၌ ရှိသဖြင့် ပင်လယ်ဓားပြများ ခိုအောင်းကာ ခရီးသွားကုန်သည်တို့ကို လုယက်တိုက်ခိုက်ကြသော နေရာလည်းဖြစ်သည်။

ပင်လယ်ဓားပြများသည် ပင်လယ်ပြင်မှာ သွားလာနေသော ကုန်သည်လှေများအား တိုက်ခိုက်လုယက်ပြီး ရရှိသော ရတနာပစ္စည်းများအား ထိုကျွန်းပေါ်မှာပင် လျှို့ဝှက်စွာ မြှုပ်နှံထားကြလေသည်။

ဆာလီတားတို့သည် ယခင်က စမင်များအဖြစ်နှင့်သော်လည်းကောင်း. .၊ ပင်လယ်ဓားပြများအဖြစ်နှင့်သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုခဲ့ရာမှ နောက်ပိုင်း ထိုအလုပ်များ အခြေအနေမကောင်းသောအခါမှာ လှေတစ်စင်းဖြင့် ပင်လယ်ပြင်ထွက်ကာ အသက်မွေးဝမ်းကျောင်းပြုကြသော အကြောင်းများကို ရှေးမှတ်တမ်းတို့တွင် တွေ့ရလေသည်။

(၁၉)ရာစုနောက်ပိုင်းတွင် ပင်လယ်ပြင်နေရာများသို့ အင်္ဂလိပ်အုပ်ချုပ်ရေးများ ရောက်လာပြီး ယင်းတို့ကို နှိမ်နင်းဖြိုခွင်းခဲ့သဖြင့် ပြိုကွဲသွားကြခြင်း ဖြစ်သည်။

ရှေးခေတ် မြေပုံကိုကြည့်လျှင် တနင်္သာရီကျွန်းမှာ မြိတ်မြို့သွားရာလမ်းနှင့် မိုင်လေးဆယ်ကျော်ခန့် ကွာဝေးလေသည်။ အိုင်းယန်းကျွန်းနှင့် ကင်းကျွန်းတို့ ရေလက်ကြား၌ တည်ရှိလေသည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်တွင် ကျွန်းစုကျွန်းငယ်



www.burmeseclassic.com

www.burmeseclassic.com



တို့ မများလှသော်လည်း နောက်ပိုင်းကာလ ရောက်လာသော အခါမှသာ ကျွန်းများ တဖြည်းဖြည်း တိုးပွားလာခြင်း ဖြစ်သည်။

ယနေ့မှတ်တမ်းများမှာတော့ မြိတ်ကျွန်းစုပေါင်း (၈၀၀) ကျော် ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုကျွန်းကြီး ကျွန်းငယ်တို့မှာ နာမည်အမျိုးမျိုး ရှိကြသော်လည်း မြိတ်ကျွန်းစုများဟုသာ ခေါ်ဝေါ်ရေးသားကြသည်။

ရှေးအခါက တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်တွင် ကျောက်ဆောင်နှင့် တောင်တန်းများအပြင် ကမ်းပေါ်မှာတော့ သစ်တောကြီးများ ထူထပ်စွာ ဖုံးအုပ်ထားလေသည်။

ကင်းကျွန်းပေါ်၌ ပေ(၃၀၀၀)ကျော်ခန့်မြင့်သော တောင်တန်းတစ်ခုပေါ်၌ သစ်တောကြီးများနှင့် ရေတံခွန်တစ်ခု ပင် ရှိလေသည်။

ရေတံခွန်မှကျသော ရေများက ကမ်းခြေသို့ စီးဆင်းလျက် ရှိကြလေသည်။

အိုင်းယန်းခရီးလမ်းဟုခေါ်သော . . ရေလက်ကြား အတွင်းမှ ဖြတ်သွားလျှင် မိုင်(၃၀)ကျော်ခန့် ရှည်လျားသော ကျွန်းများသာ တွေ့ရလေသည်။

ကမ်းခြေတစ်လျှောက်မှာတော့ ရေငန်ဒေသ ဒီရေ တက်ရာအရပ်၌ ပေါက်လေ့ရှိသော ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆီးဖုံးအုပ်ထားလေသည်။

နောက်ဘက်မှာတော့ ပေပေါင်း(၇၀၀၀)ကျော်ခန့်မြင့် သော တနင်္သာရီ တောင်တန်းကြီးများကို အထပ်လိုက် တွေ့မြင်





ရလေသည်။

ရှေးအခါက မြိတ်နှင့် တနင်္သာရီဒေသကို ရေလမ်းခရီးမှ သွားလာရန် မလွယ်ကူသော အခြေအနေမှာ ရှိလေသည်။ ရေကြောင်းခရီးဖြင့် သွားပါက မိုင်(၄၀)ကျော်ခန့်သာ ဝေးသော် လည်း ခရီးလမ်းကြမ်းပြီး ရှုပ်ထွေးလှသောကြောင့် ကျွမ်းကျင် သော လမ်းပြနယ်ခံများ မပါဘဲနှင့် သွားလာ၍မရကြပေ။

မျက်နှာဖြူနှင့် ကုန်သည်များကတော့ မြေပုံကိုအသုံးပြု ပြီး သွားလာကြသည်။

အေဒီ(၁၅၆၈) မြန်မာသက္ကရာဇ် (၉၃၀)ခုနှစ်တွင် "စီ ဆယ်ဒယ်ဖယ်ဒရီစီ"သည် ထိုလမ်းခရီးမှသွားခဲ့ရာ ကျွန်းဝက်ပါ များအတွင်း၌ ရှစ်ရက်ခန့်ကြာအောင် သွားခဲ့သည့်တိုင် လမ်းစ ရှာမတွေ့ခဲ့သောကြောင့် လက်လျှော့ပြီး ပြန်ခဲ့ရသည်။

ထိုအချိန်က ခေတ်မီသင်္ဘောများနှင့် သွားလာရခြင်းမျိုး မဟုတ်ပဲ အလုပ်သမားများ လှော်ခတ်သော လက်လှော်လှေများ ဖြင့် ဆန်တက်ရခြင်းဖြစ်ရာ ခရီးပင်ပန်းလှသော်လည်း လိုရာ မရောက်ပဲ ရှိကြလေသည်။

ထိုအချိန်အခါက အရှေ့တောင်ဘက်သို့ လှည့်လည် ကြည့်မည်ဆိုပါက ကင်းကျွန်းကို လွန်သောအခါ ကုလားကျွန်း ဟုခေါ်သော ငှက်ပျောကျွန်းသို့ ရောက်ပါက သဘာဝအ လျောက် ပေါက်နေသော ကြက်ပေါင်စေး(ရာဘာပင်)ပင် အ မြောက်အမြားကို တွေ့ကြရမည် ဖြစ်သည်။

ထိုနေရာနှင့် (၁၀)မိုင်ခန့်သာဝေးသော ပထော်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာတော့ မြေဩဇာကောင်းလှသော နေရာများတွင် ဒူးရင်းပင်၊ မင်းဂွတ်ပင်၊ ပိန္နဲပင်၊ ကြက်မောက်သီးပင် အမြောက်အများ တွေ့ကြရသည်။

ရှေးအခါက ရေးဆွဲထားသော မြေပုံဟောင်းများမှာတော့ ပထော်ကျွန်းကို 'မဒရာကျွန်း'ဟု အမည်ရေးထိုးထားသည်ကို တွေ့ရလေသည်။

ရှေးအခါက ထိုကျွန်းကြီးပေါ်၌ နတ်ကွန်းကြီးတစ်ခုရှိရာ နေထိုင်သူများက ထိုနတ်ကွန်းကြီးကို အစွဲပြုပြီး 'ဗုဒ္ဓမခန်း' ဟု အမည်မှည့်ခေါ်ကာ သတ်မှတ်ထားသော ပွဲတော်ရက်တွင် သမုဒ္ဒရာစောင့်နတ်မင်းအား အန္တရာယ်ကင်းစေရန် ဆုတောင်းပြီး ပူဇော်ပသပွဲများ ကျင်းပပြုလုပ်ကြသော အစဉ်အလာ ရှိလေသည်။

ထိုကျွန်းမှာ မြိတ်ဆိပ်ကမ်းသို့ ဝင်သောနေရာ၏ အဝင်အဝ၌ ရှိလေသည်။

နောက်ပိုင်းတော့ ရေလမ်းခရီးမှ သွားလာကြသော သင်္ဘောကြီးများမှာ ရေနည်းသည့်အချိန် မြိတ်ဆိပ်ကမ်းရောက်သည်အထိ မဝင်နိုင်သေးပါက ထိုကျွန်းနားတစ်ဝိုက်မှာပင် ကျောက်ချရပ်နားခြင်း ပြုကြလေသည်။

ရှေးအခါကတော့ မြိတ်နှင့် တနင်္သာရီတစ်ဝိုက်မှာ ယခုအခြေအနေမျိုး မဟုတ်ပဲ ခနိမိုး၊ ခနိကာ၊ ထရံကာ အိမ်အများစုဖြင့် သာမန်အလုပ်ကြမ်းသမားအများစု နေထိုင်သော နေရာတစ်ခု ဖြစ်ခဲ့သည်။





နောက်ပိုင်း အင်္ဂလိပ်တို့က အုပ်ချုပ်ရေးပိုင်းကို ဂရုတစိုက် ပြုလုပ်ခဲ့ကြသဖြင့် ပင်လယ်ဓားပြတို့ တဖြည်းဖြည်း နည်းသွားသောအခါ မြိတ်မြို့နှင့်နီးသော ကမ်းခြေများနှင့် ကျွန်းများပေါ်မှာ လာရောက်နေထိုင်သူ များပြားလာပြီးနောက် စည်ကားတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ရှေ့မှာရေးသားဖော်ပြခဲ့သည့်အတိုင်း ထိုကမ်းခြေများ၌ နေထိုင်ကြသူများမှာ ပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသော နေရာဖြစ်သဖြင့် . ပင်လယ်ရေပြင်မှ တက်လာသော အန္တရာယ်များနှင့်လည်း မကြာခဏ တွေ့ကြုံခဲ့ကြရလေသည်။

လေပြင်းမုန်တိုင်းဒဏ်များ၊ ကြီးမားသော လှိုင်းလုံးကြီးများ တက်ရောက်ဖျက်ဆီးမှု ဒဏ်များကိုလည်း မကြာခဏ ခံကြရသည်။

သို့သော်လည်း ကမ်းခြေတစ်လျှောက်၌သော်လည်းကောင်း၊ ကျွန်းများပေါ်၌သော်လည်းကောင်း၊ သဘာဝ သစ်တောကြီးများက အကာအကွယ် ပေးထားကြသောကြောင့် ထိုကဲ့သို့သော လေဒဏ်လှိုင်းဒဏ်များကို ထိရောက်စွာ မခံကြရပေ။

ပင်လယ်ပြင်မှာ လေထန်လှိုင်းကြီးနေ၍ ရာသီဥတု ဆိုးရွားနေပါက ပင်လယ်မထွက်နိုင်ရုံသာ ရှိသည်။

လူကိုတော့ အန္တရာယ် မပေးနိုင်ကြပေ။

ယခုမှသာ သစ်တောကြီးများ ပျက်ဆီးဆုံးရှုံးခဲ့ပြီး ဖြစ်သောကြောင့် သဘာဝဘေးအန္တရာယ်များ နှိပ်စက်သမျှ လည်စင်းခံကြရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိသည်။

ထိုကဲ့သို့ သဘာဝအန္တရာယ်ဆိုးကြီးများ ကျရောက်လာပြီးသည့်နောက်ပိုင်းမှာ နောက်ဆက်တွဲ အန္တရာယ်များက ပါလာတတ်သည်။ မမျှော်လင့်သော အန္တရာယ်ဆိုးများ ရောက်လာတတ်သည်။

ယခု ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ဟာရီကိန်းကဲ့သို့ ပြင်းထန်သော မုန်တိုင်းကြီးတစ်ခု ကျရောက်လာလေတော့သည်။





# အခန်း(၂)

# အန္တရာယ်သံလွန်စနှင့် ထူးဆန်းသော မြင်ကွင်း

တနသ်ာရီကမ်းခြေဒေသတစ်လျှောက်နှင့် မြိတ်ကျွန်းစုများအပေါ် သို့ အင်အားပြင်းသော မုန်တိုင်းကြီး တိုက်ခတ်သွားသည်မှာ သုံးရက်ခန့် ကြာသည်။

ထိုကဲ့သို့ မုန်တိုင်းတိုက်ခတ်နေစဉ် ကာလအတွင်း ပင်လယ်နှင့် နီးသောနေရာများအားလုံး မုန်တိုင်းဒဏ်ကို အလူးအလဲ ခံကြရလေသည်။

လေပြင်းများ တိုက်ခတ်ခြင်းကြောင့် သစ်ပင်များ ကျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြိုလဲခြင်း၊ အိမ်များတဲများ ပြိုကျပျက်စီးခြင်း၊ ဒီလှိုင်းကြီးများ ရိုက်ခတ်မှု အရှိန်ကြောင့် ကမ်းခြေတစ်လျှောက်မှာထားသော လှေသမ္ဗန်တို့ နစ်မြုပ်ပျက်စီး ကုန်ကျလေသည်။

ရွာမှာ ကျန်နေသူများက ပင်လယ်ထွက်နေသူများအတွက် များစွာစိတ်ပူပင်ရသော အချိန်လည်း ဖြစ်သည်။

သို့သော်လည်း စိုးရိမ်စိတ်ဖြင့် မျှော်နေရုံမှလွဲပြီး အခြားတော့ ဘာမှမတတ်နိုင်ရှာကြပေ။

ဒီလို မုန်တိုင်းထန်နေသော အချိန်မျိုးတွင် ရွာသို့ ပြန်ရောက်အောင် ဘယ်လိုနည်းနှင့်မှ ပြန်မလာနိုင်ကြမှန်း သိကြသဖြင့်လည်း မသေမပျောက်နှင့် ကျွန်းတစ်ကျွန်း၊ အခြားတစ်နေရာရာမှာ ရောက်နေပါစေဟုသာ ရင်တမမဖြင့် ဆုတောင်းနေကြရသည်။

ဝင်ရောက်လာသော မုန်တိုင်းကြီးကတော့ မည်သူ့ကိုမှ သက်ညှာခွင့်မပေးဘဲ သူ့ရှေ့မှာရှိသော အရာမှန်သမျှတို့ကို မွှေနှောက်ဖျက်ပြီး နောက်သုံးရက်မြောက်သော ညရောက်မှ အရှိန်လျော့ကျသွားသည်။

နောက်တစ်နေ့ နံနက်ခင်းအချိန်မှာတော့ ရာသီဥတု အခြေအနေက ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေသည်။

မုန်တိုင်းပြီးသွားသည့်နောက်တွင် ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများ၊ ကျွန်းများမှာ နေထိုင်သူတို့မှာ ပျက်စီးမှု အတော်များများ ရရှိကြလေသည်။

ထိုအထဲတွင် 'ပင်လယ်ဝ'ရွာလည်း အပါအဝင် ဖြစ်ပေ





သည်။ ပင်လယ်ဝရွာမှာ ဖထော်ကျွန်းကြီးနှင့် မျက်နှာချင်းဆိုင်မှာရှိသည့် မြိတ်ကမ်းခြေဘက်မှာရှိသော ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်သည်။

ကမ်းခြေနှင့် မနီးမဝေးမှာ တည်ရှိပြီး အိမ်ခြေပေါင်း တစ်ရာနီးပါးခန့် ရှိသည်။

အများစုမှာ သစ်တောနှင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် ပင်လယ်ပြင်ထွက်ပြီး ဝမ်းစာရှာဖွေသူတို့ နေထိုင်ကြသည်။

ပင်လယ်ဝရွာနှင့် မြိတ်မြို့အကြား ပင်လယ်ကမ်းခြေနှင့် နီးသော ကျောက်ဆောင်များပေါ်တွင် . . ဘန်ဂလိုပုံသဏ္ဌာန် ဆောက်ထားသော အိမ်ပုကလေးများ ရှိသည်။

ထိုဘန်ဂလိုကလေးများမှာ အချို့တွင် မျက်နှာဖြူအရာရှိများ တစ်ခါတစ်ရံ လာရောက်နေထိုင်ကြပြီး တစ်ခါတလေလည်း ရန်ကုန်၊ မော်လမြိုင် အစရှိသော မြို့ကြီးများမှ လူကုံထံများ၊ လူချမ်းသာများ၊ အစိုးရအရာရှိကြီးများ လာရောက် တည်းခိုနေထိုင်ကြသော နေရာဖြစ်သည်။

ထိုဘန်ဂလိုကလေးများမှာ မြိတ်မြို့ပေါ်မှ ရာဘာခြံအတော်များများပိုင်သော သူဌေးတစ်ဦးက တည်ဆောက်ထားခြင်းဖြစ်ပြီး အစိုးရအရာရှိကြီးများ မျက်နှာဖြူများနှင့် အကျွမ်းတဝင်ရှိစေရန် တမင်ရည်ရွယ်ပြီး ငွေကုန်ကြေးကျခံကာ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ထိုနေရာမှာတော့ သီးခြားနေရာလေးလို ဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့်ဆင်းရဲသားများနှင့် ဘာမှမသက်ဆိုင်သကဲ့သို့ ရှိနေသော နေရာဖြစ်သည်။

ထိုနေရာမှလွဲပြီး ကျန်သောနေရာများမှာတော့ ပင်လယ်ဝ ရွာသူရွာသားများ နေထိုင်ကြလေသည်။

မုန်တိုင်းစဲသွားသောအခါ ထိုနေရာများမှာ အပျက်အစီးများသောကြောင့် နေထိုင်သူတို့ များစွာအလုပ်ရှုပ်ကြရလေသည်။

ပထမ ဆောက်စဉ်ကပင် သစ်၊ ဝါး၊ ဓနိ စသည်တို့ဖြင့် တဲအိမ်များသဖွယ် ဆောက်ထားရာ လေကြမ်းနှင့် ထိလိုက်သောအခါ တစ်ပြိုင်တည်းလိုလို ပြိုကျပျက်စီးကုန်ကြသည်။

တစ်ချို့က တစ်အိမ်လုံး ပြိုသည်။

အချို့ကျတော့ အမိုးအကာလောက်သာ ပျက်စီးသည်။

အချို့လှေများမှာ ပင်လယ်ဒီရေလှိုင်းများ ဆွဲယူသွားသောကြောင့် အစအန ပျောက်သွားသည်။

အချို့ကံကောင်းသူတို့ကတော့ သူတို့လှေများမှာ အပျက်အစီး အနည်းငယ်လောက်နှင့် သောင်ပြင်နှင့် ကမ်းခြေပေါ်၌ တင်လျက်သား ကျန်ခဲ့ကြသည်။

လေးရက်မြောက်သောနေ့မှာ မုန်တိုင်းက လုံးလုံးစဲသွားခဲ့သည်။

လေငြိမ်သွားပြီး မိုးရွာသွန်းမှုများ ရပ်တန့်သွားသည်။ ကောင်းကင်ပြင်မှာ ကြည်လင်တောက်ပလျက်ရှိပြီး နေရောင်ခြည်ပင် လင်းလက်စ ပြုလာချေပြီ။





ခါတိုင်းဆိုပါက ယခုလို ရာသီဥတု သာယာသော အချိန်မျိုးတွင် ပင်လယ်ပြင်ထွက်ပြီး သားငါးရှာဖွေရန် အကောင်းဆုံး ဖြစ်သော်လည်း ယခုတော့ သူတို့ ပင်လယ်မထွက်နိုင်ကြရှာပေ။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ပြင်ခြင်း၊ ပျောက်ဆုံးနေသော လှေများကို လိုက်လံရှာဖွေရင်းနှင့် အလုပ်ရှုပ်နေကြသည်။

ရွာနှင့်နီးသော ကမ်းခြေတစ်လျှောက်တွင် ရွာသူရွာသားများ ရှုပ်ထွေးနေကြလေသည်။

ထိုအချိန်ရောက်တော့မှ ကမ်းခြေတစ်လျှောက်မှာ ထူးခြားသော အခြေအနေကို မြင်တွေ့ကြရသည်။

အခြားမဟုတ်ပေ။

ပင်လယ်ကမ်းခြေတစ်လျှောက်မှာရှိသော ပင်လယ်ရေတို့မှာ ခါတိုင်းတွေ့မြင်နေကျ အရောင်မျိုးမဟုတ်တော့ပဲ ထူးထူးခြားခြား အနက်ရောင်သမ်းနေသည်ကို တွေ့မြင်ကြရခြင်း ဖြစ်သည်။

အနက်ရောင်ပြောင်းနေသော ရေများမှာ တစ်နေရာတည်းမှာ မဟုတ်ပဲ ကျောက်တောင်ထူထပ်သော နေရာများ၌ ပိုမိုများလေသည်။

"ရေတွေ အရောင်ပြောင်းသွားပါလား၊ ဘာကြောင့် အနက်ရောင်တွေ ဖြစ်သွားရတာလဲ"

"မုန်တိုင်းအရှိန်ကြောင့် ပင်လယ်ရေတွေ ကပြောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန် ဖြစ်သွားတာပဲ နေမှာပေါ့"

အမည်းရောင် ပြောင်းနေသော ရေများကို တွေ့မြင်သူများက ဘာမှအရေးမကြီးသောအရာကို တွေ့မြင်ရသကဲ့သို့ ဘယ်သူကမှ အလေးမမူပဲ မိမိတို့လုပ်စရာရှိသော အလုပ်တို့ကိုသာ ဆက်လက်လုပ်ကိုင်နေကြသည်။

တကယ်တော့ ထိုကဲ့သို့ ပင်လယ်ရေ အရောင်ပြောင်းလဲမှုမှာ သူတို့ရွာသားများအတွက် ကြောက်စရာကောင်းသော အန္တရာယ်ဆိုးကြီးတစ်ခု ရောက်လာတော့မည့် ကြိုတင်အတိတ်နိမိတ်ဖြစ်ကြောင်း ထိုအချိန်က သိခဲ့ကြပါလျှင်. . . ယခုကဲ့သို့ ပေါ့ပေါ့တန်တန် သဘောထားပုံကြမည် မဟုတ်ပါချေ။

ထိုသတင်းကို ကြားသောအခါ ရွာမှ ဝါရင့် ပင်လယ်လုပ်သားကြီး ဆင်းလာပြီး လာရောက်ကြည့်လေသည်။

သူ၏အမည်မှာ ဦးမွန်ထော် ဖြစ်သည်။

ဦးမွန်ထော်က ပင်လယ်မှာမွေး၊ ပင်လယ်မှာ ကြီးပြင်းခဲ့ပြီး ပင်လယ်ထဲမှာပင် ဝမ်းစာရှာဖွေခဲ့သူဖြစ်သည်။

အသက်(၆၀)နီးပါး အရွယ်ရှိပြီဖြစ်သော သူ့ဘဝ၏ အချိန်အတော်များများကို ပင်လယ်ရေပြင်ပေါ်မှာသာ ကုန်ဆုံးစေခဲ့သူ ဖြစ်သည်။

ဦးမွန်ထော်က ထူးထူးခြားခြားဖြစ်နေသော အမည်းရောင် ပင်လယ်ရေများကို ကြည့်သည်။

လက်ဖြင့် ထိကြည့် သည်။ အနံ့ခံကြည့်သည်။

မထူးခြားပေ။





သို့သော်လည်း စိတ်ထဲမှာတော့ သင်္ကာရန့်မကင်း ဖြစ်နေလေသည်။

"ငါ့တစ်သက်မှာတော့ ဒီလို ထူးထူးခြားခြား ပင်လယ်ရေတွေ အမည်းရောင်ဖြစ်သွားတာမျိုး မကြုံဖူးသေးဘူး"

"မုန်တိုင်းဒဏ်ပြင်းလို့ ဒီလိုအရောင်ပြောင်းသွားတာမျိုး ဖြစ်မှာပေါ့၊ အဘထော်ရဲ့"

"ဒီလိုတော့ မဖြစ်နိုင်ဘူးကွ၊ ငါလည်း ပင်လယ်မှာ နေလာတာ ငါ့ အသက်နဲ့အမျှပါပဲ၊ ဒီထက်မက ပိုကြီးတဲ့ ပိုကြမ်းတဲ့ မုန်တိုင်းတွေ ဒီရေလှိုင်းမျိုးတွေနဲ့ တွေ့ခဲ့ကြုံခဲ့ရတာတွေလည်း အကြိမ်ပေါင်း မနည်းတော့ပါဘူး၊ ဒီလို ပင်လယ်ရေတွေ ထူးထူးခြားခြား အရောင်ပြောင်းသွားတာမျိုးတော့ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသေးဘူး"

ထိုအခါ ပင်လယ်အတွေ့အကြုံရှိသော သံပချိုင်က ဝင်ပြောလေသည်။

"အဘထော်ကလည်းဗျာ၊ မထူးဆန်းတာကို အထူးအဆန်းလုပ်ပြီး ပြောနေပြန်ပါပြီ၊ ပင်လယ်ထွက်ဖူးတဲ့သူတိုင်း ပင်လယ်ရေ အရောင်အမျိုးမျိုး ရှိတယ်ဆိုတာ သိကြတာပဲ၊ မုန်တိုင်းအရှိန်ထန်လွန်းတော့ ပင်လယ်ရေတွေ ကမောက်ကမ ဖြစ်ပြီး ရေစီးကြောင်းတွေ ပြောင်းလာတာရော မဖြစ်နိုင်ဘူးလား"

"ငါတော့ မင်းပြောသလို ဖြစ်မယ်မထင်ဘူး၊ ဒါဟာ ကောင်းတဲ့လက္ခဏာမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မကြာခင် အန္တရာယ်ဆိုးတွေ ရောက်လာကြတော့မယ့် လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပဲဖြစ်မယ်လို့ ထင်တာပဲ"

ထိုစကားကြားသောအခါ သံပချိုင်အပါအဝင် အနားမှာ ရှိနေသူများက ဝိုင်းရယ်ကြလေသည်။

ဦးမွန်ထော်ကတော့ ထွေထွေထူးထူး ဘာမှ ထပ်ပြောမနေတော့ပဲ အခြားနေရာများသို့ လိုက်လံကြည့်ရှုရန် ထိုနေရာမှ ထွက်သွားလေသည်။

တစ်နေ့သ၌ . နံနက်ခင်းအချိန်မှာတော့ အန္တရာယ်သဲလွန်စများ သယ်ဆောင်လာသော ငါးဖမ်းလှေတစ်စင်းမှာ ပင်လယ်ဝရွာ ကမ်းခြေသောင်ပြင်ပေါ်သို့ လာရောက်တင်နေလေသည်။

ထိုလှေမှာ ၎င်းတို့ရွာမှ လှေဖြစ်ပြီး မုန်တိုင်းတိုက်ခတ်စဉ်က ပျောက်ဆုံးသွားခဲ့သော လှေဖြစ်ပေသည်။

လှေပေါ်တွင် လူသုံးယောက် ပါသွားလေသည်။

ယခု ပြန်ရောက်လာသောအခါ ထိုငါးဖမ်းသမား သုံးယောက်စလုံး လှေပေါ်မှာ ပြန်ပါလာသည်။

သို့သော် အသက်တော့ ပါမလာတော့ပေ။

ထိုလှေ သောင်ပေါ်လာတင်နေသော သတင်းကြားသဖြင့် တစ်ရွာလုံးနီးပါး ဆင်းကြည့်ကြသည်။

ထိုအထဲတွင် ဦးမွန်ထော်လည်း ပါသည်။

နီမောင်နှင့် မြိတ်မြို့မှရောက်နေသည့် ဆေးဆရာကြီး ဦးဇန်ကောင်းတို့လည်း လိုက်လာကြသည်။

လူသုံးယောက်စလုံးမှာ လှေပေါ်မှာရှိနေကြသော်လည်း





ရုပ်ပျက်ဆင်းပျက် ပုံသဏ္ဌာန်မျိုးဖြင့် သေဆုံးနေကြသည်။

အားလုံးကတော့ မုန်တိုင်းမိသောဒဏ်ကြောင့် သေကျေပျက်စီးကြရသည်ဟု ထင်ကြသည်။

တစ်ကိုယ်လုံး မည်းပြာနေပြီး မျက်လုံးများက အဆမတန် ပြူးထွက်နေလေရာ ကြည့်မြင်ရသူတို့ ထိတ်လန့်ဖွယ်ရာ ဖြစ်စေတော့သည်။

"မုန်တိုင်းမိပြီး သေတာပဲ ဖြစ်မှာပါ"

"မဟုတ်ဘူးထင်တယ်၊ သူတို့လှေကြည့်ရတာ သိပ်မပျက်စီးလှဘူး၊ ဒီလောက်လှေက ပင်လယ်ထဲမှာတွေ့တဲ့ လှိုင်းဒဏ်ကို ဘယ်လိုမှ ခံနိုင်မှာမဟုတ်ဘူး၊ သူတို့ တစ်နေရာမှာ သေပြီးမှ လှေကမျောလာတာဖြစ်မယ်"

"ဒါဖြင့် ဘယ်လိုဖြစ်ပြီး သုံးယောက်စလုံး သေကြတာလဲ"

"ငါလည်း ဘယ်သိပ့်မလဲ၊ ဒါပေမယ့် ငါပြောဝံ့တာ တစ်ခုတော့ ရှိတယ်၊ သူတို့ မုန်တိုင်းမိလို့သေတာ မဟုတ်ကြဘူး၊ တခြားအကြောင်းကြောင့် သေတာဖြစ်တယ်"

"ဒီလိုဆိုရင်တော့ နားလည်ကျွမ်းကျင်တဲ့သူတွေ ခေါ်ပြကြည့်မှ ဖြစ်မယ်၊ ကိုယ့်သဘောနဲ့ကိုယ် မလုပ်ကြနဲ့ဦး"

ဟု ပြောပြီး အချို့ကလည်း ရွာလူကြီးကို သွားရောက်အကြောင်းကြားသဖြင့် ရွာလူကြီး ဇမုန်းထန် လိုက်လာလေသည်။

သူကလည်း လှေပေါ်မှ အလောင်းများကို ဝတ်ကြေ



www.burmeseclassic.com

www.burmeseclassic.com



တမ်းကျောလောက်သာကြည့်ပြီး မုန်တိုင်းမိသဖြင့် သေကြဟန် ဖြစ်ကြောင်း ပြောသည်။

"သူကြီး ဒီလူတွေ မုန်တိုင်းမိလို့ သေတာ မဟုတ်ဘူးဗျ၊ အဆိပ်သင့်ပြီးသေတာ"

မနီးမဝေးမှာ ရပ်ကြည့်နေသော ဦးဇန်ကောင်းက ပြော လိုက်တော့ ဇမုန်းထန်က လှမ်းကြည့်သည်။

ဦးဇန်ကောင်းက သူတို့ရွာမှလူများ ရောဂါဖြစ်လျှင် လာရောက်ဆေးကုပေးနေသည့် ဆေးဆရာတစ်ယောက် ဖြစ် မှန်းတော့ သိသည်။

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"ပြင်းထန်တဲ့အဆိပ်မိပြီး သေကြတဲ့ လူတွေမှသာ ဒီလို လက္ခဏာမျိုးတွေ တွေ့ရတတ်တာဗျ၊ အသားတွေက မည်းပြာ နေမယ်၊ မျက်လုံးတွေက အပြင်ဘက်ကို အဆမတန် ပြူးထွက် နေမယ်၊ နောက်ပြီး. . ပါးစပ်ထဲက အမြှုပ်တွေ ထွက်နေတတ် တယ်၊ သူတို့ပါးစပ်မှာ အမြှုပ်ရေတွေ မရှိတော့ပေမယ့် အမြှုပ် ထွက်ပြီး သေရတဲ့ လက္ခဏာမျိုး တွေ့ရတယ်. . ၊ တစ်ယောက် ယောက်ကို သေသေချာချာ ကြည့်ခိုင်းရင်. . တစ်ခုခု တွေ့ရနိုင် တယ်ဗျ"

ဟု ပြောသဖြင့် ဇမုန်းထန်က အနားမှာရှိနေသည့် ရွာ သားအချို့ကို ခေါ်ပြီး လှေထဲမှအလောင်းများကို သောင်ပြင် ပေါ်သို့ တင်ခိုင်းသဖြင့် တင်ကြရာ. . . ထိုအခါမှပင် သေဆုံး နေသူများ၏ ကိုယ်ပေါ်မှ ကြောက်စရာကောင်းသော ဒဏ်ရာ





ဒဏ်ချက်တို့ကို တွေ့မြင်ကြရသည်။

လှေဝမ်းထဲမှာ ရှိနေစဉ် အဝေးမှကြည့်ရစဉ်က မမြင် ရသော ဒဏ်ရာဒဏ်ချက်တို့ကို ယခုအခါ တွေ့မြင်ကြရခြင်း ဖြစ်သည်။

"ဟယ်. . . ဘယ်လိုဒဏ်ရာတွေလည်း ကြောက်စရာ ကောင်းလှချည်လား"

"သူတို့ကို ဘယ်သူကများ ဘယ်လိုအငြိုးအတေးရှိလို့ ရက်ရက်စက်စက် သတ်ပစ်ရတာပါလိမ့်"

ဟု ရေရွတ်ပြောဆိုကာ ထိုအခါမှပင် အနားကပ်ပြီး သေသေချာချာ ကြည့်ကြလေသည်။

သေဆုံးနေသူသုံးယောက်၏ ကိုယ်ပေါ်မှာ တွေ့ရသည့် ဒဏ်ရာများမှာ အသွားထက်သောဓားဖြင့် ဖြတ်ဆွဲထားသကဲ့သို့ လည်းကောင်း။

ကြာပွတ်ကဲ့သို့ အဆူးများရှိသောအရာဖြင့် တစ်ကိုယ် လုံး ပတ်ဆွဲထားသကဲ့သို့ သော်လည်းကောင်း၊ ဒဏ်ရာကြီးများ က ဟက်တက်ကွဲလျက် ရှိနေကြသည်။

ထိုဒဏ်ရာနေရာတစ်ဝိုက်မှာ မဲပြာလျက် ရှိနေရုံမက သေဆုံးနေသူ သုံးယောက်စလုံး မဲပြာလျက်ရှိကာ ရုပ်ပျက်ဆင်း ပျက် ဖြစ်နေကြလေသည်။

"ဒါ. . တစ်ယောက်ယောက်က သတ်လိုက်တာပဲ ဖြစ် မယ်"

"ငါးရှာထွက်တဲ့ သူတွေကို ဘယ်သူတွေက သတ်မှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဓားပြတွေ ရှိနေသေးလို့ သတ်လိုက်တယ် ဆိုရအောင် လည်း သူတို့သတ်တော့ ဘာရမှာမို့လဲ”

“ဒီအတိုင်းတော့ မဖြစ်ဘူး၊ တော်ကြာ ရွာကို အမှုလာ ပတ်နေလိမ့်မယ်၊ မြို့တ်သွားပြီး ပုလိပ်တွေခေါ်ပြမှ ဖြစ်တော့ မယ်”

ဟု ပြောပြီး ဇမုန်းထန်က ရွာသားအချို့ကို မြို့တ်မှာရှိ သော ဂါတ်တဲသို့ လွှတ်လိုက်လေရာ နေ့လယ်လောက်တွင် ဆားပုလင်းတစ်ယောက်နှင့် ပုလိပ်သုံးယောက်တို့ လိုက်လာပြီး ဝတ်ကျေတမ်းကျေပင် ကြည့်ရှုစစ်ဆေးကြသည်။

“သူတို့ မုန်တိုင်းမိပြီး သေတာပဲ ဖြစ်မှာပါ။ ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကလည်း မုန်တိုင်းမိတုန်းကရတဲ့ ဒဏ်ရာ တွေပဲ ဖြစ်မှာပေါ့၊ ဒါက အမှုလုပ်လောက်တဲ့အကြောင်း မဟုတ် လောက်ပါဘူး၊ အလောင်းတွေကို ရွာထုံးစံအတိုင်း သင်္ဂြိုဟ်လိုက် ကြပေတော့”

ဟု ပြောဆိုပြီး စစ်ဆေးတွေ့ရှိသော မှတ်တမ်းအချို့ကို ရေးမှတ်ကာ ပြန်သွားကြလေတော့သည်။

ထို့နောက် ရွာလူကြီးက သေဆုံးသူတို့၏ သက်ဆိုင် သော မိသားစုများအားခေါ်ပြီး အလောင်းများကို သယ်ယူပြီး သင်္ဂြိုဟ်ရန် စီစဉ်ဆောင်ရွက် နေလေတော့သည်။

တစ်နေရာမှာတော့ ဦးမွန်ထော်နှင့် ဦးဗန်ကောင်းတို့က ရပ်ပြီး စကားပြောနေကြရာ နီမောင်က အနားမှာရပ်ကာ နား ထောင်နေလေသည်။





“ဦးဗန်ကောင်း ခင်ဗျားက အဆိပ်အကြောင်း အတော် ကလေးသိပုံရတော့. . ကျောက်ဆောင်တွေနားက အရောင် ပြောင်းနေတဲ့ ရေတွေကိုမြင်တော့ ဘယ်လိုသဘောရသလဲ”

“အဆိပ်ကြောင့်များ အရောင်ပြောင်းနေတာလား”

“ဖြစ်နိုင်တာပေါ့ဗျာ၊ ဒါဟာ အန္တရာယ်ရဲ့ ရှေ့တော်ပြေး ဖြစ်တယ်ဆိုတာကို သူတို့ နားမလည်ကြဘူး”

“ဘယ်သူတွေက လုပ်တာလည်း ဦးမွန်ထော်”

“ကျုပ်လည်း သေသေချာချာတော့ မသိရသေးပါဘူး၊ ဒါပေမယ့် သဘာဝက ပြောင်းလဲပေးလိုက်တဲ့ အဆိပ်မျိုးတော့ မဟုတ်ဘူးဗျ”

ဦးဗန်ကောင်းက မျက်မှောင်ကြုတ်လျက် အတန်ကြာ အောင် စဉ်းစားနေသည်။

“ကြောက်စရာကောင်းတဲ့ ရေသတ္တဝါ တစ်ကောင် ကောင်ရဲ့ လက်ချက်များလား”

“ဒါလည်း ဖြစ်နိုင်ခြေ ရှိတာပါပဲ၊ ကျုပ်ပြောစုံတာက တော့ ပင်လယ်ရေတွေ မည်းနက်နေတာ သဘာဝအတိုင်း မ ဟုတ်ဘူး၊ ဒါကို မသိရသေးခင်မှာ ဖွတ်တိုးကြရင်တော့ လူတွေ ထပ်သေကြဦးမယ် ထင်တာပဲ”

ဟု ပြောပြလေသည်။

ထိုအခါမှ အနီးမှာ ရပ်နေသော နီမောင်က မနီးမဝေး မှာရှိသော ကျောက်ဆောင်များရှိရာသို့သွားပြီး ပင်လယ်ရေကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေမှာ သာမန်အခြေအနေ မဟုတ်ဘဲ ဦးမွန်ထော် ပြောသကဲ့သို့ပင် အမည်းရောင်များ ပြောင်းနေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

"ဘာကြောင့် ပင်လယ်ရေတွေ အရောင်ပြောင်းနေတာလဲ၊ အဘထော်ပြောသလို အန္တရာယ်တွေ ရောက်လာတော့မယ်ဆိုတာရော အမှန်ပဲလား"

ဟု တွေးနေမိလေသည်။

တကယ်တော့ အန္တရာယ် သဲလွန်စတစ်ခုကတော့ သူတို့ရွာသို့ စတင်ရောက်လာခဲ့ချေပြီ။





# အခန်း(၃)

## ပင်လယ်ရေအောက်မှ အန္တရာယ်ကောင်

တစ်နေ့သည်၌ နံနက်စောစောအချိန်မှာပင် ပင်လယ်ဝ ရွာအတွင်းမှာရှိသော ရွာလမ်းများပေါ်မှာ နေရာအနှံ့ လျှောက်သွားနေသော အရူးတေနောင်မှာ တွေ့သမျှလူကို ရယ်ပြရင်းနှင့် ပါးစပ်မှလည်း တွေ့ကရာစကားများ ပြောဆိုနေလေသည်။

အရူးတေနောင်မှာ အသက်(၄၀)နှစ် အရွယ်ခန့်သာ ရှိသေးပြီး ကြံ့ခိုင်သန်စွမ်းသေးသော လူရွယ်တစ်ယောက်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပင်လယ်ဝရွာသားတစ်ယောက်မဟုတ်ဘဲ မည်သည့် အရပ်မှ ရောက်လာသူဖြစ်မှန်းတော့ မည်သူကမှ မသိကြပေ။

ရွာမှာ နေကြသူများမှာလည်း မိမိတို့ ဝမ်းစာအတွက်ကိုသာ အာရုံပြုပြီး လုပ်ကိုင်နေကြရသဖြင့် သူ့အကြောင်းကိုလည်း ဘယ်သူကမှ စိတ်မဝင်စားကြပေ။

အရှူးတေနောင်မှာ ဘောင်းဘီဟောင်း အင်္ကျီဟောင်းများ ဝတ်ဆင်ထားပြီး သူ ဝတ်ဆင်ထားသည့် အဝတ်အစားတို့မှာ ကြေးညှော်အထပ်ထပ်နှင့် စုတ်ပြဲလျက်ရှိသည်။

ဆံပင်စုတ်ဖွားများက လည်ကုပ်အထိ ဝဲကျနေပြီး နီကြောင်ကြောင် ဖြစ်နေသည်။

သူသည် အခြားအရပ်ဒေသမှ ပင်လယ်ဝရွာသို့ ဘယ်ပုံဘယ်နည်းရောက်လာမှန်း ဘယ်သူကမှ သတိမထားမိကြသော်လည်း ထိုနေရာသို့ ရောက်နေသည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်သောကြောင့် တစ်ရွာလုံးကသိပြီး ခင်မင်နေကြလေသည်။

တကယ်တော့ အရှူးတေနောင်မှာ အရူးတစ်ယောက်သာဆိုသော်လည်း. . . သွက်သွက်လည်အောင် ရူးနေသူတစ်ယောက်တော့ မဟုတ်ပါချေ။

တစ်ခါတစ်ရံမှသာ စိတ်ဖောက်ပြီး သူပြောချင်ရာ ပြောနေသော်လည်း အခြားသူများကို အနှောင့်အယှက်ပေးခြင်း. . အန္တရာယ်ပေးခြင်းတော့ မရှိခဲ့ပေ။

ထို့ကြောင့် သူ့ကို. . အားလုံးက ခင်မင်ကြသည်။





အစားအသောက်များ ကျွေးမွေးကြသည်။

အချို့ကလည်း အဝတ်ဟောင်းများ ပေးကြလေသည်။

အရှူးတေနောင်ကလည်း စိတ်ကောင်းဝင်နေသည့်အခါတွင် အခြားသူများ အလုပ်လုပ်နေတာမြင်ပါက မနေတတ်ပဲ ဝင်ရောက်လုပ်ကိုင်ပေးလေ့ရှိသည်။

ထို့ကြောင့်လည်း ခင်မင်ကြခြင်း ဖြစ်သည်။

ယခုလည်း နံနက်စောစောအချိန်မှာပင် အရှူးတေနောင်တစ်ယောက် စိတ်ဖောက်ပြန်နေပြီး ပြောချင်ရာပြောအော်ချင်ရာ အော်ဟစ်လျက် ရှိနေတော့သည်။

"ဟား. . ဟား. . ဟား. . ဟား၊ ပျော်စရာကြီးပါလား၊ ပျော်စရာကြီးပါလားဟေ့"

ထိုကဲ့သို့ အော်ဟစ်ရယ်မောလျက် လျှောက်သွားနေသည်ကို အလုပ်ဆင်းရန် ထွက်လာသော လူတစ်ယောက်က မြင်သဖြင့် မေးလိုက်သည်။

"တေနောင် ဘာတွေများ ဒီလောက်သဘောကျပြီး ရယ်မောနေတာလဲကွ"

"ပျော်စရာ တွေ့လို့ပါဗျ"

"ဘာတွေများ ပျော်စရာ တွေ့လာလို့လဲ"

"ပင်လယ်ထဲမှာ သေမင်းရဲ့ ကိုယ်ပွားမိစ္ဆာတွေ ဒီဘက်ကို လာနေကြပြီဗျ၊ မကြာခင် ဒီကမ်းခြေတွေဘက်ကို ရောက်လာတော့မယ်"

"တေနောင်ရယ် မဟုတ်တာတွေ လျှောက်ပြောမနေ



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့ကွာ၊ ပင်လယ်ထွက်ကာနီး စိတ်အနှောင့်အယှက် ဖြစ်ပါတယ်”

“ခင်ဗျားက ကျုပ်ပြောတဲ့စကားကို မယုံပဲကိုးဗျ၊ သေမင်းမိစ္ဆာတွေ ရောက်လာရင် လူတွေအများကြီး သေကြရမှာဗျ၊ ဟေ့ . . ဟေ့ . . ပျော်စရာကြီးဟေ့၊ ပျော်စရာကြီး”

ဟု သူ့ဖာသာ တစ်ယောက်တည်း ရယ်မောပြောဆိုကာ ထိုနေရာမှ ထွက်သွားလေသည်။

အလုပ်ဆင်းမည့်သူကလည်း သူ့စကားကို အလေးအနက် မရှိလှပဲ ငါးဖမ်းကိရိယာများကို ထမ်းပြီး ပင်လယ်ကမ်းခြေသို့ ဆင်းသွားလေသည်။

အရှူးတေနောင်လည်း ပင်လယ်ဝရွာနှင့် မနီးမဝေး တောင်ကုန်းများပေါ်မှာ ဆောက်ထားသော ဗိုလ်တဲများ ရှိရာဘက်သို့ ထွက်သွားလေသည်။

ပင်လယ်ဝရွာ၏ မြောက်ဘက်၊ မြိတ်မြို့မရောက်ခင် ကမ်းခြေတစ်နေရာမှာ ဗိုလ်တဲများရှိသည်။

ထိုနေရာတွင် ကမ်းခြေမြင့်သော ကျောက်သားကုန်းမြင့်များရှိပြီး အပေါ်တွင် ဘန်ဂလိုပုံသဏ္ဌာန် ဗိုလ်တဲငါးလုံးခန့် ဆောက်ထားသည်။

တစ်လုံးနှင့်တစ်လုံး တစ်နေရာနှင့် တစ်နေရာ မဝေးကွာလှပဲ သီးခြားစီ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

လေမိုးဒဏ် ခံနိုင်စေရန် အခိုင်အခံ့ဆောက်လုပ်ထားခြင်းဖြစ်ပြီး ထိုတောင်ကုန်းပေါ်မှ မျှော်ကြည့်ပါက ပင်လယ်ပြင်





ရှုခင်းတို့ကို ကောင်းစွာလှမ်းမြင်ရလေသည်။

ထို ဗိုလ်တဲများကို ပိုင်ဆိုင်သူမှာ မြိတ်မြို့ပေါ်မှာနေသော ရာဘာခြံ အတော်များများ ပိုင်ဆိုင်ထားသည့် ဦးလွန်းမောင် ဖြစ်သည်။

ဦးလွန်းမောင်နှင့် ဒေါ်လွန်းမေတို့မှာ မြိတ်မြို့ပေါ်မှာ ငွေကြေးချမ်းသာသော လူကုံထံ စာရင်းဝင်များဖြစ်ကြပြီး ထို ဗိုလ်တဲများကိုလည်း ရည်ရွယ်ချက်တစ်ခုဖြင့် တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

မြိတ်သို့လာသော မျက်နှာဖြူများ အစိုးရအရာရှိကြီးများ တည်းခိုနေနိုင်ရန် အတွက်သော်လည်းကောင်း၊ ရန်ကုန်... မော်လမြိုင် စသောမြို့ကြီးများမှ သူဌေးများ ကုန်သည်ပွဲစားများ ရောက်လာပါက သီးသီးသန့်သန့် တည်းခိုနေနိုင်ရန် စီစဉ်ပေးထားခြင်း ဖြစ်သည်။

မျက်နှာဖြူများ၊ အရာရှိများ၊ သူဌေးကုန်သည်များ လာရောက်တည်းခိုသောအခါ ဦးလွန်းမောင်အနေနှင့် ခင်မင်ရင်းနှီးခွင့်ရကာ ထိုမှတစ်ဆင့် အခြားအခွင့်အရေးပေါင်း မြောက်မြားစွာတို့ကိုပါ တစ်ပါတည်း ရရှိခြင်းမျိုးလည်း ရှိသည်။

တကယ်တော့ သူ့အနေဖြင့် ထိုဗိုလ်တဲများ ဆောက်လုပ်ထားသော ရည်ရွယ်ချက်မှာ . . တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့သည့် သဘောမျိုးသာ ဖြစ်ပေသည်။

မျက်နှာဖြူများ၊ အရာရှိများ၊ သူဌေးကုန်သည်များက လည်း မြိတ်မြို့ထဲမှာ (ထိုအချိန်အခါက မြိတ်မြို့မှာ ယခုအခါ



www.burmeseclassic.com

www.burmeseclassic.com



အနေမျိုး မဟုတ်သေးပဲ ဧည့်သည်များ တည်းခိုနေထိုင်ရန် အဆောက်အအုံများလည်း မရှိသေးပေ။)

သို့ကြောင့် ထိုနေရာသို့ လာရောက်တည်းခိုကြလေသည်။ ယခုလည်း ကျောက်ဆောင်ပေါ်မှ ဗိုလ်တဲတစ်လုံး၌ ဧည့်သည်အချို့ ရောက်နေလေသည်။

၎င်းတို့ တည်းခိုနေသော ဗိုလ်တဲမှာ အစွန်ဘက်၌ ရှိပြီး ကျောက်ဆောင်တစ်ခု၏ ထိပ်ပေါ်၌ တည်ရှိလေသည်။

ကျောက်ဆောင်မှာ အတော်အတန် မြင့်သောကြောင့် အစွန်းနေရာမှ ငုံ့ကြည့်လျှင် အောက်ဘက်မှ မြင်ကွင်းအချို့ကို မြင်တွေ့နိုင်လေသည်။

ကျောက်တုံးကျောက်ခဲများ၊ သောင်ပြန့်များနှင့် ပြာလဲ့နေသည့် ပင်လယ်ရေတို့ပင် ဖြစ်သည်။

ပင်လယ်ရေများမှာတော့ အချို့နေရာများမှာ သဘာဝအတိုင်း အပြာရင့်ရောင်များ ဖြစ်သော်လည်း အချို့နေရာများမှာတော့ သဘာဝမဟုတ်သော အမည်းရောင်များအဖြစ် ပြောင်းလဲနေလေသည်။

အချို့နေရာများမှာ အနက်ရောင် ဆေးရည်များ ဖျော်လောင်းထားသကဲ့သို့ အကွက်လိုက်ကြီးများ ဖြစ်နေတော့သည်။

ဗိုလ်တဲအတွင်းမှာရောက်နေသော ဧည့်သည်များက ငါးယောက်ဖြစ်သည်။

မျက်နှာဖြူ နှစ်ယောက်ပါပြီး. . . ကျန်သုံးယောက်က ထားဝယ်လူမျိုးတို့ ဖြစ်ကြသည်။





ထိုသုံးယောက်ထဲမှာ မြန်မာစကားရော၊ အင်္ဂလိပ် ဘာသာစကားပါ ကျွမ်းကျင်သော ရွှေမောင်ဆိုသူက စကားပြန် လုပ်ပေးလေသည်။

ဧည့်သည်များအတွက် လိုအပ်သမျှကိုတော့ ဗိုလ်တဲများမှာ အစောင့်အဖြစ်နေသော ဦးဖိုးမျှင်က ဒိုင်ခံလုပ်ပေးလေသည်။

ထိုအချိန်မှာပင် အရှူးတေနောင်က ဗိုလ်တဲများရှိရာသို့ ရောက်လာလေသည်။

သူသည် ယခင်ကလည်း မကြာခဏ ဆိုသလို ဦးဖိုးမျှင်ရှိရာသို့ ရောက်လာလေ့ရှိပြီး သူနေချင်သလောက် နေသူဖြစ်သည်။

ဦးဖိုးမျှင်ကလည်း တစ်ယောက်တည်း နေရသူမို့ အရူးတေနောင် ရောက်လာလျှင် အဖော်ရသဖြင့် ရှိတာကျွေးပြီး လက်ခံထားခြင်း ဖြစ်သည်။

ယခုလည်း ဗိုလ်တဲမှာ ဧည့်သည်များ ရောက်နေပြီး အလုပ်များနေသော အချိန်တွင် တေနောင် ရောက်လာသောကြောင့် သဘောကျသွားလေသည်။

"တေနောင်ရေ မင်းရောက်လာတာနဲ့ အတော်ပဲဟေ့၊ ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်၊ ဒါကြောင့် ဒီရက် အတွင်းတော့ ရွာထဲမပြန်ပဲ ငါနဲ့နေပြီး ကူပေးပါဦးကွ"

"ရတယ်. . ရတယ်. . ၊ ကျုပ်ကလည်း ဗိုလ်တဲမှာ ဧည့်သည်တွေရောက်နေတယ် သတင်းကြားလို့ တမင်လာခဲ့တာ အဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလဲဆိုတာသာပြော"

ဟု ပြောသည်။

တကယ်တော့ အရှုးတေနောင်မှာ အကြောင်းတစ်ခု ကြောင့် စိတ်ဖောက်ပြန်နေသော်လည်း. . တစ်ခါတစ်ခါမှာ လူ ကောင်းတစ်ယောက်လိုပင် ပြောဆိုဆက်ဆံတတ်သည်။

ထို့ပြင် အသက်(၃၀)ကျော်အရွယ်သာ ရှိသေးပြီး ကျမ်း မာကြံ့ခိုင်သူဖြစ်သဖြင့် တော်ရုံအလုပ်ကြမ်းများကို မညည်းမညူ လုပ်ကိုင်နိုင်သူဖြစ်သည်။

ယခုလည်း ရောက်လာသည်နှင့် ဦးဖိုးမျှင် စေခိုင်းသမျှ အလုပ်များကို တစ်ခုပြီးတစ်ခု လုပ်ကိုင်ပေးနေလေသည်။

ဧည့်သည်များကတော့ သူ့ကို အရူးတစ်ယောက်မှန်း မသိကြပဲ ထိုနေရာမှာရှိသော အလုပ်သမားတစ်ယောက်ဟုသာ ထင်ကြလေသည်။

ညနေပိုင်း အချိန်ရောက်တော့ ဧည့်သည်များက ကမ်း ခြေတစ်ဝိုက်သို့ လှည့်လည်ကြည့်ကြရာ တေနောင်က နောက်မှ လိုက်သွားရလေသည်။

"ဒီရေတွေက ဘာကြောင့် အမည်းရောင် ဖြစ်နေတာ လဲ"

တေနောင်က ခေါင်းခါပြသည်။

"ကျုပ်. . မသိဘူး. ."

"မင်းက ဒီမှာနေတာ မဟုတ်ဘူးလား၊ ဒါမျိုး မမြင်ဖူးဘူး လား"





တေနောင်က ခေါင်းခါပြသည်။

"မင်းက ဒီမှာနေတာ ကြာပြီလား"

ခေါင်းညိတ်ပြသည်။

"အရင်တုန်းက. . ဒီနေရာတွေမှာ ပင်လယ်ဓားပြတွေ ရှိတယ်ဆိုတာ ကြားဖူးသလား"

ခေါင်းညိတ်ပြသည်။

"သူတို့ ဘယ်နေရာမှာ စတည်းချတယ် ဆိုတာရော သိသလား"

"ဟိုးဘက်က ပင်လယ်ချိုင်ထဲမှာပါ"

"မင်း အဲဒီနေရာကို ရောက်ဖူးသလား"

ခေါင်းညိတ်ပြသည်။

"အဲဒီနေရာမှာ ဘာတွေရှိသလဲ"

ခေါင်းခါပြပြန်သည်။

ထို့ကြောင့် စကားပြန်လုပ်သော ရွှေမောင်က ဆက်မ မေးတော့ပေ။ စိတ်ထဲမှာတော့ ခပ်ကြောင်ကြောင် လူတစ် ယောက်နှင့် တွေ့နေရသည်ဟု ထင်မိလေသည်။

ထို့နောက်မှာတော့ ထိုနေရာနှင့် အနီးတစ်ဝိုက် နေရာ များသို့ လှည့်လည်ကြည့်ရှုကြပြီးနောက်ပိုင်း တဲရှိရာသို့ ပြန်ခဲ့ကြ လေသည်။ ညအချိန်ရောက်တော့ ဧည့်သည်များက ဗိုလ်တဲပေါ် မှာ စားသောက်ရင်းနှင့် စကားဝိုင်းဖွဲ့ကြလေသည်။

၎င်းတို့ရှိနေသော အခန်းထဲမှာ ရေနံဆီ အသုံးပြုပြီး ထွန်းသော မီးအိမ်ကြီးတစ်လုံး ထွန်းပေးထားရာ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ရနေသည်။

လူငါးယောက်တို့မှာ စားသောက်ရင်းမှာပင် အရေးကြီးသော စကားများကို ပြောဆိုတိုင်ပင်နေကြသည်။

မျက်နှာဖြူနှစ်ယောက်အနက် 'စတီဗင်'ဆိုသော မျက်နှာဖြူတစ်ယောက်က ပြောသည်။

"(၁၈)ရာစု မတိုင်ခင်လောက်က ဒီနေရာတွေမှာ ဆာလီးတားဆိုတဲ့ ပင်လယ်ဓားပြတွေ အများအပြား ရှိခဲ့ကြတယ်၊ သူတို့ တစ်တွေဟာ ပင်လယ်ဓားပြအဖြစ်နဲ့ တိုက်ခိုက်လို့ရတဲ့ ရွှေငွေရတနာတွေကို ဒီကျွန်းတွေပေါ်မှာ ဝှက်ထားခဲ့တယ်ဆိုတဲ့ အထောက်အထားတွေ တွေ့ရတယ်"

စတီဗင် ပြောပြနေသော စကားများကို. . . ကျန်လေးယောက်က စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။

"(၁၉)ရာစုလောက်ရောက်တော့ ဒီနေရာတွေကို အင်္ဂလိပ် အုပ်ချုပ်ရေးတွေ ရောက်လာတယ်၊ အင်္ဂလိပ် ရေတပ်က ပင်လယ်ဓားပြတွေကို လိုက်လံချေမှုန်းပစ်တာနဲ့ အတော်များများ သေကျေပျက်စီးကုန်တယ်၊ ကျုပ်တို့ရဲ့ အဘိုးတစ်ယောက်က အင်္ဂလိပ်ရေတပ်မှာ အမှုထမ်းခဲ့ပြီး ဒီဒေသတွေမှာ ပင်လယ်ဓားပြတွေကို တိုက်ခိုက်နှိမ်နင်းခဲ့စဉ်က ပါဝင်ခဲ့တယ်"

"ဆက်ပြောပါဦး"

"ပင်လယ်ဓားပြတွေဟာ သူတို့လုပ်ငန်းတွေ ပျက်စီးသွားခဲ့တဲ့ နောက်ပိုင်းမှာ သူတို့ စုဆောင်းထားတဲ့ ရွှေငွေရတနာတွေကို ဒီကျွန်းရဲ့ ပၢၢၢၢၢၢၢၢ ၢၢၢ ဝှက်ထားခဲ့ကြတယ်၊ ဒီမှာ ကျုပ်





ရဲ့အဘိုး ရခဲ့တဲ့မြေပုံပဲ"

ဟု ပြောဆိုပြီး စတီဗင်က ၎င်းလွယ်အိတ်ထဲမှာ အသေအချာ ထည့်ထားသော ကြေးသေတ္တာတစ်လုံးကို ထုတ်ပြီး ထိုအထဲမှာရှိသော သားရေပြားနှင့် ပုံသဏ္ဌာန်တူသော စက္ကူတစ်ချပ်ကိုယူ၍ စားပွဲပေါ်သို့ ဖြန့်ချလိုက်သည်။

မြေပုံစာရွက်မှာ တစ်ပေပတ်လည်ခန့်ရှိပြီး မြေပုံလမ်းညွှန်များ ရေးဆွဲထားသည်။

မြေပုံထဲမှာ ရေးဆွဲထားသော အရေးအကြောင်းများမှာ ပင်လယ်ချိုင်ဘက်မှ နေရာတစ်နေရာကို အခြေပြုပြီး ရေးဆွဲထားခြင်းဖြစ်သည်။

ကျန်လေးယောက်က စားပွဲပေါ်၌ ဖြန့်ချထားသော မြေပုံကို စိတ်ဝင်စားစွာ ကြည့်နေကြစဉ်. . . အခန်းထဲသို့ လူတစ်ယောက် ဝင်လာလေသည်။

အရှူးတေနောင်ပင် ဖြစ်သည်။

၎င်းလက်ထဲမှာလည်း ပုလင်းတစ်လုံး ကိုင်ထားသည်။

သူ့ကိုမြင်တော့ ရွှေမောင်က ဒေါသထွက်သွားသဖြင့် လှမ်းမေးလိုက်သည်။

"မင်းက မခေါ်ပဲနဲ့ ဘာကြောင့်ဝင်လာတာလဲ"

"ရေ. . ရေနံ့ဆီ ထည့်ပေးမလို့ပါ"

တေနောင်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ပြောလေသည်။

"ထည့်ရင်လည်း မြန်မြန်ထည့်ပေတော့၊ ပြီးရင် မြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား”

ခေါင်းညိတ်ပြပြီး ရေနံဆီမီးအိမ်ကိုဖြုတ်ပြီး ရေနံဆီဖြည့်လေသည်။

ပြီးသည်နှင့် မီးအိမ်ကို ပြန်ချိတ်ပေးခဲ့ပြီး အခန်းထဲမှ ပြန်ထွက်သွားလေသည်။

တေနောင် ပြန်ထွက်သွားသည်နှင့် တစ်ယောက်က နေရာမှထပြီး ဝင်ပေါက်တံခါးချပ်ကို ပိတ်ထားလိုက်လေသည်။

ထို့နောက်မှာတော့ ငါးယောက်သား မြေပုံစာရွက်ကို ကြည့်ပြီး ထိုအကြောင်းများကို ပြောဆိုဆွေးနွေးလျက် ရှိသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာချေပြီ။

အပြင်ဘက်မှာတော့ လရောင်မရှိပဲ အမှောင်ထုများ ဖုံးလွှမ်းလျက်ရှိသည်။

သို့သော်လည်း ပင်လယ်ပြင်မှ အလင်းရောင်အချို့ကတော့ ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန်နှံ့နေသောကြောင့် အရာဝတ္ထုများကို ဝိုးတဝါး မြင်နိုင်လေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ လေတိုက်သံနှင့် လှိုင်းပုတ်သံများသာ မှန်မှန်ပေါ်ထွက်နေလေသည်။

ဗိုလ်တဲအတွင်းမှာ ရှိနေကြသူများမှာ ပင်လယ်ဘက်၌ရှိသော ပြတင်းပေါက် တံခါးချပ်များကို ဖွင့်ထားသောကြောင့် ထိုနေရာမှ လေများတိုးဝင်လျက်ရှိလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ပင်လယ်ဘက်မှ ဝင်





လာသောလေထဲမှာ ဆိုးဝါးလှသော အနံ့တစ်မျိုး ပါလာလေသည်။

ငါးညှီနံ့လိုလို ငါးပုပ်နံ့လိုလို အနံ့မျိုးဖြစ်သည်။

ထိုအနံ့ဆိုးကြီး ပြတင်းပေါက်မှ ဝင်လာပြီး နောက်မှာတော့ ဗိုလ်တဲအတွင်းမှာ ရှိနေကြသည့် လူငါးယောက်စလုံး လဲကျသွားလေတော့သည်။

သူတို့ လဲကျသွားပြီးနောက် ပင်လယ်ကမ်းခြေမှ ရေလှိုင်းများ ထကြွလာသည်။

ရေအရောင်ကလည်း အနက်ရောင်များအဖြစ် ပြောင်းလဲသွားလေသည်။

ထို့နောက်မှာတော့ ရေအောက်မှာ ကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်ရှိသည့် သတ္တဝါတစ်ကောင်ပေါ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# သေမင်းတမန် လက်တံရှည်များ

နောက်တစ်နေ့ နံနက်ပိုင်း အချိန်မှာတော့ ဗိုလ်တဲတစ်ဝိုက်မှာ လူအတော်များများ ရောက်နေကြမယေသည်။ ရွာသူရွာသားများ အပါအဝင် မြိတ်ဂါတ်တဲစခန်းမှ ပုလိပ်များနှင့် ရာဇဝတ်အုပ် ဦးမင်းဒင်ပါ ရောက်နေလေသည်။

ထို့ပြင် ဗိုလ်တဲပိုင်ရှင် ဦးလွန်းမောင်လည်း ရှိနေလေသည်။ သူတို့ ရောက်လာသော အချိန်မှာ ဗိုလ်တဲဝင်ပေါက်တံခါးက ပိတ်လျက်သားပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းသည့်တိုင် အထဲက တစ်ယောက်မှ အပြင်ထွက်လာတာ မတွေ့ရသဖြင့် ဦးဖိုးမျှင်က အကြောင်းကြားရာ ထိုကဲ့သို့ ရောက်လာကြခြင်း ဖြစ်သည်။

"တံခါးပိတ်ထားပုံထောက်တော့ ညက အရက်မူးပြီး အိပ်ပျော်နေကြတာများလား"

ထိုသို့ တွေးမိသဖြင့် တံခါးကို အကြိမ်ကြိမ် ပုတ်နှိုးကြည့်သော်လည်း အခြေအနေမထူးတော့မှ တံခါးချက်ကို ဖျက်ပြီး ဖွင့်ကြည့်ကြသည်။

မြင်ကွင်းက မကောင်းလှပေ။

လူလေးယောက်စလုံး ကြမ်းပြင်ပေါ်မှာ လဲကျနေကြသည်။ တစ်ယောက်ကတော့ အခန်းထဲမှာ မရှိတော့ပေ။

ထွန်းထားသော မီးအိမ်က ရေနံဆီကုန်ပြီး မီးငြိမ်းနေချေပြီ။ သို့တိုင်အောင် စူးစူးဝါးဝါးရှိလှသော အနံ့ဆိုးကြီးက အခန်းထဲမှာ ရှိနေဆဲပင်။

ထိုအနံ့ကို များများရှူမိသူတို့မှာ ချက်ချင်းဆိုသလို ခေါင်းထဲမှာ မူးဝေတက်လာပြီး အော့အန်ချင်သလို ဖြစ်လာလေသည်။

"ဘာအနံ့ကြီးပါလိမ့် ဆိုးလိုက်တာ"

"ငါးညှီနံ့ ငါးပုပ်နံ့လည်း မဟုတ်ပါဘူး၊ စိမ်းရွှေရွှေ ပုပ်အက်အက်နဲ့ အတော်ဆိုးတဲ့ အနံ့မျိုးပဲ"

ထိုသို့ ပြောဆိုပြီး ကြမ်းပြင်ပေါ်မှာ လဲကျနေသူ တို့ကို စစ်ဆေးကြည့်သောအခါ အသက်ရှင်နေသေးကြောင်း တွေ့ရ





လေသည်။

"သူတို့ ဒီမှာတည်းနေတာ ငါးယောက်ပဲ၊ တစ်ယောက်က ဘယ်ရောက်နေသလဲ"

အခန်းပိုင်ရှင် ဦးလွန်းမောင်က ဝင်မေးလိုက်သည်။

ထို့နောက်မှာတော့ သတိမေ့နေသူများကို သတိပြန်ရအောင် ပြုစုပေးကြရာ အတန်ကြာတော့မှ သတိပြန်ရလာကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသော စတီဗင်ဆိုသူက သတိပြန်ရလာသည်နှင့် စားပွဲပေါ်သို့ ကြည့်သည်။ ညက သူတို့ကြည့်နေကြသော မြေပုံစာရွက်က မရှိတော့ပေ။

"ဒီစားပွဲပေါ်က မြေပုံစာရွက် ဘယ်သူယူထားသလဲ" ဟု မေးလိုက်သည်။

"ခင်ဗျား သတိကောင်းကောင်း ရပြီလား၊ကျုပ်တို့ ဝင်လာတော့ ဒီစားပွဲပေါ်မှာ ဘာစာရွက်မှ မရှိဘူး"

ဦးမင်းဒင်က ထိုသို့ပြန်ပြောလိုက်သောအခါ စတီဗင်က သူ့လူများကို လိုက်ကြည့်နေသည်။

"မောရစ်ဘယ်မှာလဲ"

"မောရစ်ဆိုတာ ဘယ်သူလဲ"

"ကျုပ်နဲ့အတူတူ လာတဲ့သူပဲ၊ သူဘယ်ရောက်နေပြီလဲ၊ မြေပုံကို သူယူသွားပြီ ထင်တယ်"

"ခင်ဗျား စိတ်အေးအေးထားပါ၊ ကျုပ်တို့ရောက်လာတဲ့ အချိန်မှာ ဝင်ပေါက်တံခါးက အတွင်းက ချက်ထိုးပိတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်၊ ဒါကြောင့် တံခါးဖျက်ဝင်လာတော့ အတွင်းမှာ သတိမေ့နေတဲ့ ခင်ဗျားတို့ လေးယောက်ပဲ တွေ့ရပါတယ်၊ ခင်ဗျားတို့ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပေးပါ"

ထိုအခါ စကားပြန်ဖြစ်သူ ရွှေမောင်က ပြောပြလေသည်။

"သူ့နာမည်က စတီဗင်လို့ခေါ်ပါတယ်၊ ပျောက်နေတဲ့ သူ့အဖော်နာမည်က မောရစ်လို့ ခေါ်ပါတယ်၊ ကျန်သုံးယောက်က သူတို့ခေါ်လို့ အဖော်လိုက်ခဲ့ကြတာပါ"

"ပြောပါဦး"

"သူတို့နှစ်ယောက်က ဒီနေရာတွေကို လေ့လာဖို့ လာကြတာပါ"

"သူမေးနေတဲ့ မြေပုံစာရွက်ဆိုတာ ဘာလဲ"

"ဒါ. . ဒါက ဒီနေရာတစ်ဝိုက်ရဲ့ အရေးကြီးတဲ့နေရာတွေကို ရေးထားတဲ့ မြေပုံပါ"

ဦးမင်းဒင်ကတော့ ထိုစကားကို အပြည့်အဝ မယုံကြည်ပေ။ ရွှေမောင်အနေဖြင့် တစ်စုံတစ်ခုကို ဖုံးကွယ်ထားကြောင်း အတွေ့အကြုံအရ ရိပ်မိလေသည်။

"ညက ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ခင်ဗျားမှတ်မိသမျှ ပြန်ပြောပြပါဦး"

"ကျွန်တော်တို့ငါးယောက် ဘန်ဂလိုထဲမှာ စားသောက်ရင်းနဲ့ စကားပြောနေကြတာပါ"

"အဲဒီအချိန်မှာ တခြားဘယ်သူတွေ ရှိသေးသလဲ"





"ဒီမှာ ဝေယျာဝစ္စလုပ်ပေးနေတဲ့. . . အဘိုးကြီးတစ်ယောက်နဲ့ ပေါချာချာ လူတစ်ယောက်ပဲ ရှိပါတယ်"

"နောက်တော့ ဘယ်လိုဖြစ်သလဲ"

"ညဥ့်နက်ပိုင်းရောက်တော့ ပင်လယ်ဘက်က ငါးညှီနံ့လိုလို ငါးပုပ်နံ့လိုလို အနံ့တစ်မျိုး ဝင်လာတာပဲ၊ သတိပြုမိလိုက်ပါတယ်၊ နောက်တော့ သတိမေ့ပြီး လဲကျသွားတာပဲ မှတ်မိတော့တယ်"

ထိုအချိန်မှာ အခန်းအခြေအနေကို ပတ်ကြည့်နေသော ဆားပုလင်း ရွှေမိုးက ဦးမင်းဒင် အနီးသို့ ရောက်လာပြီး ပြောသည်။

"ပြတင်းပေါက်နားမှာ ထူးခြားတာတစ်ခု. . တွေ့တယ် ဆရာ"

ထိုသို့ လာပြောသဖြင့် ဦးမင်းဒင်ပါ ပြတင်းပေါက်နား လိုက်သွားပြီး ကြည့်လေသည်။

ပြတင်းပေါက် တံခါးချပ်မှာ ပွင့်နေပြီး ဘောင်ပေါ်မှာ သွေးစက်အချို့နှင့် အမည်းရောင် အကျိအချွဲများကို တွေ့ရလေသည်။

အောက်ကို ငုံ့ကြည့်သောအခါ ပြတင်းပေါက်ရှိသော နေရာနှင့် အောက်ခြေမှာ အတော်ကွာသည်။

အောက်၌ ကျောက်တုံးကျောက်ဆောင်များသာ တွေ့ရလေသည်။ ရေကျချိန်ဖြစ်သောကြောင့် ကျောက်တုံးကျောက်ဆောင် အတော်များများ ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျောက်ဆောင်များ ကွယ်နေသဖြင့် အချို့နေရာများကို လှမ်းမမြင်ရပေ။

ရာဇဝတ်အုပ် ဦးမင်းဒင်က ဗိုလ်တဲပေါ်မှာ စစ်ဆေးမေးမြန်းပြီးနောက် အောက်သို့ ဆင်းကြည့်လေသည်။

နောက်မှ ဆားပုလင်းရွှေမိုး၊ ရွာလူကြီး ဇမုန်းထန်နှင့် ပုလိပ်အချို့လည်း လိုက်လာကြသည်။

ဗိုလ်တဲပြတင်းပေါက် ရှိသောနေရာ အောက်တည့်တည့်သို့ ရောက်သောအခါ ကျောက်တုံးများပေါ်မှာ စွန်းပေနေသော သွေးကွက်ကြီးများ တွေ့ကြရသည်။

တစ်နေရာရောက်တော့ ကျောက်တုံးနှစ်တုံးကြားမှ တရွတ်တိုက်ပြီး ဆွဲချသွားသော စွတ်ကြောင်းကြီးတစ်ခုကို တွေ့ကြရသည်။

ဦးမင်းဒင်တို့လည်း ရေစပ်နားရောက်သည်အထိ ဆင်းကြည့်သောအခါ ကျောက်တုံးများကြားတွင် သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ကြရလေသည်။

သေဆုံးနေသူမှာ အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်ပြီး ကိုယ်ပေါ်၌ ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ အစိတ်စိတ်အမြွှာမြွှာ စုတ်ပြဲနေလေပြီ။

တစ်ကိုယ်လုံး မပြာလျက်ရှိပြီး ဒဏ်ရာဒဏ်ချက်များလည်း ရှိနေသည်။

ဒဏ်ရာဒဏ်ချက်များကတော့ ပင်လယ်ပြင်ထွက်သော ရွာသားသုံးဦး သေဆုံးသကဲ့သို့ ကျောပြင်နှင့် ကိုယ်ပေါ်မှာ စား





ဖြင့်ခွဲထားသကဲ့သို့ ဆူးများရှိသော ကြာပွတ်ဖြင့် ပတ်ဆွဲထားသကဲ့သို့ အမြှောင်းလိုက် အစင်းလိုက်ကြီးများ ပေါ်နေခြင်း ဖြစ်သည်။

ဦးမင်းဒင်တို့ကတော့ အလောင်းနှင့် အနီးတစ်ဝိုက်သို့ အသေးစိတ် လိုက်လံကြည့်ရှုနေကြသည်။

သို့သော်လည်း အချို့နေရာများတွင် ပင်လယ်ရေအရောင်များ မည်းပြာနေသည်မှလွဲပြီး အခြားဘာမှတော့ ထူးထူးခြားခြား မတွေ့ကြရပေ။

ကမ်းစပ်မှာ အလောင်းတွေ့ပြီး သတင်းကြားသဖြင့် ရွာသားအချို့လည်း ဆင်းလာကြသည်။

ထိုအထဲတွင် . . နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်လည်း ပါလာကြသည်။

အလောင်းကို မြင်သောအခါ နီမောင်က. . .

"ဟိုတလောက ငါးဖမ်းသမားသုံးယောက် သေတဲ့ပုံစံနဲ့ အတူတူပဲ"

ဟု ခပ်တိုးတိုးပြောလိုက်သည်။

"ဘယ်လိုဖြစ်ပြီး သေတာလဲ"

"ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

"ဒီလောက်မြင့်တဲ့ ပြတင်းပေါက်က အောက်ကို ဘယ်လိုရောက်လာတာလဲ၊ သူ့ဖာသာ ခုန်ချတာများလား"

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ တစ်ယောက်ယောက်က အောက်ကဆွဲချလိုက်တာ ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ကြဲကြဲဖန်ဖန် အတော်ပြောတယ်. . ၊ အောက်ကနေ (၁၅)ပေလောက်မြင့်တဲ့နေရာကို အောက်က ဘယ်လို ဆွဲချမလဲ"

"လူကတော့ ဘယ်မီပါ့မလဲ၊ ဒါပေမယ့် လက်တံရှည်တဲ့ သတ္တဝါ ဒါမှမဟုတ် အလျားရှည်တဲ့ ညံလို သတ္တဝါမျိုးဆိုရင်တော့ ဒီထက်မက မြင့်နေရင်လည်း ဆွဲချသွားမှာပဲ"

ထိုသို့ ပြောလိုက်တော့မှ ကျန်နှစ်ယောက်မှာ သဘောပေါက်သွားလေတော့သည်။

"အင်း ဒါလည်းဟုတ်တာပဲ၊ ညံလို ပေ(၂၀၀)လောက် အလျားရှည်တဲ့ သတ္တဝါမျိုးဆိုရင် ဒီပြတင်းပေါက်လောက်တော့ အသာကလေး မီမှာပဲ၊ နောက်ပြီး လက်တံရှည်ကြီးတွေရှိတဲ့ ရေဘဝဲကြီးတွေလည်း မီနိုင်တာပဲ"

ဟု ပြောဆိုနေကြစဉ်. . သူတို့သုံးယောက်ရှိသောနေရာသို့ အရှူးတေနောင် ရောက်လာလေသည်။

တေနောင်က ပြုံးဖြီးဖြီးမျက်နှာဖြင့်. . .

"ငါပြောတာမှ မယုံကြပဲကိုး၊ အခုတော့ သေပြန်ပြီ မဟုတ်လား၊ များများသေတော့ ကောင်းတာပေ့ါကွာ၊ ဟီးဟီး. . "

ဟု ပြောဆိုနေသည်။

"မင်း. . ပေါက်ကရ စကားတွေလျှောက်ပြောမနေနဲ့၊ တော်ကြာ ပုလိပ်က မသင်္ကာလို့ ဖမ်းသွားဦးမယ်"

နီမောင်က ပြောလိုက်တော့ ဇက်ကလေး ပုဝင်သွားသည်။





"မင်း ညက ဒီဗိုလ်တဲမှာ ရှိနေတာ မဟုတ်လား တေနောင်"

"ဟုတ်တယ်"

"သူတို့ညက ဘယ်လိုဖြစ်တယ်ဆိုတာ မင်းသိသလား"

"မသိပေါင်. . "

"ဒါဖြင့် လူတွေ သေဦးမယ်လို့ ဘာဖြစ်လို့ အော်နေတာလဲ"

"ငါက သေမင်းမိစ္ဆာတွေရဲ့ သူငယ်ချင်းလေ၊ သူတို့ ပြောပြလို့ သိတာပေ့ါကွ၊ ဟီး. . ဟီး. . "

တေနောင်က သွားများပေါ် အောင်ရယ်ရင်း ပြန်ပြောသည်။

"သေမင်းမိစ္ဆာတွေဆိုတာ ဘာလဲ"

"မင်းသိချင်ရင် ပင်လယ်ထဲ ဆင်းကြည့်ပေ့ါ၊ အခု သူတို့ ဒီနေရာကို ရောက်နေကြပြီကွ၊ ပျော်စရာကြီးဟေ့၊ ပျော်စရာကြီး၊ သေမင်းမိစ္ဆာတွေနဲ့တွေ့ပြီး လူတွေသေရဦးတော့မယ်၊ သေမင်းမိစ္ဆာကောင်ရေ မြန်မြန်လာခဲ့ပါတော့၊ တေနောင်ကလေး စောင့်နေပေ့ါ"

ဟု ပါးစပ်မှ ပြောချင်ရာပြောဆိုလျက်. . ထိုနေရာမှ ပင်လယ်ကမ်းစပ်ဘက်သို့ ဆင်းသွားလေတော့သည်။

"တေနောင်က အရူးဆိုပေမယ့် သူပြောတဲ့စကားတွေက တစ်ခါတလေ မှန်တတ်တယ်"

"ဟုတ်တယ် ပင်လယ်ထဲမှာ သေမင်းမိစ္ဆာတွေ ရှော



www.burmeseclassic.com

www.burmeseclassic.com



နေပြီလို့ လျှောက်အော်နေတာကတော့ နည်းနည်းထူးခြားနေသလိုပဲ၊ အခုတလော ပင်လယ်ရေတွေကလည်း အမည်းရောင်တွေ ပြောင်းနေတာဆိုတော့ တေနောင်ပြောသလိုများ ဟုတ်နေရော့သလား မသိဘူး”

“အရှူးစကား၊ ကလေးစကား၊ သဘင်သည်တွေဆီက ကြားရတဲ့ စကားသံ၊ သီချင်းသံတွေဟာ အတိတ်တဘောင်တွေရဲ့ ကြိုတင်နိမိတ်တွေ ဖြစ်ချင်ဖြစ်မှာပေါ့၊ တေနောင် ပြောနေတာတွေကို မဟုတ်ဘူးလို့တော့ ပြောလို့မရဘူးပေါ့”

ထိုသို့ ပြောဆိုပြီးနောက် သုံးယောက်သား အပေါ်သို့ ပြန်တက်လာကြလေသည်။

ရာဇဝတ်အုပ် ဦးမင်းဒင်တို့ကတော့ သေဆုံးနေသော အလောင်းနှင့် ကျန်လေးယောက်ကို မြို့သို့ ခေါ်ဆောင်သွားရန် ပြင်ဆင်နေကြလေသည်။

ရွာသားများက ဝိုင်းဝန်းကူညီပေးကြလေသည်။

အားလုံးပြန်သွားသောအခါ ကမ်းခြေတစ်ဝိုက်မှာ လူရှင်းသွားပြီး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဗိုလ်တဲများရှိသော တောင်ကုန်းပေါ်မှာတော့ အစောင့်အဖြစ်နေသော ဦးဖိုးမျှင်တစ်ယောက်သာ ကျန်နေခဲ့သည်။

ညအချိန် ရောက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များဖုံးကာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကောင်းကင်ပေါ်မှာ လရောင်မရှိသောကြောင့် ပင်လယ်ပြင်မှ ရောင်ပြန်ဟပ်နေသော အရောင်အနည်းငယ်သာ





ရှိသဖြင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေသည်။

ကျောက်ဆောင်များရှိသော နေရာဘက်မှ လှိုင်းပုတ်သံများကတော့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကျယ်လောင်စွာ ပေါ်ထွက်နေလေသည်။

ထိုအချိန်တွင် ဗိုလ်တဲများရှိသော နေရာနှင့် မနီးမဝေး ကျောက်ဆောင်များကြားမှ မည်းမည်းသဏ္ဍာန်ကြီး ထွက်လာသည်။ အဝတ်မည်းကြီး ဝတ်ဆင်ထားပြီး ဦးထုပ်တစ်လုံးကို ဆောင်းထားလေသည်။

သူသည် ကမ်းစပ်၌ရှိသော ကျောက်တုံးတစ်တုံးပေါ်မှာ ရပ်တန့်နေပြီး လက်ထဲမှာကိုင်ထားသော အထုပ်ထဲမှ အသားတုံးများကို ပင်လယ်တွင်းသို့’ပစ်ချနေလေသည်။

အတန်ကြာသောအခါ ပင်လယ်လေနှင့်အတူ ညှီစို့စို့ ပုတ်အဲ့အဲ့အနံ့ကြီး ပါလာလေသည်။

ထိုအနံ့ကြီး ရောက်လာပြီး မရှေးမနှောင်းမှာပင် ပင်လယ်ရေပြင်မှာ လှိုင်းကြက်ခွပ်များ ထလာပြီး အရောင်ပြောင်းသွားလေသည်။

ပြာလဲ့နေသောအရောင်မှ . . ရေထဲသို့ မင်ရည်များ လောင်းချလိုက်သကဲ့သို့ အနက်ရောင်များ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

ကျောက်ဆောင်ပေါ်မှ ရပ်နေသူက သူ့လက်ထဲမှာ ကိုင်ထားသော အသားတုံးများကို ထိုနေရာသို့ ရောက်အောင် ပစ်ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပစ်ချပေးပြီးသည်နှင့် မနီးမဝေးမှာရှိသော ကျောက်ဆောင်များကြားသို့ ခပ်သုတ်သုတ် ပြေးဝင်သွားလေတော့သည်။

မရှေးမနှောင်းမှာပင် စောစောက ရေပွက်များ ထနေသောနေရာမှ ရေပြင်မှာ တဖြည်းဖြည်း မောက်တက်လာလေသည်။

ပြီးနောက် တစ်ကိုယ်လုံး ရှည်လျားသော အမွေးရှည်များ ဖုံးအုပ်နေသော သတ္တဝါတစ်ကောင် ပေါ်လာသည်။

ဦးခေါင်း ခြေလက်တို့ပါပြီး လူတစ်ယောက်နှင့် ပုံပန်းသဏ္ဌာန်တူသော သတ္တဝါကြီးပင် ဖြစ်သည်။

၎င်းကိုယ်ပေါ်မှာရှိသော အမွေးရှည်များက ရေနှင့်ထိသောအခါ အနက်ရောင်များ ထွက်လာသောကြောင့် ထိုနေရာတစ်ဝိုက်မှာရှိသော ပင်လယ်ရေမှာ အမည်းရောင်များ ဖြစ်နေခြင်း ဖြစ်သည်။

ကိုယ်လုံးက ရေမြင်းတစ်ကောင်လောက်ကြီးပြီး လူတစ်ယောက်နှင့် တူသည့်အပြင် တစ်ကိုယ်လုံး အမည်းရောင် အမွေးရှည်များက ဖုံးအုပ်နေသောကြောင့် ရုတ်တရက်ကြည့်လျှင် ဂေါ်ရီလာ မျောက်ဝံ၊ လူဝံကြီးများနှင့် ပုံသဏ္ဌာန် တူလှသည်။

တစ်ခုပဲ ရှိသည်. . . ထိုသတ္တဝါကြီးက ရေအောက်မှ ပေါ်လာသောအခါ ကိုယ်ပေါ်မှာရှိသော လက်တံရှည်ကြီးက ဆန့်ထွက်လာပြီးနောက် စောစောက ရပ်နေသောသူ၏ နေရာသို့ ရောက်လာလေသည်။





ထိုလက်တံရှည်ကြီးက လိပ်ကျောက်မြီးနှင့် ပုံသဏ္ဌာန်တူပြီး ရေဘဝဲတစ်ကောင်၏ လက်တံများကဲ့သို့ ပျော့ပျောင်းမှုရှိလေသည်။

အလုံးအရွယ်အစားမှာ လူတစ်ယောက် လက်မောင်းလုံးခန့် ကြီးပြီး ကိုယ်ပေါ်မှ ဆန့်ထုတ်လိုက်သောအခါ ပေလေးဆယ် ငါးဆယ်ခန့်အထိ ရှည်ထွက်လာသည်။

ထိုလက်တံတစ်ခုလုံးမှာ ကြောက်စရာကောင်းသော ဆူးချွန်များ၊ ဓားသွားတမျှ ထက်လှသော အချွန်အတက်များ ပါလေသည်။

သတ္တဝါကြီးက ရေအောက်မှ ပေါ်တက်လာပြီးနောက် ၎င်းကိုယ်မှ ထွက်လာသော လက်တံရှည်ကြီးဖြင့် တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေသည်။

သေမင်းတမန် လက်တံရှည်ကြီးမှာ ၎င်းရှာဖွေနေသော အရာကို မတွေ့သောအခါ. . . ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်တုံးအချို့ကို ဆွဲပတ်ယူပြီး ပေါက်ခွဲပစ်လေသည်။

ကြီးမားသော ကျောက်တုံးအချို့ကိုပင် ဆွဲယူပေါက်ခွဲပစ်နိုင်လေရာ အကယ်၍ လူတစ်ယောက်သာဆိုပါက ပေ (၃၀-၄၀) အကွာအဝေးလောက်ကပင် ဆွဲပတ်ယူပြီး သတ်ဖြတ်ပစ်နိုင်လောက်ပေသည်။

ထို့နောက်မှာတော့ ရေအောက်မှ တဖြည်းဖြည်းနှင့် ကမ်းစပ်သို့ ရောက်လာသည်။

၎င်း ရောက်နေသောနေရာမှာ ဗိုလ်တဲများရှိသောနေ



www.burmeseclassic.com

www.burmeseclassic.com



ရာအောက် တည့်တည့်ဖြစ်သည်။

ထိုနေရာရောက်တော့ လက်တံရှည်ကြီးကို ဆန့်ထုတ်လိုက်ပြီး ဗိုလ်တဲတံခါးပေါက်များကို လိုက်လံစမ်းကြည့်နေသေးသည်။

အတန်ကြာအောင် လိုက်လံစမ်းကြည့်ပြီး ဘာမှမထူးခြားတော့မှ လက်တံရှည်ကြီးကို ပြန်သိမ်းယူသွားပြီးနောက် ရေအောက်သို့ တဖြည်းဖြည်း ပြန်မြုပ်သွားလေတော့သည်။

ထိုနေရာ တစ်ဝိုက်မှာတော့ အညှီနံ့ အပုပ်နံ့များ အမည်းရောင် ရေပွက်များသာ ကျန်နေခဲ့တော့သည်။

ကြောက်စရာကောင်းသောရေသတ္တဝါကြီး ရေအောက်သို့ ပြန်ငုပ်သွားပြီး အတန်ကြာတော့မှ ကျောက်ဆောင်ကြားမှာပုန်းနေသူက ပြန်ထွက်လာပြီးနောက် ထိုနေရာမှ ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။

နောက်တော့ အခြေအနေက ပကတိအတိုင်း ပြန်လည်ငြိမ်သက်သွားလေတော့သည်။





# အခန်း(၅)

# အချစ်ကြီးသူနှင့် ရန်ငြိုးရန်စ

ရှေးခေတ် အင်္ဂလိပ်များအုပ်စိုးစဉ်က မြိတ်မြို့၏ အခြေအနေမှာ ယခုမြင်တွေ့ရသော အခြေအနေမျိုးနှင့်တော့ တခြားစီပင်ဖြစ်သည်။ မြိတ်မြို့ဟုဆိုသော ဆိပ်ကမ်းတစ်ဝိုက်မှာပင် သာမန်အနေအထားမျိုး ဖြစ်ပေသည်။

မြိတ်နှင့် မျက်နှာချင်းဆိုင် အနေအထားရှိသော ပထော်ကျွန်းဘက်မှာဆိုလျှင် သစ်တောကြီးများဖုံးအုပ်ကာ မှိုင်းညို့လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့အတွင်းမှာဆိုလျှင် တောင်ကုန်းများ. . ၊ ကွေ့ကောက်သောလမ်းများ သာမန်အဆောက်အအုံများ၊ လမ်းဘေးဈေးဆိုင်တန်းများ၊ ဘုန်းကြီးကျောင်းနှင့် စောင်းတန်းများ ရှိလေသည်။

ဘုန်းကြီးကျောင်းနှင့် စောင်းတန်းများမှာ ရှေးခေတ်လက်ရာများ ဖြစ်ကြသည်။

ခင်တန်းများကို ဝိုက်လျက်တည်ထားသော မြို့အခြေအနေမှာ မမြင့်လှသော်လည်း မတ်စောက်လှသော ကုန်းမြင့်နေရာများ၌ ရှိလေသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော အမြင့်ဆုံး တောင်ထိပ်ပေါ်မှာတော့ အင်ဒိုချိုင်းနားလက်ရာဟန်ဖြင့် ဘုရားတစ်ဆူတည်ထားလေသည်။

စေတီရှိသော တောင်ထိပ်၏ မြေအနိမ့်ပိုင်း တစ်နေရာမှာတော့ အင်္ဂလိပ်အမြောက်တပ် တစ်တပ်ရှိသည်။

ထိုနေရာတစ်ဝိုက်မှာပင် အင်္ဂလိပ်အရေးပိုင်များ အဆက်ဆက်နေသော အရေးပိုင်နေအိမ်ရှိသည်။

(ယခုတော့ ထိုနေရာတစ်ဝိုက်မှာ မူလအဆောက်အအုံများ မရှိတော့ပါချေ။)

ရှေးအခါက ထိုနေရာတစ်ဝိုက်တွင် လူသွားလမ်း တစ်လမ်းသာရှိပြီး တောင်စောက်ဘေး တစ်ဖက်တစ်ချက်မှာတော့ အိမ်များရှိသည်။

ထိုနေရာမှ လှမ်းကြည့်ပါက မြိတ်မြို့ဆိပ်ကမ်းရှိသော





နေရာသို့ လှမ်းမြင်နိုင်လေသည်။

ထိုနေရာတစ်ဝိုက်မှာ ပင်လယ်ကမ်းခြေနှင့် နီးသောကြောင့် ရေတက်လာလျှင် အိမ်တိုင်များ ရေမြုပ်သွားပြီး ရေကျသွားသော အချိန်တွင် နုံးမြေနှင့်နွံများ တင်ကျန်နေခဲ့သည်။ ရေအတက်အကျရှိသောကြောင့် အိမ်တိုင်းမှာ လှေဆိုက်ရန်. . တံတားများ ထိုးထားကြသည်။

မြို့တောင်ပိုင်းတွင် အိမ်များ ပြည့်ညပ်နေကာ လမ်းများမှာလည်း ကုန်းတန်းကိုပတ်လျက် မြောက်ဘက်ဖျားအထိ တည်ရှိလေ၏။

မြို့သူမြို့သားတို့မှာ လူမျိုးပေါင်းစုံဖြစ်၍ မြန်မာ၊ တရုတ်၊ ပသျှူး၊ ယိုးဒယား၊ ကုလားနှင့် အနောက်ဥရောပ နိုင်ငံသားတို့ဖြစ်ကြလေ၏။

မြိတ်မြို့မှာ ယိုးဒယားပိုင်သည့် မြို့ဖြစ်သော်လည်း ဆင်းရဲသူများနှင့် လူလတ်တန်းစားတို့မှာ မြန်မာများသာ ဖြစ်ကြပေသည်။

ဤလူမျိုးများနှင့်ပတ်သက်၍ ထိုခေတ်စာရေးဆရာကြီးဖြစ်သည့် နီကိုလာ(စ်)ဂျားဗေ့ဆိုသောပုဂ္ဂိုလ်ကြီး ရေးသားထားသည်မှာ ရှင်းလင်းပြတ်သားလှပေသည်။

၎င်းက "တနင်္သာရီနယ်တွင် နေထိုင်သူများမှာ များပြားလှ၍ နိုင်ငံခြားသားများမှာ အများဆုံးဖြစ်ပြီး ၎င်းတို့ပြောသောစကားမှာ ယိုးဒယားစကားထက် မြန်မာစကားကို အပြောများကြသည်။" ဟု ရေးသားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့မှာ ယိုးဒယားပိုင်ဖြစ်ပါလျက် မြန်မာလူမျိုးများ ပြားခြင်းမှာ မြန်မာတို့သည် ပဲခူးမှ ကမ်းရိုးတစ်လျှောက် ဆင်း သက်ခဲ့ပြီး မြိတ်၌ နေထိုင်ခဲ့ကြသည်။

(၁၂)ရာစုခေတ်နှင့် (၁၃)ရာစု ခေတ်များက မြိတ်ကို မြန်မာတို့က ပိုင်ဆိုင်ခဲ့သောကြောင့်လည်း ဖြစ်ပေသည်။

(၁၂)ရာစု (၁၃)ရာစု ခေတ်များမှာ မြန်မာသက္ကရာဇ် (၅၆၂)ခုနှစ်မှ (၆၆၂)ခုနှစ်အထိဖြစ်၍ ပုဂံခေတ်၊ နရပတိစည်သူ မင်းလက်ထက်မှ ကျော်စွာမင်းလက်ထက်အထိ ကာလအပိုင်းအ ခြား ဖြစ်ပေသည်။

ရုံးသုံးဘာသာမှာ ယိုးဒယားစာနှင့် စကားဖြစ်ပေသည်။

ထိုသို့ သတ်မှတ်ထားစေကာမူ ကူးသန်းရောင်းဝယ်ရေး ၌ မြန်မာနှင့်ယိုးဒယားတို့မှာ အရေအတွက်တွင်မပါကြပဲ အိန္ဒိယ မှ အများဆုံးရောက်လာကြသော မဟာမေဒင်တို့က လက်ဝါး ကြီး အုပ်ထားလေသည်။

အိန္ဒိယသားတို့၏ စီးပွားရေးလုပ်ငန်းမှာ မြို့၏အသက် သဖွယ် ဖြစ်လျှင်ပင် မွန်ဂိုမျိုးနွယ် ယိုးဒယားမြန်မာတို့က အား ပေးခဲ့ကြသည်သာ ဖြစ်ပေသည်။

အင်ဒိုချိုင်းနားလူမျိုးများ(တရုတ်အနွယ်များ)နှင့် ဗုဒ္ဓ ဘာသာမြန်မာများက ပို၍များကာ ယဉ်ကျေးလှပြီး ဝတ်စားဆင် ယင်မှု သန့်ပြန့်ခမ်းနားလှပေသည်။

မြန်မာနှင့် ယိုးဒယားလူမျိုး ယောကျာ်းများက ပျင်းရိ ထိုင်းမှိုင်းကြကာ အလုပ်မလုပ်ချင်ကြပဲ မိန်းမများက လှလှပပ





ကြံ့ကြံ့ခိုင်ခိုင်နှင့် ရောင်းရေးဝယ်တာ စီမံခန့်ခွဲကြ၏။

ပသျှူးလူမျိုးများကား စိတ်တိုလွယ်ကာ မျက်နှာပေါက် ဆိုးဆိုးနှင့် ဓားကောက်ကြီးများ တကိုင်ကိုင် လုပ်နေတတ်ကြပြီး တရုတ်များကား တပြုံးပြုံးနှင့် အမြတ်ထွက်အောင် စေ့စေ့စပ်စပ် ပြုလုပ်တတ်ကြပေ၏။

မြိတ်မြို့ကား ကူးသန်းရောင်းဝယ်ရေး အကွက်ကောင်း မြို့ကြီးဖြစ်၍ ရောင်းရေးဝယ်တာ စွန့်စားလိုသော မျက်နှာဖြူများ သည် နှစ်ပေါင်း (၂၀၀)အတွင်း အတော်ပင် ပေါက်ရောက်ခဲ့ကြ ၏။

ပထမဆုံး ရောက်သူများမှာ ပေါ်တူဂီလူမျိုးများ ဖြစ် ကြ၏။ တောင်ကုန်းကလေးနံဘေးတွင် ၎င်းတို့ တည်ဆောက် ထားသော ဘုရားရှိခိုးကျောင်းမှာ. . . ယခုထိ သဘော်ဆိပ်သို့ မျက်နှာပြုလျက် ရှိနေပေသည်။

အေဒီ(၁၆၀၀)ပြည့်ခန့်က ရောက်ရှိလာခဲ့သော ပေါ် တူဂီလူမျိုး အဆက်အနွယ်များ ဖြစ်ကြသည့်. . ဒီဆဲစ်လဗား ဒီကက်စထရို အမည်ခံ ဘုရင်ဂျီဘာသာဝင်များ ယခုတိုင် အများ အပြားရှိကြကာ မြန်မာများနှင့် အိမ်ထောင်ကျနေကြပေသည်။

ပေါ်တူဂီများနောက်တွင်မှ ဒတ်(ချ်)လူမျိုးများ၊ ပြင်သစ် လူမျိုးများ အင်္ဂလိပ်လူမျိုးများ ရောက်ရှိလာကြခြင်း ဖြစ်၏။

ထိုသို့ ရောက်ရှိလာသူများအနက် အချို့မှာ လူလေလူ လွင့်များ ဖြစ်ကြသည်။

အေဒီ(၁၆၈၆)ခုနှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးက မြိတ်မြို့မှာ ခရီးသည် လူမျိုးပေါင်း စုံလှကြောင်း ရေးသားဖော်ပြခဲ့လေသည်။

ထိုစဉ်က မြိတ်မြို့တွင် အင်္ဂလိပ် လူမျိုးဦးရေ (၆၀)ခန့်ရှိရာ ပေါ်တူဂီများနှင့် ရေတွက်သော် ဥရောပတိုက်သားဦးရေ (၁၀၀)ခန့် ရှိလေသည်။

လူမျိုးပေါင်းစုံသဖြင့် ဥရောပတိုက်သားများနှင့် တိုင်းရင်းသားများ အိမ်ထောင်ပြုကြသည်ကို အကြောင်းပြုလျက် ထိုခေတ် စာရေးဆရာကြီးများ ရေးသားကြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ကပ္ပတိန် ဟင်မီလတန်က. . .

"ယိုးဒယားသို့ ကူးသန်းရောင်းဝယ်ရန် သွားကြသော ဥရောပတိုက်သားတို့သည် ပဲခူးတွင် ခေတ္တအပျော်မယားများ ယူကြဘိသကဲ့သို့ ယိုးဒယားတွင်လည်း အပျော်မယားများထားကာ နေထိုင်တတ်ကြကြောင်း၊ မိန်းမများကား ဤကဲ့သို့ ခဏပန်း ခေတ္တမယားအဖြစ် ဤကဲ့သို့သော ယောကျ်ားမျိုးများနှင့် တစ်ယောက်ပြီးတစ်ယောက် ပေါင်းသင်းကြရသည်ကို ရှက်ဖွယ်ဟု မယူဆကြဘဲ ဤသို့သော ယောကျ်ားမျိုးစုံတို့၏ အချစ်ခံရသည်ကိုပင် ဂုဏ်ရှိသည်ဟု ထင်မှတ်ကြကြောင်း"

ဟု ရေးသားဖော်ပြခဲ့လေသည်။

ယိုးဒယားပြည်သို့ ပြင်သစ်သံအမတ်အဖြစ် ရောက်ရှိခဲ့သော ဒီလာလူဘဲရီးဆိုသူ ပုဂ္ဂိုလ်ကြီးက အေဒီ(၁၆၈၅)ခုနှစ်က ယိုးဒယားအမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများ အကြောင်းကို ဤသို့လျှင် နှိုင်းယှဉ်ဖော်ပြ ရေးခဲ့ပေသည်။

'ယိုးဒယားပြည်ရှိ အောက်တန်းလွှာတို့တွင် ချစ်ရေးကြိုက်ရေး၌ သိမ်ငယ်သည်ဟု အယူမရှိကြ၊ ချစ်ရေးကြိုက်ရေးကို အိမ်ထောင်ပြုသည်ဟုရင်း တစ်ဦးနှင့်တစ်ဦး မသင့်တင့်သည့် အခါမျိုးတွင် ကွာရှင်းကြသည်ဟုရင်း၊ အယူရှိကြ၏။ ဤမျှသာ မဟုတ်သေး။ ယိုးဒယားအမျိုးသမီးတို့သည် မိမိတို့ကိုယ်ကို အထင်ကြီးကြသူများ ဖြစ်ပေရာ တစ်စိမ်းတစ်ရံစာများအား စတင်ချစ်ကြိုက်ခြင်း မရှိ လွယ်လွယ်ကူကူနှင့် အလိုသို့ မပါတတ်ကြ၊

မြန်မာအမျိုးသမီးများက ယိုးဒယားပြည်၌ ဧည့်သည်သဖွယ် ဖြစ်နေကြသောကြောင့် 'လူစိမ်းယောကျ်ားများနှင့် အလွမ်းသင့်ဆုံး ဖြစ်ကြကာ ထိုအတွက်ပင် မြန်မာအမျိုးသမီးများမှာ မိန်းမပေ၊ မိန်းမပျက်များ ဖြစ်ကြသည်ဟု အချို့က ရိုင်းစိုင်းစွာပင် ပြောတတ်ကြ၏။'

သို့ဖြစ်၍ နိုင်ငံ၏ မိခင်များ ဖြစ်ကြသော အမျိုးသမီးများသည် လိမ္မာပါးနပ်စွာ အမျိုးကိုစောင့်ထိန်းခြင်းဖြင့် နိုင်ငံနှင့် အမျိုးဘာသာ သာသနာ၏ အန္တရာယ်ကြီးကို ကာကွယ်သင့်လှပေသည်။

လူမျိုးတစ်မျိုး၏ စိတ်နေသဘောထားသည် ထူးခြားစွာပင် မပြောင်းမလဲ တည်နေတတ်ပေရာ ပြင်သစ်သံအမတ်ကြီး၏ မြန်မာအမျိုးသမီးများအပေါ် ထင်မြင်ယူဆချက်မှာ ယနေ့အထိ မှန်ကန်နေကြောင်းကို တွေ့ရှိရလေ၏။






www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့တွင်နေထိုင်ကြကုန်သော မြန်မာလူမျိုးတို့သည် ရှိသမျှ လူမျိုးများအနက် အယဉ်ကျေးဆုံးဖြစ်သော်လည်း မဟာမေဒင် ဘာသာဝင်တို့နှင့်ကား လူမှုရေးအခြေအနေတွင် မနိုင်းယှဉ်နိုင်ခဲ့ပေ။

မဟာမေဒင်တို့ကား ကုန်သည်ကြီးများ၊ သင်္ဘောပိုင်ရှင်ကြီးများ ဖြစ်သည့်အပြင် ရာထူးဌာနန္တရ ပိုင်ရှင်ကြီးများလည်း ဖြစ်ကြပေ၏။

ဤအကြောင်းများကို ရေးသားဖော်ပြခြင်းဖြင့် မြိတ်မြို့သည် ထိုစဉ်က အပြည်ပြည်ဆက်သွယ်ရေးတွင် မည်မျှအရာရောက်နေသည်ကို သိသာနိုင်ပေသည်။

နောက်ပိုင်းကာလများသို့ ရောက်လာသောအခါ မြိတ်မြို့သည် တဖြည်းဖြည်းနှင့် စည်ကားတိုးတက်လာသည်။

ပြောင်းလဲမှုများစွာတို့ ဖြစ်ပေါ်လာခဲ့သည်။

စီးပွားရေးအတွက် အချက်အချာကျသော နေရာဖြစ်လာပြီး စီးပွားရေးသမားများ ခြေကုပ်ယူကာ အခြေချသော နေရာတစ်ခု ဖြစ်လာလေသည်။

အင်္ဂလိပ်များ အုပ်စိုးထားသော ကာလတစ်လျှောက်မှာလည်း အဓိကကျသော နေရာဖြစ်ခဲ့ပြီး အစိုးရရုံးများ အခြေစိုက်သော နေရာတစ်ခု ဖြစ်လာခဲ့သည်။

နောက်ပိုင်းတွင် စီးပွားရေးအခြေအနေများ တိုးတက်လာသောအခါ အခြားနေရာများမှ စီးပွားရေးသမားများပင် တစ်စတစ်စနှင့် ရောက်လာကြလေသည်။





ထိုအထဲတွင် ဦးလွန်းမောင်တို့ မိသားစုလည်း အပါအဝင် ဖြစ်လေသည်။

ဦးလွန်းမောင်သည် ထားဝယ်သားဖြစ်ပြီး စီးပွားရေးလုပ်ရာတွင် လာဘ်မြင်သူတစ်ဦးဖြစ်သည်။

မြိတ်မြို့မှာ စီးပွားရေးလုပ်ရာတွင် အချက်အချာကျသော နေရာတစ်ခု ဖြစ်လာမည်ကို ကြိုတင်သိခဲ့သဖြင့် မိသားစုများပါ ခေါ်ဆောင်ပြီး ရွှေ့ပြောင်းအခြေစိုက်ခဲ့ကြခြင်း ဖြစ်သည်။

ဦးလွန်းမောင်သည် အသက် (၅၀)ကျော် အရွယ်ခန့်ရှိပြီး ထားဝယ်နယ်သားဖြစ်သည်။

ဒေါ်လွန်းမေက မော်လမြိုင်ဘက်မှဖြစ်ပြီး အရောင်းအဝယ် သွားလာကြရင်းမှတွေ့ဆုံကာ အိမ်ထောင်ကျခဲ့ကြခြင်း ဖြစ်သည်။

ယခုတော့ . သမီးဖြစ်သူ မြဝင်းသူနှင့် သားဖြစ်သူ ဖိုးကျော်တို့နှစ်ယောက် တိုးပွားလာသဖြင့် မိသားစုလေးယောက် ရှိလာလေသည်။

မြဝင်းသူက အသက်(၂၅)နှစ် အရွယ်ရှိပြီး ဖိုးကျော်က အသက်(၂၀)အရွယ်သာ ရှိသေးသည်။

နှစ်ယောက်စလုံး လူပျိုအပျိုဘဝနှင့် မိဘတို့နှင့် အတူနေထိုင်ကာ စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ကိုင် ပေးနေကြသူများ ဖြစ်သည်။

မြဝင်းသူက အရွယ်ရောက်နေပြီ ဖြစ်သော်လည်း စီးပွားရေးကိုသာ အာရုံထားနေသဖြင့် ကျန်ကိစ္စများကို စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိပေ။

သူမသည် ရုပ်ရည်ချောမောသူ ဖြစ်သည့်အပြင် အရုပ်အမောင်းမြင့်ပြီး ကိုယ်လုံးကိုယ်ထည် အချိုးအစား ပြေပြစ်သူဖြစ်သဖြင့် အချောအလှစာရင်းဝင်သူတစ်ယောက် ဖြစ်သည်။

မိဘက ငွေကြေးချမ်းသာသည်ကတစ်ကြောင်း ပင်ကိုယ်ကလည်း ချောမောလှပသည်က တစ်ကြောင်းကြောင့် ပိုးပန်းသူများ ဝိုင်းဝိုင်းလည်နေသူဖြစ်သည်။

ထိုအထဲမှာမှ ပက်ထရစ်နှင့် ထွန်းအောင်ကျော်တို့ နှစ်ယောက်က ရှေ့တန်းမှ ပါဝင်ကြလေသည်။

ထွန်းအောင်ကျော်က မြဝင်းသူနှင့် အသက်ချင်း မကွာလှပဲ မြိတ်မြို့ခံသား ဖြစ်သည်။

၎င်း၏ မိဘများက ခရီးသွားစက်လှေနှင့် ငါးဖမ်းစက်လှေအချို့ကို ပိုင်ဆိုင်ထားကြပြီး စီးပွားရေးကောင်းမွန်သူများ ဖြစ်ကြလေသည်။

ထွန်းအောင်ကျော်က တစ်ဦးတည်းသော သားဖြစ်သောကြောင့် ငွေကို ရေလိုသုံးကာ ခပ်ပေါ့ပေါ့ နေတတ်သူတစ်ဦးဖြစ်သည်။

သူ့မှာ အပေါင်းအသင်း မိတ်ဆွေများပြီး ဆိုးချင်တိုင်း ဆိုးနေသူလည်း ဖြစ်သည်။

၎င်းနှင့် မသင့်မြတ်ပါက လူမိုက်များကို ငွေပေးပြီး နှိပ်စက်ခိုင်းတတ်သောကြောင့် လူအတော်များများက ဝေးဝေးမှ ရှောင်ကြလေသည်။





ပက်ထရစ်ကတော့ ဘိုသွေးပါသူ တစ်ယောက်ဖြစ်ပြီး အသက်(၂၈)နှစ်ခန့် ရှိနေသည်။

သူက သာသနာပြုဆရာကြီးတစ်ဦး ဖွင့်ထားသော ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား နေထိုင်သူဖြစ်သည်။

အသားဖြူဖြူ အရုပ်အမောင်း မြင့်မားပြီး ပညာတတ်တစ်ယောက်ဖြစ်သဖြင့် အပြောအဆို ယဉ်ကျေးသိမ်မွေ့သူ ဖြစ်သည်။

အားကစားလိုက်စားမှု ရှိသောကြောင့်လည်း ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းသူ ဖြစ်သည်။

၎င်း၏ ဖခင်က ဗြိတိသျှတစ်ဦးဖြစ်ပြီး အခြားတစ်နေရာတွင် အစိုးရတာဝန်ဖြင့် သွားရောက်နေထိုင်ရသဖြင့် ပက်ထရစ်ကို သာသနာပြုကျောင်းသို့ ပို့ပေးထားခြင်း ဖြစ်ပေသည်။

ဖခင်ဖြစ်သူက အရာရှိတစ်ဦးဖြစ်သဖြင့် ပက်ထရစ်ကို လိုင်စင်ဖြင့် ကိုင်ခွင့်ရသော သေနတ်တစ်လက်ကိုပါ ပေးထားလေသည်။

သာသနာပြုဆရာကြီး နေသောအိမ်မှာ ဗိုလ်တဲများရှိသောနေရာနှင့် မဝေးလှပဲ တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိလေသည်။

ထိုနေရာတွင် ဘုရားရှိခိုးကျောင်းလည်းရှိပြီး ပင်လယ်ကမ်းခြေကိုလည်း လှမ်းမြင်နိုင်သော နေရာဖြစ်သည်။

ကျောက်ဆောင်များကြားမှ ဆင်းသွားပါက ပင်လယ်ကမ်းစပ်သို့ အလွယ်တကူ ရောက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်နှင့် ထွန်းအောင်ကျော်တို့ နှစ်ယောက်မှာ မြဝင်းသူကို ပိုးပန်းရာမှာ ပြိုင်ဘက်သဖွယ် ဖြစ်နေပေတော့သည်။

နှစ်ယောက်စလုံးမှာ တစ်မျိုးစီ အရည်အခြင်း ရှိကြလေရာ တစ်ယောက်နှင့်တစ်ယောက် အလျော့မပေးပဲ ရှိကြလေသည်။

နောက်ပိုင်းမှာတော့ ယဉ်ကျေးသိမ်မွေ့မှုရှိပြီး ပညာတတ်ဆန်သော ပက်ထရစ်က အခွင့်အရေး ရသွားလေသည်။

မြဝင်းသူက ပက်ထရစ်ကို ချစ်သူအဖြစ် အတိအကျ မရွေးသေးသော်လည်း ထွန်းအောင်ကျော်ထက်တော့ အခွင့်အရေး ပိုရလာသည်။

ထိုအခြေအနေကို ထွန်းအောင်ကျော် သိသွားသောအခါ မကျေမနပ် ဖြစ်နေတော့သည်။

မြဝင်းသူနှင့် တွေ့သောအခါ ဒေါသတကြီး ပြောလေသည်။

"နင်က တိုင်းတစ်ပါးသားတွေကိုမှ အထင်ကြီးနေတာလား၊ သူက ငါ့ထက် ဘာများပိုနေလို့လဲ၊ ကိုယ့်လူမျိုးအချင်းချင်းကျတော့ အထင်မကြီးပဲ မျက်နှာဖြူတွေမှ အထင်ကြီးနေတယ်ပေါ့လေ. . ဟုတ်လား"

"ငါ့သဘောနဲ့ငါ ဘာပဲလုပ်လုပ် နင်ပြောစရာ မလိုပါဘူး"

"ပြောရမှာပဲ ဒီမျက်နှာဖြူတွေက တစ်နေ့ကျရင် သူတို့





နိုင်ငံကို ပြန်သွားကြမှာ. . . အဲဒီအချိန်ကျရင် နင် မျက်ရည်နဲ့ မျက်ခွက်ဖြစ်ပြီး ကျန်နေခဲ့လိမ့်မယ်"

"နင့်အပူ မပါပါဘူး"

"ဒါပေမယ့် ငါကတော့ လက်မခံနိုင်ဘူး၊ ကိုယ့်ဆီက မိန်းကလေးတစ်ယောက်ကို တိုင်းတစ်ပါးသားလက်ထဲပါတဲ့ အဖြစ်မျိုးတော့ ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ မရရတဲ့နည်းနဲ့ ဖျက်ပစ်ရမှာပဲ"

ထိုစကားကြားတော့ မြဝင်းသူက ဒေါသထွက်နေသော မျက်လုံးဖြင့် ကြည့်သည်။

"နင် ယုတ်မာလှချည်လား ထွန်းအောင်ကျော်၊ နင်ပြောတဲ့ဆိုတဲ့ စကားတွေက အောက်တန်းကျလှချည်လား၊ ငါက နင်နဲ့ဘာမှ ပတ်သက်တဲ့သူတစ်ယောက် မဟုတ်ဘူး၊ ငါ အရွယ်ရောက်နေပြီ၊ ငါ့သဘောနဲ့ငါ စဉ်းစားဆုံးဖြတ်ခွင့်ရှိတယ်၊ နင် ဘာမှဝင်ပြီး စွက်ဖက်စရာ မလိုဘူး"

"နင့်ကြည့်ရတာ မျက်နှာဖြူကောင်ကို အတော်ကလေး အထင်ကြီးနေပုံရတယ်၊ ငါပြောနေတာတွေက နင့်အတွက် စေတနာနဲ့ ပြောနေတာဆိုတာ နင် မသိသေးဘူးလား"

"အို ဘာပဲဖြစ်ဖြစ် ငါ့ကို အဲသည်လို လာပြောတာတော့ ငါ မကြိုက်ဘူး"

"မကြိုက်ရင်လည်း ပြောသင့်တယ်ထင်ရင်တော့ ပြောရမှာပဲ၊ ထွန်းအောင်ကျော်တို့က ကိုယ့်အပေါ်မှာ လာကျောလို့ကတော့ လက်မခံဘူး၊ ငါ့ပြိုင်ဘက်က ငါ့ထက် နှာတစ်ဖျား ပိုသာ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် အဲဒီနှာကို ဓားနဲ့ဖြတ်ပစ်မယ်"

ထိုသို့ ပြောဆိုပြီး ထွန်းအောင်ကျော်က ပြန်ထွက်သွားလေတော့သည်။

မြဝင်းသူတစ်ယောက်မှာသာ ဌက်တစ်ကောင် လာနားပြီး ပြန်ထွက်သွားသောအခါ ကျန်ခဲ့သော သစ်ကိုင်းတစ်ခုကဲ့သို့ တဆတ်ဆတ် တုန်လှုပ်ကာ ကျန်ခဲ့လေတော့သည်။





# အခန်း ( ၆ )

# မေတ္တာလှုပ်ကြားမှ အချစ်ငှါသားကောင်

နီမောင်တို့ မိသားစုမှာ ပင်လယ်ဝရွာသို့ ရောက်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ကြပြီဖြစ်သော်လည်း ထိုနေရာ ဇာတိတော့ မဟုတ်ပေ။

ယခင်က မြစ်ဝကျွန်းပေါ်ဘက်မှာရှိသော ရွာတစ်ရွာမှာ နေခဲ့ကြပြီးနောက်မှ ပင်လယ်ဝရွာသို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။

ငမဲအောင်နှင့် စောထီးတို့နှစ်ယောက်က ထိုအရပ်ဒေ



www.burmeseclassic.com

www.burmeseclassic.com



သသို့ အလျှင်ရောက်ခဲ့ကြပြီး ၎င်းတို့ကခေါ်သဖြင့် နီမောင်တို့ပါ ရောက်လာကြခြင်း ဖြစ်သည်။

ပင်လယ်ဝရွာမှာ သားငါးရှာဖွေ၍ရသည့်အပြင် ပင်လယ်မထွက်နိုင်ပါကလည်း အခြားအလုပ်များ ဝင်ရောက်လုပ်ကိုင်လျှင်လည်း အလုပ်မရှားသောနေရာမျိုး ဖြစ်သည်။

လေမိုးပြင်းထန်သဖြင့် ပင်လယ်မထွက်နိုင်လျှင်လည်း ဝမ်းစာအတွက်တော့ မပူရပေ။

မြိတ်သို့သွားပြီး ကုန်ထမ်းသောအလုပ် ဒါမှမဟုတ် သူဌေးများအိမ်မှာ လိုအပ်သောအလုပ်များ လုပ်ကိုင်ပေးရုံနှင့် ထမင်းစားဖို့အတွက်တော့ မပူရပေ။

နီမောင်တို့ သုံးယောက်မှာ ညီအစ်ကို မတော်ကြပါပဲ ညီအစ်ကိုရင်းတမျှ ချစ်ခင်ကြသည်။

သံယောဇဉ် ရှိကြသည်။

တစ်ယောက်အကြောင်းရှိလျှင် ကျန်သူများက ဝိုင်းကူပေးကြသည်။ တစ်ယောက်မှာ အခက်အခဲ ရှိနေလျှင် ကျန်နှစ်ယောက်က အကူအညီပေးသည်။

သို့ကြောင့် သူတို့သုံးယောက်မှာ သွားအတူ၊ လာအတူ၊ အလုပ်သွားကြလျှင်လည်း အတူတူပင် သွားလာကြသည်။

နီမောင်မှာ ပင်လယ်ဝရွာရောက်ခဲ့ပြီး မကြာသေးခင်မှာပင် မြဝင်းသူနှင့် သိကျွမ်းခင်မင်ခွင့် ရခဲ့လေသည်။

ထိုအချိန်က လှိုင်းလေပြင်းထန်သဖြင့် ပင်လယ်မထွက်နိုင်သော အချိန်ဖြစ်သည်။





ထိုအချိန်မှာ စောထီးနှင့် ငမဲအောင် ရောက်လာပြီး ခေါ်သည်။

"နီမောင်ရေ ငါတို့ ပင်လယ်မထွက်နိုင်တဲ့ အတူတူတော့ ဝင်ငွေရတဲ့အလုပ်တစ်ခုခု သွားလုပ်ကြရအောင်"

"ဘာအလုပ် ရှိလို့လဲ"

"မြိတ်သွားရင် အလုပ်တွေရှိပါတယ်၊ အနည်းဆုံး ကုန်ထမ်းတဲ့အလုပ်တော့ ရနိုင်ပါတယ်၊ ငါတို့ လုပ်ဖူးတဲ့ သူဌေးအိမ် ရှိပါတယ်"

ဟုခေါ်သဖြင့် လိုက်သွားလေသည်။

စောထီးနှင့် ငမဲအောင်တို့ သွားသောအိမ်မှာ ဦးလွှန်းမောင်တို့ အိမ်ဖြစ်သည်။

သူတို့ ရောက်သွားတော့ ဦးလွှန်းမောင်၏ သားဖြစ်သူ ဖိုးကျော်နှင့် တွေ့ရသည်။

"မင်းတို့ ရောက်လာတာ အတော်ပဲ၊ အဖေက ဒီမှာ အလုပ်တွေရှိနေလို့ အခေါ်ခိုင်းနေတာ"

ဟု ပြောပြီး အိမ်ထဲသို့ လှမ်းခေါ်ရာ မြဝင်းသူ ထွက်လာလေသည်။

"မင်းတို့ ရောက်လာမှတော့ ငါသွားချင်ရာ သွားလို့ရပြီ"

ဟု ပြောဆိုကာ ဖိုးကျော်က ထွက်သွားလေသည်။

မြဝင်းသူက စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်အပြင် နီမောင်ကိုပါတွေ့ရသဖြင့် အံ့သြနေဟန်ရှိသည်။

"နင်တို့ကို ဖိုးကျော်လာခေါ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်တော်တို့က သပ်သပ်လာကြတာ၊ သူနဲ့ ဒီရောက်တော့မှ တွေ့ရတာ"

စောထီးက ပြောလိုက်သည်။

"ငါ့မောင် ဖိုးကျော်ကတော့ အတော်ကို အားကိုးရတယ်၊ သူသွားခေါ်တာကိုသာ စောင့်နေရင် အလုပ်ဖြစ်မှာ မဟုတ်တော့ဘူး"

"ကျွန်တော်တို့လည်း ပင်လယ်မထွက်နိုင်တာနဲ့ ဒီဘက်တက်လာကြတာပါ၊ ဒီမှာ ဘာလုပ်ဖို့ရှိသလဲ အစ်မလေး"

ငမဲအောင်ကပါ ဝင်ပြောလိုက်သည်။

"နင်ကလည်းဟယ် ငါ့ကို အစ်မလေး. . အစ်မလေးနဲ့ မခေါ်စမ်းပါနဲ့၊ အလိုလိုကမှ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးလှပြီလို့ ထင်နေရတဲ့ အထဲမှာ. . ."

"ကျွန်တော်တို့က ခေါ်နေကျမို့ပါ"

"ဒါထက် သူက ဘယ်သူလဲ"

"ကျွန်တော်တို့ နှစ်ယောက်နဲ့ ညီအစ်ကိုလိုနေတာပါ၊ သူ့နာမည် နီမောင်လို့ ခေါ်ပါတယ်"

စောထီးက သွက်သွက်လက်လက်နှင့်ပင် ဝင်ပြောပြသည်။

"နီမောင် ဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်"

"အရင်က နင့်ကို တစ်ခါမှ မတွေ့ဖူးပါလား"





"ကျွန်တော်တို့က မြစ်ဝကျွန်းပေါ် ဘက်က ပြောင်းလာကြတာ၊ သိပ်မကြာသေးလို့ပါ"

"အော် ဒါကြောင့် ဒီနယ်သားတွေနဲ့ သိပ်မတူတာကိုး၊ စကားပြောသံကလည်း တစ်မျိုးပဲ"

နီမောင်က ပြုံးရုံသာ ပြုံးနေလေသည်။

"ကျွန်တော်တို့ကို ဘာခိုင်းစရာရှိသလဲ အစ်မလေး"

စောထီးက ထပ်မေးလိုက်သည်။

"အစ်မလေးလို့ခေါ်တာ. . . ငါ မကြိုက်ပါဘူး ဆိုတာတောင် ဒါပဲ ထပ်ခေါ်နေပြန်တယ်"

"ဒါဖြင့် ကျွန်တော်တို့က ဘယ်လိုခေါ်ရမလဲ"

"နင်တို့နဲ့ ငါနဲ့က အသက်ချင်းက အတူတူလောက်ပဲ ရှိကြတာဆိုတော့ မမြဝင်းသူလို့ပဲ ခေါ်ပါဟာ"

"ကောင်းပါပြီ၊ ခေါ်စေချင်သလိုပဲ ခေါ်ပါ့မယ်"

"နင်တို့ ရောက်လာကြတာ အတော်ပဲ၊ ဂိုဒေါင်ထဲမှာ ရာဘာထုပ်တွေ နေရာပြောင်းဖို့ အလုပ်ရှိတယ်၊ တခြား အလုပ်သမားတွေလည်း ဂိုဒေါင်ထဲ မလာစေချင်တာနဲ့ စောင့်နေတာ၊ အခုတော့ အတော်ပဲ ဖြစ်သွားပြီ"

ဟု ပြောဆိုကာ သူတို့သုံးယောက်ကို မြဝင်းသူကိုယ်တိုင် ခေါ်သွားပြီး ဂိုဒေါင်သို့ လိုက်ပို့ပေးသည်။

ထိုနေ့က တစ်နေ့လုံး ဂိုဒေါင်ထဲမှာ ရာဘာစေးထုပ်များကို နေရာချပေးရသည်။

တစ်နေကုန် လုပ်ရသဖြင့် အိမ်သို့ မပြန်နိုင်ကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူတို့ကပင် အလုပ်သမားများကို မနက်စာ ကျွေးမွေးလေသည်။ ပစ္စည်းများ နေရာချသောနေရာမှာ ဖိုးကျော်က မရှိသဖြင့် မြဝင်းသူကိုယ်တိုင် ယောကျ်ားလေးတစ်ဦးပမာ စီမံခန့်ခွဲမှုပြုကာ လိုအပ်သမျှ စေခိုင်းလေသည်။

နီမောင်တို့ သုံးယောက်ကလည်း သူမစေခိုင်းသမျှ တသွေမတိမ်း မညည်းမညူ ပြုလုပ်ပေးကြလေသည်။

နေ့လည်ဘက် ခေတ္တနားသောအခါ မြဝင်းသူက နီမောင် နားနေသောနေရာသို့ ရောက်လာပြီး မေးသည်။

"ငါ. . နင် အလုပ်လုပ်တာကို တစ်နေ့လုံး အကဲခတ်ကြည့်နေတာ၊ နင်က အလုပ်လုပ်တဲ့နေရာမှာ တခြားလူတွေနဲ့ မတူဘူး၊ သွက်လည်းသွက်တယ်၊ သေသေသပ်သပ်လည်း အတော်ရှိတယ်"

"ကျွန်တော်က ဘယ်အလုပ်ကိုပဲလုပ်လုပ် စေတနာထည့်ပြီး လုပ်ပေးလေ့ ရှိပါတယ်"

"ဘယ်လို စေတနာထည့်လုပ်တာလည်း ဟင်"

"အလုပ်လုပ်တဲ့အခါမှာ ကိုယ်ရမယ့် ငွေကြေးတန်ဖိုးကို ကြည့်ပြီးတော့ မလုပ်ပါဘူး၊ ဘယ်အလုပ်ပဲလုပ်လုပ် အကောင်းဆုံးဖြစ်အောင် စေတနာထားပြီး လုပ်ပေးတာကို ပြောတာပါ"

"ဒီလိုစိတ်မျိုးရှိတဲ့ လူမျိုးကတော့ အတော်ရှားပါတယ်၊ နင် ငါတို့ဆီမှာ အမြဲလုပ်မလား၊ ငါ အလုပ်သွင်းထားပေးမယ်လေ"

"မဖြစ်သေးပါဘူး၊ ပိုက်နဲ့လှေကို တခြားတစ်ယောက်ဆီ





က ငွေတိုးနဲ့ယူပြီး လုပ်နေရတာဆိုတော့ ပေးစရာရှိတဲ့ကြွေးအရင်ကျေအောင် ဆပ်ရဦးမှာမို့ ဟိုမှာပဲ လုပ်ရဦးမှာပါ၊ ဒါပေမယ့် ဒီမှာအလုပ်အရေးကြီးလို့ ခေါ်မယ်ဆိုရင် ခေါ်ခိုင်းလို့ ရပါတယ်"

မြဝင်းသူက ဘာမှထပ်မပြောတော့ဘဲ ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ညနေပိုင်း အလုပ်ပြီးသဖြင့် ပြန်သောအခါ လုပ်အားခငွေအပြင် အပိုငွေအချို့ပင် ပေးလိုက်လေသည်။

ထိုအချိန်မှစပြီး မြဝင်းသူတို့နှင့် သိကျွမ်းသွားခဲ့ပြီး အလုပ်ရှိသည့်အခါတိုင်း သွားရောက်လုပ်ကိုင်ပေးရလေသည်။

တစ်နေ့မှာတော့ မြဝင်းသူတို့အိမ်မှာ အလုပ်လုပ်ပြီး ပြန်ရန်ပြင်နေစဉ် မြဝင်းသူ ရောက်လာပြီး နီမောင်ကို တစ်နေရာမှာ ခေါ်ပြောလေသည်။

"နီမောင် နင်တို့နေတဲ့နေရာနဲ့ . . ခရစ်ယာန်စာသင်ကျောင်း ရှိတဲ့နေရာနဲ့ နီးသလားဟင်"

"နီးပါတယ်၊ လှမ်းကြည့်ရင် မြင်နိုင်ပါတယ်"

"ငါ နင့်ကို အကူအညီတစ်ခု တောင်းစရာရှိလို့ပါ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အဲဒီကျောင်းမှာနေတဲ့ ပက်ထရစ်ကို တွေ့အောင်ရှာပြီး စာတစ်စောင်လောက် သွားပို့ပေးပါလား"

"ရပါတယ်၊ ကျွန်တော် သွားပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ရော့. . ဒီမှာ စာအိတ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



နင်သုံးဖို့အတွက် ငွေ”

“ကျွန်တော် မယူပါဘူး၊ စေတနာနဲ့ပဲ လုပ်ပေးပါရစေ”

ဟု ပြောပြီး မြဝင်းသူပေးသော ငွေစက္ကူများကို ထားခဲ့ပြီး စာအိတ်ကိုသာယူ၍ ထွက်သွားလေသည်။

မြဝင်းသူကတော့ တအံ့တသြဖြစ်ကာ ကျန်ခဲ့လေသည်။

နီမောင်ကတော့ ထွေထွေထူးထူး တွေးတောမနေပဲ မြဝင်းသူပေးလိုက်သော စာအိတ်ကိုယူကာ ခရစ်ယာန် စာသင်ကျောင်းရှိရာသို့ သွားလေသည်။

ခရစ်ယာန်စာသင်ကျောင်းရှိသော တောင်ကုန်းမှာ သူတို့နေသောရွာနှင့် မဝေးလှပေ။

တောင်ကုန်းတစ်ကုန်းပေါ်မှာ ရှိသောကြောင့် ကျောက်ဆောင်များကြားမှ တက်သွားလျှင် ရောက်နိုင်လေသည်။

လမ်းတစ်လျှောက်မှာ ကျောက်ဆောင်များနှင့် သစ်ပင်ချုံပုတ်များ ရှိလေသည်။

ကျောင်းဆောင်မှာနေသော ကျောင်းသားများက အားလပ်သော အချိန်များတွင် ပင်လယ်သို့ဆင်းပြီး ရေကူးကြ၊ လမ်းလျှောက်ကြသောကြောင့် ထိုနေရာတစ်ဝိုက်မှာ အတက်အဆင်းလမ်းကလေးများရှိနေခြင်း ဖြစ်သည်။

ကျောင်းသားများက ပင်လယ်ဝရွာ ရှိရာဘက်သို့ တစ်ခါတစ်ရံမှာသာ လာရောက်ကြသည်။

စားသောက်ရန်အတွက် ငါး၊ ပုစွန်၊ ဂဏန်း စသည်တို့





လိုချင်မှသာ ဆင်းလာလေ့ရှိပြီး ကျန်အချိန်များမှာတော့ မလာကြပေ။

ရွာသားများကလည်း ထိုနေရာသို့ သွားလေ့ မရှိကြပေ။ ယခု နီမောင် ရောက်လာတာမြင်တော့ ကျောင်းသားအချို့က အံ့သြနေကြလေသည်။

“မင်း ဘာကိစ္စရှိလို့ လာတာလဲ”

တစ်ယောက်က ဗမာစကား မပီမသဖြင့် လှမ်းမေးလိုက်သည်။

“ဒီကျောင်းက ပက်ထရစ်နဲ့တွေ့ဖို့ လာတာပါ”

“ဒါဖြင့် ဒီနေရာက စောင့်နေပါ၊ ပက်ထရစ်ကို ငါတို့ သွားခေါ်ပေးမယ်”

ဟု ပြောပြီး ထွက်သွားကြရာ အတန်ကြာတော့ ပက်ထရစ် ရောက်လာလေသည်။

“ပက်ထရစ်ဆိုတာ ငါပဲ၊ မင်းက ဘယ်သူလဲ”

“ကျွန်တော့်နာမည် နီမောင်ပါ၊ ပင်လယ်ရွာမှာ နေပါတယ်၊ မြဝင်းသူ လွှတ်လိုက်လို့ လာတာပါ”

မြဝင်းသူဆိုသော နာမည်ကို ကြားသည်နှင့် ပက်ထရစ်၏အမူအရာမှာ ချက်ချင်းပြောင်းလဲသွားလေသည်။

“ဟင်. . မြ. . မြဝင်းသူ လွှတ်လိုက်တာ ဟုတ်လား၊ သူ. . သူ ဘာမှာလိုက်သေးလဲဟင်”

နီမောင်က ဘာမှ ပြန်မပြောဘဲ မြဝင်းသူ ပေးလိုက်သောစာအိတ်ကို ထုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေး. . ကျေးဇူးပါပဲကွာ၊ ခဏ စောင့်ပါဦး၊ သူ ဘာတွေမှာလိုက်တယ်ဆိုတာ ကြည့်ပါရစေ"

ဟု ပြောပြီး စာအိတ်ကို ဖောက်ကြည့်လေသည်။

စာရွက်ပေါ်မှာ ရေးထားသော စာများမှာ သာမန် ရေးနည်းအတိုင်း ရေးထားခြင်းမျိုးမဟုတ်ပဲ လျှို့ဝှက်သင်္ကေတများဖြင့် ရေးထားသောကြောင့်. . . အခြားသူများမြင်လျှင်လည်း အဓိပ္ပါယ် ဖော်နိုင်မည် မဟုတ်ပေ။

ပက်ထရစ်က စာရွက်ပေါ်မှ စာများကို အချိန်အတော်ကြာအောင် ဖတ်နေပြီးမှ သူ၏မျက်နှာမှာ ပြုံးရွှင်လာလေသည်။

"အခုလို စာလာပို့ပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်း ဒီနေရာမှာ ခဏလေးစောင့်နေပါ၊ ငါ သူ့အတွက် စာတစ်စောင် ပြန်ရေးပေးလိုက်ချင်လို့ပါ"

ဟု ပြောသဖြင့် နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။ ပက်ထရစ်က ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ထို့နောက် ကျောက်တုံးပေါ်သို့ ဖင်ထိုင်ကာ ပင်လယ်ဘက်သို့ လှမ်းကြည့်နေသည်။

ဘုရားကျောင်း ရှိသောနေရာမှာ တောင်ကုန်းမြင့်တစ်ခုပေါ်မှာ ရှိနေသောကြောင့် ပင်လယ်ပြင်ကို ကောင်းစွာလှမ်းမြင်ရလေသည်။

အချိန်က ညနေပိုင်း အချိန်ဖြစ်သောကြောင့် နေဝင်ကာနီး တောက်ပနေသော ဆည်းဆာရောင်များက ပင်လယ်ရေပြင်ပေါ်သို့ ဖြာကျနေလေသည်။





သူရှိနေသောနေရာမှာ အရှေ့ဘက်၌ရှိပြီး ပင်လယ်ပြင်ပေါ်သို့ ကျနေသော ဆည်းဆာရောင်များနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသည်။

လွန်ခဲ့သော လပိုင်းက ပင်လယ်ပြင်မှာ မုန်တိုင်းထန်ခဲ့ပြီးနောက်ပိုင်းမှာတော့ အခြေအနေက သာသာယာယာ ရှိနေပြန်သည်။

နီမောင်က သာယာသော ပင်လယ်ရှုခင်းများကို လှမ်းမျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

သက်ပြင်းချရခြင်း အကြောင်းရင်းကို သူသာသိပေသည်။ အခြားတော့ မဟုတ်ပါချေ။

မြဝင်းသူနှင့် တွေ့ခဲ့ရပြီး နောက်ပိုင်းမှာ သူ့အတွေးထဲသို့ တကူးတက စဉ်းစားနေသည်မျိုး မဟုတ်ပါပဲ. . ၊ စိတ်ထဲမှာ မကြာခဏ သတိရနေသည်။

သူ့အနေနှင့် သတိရမယ့်သာ ရနေသည်။

အခြေအနေခြင်းက မိုးနှင့်မြေလို ကွာခြားလှပေသည်။

ဘာကြောင့် မကြာခဏ သတိရနေသည်မှန်း မသိရသော်လည်း ထိုကဲ့သို့ သတိရနေခြင်းကိုပင် စိတ်ထဲမှ ကျေနပ်နေမိသလိုရှိသည်။

လောလောဆယ်မှာတော့ မြဝင်းသူနှင့် ပက်ထရစ်တို့နှစ်ယောက်မှာ အဆင်ပြေနေကြဟန် ရှိသည်။

မြဝင်းသူ၏ မေတ္တာကို ပန်ဆင်ခွင့်ရသော ပက်ထရစ်အတွက်တော့ ဝမ်းသာကျေနပ်စရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ကြားထဲမှ ဆောင်ရွက်ပေးနေရခြင်းအတွက်လည်း ကြည်နူးစရာ ဖြစ်ပေသည်။

လောကတွင် မိမိထက် ဘဝအခြေအနေချင်း များစွာကွာခြားကာ မိမိထက် များစွာကံကောင်းကြသူများကို ကြည့်ကာ ကျေနပ်နေရုံမှလွဲပြီး အခြားတော့ ဘာမှမတတ်နိုင်သော ဘဝအခြေအနေမျိုး ဖြစ်ပေသည်။

နီမောင်က ဆည်းဆာရောင်များဖြင့် လှပနေသော ပင်လယ်ပြင်ရှိရာဘက်သို့ မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

တစ်နေ့လုံး အလင်းရောင်ပေးကာ တာဝန်ကျေခဲ့သော နေလုံးကြီးသည် ယခုတော့ အရောင်ပြောင်းကာ ပင်လယ်ရေပြင်အောက်သို့ တဖြည်းဖြည်းနှင့် ဆင်းသက်စ ပြုနေလေပြီ။

နီမောင်က ပင်လယ်ပြင်မှ လှပသော ရှုခင်းများကို မျှော်ကြည့်နေစဉ်မှာပင် သူ့အနီးသို့ ပက်ထရစ် ပြန်ရောက်လာလေသည်။

"ရော့. . ဒီမှာ ငါ တစ်စောင် ပြန်ရေးပေးလိုက်တယ်၊ သူ့လက်ထဲပြန်ရောက်အောင် ပို့ပေးပါကွာ"

"စိတ်ချပါ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းမှာ လိုတဲ့အကူအညီမျိုး ရှိရင်လည်း ပြောပြပါ၊ ငါ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

နီမောင်က ခေါင်းညိတ်ပြပြီး ထိုနေရာမှ ပြန်ဆင်းလာခဲ့





လေသည်။

နေဝင်သွားပြီ ဖြစ်သောကြောင့် ကျောက်ဆောင်များကြားသို့ရောက်တော့ အမှောင်ရိပ်များ သန်းစပြုနေချေပြီ။

တောင်ကုန်းအောက်ခြေသို့ ရောက်သောအခါ လမ်းဘေးမှာရှိသော ခြုံများကြားမှ လူသုံးယောက် ထွက်လာကြသည်။ သူ မမြင်ဖူးသော လူဆိုးလူမိုက် ပုံစံများ ဖြစ်ကြလေသည်။

လူတစ်ယောက်က ဓားတစ်လက်ကို ကိုင်ထားသည်။

"မင်း. . ဘယ်သူလဲ"

"ကျွန်တော့်နာမည် နီမောင်ပါ"

"ဘုရားကျောင်းကို ဘာကိစ္စရှိလို့ သွားတာလဲ"

"အသိတစ်ယောက်ကို သွားတွေ့တာပါ"

"ယုတ်တိရှိအောင်လည်း ပြောပါကွာ၊ မင်းလိုလူတစ်ယောက်က ခရစ်ယာန်ကျောင်းက လူတွေနဲ့ အသိမိတ်ဆွေ ဖြစ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ မှန်မှန်ပြော ငါတို့က ဒီနေရာတစ်ဝိုက်မှာ အမြဲရှိနေတာ၊ ငါတို့ကို လိမ်လို့မရဘူး၊ မင်း ဘယ်သူနဲ့ သွားတွေ့တာလဲ"

နီမောင်က ဆက်မငြင်းသာတော့သဖြင့် အမှန်အတိုင်း ပြောပြလိုက်သည်။

"ပက်ထရစ်ဆိုတဲ့ ကျောင်းသားပါ"

"ဘယ်သူက လွှတ်လိုက်လို့ သွားတွေ့တာလဲ"

နီမောင်က ပြောသင့်မပြောသင့် ချိန်ဆနေသည်။

ထိုအခါ ဓားကိုင်ထားသော လူက အနီးသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မှန်မှန်ပြောရင်ပြော မပြောရင် ခုတ်သတ်လိုက်မယ်"

ဂုင်းတို့ထံမှ အရက်နံ့များ ရနေသောကြောင့်လည်း. . ဆက်ပြီး ဖုံးကွယ်ထားရန် မသင့်တော့ပေ။

"မြဝင်းသူ လွှတ်လိုက်တာပါ"

"အော် ဒီလိုကိုး၊ ဘာလဲ မင်းက သမီးရည်းစား အကျိုးဆောင် လုပ်ပေးနေတာပေါ့ ဟုတ်လား၊ ဘယ်လောက်ရလို့ လုပ်ပေးနေတာလဲ"

"မရပါဘူး၊ သူတို့ခိုင်းလို့ လုပ်ပေးရတာပါ"

"အေး. . နောက်ကို မြဲမြဲမှတ်ထား၊ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ဆိုတာ ဝင်မရှုပ်ရဘူး၊ မင်းက ဒီနယ်သားလည်း ဟုတ်ပုံမရတော့ ဒီတစ်ခါတော့ သတိပေးရုံပဲ ပေးလိုက်မယ်. . ၊ ကိုယ်နဲ့မသက်ဆိုင်တဲ့အလုပ် ဝင်လုပ်ရင် ဇက်ပြုတ်သွားတတ်တယ်. . ကြားလား"

ထိုသို့ပြောဆိုပြီး နီမောင် ကိုယ်ပေါ်မှာပါလာသော ပက်ထရစ် ရေးပေးလိုက်သည့် စာအိတ်ကို နှိုက်ယူထားလိုက်ကြပြီး နီမောင်ကို ပြန်လွှတ်လိုက်ကြလေသည်။

ဘာမှ မတတ်နိုင်တော့ပေ။





# အခန်း( ၇ )

# ရေသရဲ သို့မဟုတ် အင်္ဂလိပ်မှုခ အဆိပ်ကောင်

နောက်တစ်ရက်မှာ မြဝင်းသူ နေအိမ်သို့ အလုပ်သွားလုပ်ကြသောအခါ မြဝင်းသူနှင့် တွေ့ရသည်။

နီမောင်က နှစ်ယောက်ချင်းတွေ့ပြီး အကျိုးအကြောင်း ပြောပြလိုက်သောအခါ မြဝင်းသူမှာ မျက်နှာပျက်သွားလေသည်။

"ဒါဖြင့် သူရေးပေးလိုက်တဲ့စာက သူတို့လက်ထဲ ပါသွားပြီပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဘယ်လိုမှ မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ ပေးလိုက်ရတာပါ၊ ဒီလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး"

"နင့်မှာ အပြစ်မရှိပါဘူး၊ ဒါ ဘယ်သူ့လက်ချက်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ငါတို့အချင်းချင်းသာသိတဲ့ စာမျိုး သူတို့ရသွားရင်လည်း ဘယ်လိုမှ အဓိပ္ပါယ်ဖော်လို့ မရပါဘူး"

မြဝင်းသူက ထိုသို့ပြောလိုက်သဖြင့် နီမောင်လည်း စိတ်သက်သာရာရသွားပြီး အခြားလုပ်စရာရှိသော အလုပ်များကို လုပ်ကိုင်လေတော့သည်။

တစ်နေ့မှာတော့ မြဝင်းသူ၏ဖခင် ဦးလွန်းမောင် ရှိရာသို့ လူတစ်ယောက် ရောက်လာလေသည်။

၎င်း၏အမည်မှာ ရွှေမောင်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သူဖြစ်သဖြင့် အင်္ဂလိပ်များနှင့် အဆက်အသွယ်ရှိကာ စကားပြန်အလုပ် လုပ်နေသူလည်း ဖြစ်သည်။

ထို့ကြောင့် အားလုံးက သူ့ကို စကားပြန်ရွှေမောင် ဟုပင် လူသိများလေသည်။

သူရောက်လာတော့ ဦးလွန်းမောင်ကလည်း နေရာထိုင်ခင်းပေးပြီး ကောင်းမွန်စွာ ဧည့်ခံလေသည်။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်များနှင့် ဆက်ဆံရာတွင် ရွှေမောင်ကို အသုံးချရသောကြောင့် ဖြစ်သည်။

"ဘယ်က လှည့်လာတာလဲ မောင်ရွှေမောင်"

"ဦးလေးနဲ့ တွေ့ရအောင် ဒီကိုပဲ တမင်လာခဲ့တာပါပဲ"

"တလောက ဗိုလ်တဲမှာဖြစ်တဲ့သတင်းတွေ ကြားလိုက်





မိတယ်၊ ဘယ်လိုများ ဖြစ်ကြတာလဲ"

"ပြောရမှာတောင် မကောင်းလှပါဘူး ဦးလေးရာ၊ ကံကောင်းလို့ အသက်မသေပဲ ကျန်ခဲ့တာ"

"ဒါထက် မျက်နှာဖြူတစ်ယောက်တော့ သေသွားတယ်မဟုတ်လား၊ ဘယ်လိုဖြစ်ပြီး သေတာတဲ့လဲ"

"ပုလိပ်တွေကတော့ နည်းမျိုးစုံနဲ့ စစ်ဆေးကြတာပါပဲ၊ မှုခင်းဆရာဝန်ကတော့ ဆေးစစ်ချက်မှာ အဆိပ်သင့်ပြီး သေရတာလို့ ရေးထားတယ်"

"အံ့ဩစရာပါပဲ"

"ကျွန်တော် အခုလာတာ တခြားမဟုတ်ဘူး၊ ဦးလေးနဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်စရာ ရှိလို့ဗျ၊ တခြားလူတွေ သိလို့မဖြစ်တဲ့ ကိစ္စမျိုးပဲ"

"ဘယ်လိုကိစ္စမျိုးမို့လဲ"

"အကြီးအကျယ် ချမ်းသာမယ့်ကိစ္စမျိုး ဆိုပါတော့"

ထိုစကားကြားသောအခါ ဦးလွန်းမောင်ကလည်း များစွာစိတ်ဝင်စားသောကြောင့် ရွှေမောင်ကို သီးခြားထားသော အခန်းတွင်းသို့ခေါ် သွားပြီး တိုင်ပင်ပြောဆိုကြလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ ဦးလွန်းမောင်က စိတ်ဝင်စားသော အမူအရာဖြင့် မေးလိုက်သည်။

"ကဲ ပြောပါဦးကွယ့် ဘယ်လိုကိစ္စမျိုးလဲ"

"ဟိုတလောက မျက်နှာဖြူနှစ်ယောက် ရောက်လာတဲ့ကိစ္စက တခြားမဟုတ်ဘူး၊ ရတနာသိုက်တစ်ခုကို ရှာဖွေဖို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ”

“ဘယ်လို ရတနာသိုက်မျိုးလဲ”

“အရင်က ဒီကျွန်းတွေရဲ့ကမ်းခြေတွေမှာ ပင်လယ်ဓားပြတွေ စတည်းချနေခဲ့ကြတာ ဦးလေးလည်းသိတယ် မဟုတ်လား၊ နောက်ဆုံး ဒီနေရာမှာ နေသွားခဲ့ကြတဲ့ ပင်လယ်ဓားပြတွေကို အင်္ဂလိပ်ရေတပ်က တိုက်ခိုက်ကြတဲ့အခါကျတော့ လူစုခွဲပြီး ပြေးကြရတယ်၊ တချို့လည်းသေ၊ တချို့လည်း အဖမ်းခံကြရလို့ ထောင်ထဲရောက်သွားကြတယ်”

“ဟုတ်တယ်”

“နောက်ဆုံး ဒီနေရာမှာနေသွားခဲ့တဲ့ ပင်လယ်ဓားပြဗိုလ်ရဲ့ နာမည်က ဟယ်ရီကိန်းလို့ခေါ်တယ်၊ သူက မျက်နှာဖြူသွေး အတော်ပါတဲ့ သူတစ်ယောက်ပဲ၊ ပင်လယ်ပြင်မှာတော့ ‘ဟာရီကိန်း’မုန်တိုင်းထက် ပိုပြီး ကြောက်စရာကောင်းတဲ့ ဓားပြဗိုလ်တစ်ယောက်ပဲ”

“ကြားဖူးလိုက်တယ် ပြောပါဦး”

“ဟယ်ရီကိန်းတို့အုပ်စုက ဒီနေရာတစ်ဝိုက်မှာ နောက်ဆုံး ကြီးစိုးမင်းမူသွားကြတဲ့ ပင်လယ်ဓားပြတွေပဲ၊ အင်္ဂလိပ်ရေတပ်က လိုက်လံတိုက်ခိုက်လို့ လူစုခွဲပြီး ပြေးကြတော့ ဟယ်ရီကိန်းက သူစုဆောင်းထားတဲ့ ရွှေငွေရတနာတွေကို ကြေးသေတ္တာတစ်လုံးနဲ့ထည့်ပြီး ဒီနားတစ်ဝိုက်မှာ မြှုပ်ထားခဲ့တယ်”

“ဒါပေမယ့် သူ ဘယ်နေရာမှာ မြှုပ်ထားခဲ့တယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ”





ဦးလွှန်းမောင်က. . . ဆေးပြင်းလိပ်ကို တွင်တွင်ဖွာပြီးနောက် ပြန်မေးလိုက်သည်။

“ဟိုတလောကရောက်လာတဲ့ မျက်နှာဖြူနှစ်ယောက်က ဟယ်ရီကိန်းရဲ့ အဆက်အနွယ်တွေပဲ၊ သူတို့ဆီမှာ မြေပုံတစ်ချပ် ပါလာတယ်၊ ရတနာတွေ မြှုပ်ထားတဲ့နေရာကို ညွှန်ပြထားတဲ့ မြေပုံပဲ”

ထိုစကားကြားတော့ ဦးလွှန်းမောင်က ပိုမိုစိတ်ဝင်စားလာလေသည်။

“အဲဒီမြေပုံက ဘယ်မှာလဲ”

“အဲဒီညက မြေပုံချပြီး တိုင်ပင်နေကြတုန်း အန္တရာယ်တွေ ရောက်လာပြီးတဲ့နောက် မျက်နှာဖြူတစ်ယောက်လည်း သေသွားတယ်၊ မြေပုံလည်း ပျောက်သွားတယ်”

“ဟင်. . တစ်ယောက်ယောက်ကများ ယူသွားတာများလား၊ အဲဒီညက ဘယ်နှယောက်လဲ”

“မျက်နှာဖြူနှစ်ယောက်နဲ့ ကျွန်တော်အပါအဝင် ကျွန်သုံးယောက်က ထားဝယ်သားတွေပဲ၊ သူတို့လည်း မဖြစ်နိုင်ဘူး၊ အဲဒီညက အဆိပ်သင့်ပြီး အားလုံး အခန်းထဲမှာ မေ့လဲနေကြတယ်”

“ဒီလိုဆိုရင်တော့ မြေပုံကတော့ အတောင်ပေါက်ပြီး ပျံထွက်သွားမှာ မဟုတ်တာ သေချာတယ်၊ ဒီအကြောင်းကို ရိပ်မိနေတဲ့ လူတစ်ယောက်ယောက်က ဝင်ယူသွားတာပဲ ဖြစ်မှာပေါ့”

ဦးလွှန်းမောင်က သူ့ထင်မြင်ချက်ကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားသောအခါ ရွှေမောင်ကလည်း အတန်ကြာအောင် စဉ်းစားနေလေသည်။

"ဦးလေးပြောတာလည်း ဖြစ်နိုင်ခြေ ရှိပါတယ်၊ ဒါပေမယ့် အဲဒီညက ဗိုလ်တဲမှာ ကျွန်တော်တို့ပဲ ရှိတယ်၊ တခြားဗိုလ်တဲတွေမှာ တည်းခိုတဲ့လူတွေ ရှိပုံမရဘူး၊ တစ်ခုတော့ရှိတယ်၊ ဗိုလ်တဲမှာနေတဲ့ ညစောင့်အဘိုးကြီးတစ်ယောက်နဲ့ အရှုးတေနောင်တော့ရှိတယ်"

ထိုသို့ ပြောလိုက်သဖြင့် မြေပုံကိစ္စက မျက်ခြည်ပြတ်သလောက် ဖြစ်သွားလေသည်။

"ဒီတော့ မင်းက ဘယ်လိုလုပ်ချင်သလဲ"

"ဒီအကြောင်းကို အတော်ကလေးသိတဲ့ စတီဗင်ကလည်း မြေပုံပျောက်သွားတာကို အတော်ကလေး မကျေမနပ်ဖြစ်နေတယ်၊ ဒါကြောင့် မျက်နှာဖြူအရာရှိတွေရဲ့ အကူအညီကိုယူပြီး မရမနေ ပြန်ရှာယူဖို့ လုပ်နေတယ်"

"ငါတို့က ဘယ်လိုလုပ်ကြမှာလဲ"

"အဓိကကတော့ မြေပုံရတဲ့သူက ချမ်းသာမှာပဲ၊ ဦးလေးအနေကလည်း ဘာမဆိုဖြစ်အောင် လုပ်နိုင်တဲ့ လူတစ်ယောက်ဆိုတော့ ဒီမြေပုံကိစ္စကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်စေချင် တယ်၊ အခုခေတ်ကာလမှာ ဒီအတိုင်း စီးပွားရှာနေလို့ကတော့ တော်တော်နဲ့ချမ်းသာမှာ မဟုတ်ဘူး၊ ဟယ်ရီကိန်း ဝှက်ထားခဲ့တဲ့ ရတနာတွေရခဲ့ရင်တော့ နေ့ချင်းညချင်း သူဌေးဘဝကို ရောက်မှာပဲ"





ဟု ပြောဆိုကာ ပြုလုပ်ရမည့် ကိစ္စများကို အသေးစိတ်ပြောပြလေသည်။ ထို့နောက်မှာတော့ ရွှေမောင်တစ်ယောက် ပြန်သွားလေတော့သည်။

တစ်နေ့မှာတော့ ညနေပိုင်းအချိန်လောက်တွင် ဦးလွန်းမောင်တစ်ယောက် ဗိုလ်တဲများရှိသောနေရာသို့ ရောက်လာလေတော့သည်။

သူ့နောက်မှာ အဖော်သုံးလေးယောက် ပါလာသော်လည်း အခြားနေရာမှာ ထားခဲ့ပြီး သူကိုယ်တိုင်က တလောက အခင်းဖြစ်သော ဗိုလ်တဲရှိရာသို့ တက်သွားလေသည်။

ထိုဗိုလ်တဲမှာ ကျောက်ဆောင်ထိပ်ပေါ်မှာရှိပြီး ကမ်းခြေနှင့် အနီးဆုံးနေရာ၌ ရှိလေသည်။

သူဌေးကိုယ်တိုင် ရောက်လာသောကြောင့် ထိုနေရာမှာ အစောင့်အဖြစ်နှင့်နေသော ဦးဖိုးမျှင်မှာ ပျာပျာသလဲ ဖြစ်သွားကာ ဆီးကြိုရလေသည်။

"သူဌေးမင်းကိုယ်တိုင် ကြွလာပါလား၊ ဘာကိစ္စများ ရှိလို့ပါလဲ"

"စစ်ဆေးစရာလေးတွေ ရှိလို့ပါ၊ နောက်ပြီး ခင်ဗျားကိုလည်း မေးစရာတွေ ရှိနေတယ်"

ထိုစကားကြောင့် ဦးဖိုးမျှင်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

တလောက ဖြစ်ပျက်ခဲ့သော ကိစ္စများအတွက် သူဌေးက သူ့ကိုအပြစ်တင်စကားပြောမည်ကို စိုးရိမ်နေဟန် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လာဗျာ သော့တွေယူလာခဲ့၊ အဲဒီဗိုလ်တဲကို သွားကြည့်ရအောင်"

ဟု ပြောပြီးခေါ်လာရာ ဦးဖိုးမျှင်လည်း တံခါးသော့တွဲများယူပြီး နောက်မှလိုက်လာလေသည်။

ဗိုလ်တဲရှိရာသို့ ရောက်သောအခါ တံခါးသော့ဖွင့်ပြီး အတွင်းသို့ ဝင်ကြလေသည်။

အခန်းတွင်းမှာရှိသော အခြေအနေကတော့ တလောက ဖြစ်ပျက်ခဲ့သော အခြေအနေအတိုင်း ခြေရာလက်ရာမပျက် ရှိနေလေသည်။

စားပွဲများ၊ ကုလားထိုင်များအပြင် အခြားအသုံးအဆောင် ပစ္စည်းများကလည်း ယခင်အခြေအတိုင်းပင် ရှိနေကြသည်။ ရေနံဆီမရှိတော့သော မီးအိမ်ကလည်း ချိတ်လျက်သားနှင့်ပင် ရှိနေသည်။

ဦးလွန်းမောင်က အခန်းထဲရောက်တော့ နေရာအနှံ့ လိုက်ကြည့်ပြီးမှ မေးသည်။

"ဦးဖိုးမျှင် ခင်ဗျားမှာ နေစရာစားစရာမရှိလို့ ဒုက္ခရောက်နေတဲ့အချိန်မှာ. . ကျုပ်ခေါ်ပြီး စောင့်ရှောက်ထားတာ သိတယ်မဟုတ်လား"

"သိ. . သိပါတယ် သူဌေးမင်း၊ ဒီကျေးဇူးတွေကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူး"

"ဒီလိုဆိုရင် အဲဒီညက ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်





ကို ပြောပြပေတော့"

"အဲဒီညက မျက်နှာဖြူနှစ်ယောက်နဲ့ ထားဝယ်သားသုံးယောက် ရောက်လာကြပါတယ်၊ စကားပြန်လုပ်နေတဲ့ ရွှေမောင်လည်း ပါလာပါတယ်"

"သူတို့ ဘာတွေပြောကြဆိုတာ ခင်ဗျားသိသလား"

"မသိပါဘူး၊ သူတို့ စကားပြောနေတဲ့အချိန် ဘယ်သူမှ မလာရဘူးလို့ ပြောထားပါတယ်၊ ညပိုင်းရောက်တော့ ဗိုလ်တဲဝင်ပေါက်တံခါးကိုလည်း ပိတ်ထားပါတယ်"

"အဲဒီညက ခင်ဗျားတစ်ယောက်တည်းပဲ ဒီမှာ ရှိတာလား"

"အဲဒီညက အရှုံးတေနောင် ရောက်လာပြီး ဝိုင်းကူပေးပါတယ်၊ သူလည်း တစ်ညလုံး ဒီမှာ ရှိနေပါတယ်"

ဦးလွန်းမောင်က ခေါင်းညိတ်ပြသည်။

"သူတို့တစ်တွေ ဘယ်လိုသေတယ်ဆိုတာ ဘယ်လိုဖြစ်တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

ဦးဖိုးမျှင်က ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ရပ်သွားပြီး ဖွင့်ထားသော ပြတင်းပေါက်မှ ပင်လယ်ဘက်သို့ လှမ်းကြည့်နေလေသည်။

ခဏကြာတော့မှ သက်ပြင်းတစ်ချက် ချလိုက်ပြီး ခေါင်းညိတ်ပြသည်။

"သိပါတယ် သူဌေးမင်း"

"ဒါဖြင့်. . ခင်ဗျား မြင်သမျှ သိသမျှ ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ထဲက တစ်ယောက်သေရတာ တခြားကြောင့် မဟုတ်ပါဘူး၊ ထူးဆန်းတဲ့ ရေသတ္တဝါကြီးတစ်ကောင် လက်ချက်ကြောင့် သေရတာပါ"

ထိုစကား ကြားသောအခါ ဦးလွန်းမောင်ပင် ပါးစပ်အဟောင်းသားဖြင့် ဏအံ့တသြ ဖြစ်သွားလေသည်။

"ဘယ်လိုသတ္တဝါမျိုးလဲဗျ"

"အဂ္ဂိမုခ. . လို့ခေါ်တဲ့ အဆိပ်ကောင်ကြီးကြောင့် သေရတာပါ"

"အဂ္ဂိမုခ အဆိပ်ကောင်. . ဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲဗျ၊ ကျုပ်လည်း ပင်လယ်ကမ်းခြေမှာ နေလာခဲ့တာ အတော်ကြာပါပြီ၊ တစ်ခါမှ ဒီနာမည်မျိုး မကြားမိဖူးပါလား"

"ပင်လယ်မှာနေပြီး ပင်လယ်အမြဲထွက်နေတဲ့ လူတွေတောင် ဒီနာမည်မျိုး ကြားဖူးမှာမဟုတ်ပါဘူး၊ ကြုံဖူးတွေ့ဖူးမှပဲ သိကြမှာပါ သူဌေးမင်း၊ အဂ္ဂိမုခ အဆိပ်ကောင်ဆိုတာ သမုဒ္ဒရာတွေ၊ နက်ရှိုင်းတဲ့ ပင်လယ်တွေထဲမှာနေတဲ့ 'ရေသရဲ'တစ်မျိုးပါပဲ"

"ခင်ဗျားပြောတာနဲ့တင် ကြောက်စရာကောင်းလှပြီ၊ သူက ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးလဲဗျ"

"လူနဲ့ ပုံပန်းသဏ္ဌာန်တူပြီး တစ်ကိုယ်လုံးမှာ အနက်ရောင် အမွေးရှည်တွေ ရှိပါတယ်၊ ရေထဲမှာနေရင် အဲဒီအမွေးတွေက အနက်ရောင် အဆိပ်ရည်တွေ ထွက်နေတတ်ပါတယ်၊ အဲဒီ အဆိပ်ရေတွေကလည်း အန္တရာယ်ရှိပါတယ်၊ ရေထဲကနေ





ကုန်းပေါ်တက်လာရင် ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့မျိုး နံပါတယ်၊ အဲဒီအနံ့ကလည်း အဆိပ်ပင်ကထွက်တဲ့ အဆိပ်နံ့လိုပဲ အန္တရာယ်ရှိပါတယ်၊ များများရှူမိရင် မူးမေ့သွားနိုင်ပါတယ်"

"ဟိုလူတွေ သတိမေ့ပြီး လဲကျနေတာ ဒီအနံ့ရှူမိလို့ ဖြစ်မှာပေါ့"

"မှန်ပါတယ် အဲဒီအနံ့ကြောင့်ပါပဲ"

"ခင်ဗျားလည်း ဒီမှာရှိနေတာပဲ၊ ခင်ဗျားကရော ဘာမှ မဖြစ်ဘူးလား"

"ကျုပ်က ဒီအကြောင်းတွေကို သိတန်သလောက် သိထားလေတော့ ပင်လယ်ရေတွေ အနက်ရောင်ပြောင်းနေကတည်းက သတိနဲ့နေတာပါ၊ အဲဒီညက အနံ့ဆိုးတွေလည်းရရော နှာခေါင်းနဲ့ ပါးစပ်ကို အဝတ်နဲ့ဖုံးထားလို့ သက်သာရာ ရသွားတာပါ"

"အဲဒီ သတ္တဝါအကြောင်း ဆက်ပြောပါဦးဗျ"

"ရေသရဲလို့ခေါ်တဲ့ အဂ္ဂိမုခ အဆိပ်ကောင်တွေက ရေနက်တဲ့သမုဒ္ဒရာတွေထဲမှာပဲနေတော့ လူတွေ တွေ့ရမြင်ရခဲပါတယ်"

"ဒါဖြင့် အခု ဒီနေရာကို ဘယ်လိုကြောင့် ရောက်လာတာလဲဗျ"

"တစ်လောက မုန်တိုင်းကြီးကြောင့် ရေစီးကြောင်းတွေ ကပြောင်းကပြန်ဖြစ်ပြီး ရောက်လာတာပဲ ဖြစ်မှာပါ"

"ဒါဖြင့် ခင်ဗျားက ဒီအကြောင်းတွေကို ကြိုသိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"သိပါတယ်၊ ပင်လယ်ရေတွေ အမည်းရောင် ပြောင်းနေကတည်းက သိတန်သလောက် သိပါတယ်၊ ဒါပေမယ့် ကျုပ်ပြောလည်း ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ပါဘူး"

"ရေတွေ အမည်းရောင် ပြောင်းနေတယ်လို့တော့ ဟိုတလောကတည်းက ပြောသံကြားပါတယ်၊ ရွာထဲမှာရော ခင်ဗျားလို သိတဲ့လူ မရှိဘူးလား"

"တစ်ယောက်တော့ ရှိပါတယ်၊ သူ့နာမည်က ဦးမွန်ထော်လို့ ခေါ်ပါတယ်၊ ဒါပေမယ့် သူက ပြောပေမယ့်လည်း မတွေ့ဖူး မကြုံဖူးကြတော့ ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ပါဘူး"

"အဲဒီညက ခင်ဗျားမြင်တာတွေ ပြန်ပြောပါဦးဗျ"

ဦးဖိုးမျှင် ပါးစပ်တွင်းမှ ကွမ်းဖတ်များကို ပြတင်းပေါက်မှ ထွေးချလိုက်ပြီး ပြောပြသည်။

"အဲဒီညက သူတို့တစ်တွေ အခန်းထဲမှာ ရှိနေကြတဲ့အချိန်မှာ ပင်လယ်ဘက်က ထူးထူးခြားခြား ညီစီစီ ပုပ်အဲ့အဲ့အနံ့တွေက အရင်ရောက်လာပါတယ်၊ ကျုပ်လည်း နှာခေါင်းနဲ့ ပါးစပ်ကို အဝတ်နဲ့စည်းပြီး တစ်နေရာက ထွက်ကြည့်နေပါတယ်"

"ပြောပါဦး"

"အဲဒီအချိန်မှာပဲ ကမ်းစပ်က ပင်လယ်ရေတွေ ဆူပွက်ထလာပြီး သတ္တဝါကြီးတစ်ကောင် ပေါ်လာပါတယ်၊ ကျုပ်ပြောတဲ့ ရေသရဲကြီးပါပဲ၊ သူ ကမ်းစပ်ကို ရောက်လာတဲ့အချိန်မှာ





လူတစ်ယောက်က ပြတင်းပေါက်ဖွင့်ပြီး ထွက်ရပ်နေတာကို လှမ်းမြင်ရပါတယ်၊ နောက်တော့ ရေသရဲကြီးက သူ့ရဲ့ လက်တံရှည်ကြီးနဲ့ အဲဒီလူကို လှမ်းဆွဲပြီး ယူသွားတာ မြင်လိုက်ရပါတယ်"

"ပင်လယ်ကမ်းခြေနဲ့ ဗိုလ်တဲပြတင်းပေါက်က အတော်ဝေးပါတယ်၊ ဒါတောင် သူ့လက်တံတွေက မီနိုင်သလား"

"ရေသရဲရဲ့ လက်တံတွေက ရေဘဝဲလက်တံတွေထက် ပိုပြီး ရှည်ပါတယ်၊ ဆန့်ထုတ်လိုက်ရင် ပေတစ်ရာကျော်လောက်အထိ ရောက်နိုင်ပါတယ်၊ ကြာပွတ်တစ်ချောင်းကို အသုံးပြုနိုင်တဲ့ သူတို့ရဲ့ လက်တံတွေမှာ ဆူးချွန်တွေနဲ့ ဓားသွားလိုထက်တဲ့ အချွန်အတက်တွေ ပါပါတယ်"

"ကြောက်စရာပဲ၊ ဒါဖြင့် ဒီသတ္တဝါကြီးက ဒီပင်လယ်ပြင်တစ်ဝိုက်မှာ ရှိနေသေးတာပေါ့"

"ပင်လယ်ရေတွေ အနက်ရောင် ဖြစ်နေသမျှတော့ သူဒီနေရာတစ်ဝိုက်မှာ ရှိနေဦးမယ် ထင်ပါတယ် သူဌေးမင်း"

"အင်း . . . ပင်လယ်ထွက်မယ့်သူတွေကတော့ စိတ်မအေးစရာပေါ့ဗျာ၊ ဒါထက် ခင်ဗျားကို မေးရဦးမယ်၊ အဲဒီညက သူတို့ဘာတွေ တိုင်ပင်ဆွေးနွေးနေကြတယ်ဆိုတာ ခင်ဗျား သိသလား"

"ကျုပ်တို့ကို အခန်းထဲ ဝင်ခွင့်မပေးလို့ မသိရပါဘူး"

"ဒါဖြင့် သူတို့လိုတဲ့ ကိစ္စတွေရှိရင် ဘယ်သူဝင်လုပ်ပေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးအိမ်ထဲမှာ ဒရုန်ဆီကုန်သွားတော့ တေနောင်ဝင်သွားပြီး ရေနံဆီ ဖြည့်ပေးရပါတယ်"

"သူတို့မှာ မြေပုံတစ်ချပ် ပါလာတယ်လို့ပြောတယ်၊ အဲဒီညက သူတို့ယူလာတဲ့မြေပုံ ပျောက်သွားတယ်၊ ဒီအကြောင်းတွေ ခင်ဗျား ဘာသိသလဲ"

"မြေပုံကိစ္စတော့ ကျုပ် ဘာမှမသိရပါဘူး သူဌေးမင်း"

ဟု ပြောသဖြင့် ဦးလွန်းမောင်လည်း ဆက်မမေးတော့ပေ။

ထို့နောက်မှာ ဗိုလ်တဲများကို လိုက်လံကြည့်ပြီး ပြန်ဆင်းလာခဲ့ကြလေသည်။

မြေပုံစာရွက်မှာ အခန်းထဲမှာပင်. . . ထူးထူးခြားခြား ပျောက်သွားခဲ့လေပြီ။





# အခန်း(၈)

# ရေသရဲနှင့် ရင်ဆိုင်တွေ့ကြရခြင်း

ပင်လယ်ပြင်မှာ ရာသီဥတုက သာယာနေသည်။

မုန်တိုင်းကျပြီးသည့်နောက်တွင် ရာသီဥတုက သာယာလိုက်၊ အုံ့အုံ့မှိုင်းမှိုင်း ရှိလာလိုက် ဖြစ်နေသောကြောင့် ပင်လယ်ထွက်မည့်သူများမှာ ဝေးဝေးလံလံသို့ မထွက်ဝံ့ကြပဲ ရှိလေသည်။

ယခုတော့ ပင်လယ်ပြင်မှာ ထူးထူးခြားခြား သတင်းများ ဖြစ်ပေါ် နေသောကြောင့်လည်း အဝေးသို့ မသွားဝံ့ကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ပင်လယ်ပြင်၏ ရာသီဥတု အခြေအနေ သည် ထူးထူးခြားခြား သာယာနေသည်။

ရေပြင်ပေါ်မှာ အမည်းရောင် ရေများလည်း မတွေ့ရ တော့သဖြင့် စိတ်ချလက်ချနှင့် ငါးရှာထွက်ရန် ပြင်ဆင်နေကြ သည်။ ပင်လယ်ကမ်းခြေနှင့်နီးသော ပင်လယ်ဝ ရွာကလေးမှာ နံနက်ခင်း နေရောင်ခြည်အောက်တွင် လှုပ်လှုပ်ရွရွနှင့် အသက် ဝင်နေသကဲ့သို့ ဖြစ်နေသည်။

ကမ်းခြေသို့ လာရောက်ရိုက်ခတ်နေသော လှိုင်းပုတ် သံများနှင့်အတူ အချင်းချင်း အော်သံဟစ်သံများမှာလည်း ဆူညံနေသည်။

လှေပြင်သူကပြင် ပိုက်အစရှိသော ငါးဖမ်းကိရိယာများ ပြင်သူက ပြင်နေကြသည်။

အိမ်သူအိမ်သားများက စားသောက်စရာစသည့် လို အပ်သော ပစ္စည်းများကို လှေသို့ သယ်ချပေးနေကြသဖြင့် ပင် လယ်ကမ်းခြေတစ်လျှောက်မှာ အသွားအလာများ ရှုတ်ထွေးနေ သလို အော်ဟစ်ပြောဆိုနေသည့် စကားသံတို့ကလည်း ဆူညံ လျက် ရှိနေကြသည်။

မုန်တိုင်းကျခဲ့ပြီးနောက်ပိုင်းမှာ စိတ်ချလက်ချ ပင်လယ် မထွက်ဝံ့ကြသောကြောင့် ငြိမ်နေကြရာမှ ယခုကဲ့သို့ ပင်လယ် ပြန်ထွက်ရမည် ဆိုသောကြောင့် သူတို့ ပျော်ရွှင်နေကြလေ သည်။

လှေသမား ပိုက်သမားတို့မှာ ကိုယ့်အုပ်စုနှင့်ကိုယ် အ





လုပ်ရှုပ်နေကြလေသည်။

ထိုအထဲတွင် နီမောင်တို့ သုံးယောက်လည်း ပါသည်။

သူတို့သုံးယောက်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ဖြစ်သည်။

ဦးမွန်ထော်ကတော့ သူ့တပည့် နှစ်ယောက်နှင့်အတူ ပြင်ဆင်နေသည်။

သံပချိုင်တို့ကလည်း သုံးယောက်ပင် ဖြစ်သည်။

လှေတစ်စင်းမှာ လူသုံးယောက်နှင့်ပိုက် အစရှိသော ငါးဖမ်းကိရိယာများ၊ အခြားလက်နက်ကိရိယာတို့ ပါကြလေ သည်။ ဓား၊ လှံ၊ မှိန်း၊ ကြိုး စသည်တို့ကိုလည်း ယူဆောင်ကြရ သည်။ စားသောက်စရာနှင့် ရေပုံးများကိုတော့ ဂရုတစိုက် သယ် ယူကြရသည်။

ပင်လယ်ပြင်မှာ လှေစီးနေရင်းနှင့် သောက်ရေမရှိလျှင် များစွာဒုက္ခရောက်ကြရပုံကို ပင်လယ်ထွက်သူတိုင်း သိကြလေ သည်။

လှေထွက်ကာနီးတော့ ဦးမွန်ထော်က သတိပေးသည်။

"ပင်လယ်ရောက်ရင် ခါတိုင်းလို ပေါ့ပေါ့လျော့လျော့ မနေကြနဲ့၊ သတိဝီရိယလေးနဲ့ လုပ်ကြပေါ့"

ထိုစကားကြားတော့ သံပချိုင်က ပြန်ပြောသည်။

"ဟိုတလောက ရေတွေ အမည်းရောင် ဖြစ်နေတာကို ပြောတာမဟုတ်လားအဘ၊ ဒီလောက်လည်း မစိုးရိမ်ပါနဲ့ဗျာ၊ ရေတွေ အမည်းရောင်ဖြစ်သွားတာက မီးသွေးခဲတွေ အရည်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားလို့ ဖြစ်မှာပါ"

ဟု ပြန်ပြောပြီး အသီးသီး ပင်လယ်ပြင်သို့ ထွက်ကြလေသည်။

၎င်းတို့ အသုံးပြုသော လှေများမှာ လက်လှော်လှေများ ဖြစ်သောကြောင့် ကမ်းနှင့် ဝေးဝေးသွား၍ မရပေ။ ရေတက်ချိန် ရေကျချိန်မီလောက်သော နေရာအထိလောက်သာထွက်ပြီး ငါးရှာကြရသည်။

သို့သော်လည်း ထိုနေရာတစ်ဝိုက်မှာ ကျွန်းစုများ ပေါများလှသောကြောင့် အန္တရာယ်တော့ မရှိလှပေ။

မြိတ်ကျွန်းစုများမှာ နေရာအနှံ့ ရှိနေကြသည်။

ကျွန်းကြီးကျွန်းငယ်ပေါင်း (၈၀၀)ကျော်ခန့်ရှိပေရာ နေရာအနှံ့ လက်ညှိုးထိုး၍ မလွဲအောင် ရှိလေသည်။

ငါးရှာသူများကလည်း ကျွန်းများကို အမှီပြုပြီး ထိုနေရာတစ်ဝိုက်မှာသာ လှည့်လည်ရှာဖွေကြလေသည်။

ငွေကြေးချမ်းသာသူများကတော့ ငါးဖမ်းလှေကြီးများ (ရှေးအခါက ကတ္တူလှေတို့ကို အသုံးပြုခဲ့ကြသည်)ကို အသုံးပြုပြီး ပင်လယ်ထဲရောက်အောင်သွား၍ ရှာဖွေကြသည်။

လက်လှော် လှေသမားများကတော့ ကျွန်းများ ကမ်းခြေနှင့်နီးသော နေရာများသာ လှည့်လည်ရှာဖွေကြသည်။

နီမောင်တို့သုံးယောက်မှာ ရေလယ်ကျွန်းတစ်နေရာတွင် ပိုက်ချထားရင်းမှပင် ပါလာသော အစားအသောက်များကို စားသောက်ရင်း စကားပြောနေကြသည်။





"နီမောင် ဟိုတစ်နေ့က မြဝင်းသူက မင်းကိုခေါ်ပြီး ဘာခိုင်းတာလဲ"

"ခရစ်ယာန် စာသင်ကျောင်းက. . ပက်ထရစ်ဆိုတဲ့ ကျောင်းသားတစ်ယောက်ဆီကို စာတစ်စောင် သွားပို့ခိုင်းတာပါ"

"မြဝင်းသူနဲ့ ပက်ထရစ်က ချစ်သူဖြစ်နေကြပြီနဲ့ တူတယ်"

"ဟုတ်မှာပေါ့"

"ဘယ်လိုစိတ်ကူးနဲ့များ တစ်ပြည်သားကို ရည်းစားထားရသလဲ မသိဘူး၊ ဟိုလူက ဒီမှာအမြဲနေမှာမှ မဟုတ်တာ၊ အချိန်တန်လို့ ပြန်သွားတော့ ဘယ်လိုလုပ်ကြမလဲ"

ငမဲအောင်က ပြောလိုက်သည်။

"အဲဒါ မင်းအပူ ပါလို့လား"

"မပါပေမယ့် သူ့အစား ရင်လေးလှပါတယ်ကွာ"

"ရင်လေးနေရင်လည်း မင်းရအောင် ပိုးပြီး. . ယူလိုက်ပေါ့"

"ဝေးပါသေးတယ်ကွာ၊ ငါတို့လို လူမျိုးတွေကို သူက စိတ်ကူးထဲတောင် ထည့်မှာ မဟုတ်ပါဘူး၊ ဒါထက် နီမောင် ဟိုကပြန်ပေးလိုက်တဲ့စာကို လမ်းကနေ လူမိုက်တွေက ဖြတ်လုသွားတယ်ဆို ဘယ်သူတွေလဲ"

"ငါလည်း မသိဘူး"

"ငါ့အထင် ပြောရရင်တော့ ထွန်းအောင်ကျော် မွေးထားတဲ့ လူမိုက်တွေပဲ ဖြစ်မှာပေါ့၊ ထွန်းအောင်ကျော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မြဝ်င်းသူကို အသေအလဲ ပိုးနေတာကွ"

နီမောင်က ဘာမှ ပြန်မပြောတော့ပေ။

ထိုသို့ စကားပြောနေကြစဉ်မှာ ချထားသော ပိုက်ထဲမှာ ငါးအကောင်ကြီးများ မိနေပြီဖြစ်ကြောင်း အချက်ပြသဖြင့် အစားအသောက်ရပ်ပြီး ပိုက်ကိုဆွဲတင်ကြလေသည်။

ထိုအချိန်တွင် သံပချိုင်တို့ သုံးယောက်မှာ . . လူသူမနီးသော ကျွန်းတစ်ကျွန်းရှိရာသို့ သွားပြီး ပိုက်ချနေကြလေသည်။

၎င်းတို့ ပိုက်ချသောနေရာမှာ အခြားသူများနှင့် ဝေးပြီး ပင်လယ်ရေနက်ပိုင်းနှင့် နီးသောနေရာလည်း ဖြစ်သည်။

ကျွန်းတစ်နေရာမှာ ကျောက်ဆောင်အမြင့်များရှိပြီး အောက်ပိုင်းတွင် ဂူပေါက်ဝများလည်း ရှိသည်။

ထိုနေရာ ရောက်သောအခါ ဂူပေါက်ဝတစ်ခုမှ အပြင်သို့ ထွက်နေသော အမည်းရောင် ရေအချို့ကို တွေ့ကြရလေသည်။

"ရေမည်းတွေပါလား"

"ဟိုတလောက ပင်လယ်ကမ်းခြေဘက်မှာ တွေ့ကြရတာ ဒီလိုရေမျိုးတွေ မဟုတ်လား"

"ဟုတ်တယ် အဘဦးမွန်ထော် ပြောတာတော့ ဒီလိုရေမျိုးတွေ တွေ့ရင် အန္တရာယ်ရှိတတ်တယ်လို့ ပြောတယ်၊ ဒီနေရာမှာ ပိုက်ချလို့ ဖြစ်ပါ့မလား"

"နက်ကျော်ရယ် . . ကြောက်စရာမရှိတာကို ကြံဖန်ပြီး ကြောက်မနေစမ်းပါနဲ့၊ ပင်လယ်ရေနက်ပိုင်းတွေမှာ ဒီလိုပဲ ရေ





အရောင်ပြောင်းတာ ဆန်းသလား"

ထိုသို့ပြောပြီးနောက် အမည်းရောင်ရေများ ထွက်နေသော ဂူပေါက်ဝနှင့် အနီးမဝေးမှာပင် ပိုက်ချကြလေသည်။

ပိုက်ချထားပြီးနောက် သုံးယောက်သား ပါလာသော အစားအသောက်များကို စားသောက်ရင်း စကားပြောနေကြစဉ် ပိုက်နှင့်ဆက်ထားသော ဖော့လုံးကလေးများမှာ သိသိသာသာကြီး လှုပ်ယမ်းသွားသည်ကို တွေ့ကြရသည်။

သို့ကြောင့် လှမ်းကြည့်နေစဉ်မှာပင် ပိုက်ကြိုးက တင်းခနဲ ဖြစ်သွားပြီးနောက် လှေပါ ပါသွားလေတော့သည်။

သို့ကြောင့် သုံးယောက်သား ကပျာကယာထပြီး လှေပေါ်မှာ ပါလာသော မှိန်းနှင့် စလွတ်တို့ကို ကောက်ကိုင်လိုက်ကြသည်။

ထိုအခိုက်မှာပင် ပိုက်မှာ ရေအောက်မှ တစ်စုံတစ်ခုနှင့်ငြိပြီး ပါသွားသောကြောင့် ပိုက်ကြိုးနှင့် ဆွဲချည်ထားသော လှေပါ တစ်ပါတည်း ပါသွားလေတော့သည်။

"ဘာကောင်မိနေတာလည်း မသိဘူး၊ လှေပါ ပါအောင် ဆွဲနိုင်ပုံထောက်တော့ အကောင်အတော်ကြီးပုံရတယ်"

"ဒီလောက် ဆွဲအားကောင်းပုံထောက်တော့ ငမန်းပဲ ဖြစ်မယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် အလွတ်ပေးလို့ မဖြစ်ဖူး၊ လက်နက်တွေကို အဆင်သင့် ပြင်ထားကြဟေ့"

သံပချိုင်တို့ စီးလာသောလှေမှာ အတော်ကြီးသည်။ လှေ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လှော်လှေပင် အနည်းငယ်မျှသာ ရွေ့လျားသွားလာနိုင်သော်လည်း ယခုအခါမှာတော့ စက်ဖြင့် မောင်းနှင်နေသော သင်္ဘောတစ်စင်းပမာ လျင်မြန်စွာ ရွေ့လျားသွားလာနေလေသည်။

သို့ဖြင့် လှေက တဖြည်းဖြည်းနှင့် ဂူပေါက်ကျယ်ကြီး တစ်ခုရှိရာသို့ ဦးတည်ရောက်သွားလေသည်။

ရေပေါ်မှာ ပေါ်နေသော ကျောက်ဆောင်ကြီး၏ တစ်နေရာမှာတော့ ကျယ်ဝန်းလှသော ဂူပေါက်ကျယ်ကြီး တစ်ပေါက် ရှိနေလေသည်။

ထိုနေရာတစ်ဝိုက်မှာရှိကြသော ရေများမှာလည်း သာမန် ပင်လယ်ရေနှင့်မတူပဲ မည်းပြာလျက် ရှိနေပေသည်။

သံပချိုင်ကတော့ ပင်လယ်ပြင်မှာ နှစ်ပေါင်းများစွာကြာအောင် ကျင်လည်ခဲ့ပြီး ဘေးအန္တရာယ် မျိုးစုံတို့နှင့် ကြုံတွေ့ရင်ဆိုင်ခဲ့ဖူးသူ ဖြစ်သောကြောင့် ကျန်သည့်ကိစ္စများကို ကြောက်ရွံ့နေခြင်းမရှိပဲ ရေအောက်မှာမိနေသော သတ္တဝါကိုပင် စိတ်ဝင်စားနေသည်။

၎င်းတို့လှေမှာ ဂူပေါက်ဝရောက်တော့လည်း ရပ်တန့်မသွားပဲ ဆွဲပြေးမြဲ ဆွဲပြေးသွားလေရာ နောက်ဆုံးမှာတော့ ဂူအတွင်းသို့ ရောက်သွားလေတော့သည်။

ဂူမှာ အတော်ကျယ်လှပြီး အတွင်းမှာ ဇီဝဇိုးငှက်များပင် ရှိကြလေသည်။

ဇီဝဇိုးငှက်သိုက် အတော်များများပင် ကျောက်ဂူရဲ့ယံ





များမှာ ရှိကြလေသည်။

ခါတိုင်း အေးအေးဆေးဆေး အချိန်မျိုးဆိုလျှင်တော့ ဇီဝဇိုးငှက်သိုက်များကို ခွာယူသွားကြမည် ဖြစ်သော်လည်း ယခုတော့ ငှက်သိုက်ခွာဖို့ထက် ပိုက်ထဲမှာမိနေသော သတ္တဝါကို ဖမ်းမိရန်သာ အာရုံစိုက်နေကြသည်။

ထိုနေရာရောက်တော့ ရေအောက်မှ ဆွဲအားတန့်သွားသောကြောင့် လှေက ရပ်သွားလေသည်။

ရေမျက်နှာပြင်ပေါ်မှာတော့ ရေမြှုပ်များ တစီစီနှင့် ထနေလေသည်။

သံပချိုင်က လက်ထဲမှာ ကိုင်ထားသော စလွတ်ကို အဆင်သင့်ကိုင်ထားရင်း အခြေအနေကို အကဲခတ် ကြည့်နေသည်။

အခြေအနေက ငြိမ်သက်နေသဖြင့် ပိုက်ကြိုးကို ဆွဲကြည့်လေသည်။

လှေဖြင့် ဆွဲချည်ထားသော ပိုက်ကြိုးကလည်း လျော့ကျနေသည်။ သို့ကြောင့် စလွတ်ကို ခုံဘေးနားချပြီး ပိုက်ကြိုးကို ဆွဲကြည့်လေသည်။

ကြိုးက အလွယ်တကူပင် ပြန်ပါလာသည်။

ခပ်သွက်သွက် ဆွဲကြည့်သောအခါ ကြိုးသာမက ရေအောက်မှာ ရှိနေသည့် ပိုက်သားများပါ ပြန်ပါလာသည်။

"ဟင်. ."

ပိုက်သားအားလုံး ပြန်ပေါ်လာသောအခါ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး တအံ့တသြ ဖြစ်သွားကြလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ပိုက်ထဲမှာ မည်သည့် သတ္တဝါမှ မတွေ့ရသောကြောင့် ဖြစ်သည်။

သူတို့ မျှော်လင့်ထားသည်က ကြီးမားသော ရေသတ္တဝါ တစ်ကောင်ကောင် တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း အထင်နှင့်အမြင်က တခြားစီ ဖြစ်သွားလေပြီ။

ထိုအခိုက်မှာပင် မနီးမဝေးမှာရှိသော ရေမျက်နှာပြင် တစ်ခုလုံး ရေပွက်ကြီးများ ထလာတော့သည်။ ခဏကြာတော့ ရေပြင်ပေါ်မှာ အမွေးရှည်ကြီးများ အလျှင်ပေါ်လာသည်။

ထို အမွေးရှည်ကြီးများကြောင့် ရေမှာ အမည်းရောင်များ ပြောင်းသွားခြင်း ဖြစ်သည်။

ကြည့်နေရင်းမှပင် ရေအောက်မှ သတ္တဝါတစ်ကောင်၏ ဦးခေါင်းတစ်လုံး ပေါ်လာသည်။

သတ္တဝါဟုသာ ဆိုရသော်လည်း စင်စစ်တော့ အမည်းရောင် အမွေးရှည်ကြီးများ ဖုံးအုပ်နေသော လူတစ်ယောက်၏ ဦးခေါင်းနှင့် များစွာဆင်တူလှပေသည်။

အပြင်သို့ ပြူးထွက်နေသော နီရဲနေသည့်မျက်လုံး. . ၊ အတွင်းသို့ ချိုင့်ဝင်နေပြီး အပေါက်ပါရုံသာရှိသော နှာခေါင်း. . ၊ ကျယ်ပြန့်သော ပါးစပ်နှင့် ပါးစပ်အတွင်းမှ အပြင်သို့ ငေါထွက်နေသော အစွယ်များမှာ ၎င်း၏ မျက်နှာပုံပန်းသဏ္ဌာန်ပင် ဖြစ်သည်။

အောက်ပိုင်းမှာတော့ အမည်းရောင် အမွေးရှည်များက





ဖုံးထားသောကြောင့် မည်သို့ မည်ပုံရှိသည်ကိုတော့ မမြင်ရတော့ပေ။

မြင်ရသော မျက်နှာပုံပန်းသဏ္ဌာန်ကတော့ သရဲသဘက်တစ်ကောင်နှင့် ဘာမှ မခြားလှပေ။

"ဘာကောင်ကြီးလဲ"

"အဘထော်ပြောတာ ဒီသတ္တဝါကြီး ဖြစ်မယ်ထင်တယ်"

"ရွာထဲမှာ ပြောနေကြတဲ့ ရေသရဲဆိုတာ ဒီကောင်ကြီး ဖြစ်မယ်ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ဒီအကောင်ကြီးက ငါတို့အတွက် အသုံးမဝင်လှပါဘူး၊ သူ့ဖာသာ နေပစေ၊ ဂူထဲက ပြန်ထွက်ကြရအောင်"

ဟုပြောပြီး. . . လှေကို ပြန်ထွက်ရန် ပြင်သည်နှင့် ထိုသတ္တဝါကြီး ရှိသောနေရာမှ မည်းနက်နေသော လက်တံရှည်ကြီး တစ်ခု ထွက်လာလေတော့သည်။

"ရှီး. . . "

ကြာပွတ်သဏ္ဌာန်၊ သို့မဟုတ် ကြီးမားသော ရေဘဝဲကြီး တစ်ကောင်ကဲ့သို့ ရှည်လျားသော လက်တံရှည်ကြီးက လှေရှိရာသို့ ရောက်လာပြီး ပဲ့ပိုင်းမှာ ထိုင်နေသော နက်ကျော် ဆိုသူကို ပတ်ပြီး ဆွဲချသွားလေတော့သည်။

"အောင်မယ်လေးဗျ၊ ကယ်ကြပါဦး"

"ဝုန်း. . "



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အော်သံနှင့် ရေထဲပြုတ်ကျသံမှာ တစ်ဆက်တည်း ပေါ်လာပြီးနောက် နက်ကျော်မှာ ရေအောက်သို့ ပါသွားလေတော့သည်။

"ဟာ. . . နက်ကျော်ပါသွားပြီ လုပ်ကြပါဦး"

ထိုသို့အော်ပြီး ဘာလုပ်ရမှန်းမသိဘဲ ရှိနေကြစဉ်. . . နောက်ထပ်တစ်ဖန် လက်တံရှည်ကြီးက ဝဲတက်လာပြန်သည်။

"ရှွီး. ."

ထိုအခါ သံပချိုင်က လှေဝမ်းထဲမှာ အသင့်ချထားသော ဓားရှည်ကို ကောက်ယူပြီး လက်တံရှည်ကြီးကို ပိုင်းချလိုက်လေသည်။

"ဒုတ်. . ဒုတ်. . ."

ဓားမှာတုံးနေသဖြင့် ရာဘာပြား၊ သားရေပြားကို ခုတ်ရသည့်အတိုင်း တဒုတ်ဒုတ်နှင့်သာ အသံမြည်နေပြီး မပြတ်ဘဲရှိလေသည်။

ထိုလက်တံကြီးမှာပါလာသော ဆူးများ၊ ဓားသွားလိုထက်လှသော အဖုအထစ်များနှင့် ထိမိသောအခါ ဓားတခြား လူတခြားဖြစ်ကာ လှေဝမ်းထဲသို့ လဲကျသွားလေတော့သည်။

ထိုအခါ မောင်မှတ်က လှေကို ထိုနေရာနှင့် ဝေးနိုင်သမျှဝေးအောင် လှော်ပြေးလေရာ. . . ဂူပေါက်ဝမှ အပြင်သို့ ပြန်ရောက် သွားလေတော့သည်။

ဂူထဲမှ သတ္တဝါကြီးက နောက်မှ ဆက်မလိုက်သောကြောင့်သာ ကံကောင်းသွားခဲ့ခြင်း ဖြစ်သည်။





နက်ကျော်ကတော့ ကျန်ခဲ့လေပြီ။

သံပချိုင်မှာလည်း ဒဏ်ရာဒဏ်ချက်များကြောင့် အဆိပ်တက်ကာ သတိမေ့နေချေပြီ။

မောင်မှတ်တစ်ယောက်တည်း လှေကို မနိုင်မနင်းဖြင့် လှော်လာရာ ညနေပိုင်း အချိန်ရောက်သောအခါ နီမောင်တို့ လှေဖြင့် တွေ့ရသဖြင့် ကံကောင်းသွားလေသည်။


နီမောင်တို့လည်း ငါးဖမ်းခြင်းကို ရပ်ပြီးနောက် မောင်မှတ်တို့လှေကို သူတို့နောက်မှတွဲပြီး ရွက်လွှင့်ကာ ရွာသို့ပြန်ခဲ့ကြလေတော့သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၉ )

# အဆိပ်အပြင်းဆုံး အဆိပ်များ

BURMESE CLASSIC .com

သံပချိုင်တစ်ယောက် အတော်ကံကောင်းသည်ဟုပင် ဆိုရပေသည်။ နီမောင်တို့က ချက်ချင်း ရွာသို့ပြန်ရောက်အောင် ကြိုးစားပြန်ခဲ့သဖြင့် ရွာသို့ ပြန်ရောက်လာသည်အထိ အသက် ရှိနေသေးသည်။

သို့ကြောင့် ဆေးဆရာကြီး ဦးဗန်ကောင်းကို ချက်ချင်း ခေါ်ပြီး ကုသစေရာ အသက်ချမ်းသာရာ ရခဲ့လေသည်။

သို့သော်လည်း သတိကောင်းစွာ မရသေးပဲ စူးစူးဝါးဝါး အော်ဟစ်နေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ မည်းမည်းစုတ်ဖွားကောင်ကြီး လာနေပြီဗျ. . ၊ ကြောက်စရာကောင်းတဲ့ ရေသရဲကြီး လာနေပြီဗျ၊ လက်တံရှည်ကြီးတွေနဲ့ လူတွေကို ဖမ်းဆွဲချပြီး သတ်ပစ်နေပြီ၊ လုပ်ပါဦးဗျ. . ကယ်ကြပါဦး"

ထိုကဲ့သို့ ကြောက်လန့်တကြား အော်ဟစ်နေသောကြောင့်. . ဦးဗန်ကောင်းက ဆေးတစ်ခွက် ထပ်တိုက်ပေးလိုက်တော့မှ အိပ်ပျော်သွားလေတော့သည်။

ထိုအချိန်တွင် သံပချိုင် သတင်းကြားသဖြင့် ဦးမွန်ထော်လည်း ရောက်နေလေသည်။

ဦးမွန်ထော်က မောင်မှတ်ကို မေးမြန်းလေရာ မောင်မှတ်က သူမြင်ခဲ့ရသော အဖြစ်အပျက်တို့ကို ပြောပြလေသည်။

"အတော်ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးပါပဲ၊ ပုံသဏ္ဍာန်က လူနဲ့တူပေမယ့် တစ်ကိုယ်လုံး အမွေးရှည်ကြီးတွေ ဖုံးနေတယ်၊ မျက်နှာက သရဲသဘက်နဲ့ တူတယ်ဗျ၊ နောက်ပြီး ကြောက်စရာကောင်းတဲ့ လက်တံရှည်ကြီးတွေလည်း ပါတယ်"

မောင်မှတ်က သူ မှတ်မိသမျှ ပြန်ပြောပြလေသည်။

ထိုအခါ ဦးဗန်ကောင်းက ဦးမွန်ထော်ကို မေးလိုက်သည်။

"ကျုပ်တို့လည်း ပင်လယ်နဲ့နီးတဲ့နေရာတွေမှာ နေလာခဲ့တာ အတော်ကြာခဲ့ပါပြီ၊ ရေသူမရှိတယ်၊ ရေသရဲရှိတယ်လို့တော့ ပြောသံကြားဖူးပါရဲ့၊ အခုလို မျက်မြင်ကိုယ်တွေ့ တွေ့ဖူးတာတော့ မတွေ့ဖူးသေးဘူး၊ သူပြောတဲ့သတ္တဝါက တကယ်ပဲ





ရေသရဲဟုတ်သလား ဦးမွန်ထော်"

ထိုသို့ မေးသောအခါ ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ခေါင်းညိတ်ပြလေသည်။

"ရှိပါတယ် ပင်လယ်သမုဒ္ဒရာတွေထဲမှာ ကျုပ်တို့ မမြင်ဖူး မတွေ့ဖူးသေးတဲ့သတ္တဝါတွေ အများကြီး ရှိပါတယ်၊ ရေသရဲတို့၊ ရေသူမတို့ ဆိုတာတွေလည်း ရှိပါတယ်၊ ပြောရရင်တော့ ကုန်းပေါ်မှာ ရှိတာတွေ မှန်သမျှ ပင်လယ်သမုဒ္ဒရာတွေထဲမှာ ရှိပါတယ်"

"မှန်ပါတယ်"

"တချို့သတ္တဝါတွေက ကမ္ဘာဇီဝဗေဒတန်ခိုးရှိတော့ မြင်သင့်မှမြင်ရတာတွေ ရှိပါတယ်၊ ဒါပေမယ့် ရေသူရဲတို့ ရေသူမတို့က လူတွေနဲ့ဝေးတဲ့ ပင်လယ်ပြင်တွေမှာ နေကြတာဆိုတော့ တွေ့ရမြင်ရခဲပါတယ်၊ မောင်မှတ်ပြောတဲ့ ပုံပန်းသဏ္ဍာန် အရဆိုရင်တော့ သူတို့တွေ့ခဲ့တဲ့ သတ္တဝါက. . ရေသူရဲဆိုတာ ဖြစ်နိုင်ပါတယ်"

"ဘယ်လိုကြောင့်များ ဒီနေရာတွေကို မျက်စိလည်ပြီး ရောက်လာကြတယ် မသိပါဘူး"

"တလောက မုန်တိုင်းကြီးကျတော့ ပင်လယ်ရေတွေက ကပြောင်းကပြန်ဖြစ်ပြီး ရောက်လာတာဖြစ်မှာပါပဲ၊ လူတွေက ပေါ့ပေါ့နေကြလို့ပါ၊ ဒီသတ္တဝါ ဒီဘက်ရောက်လာကတည်းက ပင်လယ်ရေတွေ အရောင်ပြောင်းနေတာပဲ၊ ဒါကိုမြင်လို့ ကျုပ်က အတန်တန် သတိပေးပါသေးတယ်၊ ဒါပေမယ့် သူတို့က ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာတွေကို မယုံကြည်ကြဘူး"

ထိုသို့ ပြောသောအခါ . . မောင်မှတ်အပါအဝင် အခြား ရောက်နေသူများမှာ ခေါင်းငုံ့သွားကြလေသည်။

"လူငယ်တွေဆိုတော့ အတွေ့အကြုံလည်း သိပ်မရှိ၊ မတွေ့ဘူး မကြုံဘူးသေးတော့ မယုံကြတာ ဖြစ်မှာပါ၊ ဒါထက် ရေသရဲလို သတ္တဝါမျိုးက ဘယ်လို ပုံပန်းသဏ္ဌာန်မျိုးရှိပြီး လူတွေကို ဘယ်လိုအန္တရာယ်မျိုး ပေးတတ်ကြသလဲဗျ"

ဦးဇန်ကောင်းက မေးလိုက်သည်။

"ပုံပန်းသဏ္ဌာန် လူဝံမျောက်ဝံတွေနဲ့တူတယ်၊ မျက်နှာက သရဲသဘက် မျက်နှာမျိုးရှိတယ်၊ တစ်ကိုယ်လုံး အမွေးရှည်တွေရှိပြီး အဆိပ်ရှိတဲ့ လက်တံရှည်တွေ ပါတယ်၊ ရန်သူကို တိုက်ခိုက်တဲ့အခါ ရေဘဝဲတွေလိုပဲ အဆိပ်လက်တံရှည်တွေနဲ့ ဖမ်းယူတိုက်ခိုက်ကြတယ်"

"မှန်ပါတယ်"

"သူတို့ကိုယ်က ထွက်တဲ့အဆိပ်က ကြောက်စရာ အကောင်းဆုံး အဆိပ်မျိုးပဲ၊ ထိတာနဲ့ သေစေလောက်အောင် ပြင်းထန်တဲ့ အဆိပ်မျိုးပဲ၊ ပင်လယ်ပြင်မှာ ကြောက်စရာ အကောင်းဆုံးအဆိပ်တွေ အများကြီးရှိတယ်၊ အဲဒီအဆိပ်တွေက သူ့ကိုယ်ပေါ်မှာ လာပြီးစုနေသလိုပဲ"

"အင်း . . ကြောက်စရာပါလား"

"သံပချိုင်တောင် ကံကောင်းလို့ အသက်ရှင်ခွင့်ရတာ၊ ရေသရဲအဆိပ်နဲ့ ထိမိရင် အသက်ရှင်တဲ့သူ မရှိသလောက်ပါပဲ"





"အဘထော်က ရေသရဲနဲ့ တွေ့ဖူးသလားဟင်"

နီမောင်က ဝင်မေးလိုက်သည်။

"ငယ်ငယ်တုန်းကတော့ တစ်ခါကြုံခဲ့ဖူးပါတယ်၊ အဲဒီတုန်းကလည်း မသိကြတော့ လူတွေ အတော်သေခဲ့ကြတယ်"

ထိုသို့ စကားပြောနေစဉ်မှာပင် သံပချိုင်က သတိပြန်ရလာပြီး စူးစူးဝါးဝါး အော်နေပြန်သဖြင့် ဦးဇန်ကောင်းက ဆေးတစ်ခွက် ထပ်တိုက်လိုက်သည်။

၎င်းကိုယ်ပေါ်မှာ ရထားသော ဒဏ်ရာဒဏ်ချက်များမှာ အဆိပ်မပြယ်သေးသောကြောင့် နီရဲလျက်ရှိပြီး အနာရင်းနေလေသည်။

အချို့ဒဏ်ရာများကတော့ ညိုမည်းနေလေသည်။

"လုပ်ပါဦးဗျ၊ ဟိုမှာ ရေသရဲကြီး တက်လာနေပြီ၊ ကျုပ်ကို သတ်တော့မယ်၊ ကယ်ကြပါဦး"

ဦးဇန်ကောင်းက သံပချိုင်ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်ပေးရင်းမှ ဒဏ်ရာအခြေအနေများကို ကြည့်ရှုနေသည်။

သူ့အနေဖြင့် အဆိပ်ထိသော လူနာအအတော်များများကို ကုသပေးဖူးသည်။

မြွေကိုက်၍သော်လည်းကောင်း၊ ပင်လယ်ပြင်မှ အဆိပ်ရှိသော သတ္တဝါထိ၍သော်လည်းကောင်း၊ အဆိပ်လက္ခဏာအမျိုးမျိုး တွေ့ဖူးသော်လည်း . . . ယခုတွေ့ရသော အဆိပ်မျိုးလောက် ကြောက်ဖို့မကောင်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဆိုသည်မှာ ပါးစပ်မှ အနည်းငယ် စားရုံမျှဖြင့်ဖြစ်စေ၊ နှာခေါင်းမှ ရှူ၍ဖြစ်စေ၊ အရေပြားကိုထိကာ အထဲသို့ ဝင်သွား၍ဖြစ်စေ သက်ရှိတို့အား နာမကျန်းဖြစ်စေသည်သာမက အသက်ပင် သေစေနိုင်သော အရာဝတ္ထုဖြစ်သည်။

လူတို့သုံးဆောင်နေကြသည့် ဆေးများစွာအနက် အချို့သော ဆေးများတွင် အဆိပ်ကို အနည်းငယ်ထည့်၍ ဖော်စပ်ထားတတ်ကြသည်။ ကျမ်းမာရေးအတွက် အထောက်အကူပြုရန် လိုအပ်သဖြင့် ထည့်သွင်းဖော်စပ်ထားခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ဆေးစားမည်ဆိုပါက တတ်ကျွမ်းနားလည်သည့် ဆေးပညာရှင်၏ ညွှန်ကြားချက်အရ ဆေးအချိန်အဆ ဆေးသောက်ချိန်တို့ကို လိုက်နာသင့်ပေသည်။

"တန်ဆေး၊ လွန်ဘေး"ဟူသော စကားအရ လူတို့သည် ဆေးကိုလိုသည်ထက် ပို၍ အမြောက်အမြားမစားမိရန် ဂရုပြုသင့်သည်။

သာမန်လူတစ်ယောက်အတွက် ဆေးအဖြစ်ဖြင့်သုံးသောဆေးတွင် အဆိပ်ဓာတ်အနည်းငယ် ပါဝင်ပါက ထိုဆေးသည် အားနည်း၍ မကျန်းမာသော လူတစ်ယောက် သို့မဟုတ် ကလေးသူငယ် အတွက်မူကား၊ ဘေးဥပဒ် ဖြစ်စေနိုင်သည်။

အဆိပ်ကို စားမိ၍ဖြစ်စေ၊ သောက်မိ၍ဖြစ်စေ ဖြစ်ပေါ်လာသောဝေဒနာကို ပျောက်အောင် ကုစားပေးသည့် အရာကို အဆိပ်ဖြေဆေးဟု ခေါ်သည်။

အဆိပ်များကို ယင်းတို့၏ သတ္တိကိုလိုက်၍. . . .





-လောင်စားတတ်သော အဆိပ်

-တောက်စေတတ်သော အဆိပ်

-နာဗ်ကြောအဆိပ်

-အဆိပ်ဓာတ်ငွေ့

ဟူ၍ အမျိုးမျိုး ခွဲခြားထားသည်။

လောင်စားတတ်သော အဆိပ်သည်. . အရေပြားကိုသော်လည်းကောင်း. .၊ အစာအိမ် အတွင်းနံရံကိုသော်လည်းကောင်း လောင်တတ်သည်။

လောင်စားတတ်သော အဆိပ်တွင် ပြင်းသည့် ဟိုက်ဒရိုကလောရစ် အက်စစ်ကဲ့သို့သော အက်စစ်များနှင့် ပြင်းသော ကော့စတစ်ပိုတက်၊ သို့မဟုတ် အာမိုးနီးယားကဲ့သို့သော အယ်(လ)ကာလီများ ပါဝင်သည်။

အပုပ်နိုင်ဆေးအဖြစ် အသုံးပြုသော မာကျူရစ် ကလိုရိုဒ်ရည်သည် ကြောက်စရာကောင်းသော အဆိပ်ဖြစ်သည်။

ဤအဆိပ်များကို ပြေစေသည့် အဆိပ်ဖြေနည်း တစ်မျိုးမှာ 'ကြက်ဥအကာကို ရေနှင့်ခေါက်၍ တိုက်ရန်' ဖြစ်သည်။

အောက်ဇလစ် အက်စစ်အပြင်းရည်သည်လည်း. . . လောင်စားသော အဆိပ်ဖြစ်၍ အဆိပ်ဖြေဆေးမှာ 'မြေဖြူ' ဖြစ်သည်။

ပိုးနှိမ်ဆေး(ပိုးသတ်ဆေး)အဖြစ် အသုံးပြုသော ကာဗော်လစ်အက်စစ်သည် လောင်စားတတ်သော အက်စစ်မျိုးတွင်ပါ၍ ယင်းကို ပြေစေသည့်အဖြေမှာ ထုံးရေကြည် အချို့ကိုပေး



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်သည်။

တောက်စေတတ်သည့် အဆိပ်များကို ဝမ်းတွင်းသို့ စား မိသောက်မိသောအခါ အလွန်ခံရခက်အောင် ပူလောင်နာကျင် စေသည်။

ယင်းအဆိပ်မျိုးထဲတွင် စိန်ဖြူသည် အဆိုးဆုံး ဖြစ် သည်။

စိန်ဝါနှင့်စိန်ပါသော ဒြပ်ပေါင်းအားလုံးတို့သည် စိန်ဖြူ လောက်ပင် ကြောက်စရာကောင်းလှပေသည်။

စိန်ဖြူ၏ သတ္တိမှာ ရုတ်ခြည်း သေစေသည် မဟုတ်ပဲ တဖြည်းဖြည်း အဆိပ်တက်၍ အချိန်ကြာမှ သေစေလေသည်။

စိန်ဖြူ အဆိပ်အတွက် ဖြေဆေးမှာ မဂ္ဂနီရှာနှင့် ဖဲရစ် ဟိုက်ဒရော့ဆိုက်ရည် ဖြစ်သည်။

လက်အက်ဆက်တိတ် ပါဝင်သော ခဲဒြပ်ပေါင်းရည်များ သည် တဖြည်းဖြည်း အဆိပ်တက်သော အဆိပ်များဖြစ်ကြသည်။

လက်အက်ဆက်တိတ်ရည်သည် အရသာချိုသည်။

သို့သော် အဆိပ်အလွန်ပြင်းထန်သည်။

ခဲပိုက်လုံးများမှ ထွက်သော ရေသွက်တွင် ခဲအနည်များ စုပေါင်းနေတတ်သောကြောင့် ခဲဆိပ်ဖြစ်တတ်သည်။

သို့သော်ယင်း ခဲပိုက်လုံးများမှ ထွက်သော ရေစေးတွင် မူကား ခဲဆိပ်မဖြစ်ချေ။ အကြောင်းမှာ ခဲအနည်သည် ရေစေး တွင် မပျော်ဝင်ပဲ လက်ကာဗွန်နိတ်အဖြစ်ဖြင့် ခဲပိုက်လုံးတွင် စွဲနေသောကြောင့် ဖြစ်သည်။





ပျော်ဝင်နိုင်သော ကြေးနီ၊ သွပ်နှင့် ဗေရီယမ်ဓာတ်ဆား များသည်လည်း တောက်သည့်အဆိပ်များ ဖြစ်ကြသည်။

တစ်ခါတစ်ရံ အိမ်များတွင် မင်စွန်းများ ချွတ်ရန်နှင့် ဘီသွာလျှော်များ အရောင်ချွတ်ရန် အသုံးပြုသော အောက်ဇဲ လစ်အက်စစ်(ဆော်ရဲဓာတ်ဆား)သည် ဤသို့သော တောက် သည့် အဆိပ်မျိုး ဖြစ်သည်။

နာဗ်ကြောအဆိပ်သည် အဆိပ်တကာတို့တွင် အပြင်း ထန်ဆုံး အဆိပ်ဖြစ်သည်။

ပိုးမွှားတိရစ္ဆာန်ငယ်များကို မှိုင်းတိုက်၍ သုတ်သင်ရာ တွင် မှိုင်းအဖြစ် အသုံးပြုသော ပရပ်ဆစ်အက်ဆစ်သည် ဓာတ် ငွေ့ဖြစ်သည်။ ဤအဆိပ်ဓာတ်ငွေ့သည် ပြင်းထန်ပြီး အလွန် အန္တရာယ်များသောကြောင့် ကျွမ်းကျင်သောသူများသာ ကိုင် တွယ်အသုံးပြုသင့်သည်။

အဆိုပါ ဓာတ်ငွေ့သည် ဗာဒံသီး အခါးနံ့ ရှိသည်။

ထိုဓာတ်ငွေ့ပျော်ဝင်နေသော ပျော်ဝင်ရည်သည်လည်း ဓာတ်ငွေ့ကဲ့သို့ပင် အလွန်အဆိပ်ပြင်းသည်။

ဓာတ်ပုံပညာတွင် အသုံးပြုသော ပိုတက်ဆီယံ ဆိုင်ယ နိုက်ကဲ့သို့သော ဓာတ်ဆားများသည်လည်း အဆိပ်ပြင်းထန် သည်။

ပြင်းထန်သော ဤအဆိပ်မျိုးမိသော သူများအား ထွက် သက်ဝင်သက်ပေးခြင်းကို ချက်ချင်းပြုလုပ်ပေးရမည်။

ဤ အဆိပ်မျိုးတွင် အယ်(လ)ကာလွိုက်ခေါ် သည့် နိုက်



www.burmeseclassic.com

www.burmeseclassic.com



ထရိုဂျင်ဓာတ်ပါသော အရာများ ပါဝင်သည်။

အယ်(လ)ကာလွိုက်ခေါ်သည့် နိုက်ထရိုဂျင်ဓာတ် ပါသောဓာတ်သည် အပင်အမျိုးမျိုးတွင် ရှိကြသည်။

နစ်ကိုတင်သည် ပါးစပ်မှ စားသည်ဖြစ်စေ၊အရေပြားမှ ဝင်သွားသည်ဖြစ်စေ အလွန်အဆိပ်ဖြစ်စေသည်။

ဆေးလိပ်လိပ်ရာတွင် ထည့်သည့် ဆေးရွက်တွင် နစ်ကိုတင်း အနည်းငယ်သာပါသည်။

ကြွက်သတ်ဆေးတွင် ယင်းကို အသုံးပြုသည်။ အနည်းငယ်မျှသုံးရုံဖြင့် ကြွက်ကို လျင်မြန်စွာသေစေနိုင်သည်။

ယင်းကို စားမိသည့်အခါ အကြောများ ဆွဲလာရာ ကလိုရိုဖောင်းပေး၍ ဖြေနိုင်သည်။

ဗရိုမိုက်သည် အဆိပ်ဖြေဆေး တစ်မျိုးဖြစ်၍ ဗီနိုဗာဗီတုံးသည် ကိုယ်တိုင်က အဆိပ်ဖြစ်သော်လည်း ထိုဗီနိုဗာဗီတုံးကို ထိုးဆေးအဖြစ် ထိုးပေးသောအခါ အဆိပ်ပြေစေသည်။

ဗဲလာဒွန်နာ(ပန်းတိုင်းခတ္တာ)မှရသော အက်တြိုပင်းနှင့် ဘိန်းပန်းပင်မျိုးမှရသော မော်ဖင်းတို့သည်လည်း အယ်(လ)ကာလွိုက် အဆိပ်များပင် ဖြစ်ကြသည်။

ဗီနိုဗာဗီတုံးသည် အနည်းငယ်စားလျှင် ဆေးဖြစ်၍ များများစားသော် အဆိပ်ဖြစ်သောကြောင့် ဘေးဖြစ်တတ်သည်။

ယင်း အဆိပ်မိသူအား ထွက်သက်ဝင်သက် ပေးခြင်းကို ပြုလုပ်ပေးသင့်သည်။

အဆိပ်ဓာတ်ငွေ့ကို နှစ်မျိုးနှစ်စား ခွဲခြားထားသည်။





ကလိုရင်း၊ ဗရိုမင်း၊ ကန့်ကို မီးရှို့၍ ထွက်လာသော အခိုးနှင့် စစ်ပွဲတွင်အသုံးပြုသော အဆိပ်ဓာတ်ငွေ့များသည် လည်ပင်းနှင့် အဆုတ်တစ်သျှူးများကို ပြင်းထန်စွာ အဆိပ်ဖြစ်စေသည်။

ကာဗွန်မိုအောက်ဆိုက် ဓာတ်ငွေ့သည် ဒုတိယအမျိုးတွင် ပါဝင်သည်။

သွေး၏လုပ်ငန်းတစ်ခုမှာ အဆုတ်မှ အောက်ဆီဂျင်ကို ယူ၍ အခြားလိုအပ်သော နေရာများသို့ ပို့ပေးသည်။

သွေးသည် အောက်ဆီဂျင်ထက် ကာဗွန်မိုအောက်ဆိုက်ဓာတ်ငွေ့ကို ပိုမိုလွယ်ကူစွာ စုတ်ယူလက်ခံက အောက်ဆီဂျင်ကို ပယ်သဖြင့် လူကို လုံးလုံးမွန်းသွားစေသည်။

ကျောက်မီးသွေး ဓာတ်ငွေ့၊ မော်တော်ကား အိတ်ဇောပိုက်(အခိုးထုတ်ပြွန်)မှထွက်သော အခိုးနှင့် ကုတ်မီးသွေးမှ ထွက်သော အခိုးတို့တွင် ကာဗွန်မိုအောက်ဆိုက် ပါဝင်သည်။

၎င်းအဆိပ်မိသောသူများအား ထွက်သက်ဝင်သက် ပေးခြင်းကို ပြုလုပ်ပေးရသည်။

ပထမကမ္ဘာစစ်အတွင်း (၁၉၁၅)ခုနှစ်က ဂျာမန်တို့သည် အဆိပ်ငွေ့များဖြင့် တိုက်ခိုက်သောကြောင့် လူအမြောက်အမြား သေကျေပျက်စီးခဲ့ကြသည်။

စစ်ပွဲများတွင် အဆိပ်ဓာတ်ငွေ့ကို သုံးသဖြင့် . ခရီးရောက်လှသည် ဆိုသော်လည်း ယဉ်ကျေးသော နိုင်ငံများကမူ အဆိပ်ဓာတ်ငွေ့ကို အလွန်အသုံးနည်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဓာတ်ငွေ့စစ်ပွဲများ ဖြစ်ပေါ်လာမည်ကို မည်သူမျှ မလိုလားသောကြောင့် (၁၉၃၆)ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းက. . . အဆိပ်ဓာတ်ငွေ့စစ်ပွဲများကို ရှုံ့ချပစ်ပယ်ကြောင်း ကြေညာခဲ့လေသည်။

မည်သို့ပင် တားဆီးပိတ်ပင်သော်လည်း အခါအခွင့်ကိုကြည့်၍ အဆိပ်ငွေ့များကို သုံးလျက်ပင် ရှိကြပေသေးရာ. . . ဒုတိယကမ္ဘာစစ်အတွင်းက စစ်တပ်များတွင် အဆိပ်ငွေ့ကာကွယ်သည့် မျက်နှာဖုံးများနှင့် ဆေးများ ဆောင်ထားကြရလေသည်။

ဖော်ပြပါ အဆိပ်များအပြင် တိရစ္ဆာန်များမှဖြစ်သော အဆိပ်နှင့် အပင်များမှဖြစ်သော အဆိပ်များလည်း ရှိသေးသည်။

တိရစ္ဆာန်အဆိပ်များတွင် မြွေဆိပ်ကို လူသိများကြသည်။

မြွေအမျိုးပေါင်း များစွာရှိသည့်အနက် အဆိပ်ပြင်းထန်သော မြွေမျိုးကို အပူပိုင်းဒေသများတွင် တွေ့ရသည်။

မြွေဆိပ်သည် ထိရုံနှင့် လောင်စားစေတတ်သော အဆိပ်မျိုးမဟုတ်ပဲ သွေးကြောထဲသို့ရောက်မှသာ အဆိပ်တက်နိုင်သည်။

သို့ရာတွင် အဆိပ်ရှိသော မြွေတို့တွင် ချွန်ထက်သော အစွယ်များရှိ၍ ထိုအစွယ်များဖြင့် ကိုက်မိပေါက်မိသောအခါ သွေးကြောများအတွင်းသို့ မြွေဆိပ်ဝင်မြဲဖြစ်သည်။

မြွေဆိပ်မိသူသည် ထိတ်လန့်တုန်လှုပ်လျှင်လည်းကောင်း၊ ပြေးလွှားလျှင်လည်းကောင်း၊ သွေးများလှုပ်ရှားမှု မြန်သဖြင့် အဆိပ်တက်လည်း မြန်တတ်သည်။





အဆိပ်ရှိသည့် မြွေများပေါရာ နိုင်ငံတိုင်း၌လိုပင် မြွေဆိပ်ဖြေဆေးများ ရှိကြသည်။

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းမှ ပြုလုပ်သော မြွေဆိပ်ဖြေဆေးသည် အစွမ်းထက်လှ၍ မြွေဆိုးအကိုက်ခံရသူများအား အချိန်မီထိုးပေးနိုင်လျှင် မုချ အသက်ချမ်းသာရာရနိုင်သည်။

အကယ်၍ ရုတ်တရက် ထိုးဆေးများ မရနိုင်လျှင် မြွေစွယ်ထိသောနေရာ၏ အထက်နားမှ ကျပ်စည်း၍ အဆိပ်ကို စုတ်ယူခြင်းမှာ အကောင်းဆုံး ဖြစ်ပေသည်။

အဆိပ်ပင်များအကြောင်းကို ဆက်လက်ဖော်ပြပါမည်။

ပိုးမွှားတိရစ္ဆာန်တို့ကို သတ်ဖြတ်ဖျက်ဆီးမည့် ရန်သူများရှိသကဲ့သို့ ကမ္ဘာပေါ်တွင် ပေါက်ရောက်လေသမျှ အပင်တို့တွင်လည်း ရန်သူများ ဝိုင်းရံလျက်ရှိသည်။

ထို့ကြောင့် အပင်တိုင်း ရှင်သန်ကြီးထွားစေရန် တစ်နည်းနည်းဖြင့် ရန်သူကို ကာကွယ်ကြရလေသည်။

လူများကို အစုလိုက်အပြုံလိုက် အဆိပ်သင့်ခဲ့သော ဖြစ်ရပ်မှာ နယ်ချဲ့များလက်ထက်က နမ္မတူဘော်တွင်းမှာ ဖြစ်ခဲ့သော အဖြစ်အပျက်ဖြစ်သည်။

ထိုအခါက သတ္တုတွင်းတူးဖော်စဉ်အခါက ဖြစ်သောကြောင့် ယခုအချိန်ကဲ့သို့ ခေတ်မီသောနည်းများဖြင့် ထုတ်လုပ်ကြခြင်း မဟုတ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



သတ္တုကျိုချက်ရာမှ အခိုးအငွေ့များကို ယခုအချိန်ကဲ့သို့ တောင်ထိပ်သို့ ဥမင်သွယ်၍ မပို့သေးပဲ သာမန်စက်ရုံများကဲ့သို့ အတန်အသင့်မြင့်သော မီးခိုးခေါင်းတိုင်တို့ကိုသာ အသုံးပြုခဲ့ကြလေသည်။

ထိုအချိန်က သတ္တုကျိုချက်ရာဌာနတွင် အလုပ်လုပ်ခဲ့ကြသော အလုပ်သမားကြီးများမှာ ရောဂါမယ်မယ်ရရ ပြစရာ မရှိပဲ တစ်ယောက်ပြီးတစ်ယောက် တဖြုတ်ဖြုတ် သေဆုံးကုန်ကြလေသည်။

ထိုနေရာတွင် လာရောက်အမှုထမ်းသူ အလုပ်လုပ်သူတို့မှာ (၆)လထက်မပိုပဲ ရောဂါရှာမရပဲနှင့် သေဆုံးကြရသည်။ ပယောဂနှောင့်ယှက်သဖြင့် သေကြရသည်ဟုပင် အမျိုးမျိုး တွေးထင်ယူဆခဲ့ကြသည်။

သေဆုံးသူများကို စစ်ဆေးကြည့်သောအခါ သွေးများဆုတ်နေပြီး အင်အားကုန်ခမ်းကာ သေရသည်မှန်း သိရသောအခါ သွေးစုပ်ဖုတ်ကောင်များ ဝင်ရောက်နှိပ်စက်သောကြောင့် သေရသည်ဟု ထင်သူက ထင်ကြလေသည်။

ရှေးအခါက ယခု သတ္တုချက်ရုံဟုခေါ်သော စက်ရုံကို 'ငွေစက်ရုံ၊ ငွေချက်စက်ရုံ'ဟု ခေါ်ဝေါ်ကြသည်။

ထိုစက်ရုံမှာ လာရောက်အလုပ်လုပ်သူတို့မှာ (၆)လထက် ပိုမနေရပဲ တစ်ယောက်ပြီးတစ်ယောက် သေကြသောအခါ . .

"သေချင်ရင် စိန်မစားနဲ့၊ ငွေစက်ရုံသွား"





ဟူ၍ပင် ပြောစမှတ် တွင်ခဲ့ကြလေသည်။

နောက်ပိုင်း လူအသေအပျောက်များလာပြီး . . လာရောက်လုပ်ကိုင်ဝံ့သူပင် မရှိသလောက် တဖြည်းဖြည်း ပါးရှားလာရာ ငွေချက်စက်ရုံပိုင်ရှင်ဖြစ်သော နယ်ချဲ့တို့က လူများသေကျေပျက်စီးရခြင်း အကြောင်းရင်းများကို သုတေသနပြုကာ စစ်ဆေးခဲ့ကြသည်။

လူများသေစေသောကြောင့် သုတေသနပြုခြင်း မဟုတ်ပဲ လာရောက်လုပ်ဝံ့သူ နည်းပါးသွားသောကြောင့်သာ မဖြစ်မနေ သုတေသနပြုခဲ့ကြရခြင်း ဖြစ်၏။

နောက်ဆုံးတွင် ဆရာဝန်များက သေဆုံးသွားသော အလုပ်သမားကြီးများကို ခွဲစိတ်ကြည့်သောအခါ . . အံ့သြဖွယ်ရာ အဖြစ်အပျက်တို့ကို တွေ့ရှိခဲ့ကြသည်။

အခြားမဟုတ်ပါချေ။

သေဆုံးကြသော အလုပ်သမားတို့၏ ဝမ်းတွင်းမှာရှိသော နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်တို့တွင် ငွေတုံးငွေခဲများက စုပုံပိတ်ဆို့နေသောကြောင့်ပင် ဖြစ်ပေသည်။

ထိုအခါမှ ငွေတုံးများကြောင့် အဆိပ်သင့်ပြီး သေရခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ကြရာမှ မီးခိုးခေါင်းတိုင်များ အသုံးပြုသောစံနစ်မှ လိုဏ်ခေါင်းစံနစ်ဖြင့် မီးခိုးထုတ်လွှင့်သော စံနစ်ကို အသုံးပြုခဲ့ကြသည်။

ထိုအခါမှ လူအသေအပျောက် နည်းသွားခဲ့ပြီး မီးခိုးလွှတ်သော လိုဏ်ခေါင်းမှာ တွယ်ကပ်နေခဲ့သော ငွေတုံးငွေခဲ



www.burmeseclassic.com

www.burmeseclassic.com



များကို တစ်နှစ်လျှင် ပိဿာချိန်ပေါင်းများစွာ ရရှိခဲ့ကြသည်။

အလုပ်သမားကြီး အသက်ဖြင့်ရင်းပြီး အဖြေရှာမှ ငွေဆိပ်သင့်လျှင် သေဆုံးရတတ်ပုံနှင့် မီးခိုးနှင့် ရောနှောပါသွားသော ငွေမှုန့်ငွေခဲများကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြခြင်း ဖြစ်သည်။

ကျွန်တော် ရေးခဲ့ပြီးသော စာအုပ်အချို့မှာလည်း နဂါးများ အဆိပ်ပြင်းထန်ပုံအကြောင်းများကို အတော်အသင့် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

အဆိပ်ပြင်းထန်ပုံအကြောင်းကို ရေးသားမည် ဆိုလျှင်တော့ နဂါးဆိပ်အကြောင်းကိုလည်း အတန်အသင့် ဖော်ပြပေးမှ ပြည့်စုံမှုရှိပေမည်။

နဂါးအဆိပ်သည်. . .

ကိုက်မိရုံဖြင့် ပျက်စီးစေသောအဆိပ်၊

နဂါးနှင့် ထိမိရုံဖြင့် ပျက်စီးစေသောအဆိပ်၊

နဂါးက ကြည့်ရုံမျှဖြင့် အဆိပ်သင့်စေသောအဆိပ်၊

နှာပေါက်မှ မှုတ်ထုတ်လိုက်သော လေနှင့် ထိမိရုံ၊ ရှူမိရုံနှင့် အဆိပ်သင့်စေသောအဆိပ်ဟူ၍ ရှိကြလေသည်။

ဘူရိဒတ်ဇာတ်တော်တွင် နဂါးမင်းသည် ၎င်းကို ရန်ပြုနှိပ်စက်လာသော အလမ္ပာယ်ပုဏ္ဏားကို ကြည့်မိလျှင် မွဲပြာဘဝ ရောက်မည်ကို သိသဖြင့် သီလမပျက်စေသောကြောင့် မျက်စိကို မှိတ်ထားပြီး ပြုသမျှခံခဲ့ကြောင်း ဖော်ပြထားလေသည်။

ဂူတစ်ဂူအတွင်း၌ အခြားရဟန်းအဖော်များနှင့် တရား





အားထုတ်နေသော ရဟန်းတစ်ပါးမှာ ဂူအပေါ်မှ ပြုတ်ကျလာသော နဂါးပေါက်ငယ်တစ်ကောင်နှင့် ထိမိသောကြောင့် တစ်ကိုယ်လုံး မွဲပြာကျကာ သေကျေပျက်စီးခဲ့ရကြောင်းလည်း ရှိပေသည်။

ဦးဗန်ကောင်းအနေဖြင့်. . သူ တွေ့ဘူးခဲ့သော အဆိပ်သင့်လူနာများနှင့် မတူသော သံပချိုင်ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်တို့ကို ကြည့်ပြီး အံ့ဩနေလေသည်။

"ဦးမွန်ထော် သူ့ကိုယ်ပေါ်က ဒဏ်ရာတွေက တခြားအဆိပ်သင့်တာတွေနဲ့ မတူသလိုပဲ၊ ဒီမှာ အဆိပ်ပြင်းလှပါတယ်ဆိုတဲ့ မြွေပွေးအဆိပ်တို့ မြွေဟောက်နက်အဆိပ်တို့တောင် မီမယ်မထင်ဘူး၊ ဒဏ်ရာတွေအပြင် တစ်ကိုယ်လုံးမှာ မီးလောင်ထားသလိုပဲ"

"ရေသရဲရဲ့ အဆိပ်က ပိုပြင်းတယ်၊ ဒါကြောင့် သူ့ကို အဂ္ဂိမုခအဆိပ်ကောင်လို့ ခေါ်ကြတာ"

"ဘာကြောင့် ဒီအမည် ပေးထားတာလဲ"

"အဂ္ဂိဆိုတာ မီး၊ မုခဆိုတာ အဆိပ်လို့ အဓိပ္ပါယ်ရှိတော့ မီးလို အဆိပ်ပြင်းတဲ့သတ္တဝါလို့ အဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့် သူ့အဆိပ်နဲ့ ထိမိရင် တစ်ကိုယ်လုံး မီးလောင်ခံရသလိုဖြစ်ပြီး သေကြရတာ၊ ဒီလိုအဆိပ်မျိုးက တခြားသတ္တဝါတွေမှာ မရှိဘူး၊ အဆိပ်ပြင်းတဲ့ ရေနေနဂါးတွေမှာပဲ ရှိကြတယ်"

"ဒါဖြင့် ရေသူရဲတွေက နဂါးတွေဆီက အဆိပ်ကိုများ ယူထားကြလို့များ ဒီလောက်အဆိပ်ပြင်းနေကြသလား ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး”

“အရင်ကတော့ ရေသူမတို့ ရေသရဲတို့ဆိုတာ ဒဏ္ဍာရီပုံပြင်တွေထဲမှာသာ ရှိတယ်လို့ ထင်နေကြတာ၊ အခုမှပဲ ရေသရဲဆိုတာ တကယ်ရှိတယ်ဆိုတာ လက်တွေ့မြင်ရတော့တယ်”

တစ်ယောက်က ဝင်ပြောလိုက်သည်။

“လောကမှာ ကိုယ့်အနေနဲ့ ကိုယ်မမီနိုင်လောက်အောင် ထူးခြားဆန်းပြားတဲ့ အကြောင်းအရာတွေ၊ ကိုယ်မသိနိုင်သေးတဲ့ အကြောင်းအရာတွေ အများကြီးရှိသေးတယ်. . ဒါကြောင့် သိတဲ့လူတွေ တွေ့ဖူးကြုံဖူးတဲ့လူတွေက ပြောရင် လိုက်နာရတယ်၊ ဇွတ်တိုးပြီး မလုပ်ရဘူး၊ ဇွတ်တိုးပြီးလုပ်ရင် မဖြစ်သင့်တာတွေဖြစ်ပြီး အခုလို အန္တရာယ်မျိုးတွေနဲ့ တွေ့ကြုံရတတ်တယ်”

ဟု ဦးမွန်ထော်က ပြောသောအခါ အားလုံးဘာမှ ပြန်မပြောကြတော့ပေ။





# အခန်း(၁၀)

# ပင်လယ်ကမ်းခြေမှ အလောင်း

မိုးက အချိန်အခါမဟုတ် သဲသဲမဲမဲ ရွာချနေလေသည်။ ယခင်ကလို မုန်တိုင်းကျခြင်းမျိုး မဟုတ်သော်လည်း မိုးက အတော်များသည်။

ယခင်ကဆိုလျှင် မေလ (၁၅)ရက်နောက်ပိုင်းရောက်တော့မှ မုတ်သုံအကြို မိုးရွာလေ့ရှိသော်လည်း ယခုအခါမှာတော့ မေလဆန်းစမှာပင် မမျှော်လင့်ပဲ မိုးက သဲသဲမဲမဲ ရွာချနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . လေပြင်းတိုက်ခတ်မှုမျိုး မရှိသောကြောင့် စိုးရိမ်စရာတော့ မရှိပါပေ. . .။

ထိုနေ့မှာမှ နီမောင်က မြိတ်သို့သွားရာမှ အပြန်နောက်ကျနေသည်။ ညနေပိုင်း အချိန်ရောက်တော့မှ တစ်ယောက်တည်း ပြန်လာခဲ့ခြင်းဖြစ်သည်။

မြို့နှင့် သူတို့ရွာသို့ ဖြတ်သွားသောလမ်းမှာ ချောချောမွေ့မွေ့ လမ်းမျိုးတော့ မဟုတ်ပေ။

ထိုလမ်းတစ်နေရာမှာ သုသာန်ရှိပြီး ချုံနွယ်ပိတ်ပေါင်းများလည်းရှိသည်။

သုသာန်မှာ အတွင်းဘက်မှာရှိပြီး ထိုနေရာသို့ သီးခြားသွားသော လမ်းတစ်လမ်းလည်း ရှိလေသည်။

ထိုလမ်းအဝင် တစ်နေရာမှာတော့ ခရီးသွားများ၊ အသုဘ လိုက်ပို့သောလူများ. . ဝင်ရောက်နားသော ဇရပ်ကြီးတစ်ဆောင်ရှိသည်။

အောက်က အင်္ဂတေခင်းထားပြီး ကြီးမားသော သစ်သားတိုင်လုံးကြီးများဖြင့် ဆောက်ထားခြင်းဖြစ်ပြီး၊ အမိုးကတော့ သွပ်ချပ်များ မိုးထားသည်။

ထိုသွပ်ချပ်များမှာ ဇရပ်စဆောက်ကတည်းက မိုးထားသောကြောင့် သံချေးများတက်ကာ အမည်းရောင် သမ်းနေသည်။ အချို့နေရာများမှာ သံကွာနေသဖြင့် သွပ်ချပ်များလည်း ထွက်နေရာ လေတိုက်သည့်အခါတွင် တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် အသံများ ပေါ်ထွက်နေလေသည်။





ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာပြတ်ပြီး. . သရဲခြောက်သည်ဟု လူပြောများသောကြောင့် အချိန်မရှိတော့လျှင် တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားမလာဝံ့ကြပေ. . .။

ယခု နီမောင် ပြန်လာသောအချိန်မှာ ညနေပိုင်း နေဝင်ချိန်ဖြစ်သည်။ မိုးရွာနေသည်ကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းစပြုနေလေပြီ။

နီမောင်က သရဲတစ္ဆေကြောက်တတ်သူ မဟုတ်သော်လည်း ထိုနေရာက လူပြောများသောကြောင့် သတိဖြင့်လျှောက်လာလေသည်။

ဇရပ်ရှိသောနေရာနှင့် အတော်ဝေးဝေးကပင် သွပ်ပြားချပ်များ ရိုက်သံကြားနေရသည်။ .

ထိုနေရာရောက်လာတော့ ဇရပ်ရှိရာဘက်မှာ ညည်းညူသံလိုအသံမျိုး မသဲမကွဲ ကြားရလေသည်။

"အီး. . ဟီး. . ဟီး"

"အီး. . . ဟီး. . . ဟီး"

နီမောင်က ရပ်ပြီး နားစွင့်ကြည့်လေသည်။

ဇရပ်ရှိသောနေရာဘက်မှ ညည်းညူသံကြားရလေသည်။

"အီး. . ဟီး. . ဟီး. . "

အသံကတော့ လူညည်းသံမျိုးဖြစ်သည်။ .

သို့သော်လည်း ဒီလိုရာသီဥတု ဆိုးနေသည့် အချိန်မျိုးမှာတော့ ဘယ်သူကမှ ဒီနေရာမှာ လာနေမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သူ့ကိုသရဲခြောက်နေသည်ဟု ထင်သဖြင့် ထိုနေရာမှ ဆက်လျှောက်လာသည်။

သူလျှောက်လာသော်လည်း သူ့နောက်မှာ အသံက တော့ ကြားနေရဆဲပင်. . .။

သို့ကြောင့် ခြေလှမ်းရပ်ပြီး နားစွင့်ကြည့်သည်။

သရဲခြောက်နေသည် မဟုတ်ပေ။

ဇရပ်ဘက်မှ လူတစ်ယောက် ညည်းညူနေသော အသံ ကို အတိုင်းသား ကြားနေရခြင်းဖြစ်သည်။

အတန်ကြာအောင် နားစွင့်ကြည့်နေပြီးမှ နောက်ဘက် သို့ ပြန်လျှောက်သွားပြီး ဇရပ်ဘက်သို့ သွားသောလမ်းအတိုင်း ဝင်လာခဲ့သည်။

မိုးက မစဲသေး။ သွပ်ချပ်များ တဝုန်းဝုန်း ရိုက်သံများ လည်း ကြားရလေသည်။

ထိုအသံများ ကြားမှ ဇရပ်နှင့်နီးလာတော့ လူညည်းသံ ကို ပိုမိုသဲကွဲစွာ ကြားရလေသည်။

"အီး. . ဟီး. . ဟီး"

ဇရပ်နားရောက်တော့ ဇရပ်ထောင့်တစ်နေရာမှာ တုံး လုံးလဲနေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

ပုဆိုးတစ်ထည်ကို တစ်ကိုယ်လုံးပတ်ပြီး ကွေးကာ တ အီးအီးနှင့် ညည်းညူနေခြင်းဖြစ်သည်။

"ဘယ်သူများ ဘယ်လိုဖြစ်နေတာပါလိမ့်"

ဟု တွေးတောပြီး ဇရပ်ပေါ် တက်လာသည်။





သူအနားရောက်သွားသည်အထိ ထိုလူက သတိမရ သေးပဲ ညည်းညူနေဆဲပင်. . .။

"အီး. . ဟီး. . ဟီး"

လူတစ်ယောက်မှန်း သေချာသွားတော့မှ အနားကပ် ကာ ငုံ့ကြည့်လိုက်လေသည်။

"ဟင်. . အရှုးတေနောင်ပါလား"

ထိုအခါမှ အနားကပ်ပြီး ကိုယ်ကိုစမ်းကြည့်တော့ တစ် ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေလေသည်။

"သူဖျားပြီး သတိလစ်နေတာပဲ. . ဒီအတိုင်းထားခဲ့ရင် တော့ အအေးပတ်ပြီး သေမှာအမှန်ပဲ"

ထိုသို့စဉ်းစားမိသဖြင့် တေနောင်ကို နိုးကြည့်တော့ လည်း သတိမရပဲ ညည်းညူလျက်သာ ရှိလေသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ၄င်း ကိုတွဲထူကာ အိမ်ရောက်အောင် ခက်ခက်ခဲခဲနှင့် ပြန်လာခဲ့ရလေ သည်။

အိမ်ရောက်တော့ မိဘများဖြစ်သော ဦးဘရှိန်နှင့် ဒေါ် ကျင်မေတို့ကလည်း သူ့ကိုအပြစ်မပြောပဲ လိုအပ်သည်များကို ဝိုင်းကူလုပ်ပေးကြလေသည်။

အဝတ်လဲသူကလဲပေး၊ ရေနွေးအိုးကျိုသူကျို၊ အိမ်မှာ ဆောင်ထားသော အခိုးပွင့်ဝန်းဆေး ထုပ်ရှာသူကရှာနှင့် အလုပ် ရှုပ်နေကြသည်။

အချိန်အနည်းငယ်ကြာသောအခါ တေနောင်ကိုအ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ခြောက်များနှင့် လဲပေးပြီး ရေနွေးပူပူနှင့် ငန်းဆေးတစ်ခွက် တိုက်လိုက်သောအခါ ညည်းညူသံ ပျောက်သွားသည်။

ထိုနောက်မှာတော့ စောင်ကြမ်းတစ်ထည် ခြုံပေးထားလိုက်သောအခါ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားလေတော့သည်။ ထိုအခါမှပင် သားမိသားဖ သုံးယောက်လည်း နားကြရပြီး ညစာစားရန် ပြင်ရတော့သည်။

“သူ့ကို မင်းခေါ်လာလို့ပဲ တစ်ညလုံးသာ ဇရပ်ပေါ်မှာ နေရရင်တော့ မိုးလေတွေမိပြီး သေမှာမုချပဲ”

ဦးဘရှိန်က ပြောသည်။

“သူ့ခမျာ ဘဝကံအကျိုးပေး နည်းခဲ့လို့ ဒီလိုဘဝမျိုး ရောက်နေရပေမယ့် လူဟာလူပါပဲ၊ ဒုက္ခရောက်နေတဲ့ အချိန်မျိုးမှာ အကူအညီ ပေးသင့်ပါတယ်”

ဟု ဒေါ်ကျင်မေကပါ ဝင်ပြောလေသည်။

သားမိသားဖသုံးယောက် ညစာစားရင်းနှင့် နားစွင့်ကြည့်ရာ တေနောင်တစ်ယောက် နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်နေသံကို ကြားရလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ မိုးစဲသွားပြီး နေရောင်ခြည်ပင် လင်းလက်နေလေပြီ။

တေနောင်တစ်ယောက်လည်း. . အဖျားကျသွားပြီးနောက် သတိပြန်ရနေလေပြီ။

“မင်းသတိရပြီလား တေနောင်. . .”

ခေါင်းညိတ်ပြသည်။





“ညက မင်းငါ့ကို ခေါ်လာပြီး ဆေးကုပေးတာလား”

“အေး ဟုတ်တယ်၊ ဇရပ်ပေါ်မှာ မင်းဖျားပြီး သတိမေ့နေတာတွေ့လို့ ငါခေါ်လာတာ၊ အခုသက်သာသွားပြီ မဟုတ်လား. . . .”

“သက်သာသွားပါပြီ မင်းကိုကျေးဇူးတင်ပါတယ်၊ ငါ့ကို အရူးဆိုပြီး ဘယ်သူမှ အကူအညီ မပေးကြပါဘူး”

“ရပါတယ်ကွာ ဒါတွေ တွေးမနေပါနဲ့၊ ငါတို့က ဆင်းရဲပေမယ့် တတ်နိုင်သလောက်တော့ လုပ်ပေးနိုင်ပါတယ်”

“ငါ့ အသက်ကို ကယ်ခဲ့တဲ့အတွက် မင်းတို့မိသားစုကို ကျေးဇူးတင်ပါတယ်၊ တစ်နေ့ကျရင် တတ်နိုင်သမျှ ကျေးဇူးပြန်ဆပ်ပါမယ်”

နီမောင်က တေနောင်မျက်နှာကို အကဲခတ်သလိုကြည့်လိုက်တော့ လူကောင်းတစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

“မင်းကြည့်ရတာ. . အခုတော့လည်း လူကောင်းတစ်ယောက်လိုပါပဲလား၊ ဘာမှမဖြစ်တော့ဘူး”

“ကောင်းတဲ့အခါ ကောင်းနေပြီး၊ ဆိုးတဲ့အခါလည်း ဆိုးနေတာပေါ့ကွာ. . .”

ဟု ပြောပြီး နေရာမှ ထရန်ပြင်သည်။

“မင်း အပြင်သွားလို့ ဖြစ်မယ်မထင်သေးဘူး၊ တော်ကြာ အဖျားပြန်ဝင်လာရင် ကုရခက်လိမ့်မယ်၊ ငါ ဆရာကြီး ဦးဖန်ကောင်းကို သွားခေါ်ပေးမယ်၊ သူနဲ့ တစ်ရက်နှစ်ရက်ကုပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချရတော့မှ မင်းသွားချင်ရာ သွားပါလား"

"ရပါတယ်ကွာ ဒီလောက်လုပ်ပေးတာပဲ ကျေးဇူးတင်လှပါပြီ၊ တခြားလူတွေဆိုရင် ဒီလိုအိမ်ခေါ်ပြီး ဆေးကုပေးဖို့နေနေသာသာ လမ်းမှာလဲနေရင်တောင် မေးမယ့်သူ မရှိပါဘူး၊ ငါ့အတွက် ဒုက္ခမရှာပါနဲ့တော့"

ဟုပြောလေသည်။

"ဒုက္ခရှာတယ်လို့လည်း ဘယ်ဟုတ်ပါ့မလဲ မင်းငါ့ကို ကျေးဇူးတင်တယ်ဆိုရင် ဒီမှာတစ်ရက်လောက်နေပြီးမှ မင်းသွားချင်ရာသွားပါ"

ဟုပြောရာ တေနောင်က နီမောင်ကို မျက်လုံးအပြူးသားနှင့် ကြည့်နေလေသည်။

ထိုနောက်မှာတော့ ဆရာကြီး ဦးဇန်ကောင်းကို အကျိုးအကြောင်းပြောပြပြီး ခေါ်လာရာ. . လိုက်လာပြီး ဆေးကုပေးသည်။

နေ့လယ်ဘက်အချိန်လောက်တွင် နီမောင့်အိမ်ရှေ့သို့ ဆားပုလင်းရွှေမိုးနှင့် ပုလိပ်သုံးယောက် ရောက်လာကြသည်။

"နီမောင်ဆိုတာ ဘယ်သူလဲ"

"ကျွန်တော်ပါပဲ. . ."

"မင်းကို မေးစရာရှိလို့ လာခဲ့တာပဲ"

"မေးစရာရှိတာမေးပါ"

"ဘုရားကျောင်းက ပက်ထရစ်ဆိုတဲ့ ကျောင်းသားကို မင်းသိသလား"





"တစ်ခါတော့ တွေ့ဘူးပါတယ်"

"ဘယ်လိုအကြောင်းနဲ့ သိတာလဲ"

နီမောင်က ပြောသင့်မပြောသင့် အတန်ကြာအောင် စဉ်းစားနေလေသည်။

"ငါမေးတာကို မှန်မှန်ပြောပါ"

"စာတစ်စောင်သွားပေးဖူးပါတယ်"

"ဘယ်သူပေးခိုင်းတဲ့ စာလဲ"

ထပ်ပြီး စဉ်းစားရပြန်လေသည်။

မြဝင်းသူအမည်ကို ပြောလို့ ဖြစ်ပါ့မလားဟု စဉ်းစားနေခြင်းဖြစ်သည်။

"မင်း ငါမေးတာကိုသာ မှန်မှန်ပြောပြပါ မဟုတ်ရင်. . မင်းကို တစ်ခါတည်း ဖမ်းခေါ်သွားရလိမ့်မယ်"

ထိုသို့ပြောသဖြင့် မငြင်းသာတော့ပဲ အမှန်အတိုင်းပြောပြလိုက်ရလေသည်။

"မြဝင်းသူ ပေးခိုင်းတဲ့စာပါ. ."

"မြဝင်းသူ ဆိုတာဘယ်သူလဲ"

"မြိတ်က သူဌေး ဦးလွန်းမောင်ရဲ့ သမီးပါ. . ."

"ဒါဖြင့် မင်းသိသမျှ ပြောပြပါဦး"

နီမောင်က မြဝင်းသူက စာတစ်စောင် ပေးခိုင်းသဖြင့် ပက်ထရစ်ကို သွားပေးခဲ့ပုံနှင့်၊ ပက်ထရစ် ပေးလိုက်သော စာကတော့ လမ်း၌ လူဆိုးများလုယူခံရပုံပါ ပြောပြလိုက်သည်။

ထိုအကြောင်းကို ကြားသောအခါ ဆားပုလင်းရွှေမိုးက



www.burmeseclassic.com

www.burmeseclassic.com



များစွာစိတ်ဝင်စားသွားလေသည်။

"မင်းပြောတာ အမှန်ပဲလား၊ ပက်ထရစ်ဆီက စာကိုလု ယူလိုက်တဲ့ လူတွေကို မင်းသိသလား"

"မသိပါဘူး"

"မြင်ရင်ကော မှတ်မိပါ့မလား"

"သူတို့က ရုပ်ဖျက်ထားတော့ မမှတ်မိပါဘူး"

ဆားပုလင်း ရွှေမိုးကတော့ နီမောင်ပြောတာကို အပြည့် အဝ မယုံကြည်ပေ။

တစ်စုံတစ်ခုသော. . အကြောင်းကြောင့်သော်လည်း ကောင်း၊ သို့မဟုတ် ကြောက်ရွံ့၍သော်လည်းကောင်း ဖုံးကွယ် ပြောဆိုနေခြင်း ဖြစ်မည်ဟု ထင်နေသည်။

"မြဝင်းသူနဲ့ ပတ်ထရစ်က ချစ်သူတွေ ဖြစ်နေကြသ လား"

"အဲဒါလည်း ကျွန်တော်မသိပါဘူး၊ စာပေးခိုင်းလို့သာ သွားပို့ပေးရတာပါ"

"မင်းက ပက်ထရစ်ကို တွေ့ဖူးတဲ့သူဆိုတော့ ခေါ်ပြရ ဦးမယ် ငါတို့နဲ့လိုက်ခဲ့ပါ. . ."

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင်လည်း ပုလိပ်များ နှင့် လိုက်သွားရလေသည်။

အရှုးတေနောင်ကတော့ နီမောင်ကို ပုလိပ်များခေါ် သွားသည်ကို မြင်သောအခါ ကြောက်ရွံ့ထိတ်လန့်နေဟန်ဖြင့် မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်ရင်း ကျန်ခဲ့လေသည်။





နီမောင်ကို ပုလိပ်များခေါ်သွားသောအခါ ရွာသူရွာ သားကပါ ထွက်ကြည့်နေကြလေသည်။

ဆားပုလင်း ရွှေမိုးတို့က ခရစ်ယာန်ဘုရားကျောင်းရှိရာ သို့ ခေါ်သွားလေသည်။

ထိုနေရာရောက်တော့မှ ကျောက်ဆောင်များကြားမှ ပင်လယ်ကမ်းခြေဘက်သို့ ဆင်းသွားကြလေသည်။

ရေစပ်တစ်ဝိုက် ကျောက်တုံးကျောက်ဆောင်များ ရှိ သောနေရာတစ်ဝိုက်သို့ ရောက်သောအခါ ပုလိပ်အချို့နှင့် ရွာ သားများ ရောက်နေကြသည်ကို တွေ့ရသည်။

အနီးသို့ ရောက်သောအခါ ခရစ်ယာန်ကျောင်းအုပ်ကြီး မစ္စတာသောမတ်နှင့် အခြားကျောင်းသားအချို့ ရောက်နေကြ သည်ကို ထပ်တွေ့ရသည်။

ရွာလူကြီး ဇမုန်းထန်လည်း ရောက်နေလေသည်။

ကျောက်ဆောင်ကြားတစ်နေရာမှာတော့ တစောင်း အနေအထား လဲကျနေသော အလောင်းတစ်လောင်းကို တွေ့ ရသည်။

မျက်နှာက အပေါ်ဘက်သို့ ခတ်စောင်းစောင်း အနေ အထားမျိုးဖြစ်သောကြောင့် မြင်နေရသည်။

ပက်ထရစ်ဆိုတာ သူပင်ဖြစ်သည်။

ဆားပုလင်းရွှေမိုးက နီမောင်ကို ထိုနေရာ ရောက်သည် အထိ ခေါ်လာပြီးမှ မေးသည်။

"မင်း သူ့ကိုသိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ ကျွန်တော် စာလာပို့ပေးတာ သူဆီပါပဲ၊ သူနာမည် ပက်ထရစ်လို့ ပြောပါတယ်. . ."

ထိုအခါ ရွှေမိုးက ဂျင်းအိတ်ထဲမှ စာတစ်စောင်ထုတ်ပြီး နီမောင်ကို ပေးသဖြင့် ဖြန့်ကြည့်လိုက်သည်။

"စာက မင်းယူလာတဲ့ စာလား"

"မဟုတ်ပါဘူး"

"ဒီစာရွက်ပေါ်မှာ ရေးထားတဲ့စာတွေကို ကျွန်တော် မဖတ်တတ်ပေမယ့် ကျွန်တော်ယူလာတဲ့ စာရွက်မဟုတ်ဘူး ဆိုတာတော့ သိပါတယ်"

"ဘယ်လိုကြောင့် သိတာလဲ"

"ကျွန်တော်ယူလာတဲ့ စာရွက်ပေါ်မှာ ရေးထားတဲ့ စာလုံးတွေက ပိုများပါတယ်. . ."

နီမောင်ပြောပြသော အချက်ကို ဆားပုလင်းရွှေမိုးက သဘောကျသွားလေသည်။ အဘယ်ကြောင့် ဆိုသော်. . .

သူတို့အတွက် အရေးကြီးသော သဲလွန်စတစ်ခု ရသွားသောကြောင့်ဖြစ်သည်။

"မနေ့က ညနေပိုင်း မိုးတွေရွာနေတော့ မင်းဘယ်မှာ ရှိနေသလဲ"

"မြိတ်က ဈေးဝယ်ပြီး ပြန်လာတော့ လမ်းကဇရပ်ပေါ်မှာ အရူးတစ်ယောက်ဖျားပြီး သတိမေ့နေတာတွေ့တာနဲ့ အိမ်ခေါ်သွားပြီး ဆေးကုပေးနေပါတယ်"

"အဲဒီအရူးက ဘယ်မှာလဲ"





"ကျွန်တော်ထွက်လာတော့ အိမ်မှာကျန်နေခဲ့ပါတယ်"

သို့သော် နီမောင်ပြောသလို အိမ်မှာမရှိတော့ပဲ သူ့ကို ပုလိပ်များခေါ်ဆောင်လာပြီးနောက်တွင် နောက်မှလိုက်လာလေရာ ယခုအခါ ကမ်းခြေသို့ပင် ရောက်လာချေပြီ. . .။

"သေမင်း မိစ္ဆာတွေ ရောက်လို့လာ. . .

လူတွေ အများကြီးသေရပြီပေါ့. . .

ပျော်ကြတယ်ဟေ့. . ပျော်တယ်ဟေ့. .

တစ်ယောက်သေပြီးလည်း မပြီးသေးပေ. . .

နောက်လူတွေလည်း သေကြဦးမပေါ့. . ."

ဟု အော်ပြောနေရာ ရာဇဝတ်အုပ် ဦးမင်းဒင်မှာ အော်ထုတ်လိုက်လေသည်။

ဦးမင်းဒင်မှာ သူတာဝန်ယူပေးနေရသော ကမ်းခြေတစ်ဝိုက်မှာလူတွေ တစ်ယောက်ပြီး တစ်ယောက်သေဆုံးမှုများ ပေါ်ပေါက်နေသဖြင့် စိတ်ညစ်နေဟန်ရှိလေသည်။

"လူတွေစိတ်ရှုပ်ရတဲ့အထဲ. . ဒီအရူးက ဘာတွေလာအော်နေတယ်မသိဘူး၊ မြန်မြန်သွားစမ်းကွာ မဟုတ်ရင် ငါ သေနတ်ဒင်နဲ့ ထုမိလိမ့်မယ်"

ထိုသို့ပြောသော်လည်း အရူးတေနောင်ကတော့ သူပြောချင်ရာပြောပြီး ထိုနေရာတစ်ဝိုက်မှာ ကခုန်လျက်ရှိလေသည်။

ထိုအခိုက်မှာပင် ဦးမင်းဒင်က မစ္စတာသောမတ်အား သိချင်တာများ မေးမြန်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေဆုံးတဲ့သူက ကျောင်းသားတစ်ယောက်လို့ သိရပါတယ် သူ့နာမည် ပက်ထရစ်ဆိုတာ မှန်ပါသလား၊ သူ့အကြောင်းကိုသိသမျှ ပြောပြပေးပါ ဆရာကြီး"

"သူ့နာမည်က ပက်ထရစ်ပါပဲ. . . ကျုပ်ကျောင်းမှာ ကျောင်းစဖွင့်ကတည်းက တက်နေတဲ့ ကျောင်းအိပ်ကျောင်းစာ တစ်ယောက်ပါပဲ၊ ပက်ထရစ်က လူအေးတစ်ယောက်ပါပဲ. . တခြားကျောင်းသားတွေနဲ့လည်း ပြဿနာမရှိပါဘူး"

"သူဘယ်လိုကြောင့် သေရတယ်လို့ ထင်ပါသလဲ. . ."

"ဒါတော့ ဘုရားသခင်မှာပဲ အမှန်တရားကို သိနိုင်မှာပါပဲ"

"သူ ဘာတွေလုပ်တတ်တယ် အခုတလော ဘယ်လိုထူးခြားမှုတွေ ရှိတယ်ဆိုတာ ဆရာကြီး သိသမျှပြောပြပေးပါ"

"ပက်ထရစ်က အသောက်အစားကင်းပြီး ကျန်းမာရေးကို လိုက်စားတဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ မနက်စောစောထပြီး သောင်ပြင်မှာ ပြေးလေ့ရှိတယ်၊ တစ်နေ့တစ်ကြိမ်လောက်တော့ ပင်လယ်ထဲမှာ ရေကူးလေ့ရှိပါတယ်"

မစ္စတာ သောမတ်ပြောသောအချက်မှာ ယခုမြင်တွေ့ရသော အခြေအနေနှင့် ဆက်စပ်မှုရှိပေသည်။

အဘယ်ကြောင့်ဆိုသော် အလောင်းကို တွေ့ရသောအချိန်မှာ နံနက်စောစောအချိန်ဖြစ်ပြီး အားကစားပြုလုပ်ရာတွင် ဝတ်ဆင်သော အဝတ်အစားများနှင့်ပင်ဖြစ်သည်။

ထို့နောက် အလောင်းကို စစ်ဆေးကြည့်သောအခါ





တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရှိနေပြီး ထိုဒဏ်ရာဒဏ်ချက်များမှာလည်း အဆိပ်ရည်ကြောင့်. . မည်းပြာလျက် ရှိနေလေသည်။

အတော်များများကတော့ ပင်လယ်ကမ်းခြေမှာ ရှိနေစဉ် ယခုတစ်လောနာမည်ကြီးနေသော ရေသရဲနှင့် တွေ့ပြီး သေဆုံးရတာဖြစ်မည်ဟု ခန့်မှန်းပြောဆိုနေကြသည်။

"ဒါ ရိုးရိုးသေတာ မဟုတ်ဘူး၊ ဒဏ်ရာဒဏ်ချက်တွေနဲ့ အဆိပ်သင့်ပြီး သေရပုံရတယ်. . . ဒီလိုသေပုံသေနည်းတွေက မကြာမကြာဖြစ်နေတာဆိုတော့ အဖြေပေါ်တဲ့ အထိစစ်ဆေးကြရပါမယ်၊ ဒါကြောင့် ရန်ကုန်မှာရှိတဲ့ လူကြီးတွေဆီကို တင်ပြဖို့ စီစဉ်ကြရမယ်"

ဟုပြောဆိုပြီး အလောင်းကို လိုအပ်သော စစ်ဆေးမှုများ၊ မှတ်တမ်းတင်မှုများ ပြုလုပ်ပြီးနောက် သယ်ယူရန် ပြင်ဆင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# ဒေါက်တာမင်းထင်ကျော် ရောက်လာလေပြီ

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်နေ့တွင်. . . ရန်ကုန်မှ လူတစ်ယောက်ရောက်လာလေသည်။

အခြားသူတော့ မဟုတ်ပေ. . .။

ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က သုတေသနသမားလည်း ဖြစ်၊ စုံထောက်ပညာမှာလည်း အတန်သင့်ကျွမ်းကျင်သူ ဖြစ်သောကြောင့် ရာဇဝတ်ဝန်ကြီးက အကူအညီတောင်းပြီး. .ဖိတ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ဌာနအုပ် ဦးမင်းဒင်ကတော့ ဒေါက်တာမင်းထင်ကျော် ရောက်လာသောကြောင့် များစွာအားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

"ဆရာရောက်လာတာ အတော်ပါပဲ၊ ဒီမှာတော့ လူတွေ မကြာခဏ သေနေတာနဲ့ ကျုပ်လည်း ခေါင်းပူလှပြီ အဆိုးဆုံးကတော့ တစ်နေ့က မျက်နှာဖြူကျောင်းသားတစ်ယောက် သေရတာပဲ၊ ကျန်တဲ့အမှုတွေထက် ဒီအမှုအဖြေ မပေါ်ရင်တော့ ကျုပ် အလုပ်ပြုတ်မှာ အသေအချာပါပဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ ဦးမင်းဒင် ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်၊ မျက်နှာဖြူကျောင်းသား အလောင်းက ရှိသေးတယ် မဟုတ်လား"

"ရင်ခွဲရုံမှာရှိပါတယ်၊ ဆားပုလင်းရွှေမိုး လိုက်ပို့ပေးပါလိမ့်မယ်. . ."

ဟုပြောပြီး ဆားပုလင်းရွှေမိုးကို အကျိုးအကြောင်းပြောပြရာ ရွှေမိုးက ရင်ခွဲရုံသို့ လိုက်ပို့ပေးလေသည်။

ဆေးရုံအနောက်ဘက်မှာရှိသော သီးခြားအဆောင်ထဲမှာ အလောင်းကိုထည့်ထားသည်။

ဆေးထိုးထားသောကြောင့် အခြေအနေမပျက်သေးပဲရှိရာ. . အသေအချာ စစ်ဆေးကြည့်ရှုခွင့် ရလေသည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသူ၏ ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်များကို စိတ်ရှည်လက်ရှည် စစ်ဆေး





ကြည့်လေသည်။

ထိုသို့စစ်ဆေးကြည့်နေရင်းမှပင် ပက်စထရစ်ကိုယ်ပေါ်မှ ဒဏ်ရာတစ်ခုကို တွေ့သွားလေသည်။ ထိုဒဏ်ရာကို အသေအချာ စစ်ဆေးကြည့်ပြီးသောအခါမှ မှတ်ချက်ချလေသည်။

"သူ့အသတ်ခံရတာပါ"

အနားမှာရှိနေသော ရွှေမိုးမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"သူ့ကိုယ်ပေါ်မှာတွေ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေထက် ကျောဘက်မှာတွေ့ရတဲ့ ဒဏ်ရာကြောင့် သေရတာပါ"

ဒေါက်တာမင်းထင်ကျော်က ပက်ထရစ်ကျောပြင် တစ်နေရာမှာပေါ်နေသည့် စူးချွန်ဖြင့် ထိုးထားသော ဒဏ်ရာကိုပြလေသည်။

"ကဲ. . . ရေ့မှာဖြစ်ပျက်ခဲ့တဲ့ အမှုအခင်းတွေနဲ့ ပတ်သတ်ပြီး ရေးထားတဲ့မှတ်တမ်းတွေကို ကြည့်ကြရအောင်"

ဟု ပြောပြသဖြင့် ရုံးခန်းကိုခေါ်သွားပြီး မှတ်တမ်းဖိုင်များကို ချပေးလိုက်သည်။

ထိုမှတ်တမ်းများမှာ ပင်လယ်ထွက်သော အလုပ်သမား သုံးယောက် သေသောမှတ်တမ်း။

ဗိုလ်တဲမှ မျက်နှာဖြူတစ်ယောက် သေဆုံးသောမှတ်တမ်းများနှင့် ပက်ထရစ် သေဆုံးမှုမှ ရေးထားသော မှတ်တမ်းများပင် ဖြစ်လေသည်။

ထို့နောက် ရွှေမိုးက ပက်ထရစ်ကိုယ်ပေါ်မှ ရှာဖွေတွေ



www.burmeseclassic.com

www.burmeseclassic.com



သောစာကိုထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ကို ပေးလိုက်လေသည်။

"ဒီစာက သေတဲ့သူ အိတ်ထဲကတွေ့လို့ ကျွန်တော်ယူထားတာပါ။ ဝှက်စာရေးနည်းနဲ့ ရေးထားမှန်းတော့ သိတယ်၊ ဒါပေမယ့် ဘယ်လိုရေးနည်းမှန်း မသိတော့ အဓိပ္ပာယ်ဖော်လို့ မရဘူး ဖြစ်နေတယ်"

ရွှေမိုးက အမှန်အတိုင်းပင် ပြောပြလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က စာရွက်ကို အတော်ကြာအောင် ဖတ်ကြည့်နေရင်းမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

သူ့လက်ထဲမှာ ကိုင်ထားသော စာရွက်ပေါ်၌ ရေးထားသော စာများမှာ အောက်ပါအတိုင်းဖြစ်သည်။

"စန်းပြည့် သန်းခေါင်. .

ဖျားရေလာချိန်. . .

ကုတ်သဲ ခရောက်ခရွတ် ခဲတန်း. . .

ကလျစ် ကလျူ သဝန်ဖြူ. . .

ကြင်သူမြန်းလှည့် ပါချေတော့. . ."

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်လိုက်သော အခါ ရွှေမိုးမေးလိုက်သည်။

"ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ရေးထားတဲ့ စာတွေလဲဆရာ၊ ထားဝယ်စာတွေလား၊ မွန်စာတွေလား၊ ဒါမှမဟုတ် ယိုးဒယားစာတွေများလား"

"ထားဝယ်စာလည်း မဟုတ်ပါဘူး၊ မွန်စာလည်း မဟုတ်





ပါဘူး၊ ရှေးခေတ်က အသုံးပြုတဲ့ လျှို့ဝှက်စာရေးနည်းတွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ပေါရာဏ စာလုံးတွေနဲ့ ရေးထားတဲ့ စာပါပဲ"

"အဓိပ္ပာယ်က ဘယ်လိုတဲ့လဲ ဆရာ"

"အဓိပ္ပာယ်က လပြည့်နေ့ည ရေတက်ချိန်မှာ သောင်စပ်နားက ကျောက်ဆောင်တွေကြားကို လာခဲ့ဖို့ သူ့ချစ်သူက ချိန်းလိုက်တဲ့ စာပါပဲ. . ."

ရွှေမိုးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ ပြီးမှ ပြောပြလေသည်။

"သေသွားတဲ့ ပက်ထရစ်မှာ ချစ်သူရှိတယ် သူ့ချစ်သူက မြို့တ်မှာရှိတယ်၊ သူတို့ချင်းက စာအပေးအယူ ရှိကြတယ်. ."

"ဒီမှာ လိုအပ်တာတွေ စစ်ဆေးပြီးရင်တော့ အဲဒီမိန်းကလေးနဲ့ သွားတွေ့ရမယ် သူ့နာမည် ဘယ်သူတဲ့လဲ"

"မြဝင်းသူတဲ့ ဆရာ. . ."

ထိုနောက် ဒေါက်တာမင်းထင်ကျော်က လိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်နေလေသည်။

ထိုကဲ့သို့ စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် မြဝင်းသူရှိရာသို့ သွားလေသည်။

ထိုသို့သွားရာမှာတော့ အခြားသူများကို မခေါ်တော့ပဲ သူတစ်ယောက်တည်းပင် သွားလေသည်။

ထိုအိမ်သို့ ရောက်သောအခါ မိမိ မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် လာရင်းကိစ္စကို ပြောသောအခါ ဦးလွန်းမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လွန်းမေပါ မျက်နှာပျက်သွားကြသည်။

ဒေါ်လွန်းမေကတော့ . . . ။

"ကိုယ်နဲ့ ဘာသာမတူ၊ အမျိုးမတူတဲ့သူနဲ့ အဆက်အဆံမလုပ်ပါနဲ့လို့ အတန်တန်မှာထားပါရက်နဲ့ . . မိဘစကားနားမထောင်ဘူး၊ အခုတော့ နေရင်းထိုင်ရင်းနဲ့ . ပြဿနာ ဖြေရှင်းရတော့မယ်"

ဟု သမီးဖြစ်သူကို မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေလေသည်။

ထိုနောက်မှာတော့ မိဘများကို ခွင့်တောင်းပြီး မြဝင်းသူနှင့် စကားပြောခွင့် ရလေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ မြဝင်းသူကို မေးစရာ နည်းနည်းရှိလို့ မေးပါရစေ"

"မေးပါဆရာ ကျွန်မသိသမျှ ပြောပါမယ်"

မြဝင်းသူမှာ မျက်နှာမကောင်းလှပေ။

သို့သော် သူမေးသမျှတော့ ဖြေကြားပေးလေသည်။

"ပက်ထရစ် သေသွားတဲ့ သတင်းတော့ မြဝင်းသူကြားပြီးပြီ ထင်ပါတယ်"

ခေါင်းညိတ်ပြသည်။

"ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေ ပက်ထရစ်နဲ့ မြဝင်းသူတို့က ချစ်သူတွေ ဖြစ်နေကြသလား"

"သူ့မေတ္တာကို လက်ခံပေးဖို့တော့ ပြောထားပြီးပါပြီ"

"စာချင်းအဆက်အသွယ်တော့ ရှိကြတယ်မဟုတ်လား"





"ရှိပါတယ်"

"ဒီစာက မြဝင်းသူရေးပေးလိုက်တဲ့စာ ဟုတ်ပါသလား"

ဒေါက်တာမင်းထင်ကျော်က သူယူလာသော စာကို မြဝင်းသူကို ပေးလိုက်သည်။

မြဝင်းသူက စာရွက်ကို ဖြန့်ကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

"ဒီ . . ဒီစာက ကျွန်မရေးတဲ့စာ မဟုတ်ဘူးရှင့်"

"ဒါဖြင့် ကြားထဲက တစ်ယောက်ယောက်ရေးလိုက်တာပဲဖြစ်မှာပေါ့၊ ဒီစာရေးနည်းမျိုး မြဝင်းသူ တတ်တယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘယ်လိုတတ်တာလဲ"

"ကျွန်မတို့ အဘိုးဖတ်တဲ့ . . ရှေးဟောင်းစာအုပ်ထဲကတွေ့လို့ ယူသုံးတာပါ"

"ပက်ထရစ်ကရော ဘယ်လိုတတ်သလဲ"

"ကျွန်မက အဲဒီစာအုပ်ပေးဖတ်လို့ သူတတ်နေတာ ဖြစ်မယ်ထင်ပါတယ်"

"ဒီမြို့မှာ မြဝင်းသူအပြင် အခြားဘယ်သူတွေများ ဒီရေးနည်းမျိုး တတ်သေးသလဲ"

"ကျွန်မတော့ သေသေချာချာ မသိပါဘူး၊ အဘိုးရှိတုန်းကတော့ ဝါသနာပါလို့ သူ့ဆီလာသင်ရင် သင်ပေးနေတာတော့ တွေ့ဖူးမြင်ဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး. . သူမလက်ထဲမှ စာရွက်ကို ပြန်ယူပြီး အိတ်ထဲပြန်ထည့်ထားလိုက်သည်။

"ဒါထက် မြဝင်းသူကို ပိုးပန်းနေကြသူတွေထဲမှာ ပက်ထရစ်နဲ့အပြိုင် ဘယ်သူတွေ ရှိပါသလဲ"

"တခြားသူတွေတော့ ကျွန်မ မသိပါဘူး၊ ဒီမြို့မှာနေတဲ့ ထွန်းအောင်ကျော်တော့ ရှိပါတယ်၊ သူ့မှာ လူဆိုးလူမိုက် တပည့်တွေရှိတော့ သူတို့များ သတ်ပစ်လိုက်တာလား"

"အခုအချိန်မှာတော့ ဘာမှ အတပ်ပြောလို့ မရသေးဘူး၊ အမှုမှန်ပေါ်အောင်တော့ တတ်နိုင်သမျှ ကြိုးစားကြမှာပါ၊ လိုအပ်ရင်လည်း မြဝင်းသူနဲ့ ထပ်တွေ့ပါဦးမယ်၊ ဒါထက် မြဝင်းသူ စာရေးပေးတော့ ပက်ထရစ်ဆီရောက်အောင် ဘယ်နည်းနဲ့ အပို့ခိုင်းပါသလဲ"

"လူတစ်ယောက်ကို လွှတ်ပြီး အပို့ခိုင်းခဲ့တာပါ"

"သူ့နာမည်က ဘယ်သူလဲ"

"နီမောင်လို့ ခေါ်ပါတယ်၊ သူကပင်လယ်ဝရွာမှာ နေပါတယ်"

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ မြဝင်းသူ အတွက်လည်း စိတ်မကောင်းပါဘူး"

"ရပါတယ်ရှင် ကံစီမံရာအတိုင်းပဲပေါ့"

ထိုသို့ပြောပြီး မျက်ရည်စများကို ပုဝါဖြင့် တို့သုပ်ပစ်နေစဉ် ဒေါက်တာမင်းထင်ကျော်လည်း သူမကို နှုတ်ဆက်ပြီးပြန်





ထွက်ခဲ့လေသည်။

သူဦးတည်ချက်က ပင်လယ်ဝရွာ ဘက်သို့ဖြစ်သည်။

ထိုနေရာသို့ သွားတော့လည်း ဆားပုလင်းရွှေမိုးတို့ကို ပင် မခေါ်တော့ပဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

မြို့တ်နှင့် ပင်လယ်ဝရွာသို့သွားသော လမ်းတစ်နေရာမှာ သုသာန်ရှိပြီး ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာသိပ်မရှိလှပေ။

သုသာန်ဘက်သွားသော လမ်းပေါက်ဝရောက်တော့ လမ်းဘေးမှာရှိသော ချုံများနောက်မှ လူသုံးယောက်ထွက်လာလေသည်။ သုံးယောက်စလုံး လူဆိုးလူမိုက်ရုပ်များ ဖြစ်ကြသည်။

သူတို့ကို မြင်တော့ ဒေါက်တာမင်းထင်ကျော်က ရပ်ကာ အခြေအနေကို ကြည့်သည်။

သူ့အင်္ကျီဘေးအိတ်ထဲမှာ သေနတ်တစ်လက် ပါလာသောကြောင့် စိုးရိမ်စရာတော့ မရှိပေ. . .။

"မင်းက မြို့ကရောက်လာတဲ့ စုံထောက်လား"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေး အမူအရာမျိုးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်. . . "

"ဒီနေရာတွေက မြို့နဲ့မတူဘူး ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကိုလုပ်ရင် အသက်တိုတတ်တယ်"

"ငါ့အလုပ် ငါလုပ်တာပဲ မင်းတို့ ဒီလိုပြောတိုင်း နောက်ဆုတ်သွားမယ်လို့များ ထင်နေလား၊ ဒါထက် မေးပါရစေဦး ငါ့ကို ခြိမ်းခြောက်နေရအောင် မင်းတို့ ဒီအမှုနဲ့ ပတ်သတ်နေကြလို့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ပြောမရရင်တော့ မှတ်လောက်အောင် ဆုံးမပေးရမှာပေါ့"

ဟုပြောပြီး လူနှစ်ယောက်က ဓားမြှောင်တစ်လက်စီကိုင်ပြီး ဘေးတစ်ဖက်တစ်ချက်မှ ညှပ်ပြီး ပြေးဝင်လာကြသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သေနတ်ပါလာသော်လည်း အသုံးပြုရန် မလိုသေးသောကြောင့် ကိုယ်ကို တစ်ပတ်လှည့်ပြီး အရင်ရောက်လာသူ၏ ဓားကိုင်လက်ကို ဖြတ်ကန်သည်။ တစ်ယောက်ဟန်ချက်ပျက်သွားတော့. . နောက်တစ်ယောက်က ဓားဖြင့်ပြေးထိုးလေရာ ဓားလမ်းကြောင်းကို လွတ်ရုံကလေး ရှောင်ပေးပြီး အနားရောက်လာသူ၏ မျက်နှာကို တစ်တောင်ဖြင့် ပင့်ရိုက်ရာ လဲကျသွားသည်။

တစ်ယောက်အခြေအနေမဟန်တော့ နောက်တစ်ယောက်ကပါ ဝင်ကူလေသည်။

သို့သော်လည်း ရန်သူများမှာ လက်နက်အားကိုးဖြင့် ဆိုးမိုက်နေသူများဖြစ်ပြီး တိုက်ခိုက်ရာမှာတော့ တိုက်ခိုက်ရည်မကျွမ်းကျင်ကြပဲ သာမန်မျှသာ ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နက်မပါပဲနှင့် တိုက်ခိုက်မှုစွမ်းရည် မြင့်မားသူဖြစ်ရာ ရန်သူသုံးယောက်မှာ ထိုနေရာမှာပင် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားရာ ပြန်မထနိုင်ကြတော့ပေ. . . .။

ထို့နောက်မှာတော့ လူသုံးယောက်တို့၏ မျက်နှာပေါ်မှာ





ဓားဖြင့် အစင်းရာတစ်ခုစီ ခြစ်ပေးထားခဲ့ပြီး ထိုနေရာမှ ဆက်ထွက်လာခဲ့လေသည်။

၄င်းထွက်သွားတော့မှ တစ်နေရာမှ စောင့်ကြည့်နေသော လူတစ်ယောက်က အပြင်သို့ ထွက်လာပြီး လဲကျနေသူများရှိရာသို့ လျှောက်သွားလေသည်။

ပင်လယ်ဝရွာသို့ ရောက်သောအခါ နီမောင်နေသောအိမ်သို့ မေးမြန်းပြီးသွားရာ. . ရောက်သွားတော့ နီမောင်နှင့် အဆင်သင့်တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်း ပြောပြသောအခါ နီမောင်က သူသိသမျှ အကြောင်းများကို ပြောပြလေသည်။

"ကျွန်တော်တို့ ရွာမှာလည်း အခုတလော ဘယ်လို ကံကြမ္မာဆိုးတွေ ဝင်နေတယ် မသိပါဘူး ဆရာရယ်၊ ဟိုတလောက မုန်တိုင်းကျပြီးတဲ့နောက်မှာ လူတွေမကြာခဏ သေနေတော့တာပါပဲ"

"ဘယ်လိုကြောင့် သေတာလဲ"

"အဘထော်တို့ ပြောတာကတော့ ရေသရဲလက်ချက်လို့ ပြောကြတယ်"

"ရေသရဲဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲ"

နီမောင်က သူသိသမျှ အကြောင်းအရာများကို ပြောပြလိုက်လေသည်။

"နီမောင် မင်းပြောတဲ့ ရေသရဲအကြောင်းကတော့ အ



www.burmeseclassic.com

www.burmeseclassic.com



တော်လေး ထူးဆန်းတယ်၊ ဒီမှာရှိနေတဲ့အချိန်မှာ ပြည့်ပြည့်စုံစုံ သိရအောင် လေ့လာသွားရမယ်"

"ဆရာစိတ်ဝင်စားရင်. . ကျွန်တော် အကူအညီပေးပါ့မယ်၊ သိတဲ့လူတွေနဲ့လည်း တွေ့ပေးပါ့မယ်"

"ကောင်းပါပြီ၊ ဒါထက်. . မြဝင်းသူနဲ့ ပက်ထရစ်တို့ အကြောင်းကို မင်းသိသမျှ ပြောပါဦး"

ထိုအခါ နီမောင်က သူသိသမျှ အခြေအနေကို ပြောပြလေသည်။ ထို့နောက် ဒေါက်တာမင်းထင်ကျော်က သူယူလာသော စာကို နီမောင်ကို ပေးလိုက်သည်။

"ဒီစာက ပက်ထရစ်ကို မင်းသွားပို့ပေးတဲ့စာလား"

"ကျွန်တော် စာတစ်စောင်တော့ သွားပို့ပေးဖူးပါတယ်၊ ဟိုက ပြန်ပေးလိုက်တဲ့စာကို လမ်းမှာတင် လူဆိုးတွေက လုယူသွားပြီးတဲ့ နောက်မှာ မရောက်တော့ပါဘူး၊ ဒီစာ ဟုတ်သလား မဟုတ်ဘူးလားတော့ မသိပါဘူး"

နီမောင်ပြောတာကို ဒေါက်တာမင်းထင်ကျော်ကလည်း လက်ခံလေသည်။

"သူဘယ်လိုဖြစ်ပြီး သေတာလည်းဆရာ"

"အသတ်ခံရတာပါ"

"ဘယ်သူသတ်တာလဲ ဆရာ. . ."

"ရန်ငြိုးရန်စရှိတဲ့ သူတစ်ယောက်ယောက်က သတ်သွားတာ ဖြစ်မှာပါ"

"ကျွန်တော်အထင် ပြောရရင်တော့ ရည်းစားလုဘက်





တွေရဲ့ လက်ချက်များ ဖြစ်လေမလားပဲ"

"မြဝင်းသူရဲ့ ရည်းစားလုဘက်တွေရော မင်းသိလား"

"မသိဘူးဆရာ ကျွန်တော်တို့က တစ်ခါတစ်ရံ အလုပ်သွားလုပ်တာလောက်ပဲ ရှိပါတယ်"

နီမောင်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"ငါ သူတို့နေတဲ့ ခရစ်ယာန်ကျောင်းဘက်ကိုသွားပြီး လေ့လာစရာတွေရှိတယ်. . . မင်းအားရင် ခဏလိုက်ခဲ့ပါလား နီမောင်"

"အားပါတယ်ဆရာ ကျွန်တော်လိုက်ခဲ့ပေးပါ့မယ်"

နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့မှာ အသက်အရွယ်ချင်းက ကွာသည့်အပြင် ယခုမှတွေ့ကြရသော်လည်း. . . ဒေါက်တာမင်းထင်ကျော်က မြင်စမှာပင် နီမောင်ကို ခင်မင်သွားလေသည်။

နီမောင်၏ ဖြူစင်ရိုးသားသော အမူအကျင့်သဏ္ဌာန်ကို သိရသောကြောင့်လည်း သူ့အတွက် အကူအညီရနိုင်မည်ဟု ခန့်မှန်းမိလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ နေ့လယ်ဘက် အချိန်လောက်တွင်. . ခရစ်ယာန်ဘုရားကျောင်းသို့ ရောက်ခဲ့ကြသည်။

သူတို့ ရောက်သွားသောအချိန်မှာ ဘုရားကျောင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ကျောင်းအုပ်ကြီး မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



သောမတ်နှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြသောအခါ. . . ဆရာကြီးက သူကိုယ်တိုင်ပင် ပက်ထရစ်နေသွားသောအခန်းကို တံခါးလိုက်ဖွင့်ပေးသည်။

အခန်းမှာ နှစ်ယောက်အိပ်အခန်းမျိုးဖြစ်ပြီး ပက်ထရစ်နေသောအခန်းက ပြတင်းပေါက်နားမှာရှိသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းထဲမှာရှိသော အသုံးအဆောင် ပစ္စည်းများနှင့် အခန်းအနေအထားကို အသေအချာကြည့်ပြီးနောက် ခုတင်အောက်မှာထည့်ထားသော သေတ္တာကိုပါ အပြင်ဆွဲထုတ်ပြီး ဖွင့်ကြည့်သည်။

ထိုသေတ္တာထဲမှာတော့ အသုံးအဆောင်ပစ္စည်းများနှင့်အတူ အောက်ဆုံးမှာထည့်ထားသော စာအုပ်ဟောင်းတစ်ခုကို တွေ့ရသဖြင့် ဆွဲယူလိုက်သည်။

စာအုပ်ကို ဖွင့်ကြည့်တော့ စာအုပ်ကြားထဲမှာ ညှပ်ထားသော စာတစ်စောင်ကို တွေ့ရသည်။

စာအုပ်မှာ အခြားမဟုတ်ပေ. . .။

ရှေးခေတ်က အသုံးပြုသော ပေါရာဏ စကားလုံးများပါဝင်သော ပေါရာဏဒီပနီ ကျမ်းစာအုပ်ပင် ဖြစ်ပေတော့သည်။

မြဝင်းသူပြောပုံအရဆိုလျှင်တော့ ထိုစာအုပ်မှာ မြဝင်းသူအဘိုးပိုင်သော စာအုပ်ဖြစ်ပြီး မြဝင်းသူက ပတ်ထရစ်ကို ပေးထားခဲ့ခြင်းဖြစ်သည်။

ထိုနောက်မှာတော့ အခြားနေရာများကို လိုက်လံရှာဖွေသော်လည်း ထူးထူးခြားခြား မတွေ့ရတော့သဖြင့် ထိုစာအုပ်နှင့်





စာကို ဆရာကြီးထံမှခွင့်တောင်းပြီး ယူဆောင်လာခဲ့လေသည်။

ထိုနောက်မှာတော့. . . နီမောင်နှင့်အတူ ပက်ထရစ်အသတ်ခံရသောနေရာသို့ သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ မနီးမဝေးကို အကဲခတ်ကြည့်ရာ သေဆုံးသွားသောနေရာနှင့် မနီးမဝေးမှာ ကျောက်ဆောင်ကွယ်တစ်ခုကို သတိပြုမိလေသည်။

ကျောက်ဆောင်မှာအပေါ် အမြင့်တစ်နေရာတွင်ရှိသဖြင့် ထိုနေရာသို့တက်ကြည့်သောအခါ ကျောက်ဆောင်ကွယ်တစ်နေရာမှကျနေသော ဆေးလိပ်တိုတစ်တိုကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က. . . ထိုဆေးလိပ်တိုကို ကောက်ယူပြီး အောက်ဘက်သို့ ကြည့်လိုက်သည်။

ထိုနေရာမှကြည့်လျှင် ပတ်ထရစ်ရှိနေသော နေရာနှင့် မဝေးလှပဲ ကောင်းစွာမြင်ရလေသည်။

"ပက်ထရစ်ကို ဥပါယ်တံမျဉ်နဲ့ ဒီနေရာရောက်အောင်ခေါ်ပြီးတော့မှ သတ်ပစ်လိုက်တာပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။

ထိုနောက်မှာတော့ နှစ်ယောက်သား ထိုနေရာမှ ပြန်ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## ပေါ်ရာကာစကားလုံးများနှင့် ရေးထုံးအစီပွါယ်

ထိုနေ့ညအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ဦးလွန်းမောင်တို့ထံမှ ခွင့်တောင်းပြီး ကမ်းခြေမှာရှိသော ဗိုလ်တဲတစ်လုံးမှာ သွားအိပ်လေသည်။

သူနှင့်အတူ နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း အဖော်လိုက်သွားကြလေသည်။

ဦးဗန်ကောင်း ပါလာသောအကြောင်းမှာ ဒေါက်တာမင်းထင်ကျော်က 'အဆိပ်နှင့်ပတ်သက်ပြီး ကျွမ်းကျင်သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် တွေ့လိုသည်ဟုပြောသဖြင့် နီမောင်ကိုယ်တိုင် အကျိုးအကြောင်းပြောပြီး ခေါ်လာသဖြင့် ပါလာခြင်းဖြစ်သည်။

ဦးဗန်ကောင်းကလည်း ငြင်းပယ်ခြင်းမရှိပဲ ချက်ချင်းလိုက်လာခဲ့လေသည်။

သူတို့ရောက်သွားတော့ အစောင့်အဖြစ်နေသူ ဦးဖိုးမျှင်က ဗိုလ်တဲတစ်လုံးကို တံခါးလိုက်ဖွင့်ပေးသည်။

ထိုဗိုလ်တဲမှာ လွန်ခဲ့သော လပိုင်းလောက်က နိုင်ငံခြားသားတစ်ယောက် သေဆုံးသွားသော ဗိုလ်တဲပင်ဖြစ်သည်။

"ကျုပ်က ဒီမှာအမြဲရှိပါတယ် လိုတာခိုင်းနိုင်ပါတယ်"

ဟု ပြောပြီး ဦးဖိုးမျှင်က ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းထဲရောက်သည်နှင့် အခန်းအခြေအနေကို လိုက်လံကြည့်နေသည်။

နီမောင်က တစ်လောက နိုင်ငံခြားသားတစ်ယောက် သေဆုံးရပုံအကြောင်းကို သူသိသလောက် ပြန်ပြောပြနေသည်။

"ဒီပြတင်းပေါက်နားမှာ ရပ်နေတုန်း အောက်ကနေပြီး ရေသရဲက လက်တံရှည်ကြီးတွေနဲ့ ဆွဲယူသွားပြီး သတ်ပစ်လိုက်တာပါ"

"ရေသရဲဆိုတာ ဘယ်လိုသတ္တဝါမျိုးလည်း ဆရာကြီး"

"ပင်လယ်ရေနက်ပိုင်းတွေနဲ့ သမုဒ္ဒရာတွေထဲမှာနေတဲ့ ကြောက်စရာကောင်းတဲ့ ရေသတ္တဝါမျိုးပါပဲ အဆိပ်လည်းအတော်ပြင်းတယ် တစ်ကိုယ်လုံးအမည်းရောင် အမွေးရှည်တွေရှိပြီး သူရောက်လာတဲ့ နေရာတွေမှာ ပင်လယ်ရေတွေ အနက်ရောင်





ပြောင်းသွားတတ်တယ်"

"အတော်ကြောက်စရာ ကောင်းတာပဲ"

"ရေသရဲမှာ ကြောက်စရာကောင်းတဲ့ လက်တံရှည်ကြီးတွေပါပြီး အဲဒီလက်တံတွေနဲ့ ဖမ်းဆွဲယူတတ်တယ်၊ အဆိပ်ကလည်းပြင်းတော့ သူ့အဆိပ်နဲ့ ထိတာနဲ့တင် သေတာပါပဲ။ မီးလိုပူပြင်းတဲ့ အဆိပ်ရှိလို့ ရှေးကရေလုပ်သားကြီးတွေက . . အဂ္ဂိမုခအဆိပ်ကောင်၊ အဂ္ဂိမုခသေမင်းလို့တောင် ခေါ်ကြပါတယ်"

"ကျွန်တော် ပင်လယ်ပိုင်းဒေသတွေကို မကြာခဏရောက်ဖူးပါတယ်၊ ရေသရဲရှိတယ်ဆိုတာလောက်တော့ ကြားဖူးပါတယ်၊ ဒီလိုတော့ မကြုံဖူးသေးဘူး"

"ဆရာမပြန်ခင်မှာ တွေ့မြင်ခွင့် ရချင်ရမှာပေါ့"

ဟုပြော ဆိုနေကြလေသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ အခန်းထဲသို့ လူတစ်ယောက် ရောက်လာလေသည်။

အရှူးတေနောင်ပင်ဖြစ်သည်။

၎င်းက စပ်ဖြီးဖြီးမျက်နှာဖြင့် ပြောလေသည်။

"ဗိုလ်တဲမှာ ဧည့်သည်တွေရောက်နေလို့ ခိုင်းစရာရှိတာခိုင်းရအောင်လို့ လာတာပါ၊ ကျွန်တော့်ကို ဘာခိုင်းကြဦးမလဲဗျ"

ဟု မေးလေသည်။

"အခုတော့ မလိုသေးပါဘူးကွာ"

"ဒီလိုဆိုရင် မိုးချုပ်မှပဲ မီးအိမ်တွေဘာတွေ လာထွန်းပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ပြန်ထွက်သွားလေသည်။

"သူက ဘယ်သူလဲ"

"ရူးနေတဲ့ လူတစ်ယောက်ပါ သူ့ကို အရူးတေနောင်လို့ ခေါ်ကြတယ်"

""သူက တကယ်ရူးနေတဲ့သူ မဟုတ်ပါဘူး"

ထိုစကားကြောင့် နီမောင်နှင့် ဦးဗန်ကောင်းတို့မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ဆရာ ဘယ်လိုသိတာလဲ"

"သူ့အသံက ပုံမှန်ပဲ ရူးချင်ယောင်ဆောင်နေလို့ တမင်လုပ်ပြောနေတဲ့ အသံမျိုးဆိုတာ သိသာပါတယ်၊ နောက်ပြီး သူ့မျက်လုံးတွေကလည်း စိတ်မနှံ့တဲ့လူတစ်ယောက် မျက်လုံးမျိုး မဟုတ်ပါဘူး၊ သူ ဒီကိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"အတော်လေးတော့ ကြာပါပြီ၊ ဒါပေမယ့် ဘယ်သူမှ သတိမထားမိကြပါဘူး"

"သူ့မှာ အကြောင်းတစ်ခုခုကြောင့် ဟန်ဆောင်နေတာ ဖြစ်မှာပါ၊ ဒါထက် သူက ဒီမှာနေတာလား"

"မဟုတ်ပါဘူး ဒီမှာ အစောင့်လုပ်နေတဲ့ ဦးဖိုးမျှင်နဲ့ ခင်မင်နေတော့ ဗိုလ်တဲထဲမှာ ဧည့်သည်တွေရောက်လာရင်. . လာပြီး ဝိုင်းလုပ်ပေးတာပါ"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောတော့ပဲ လေးလေးနက်နက် စဉ်းစားနေလေသည်။

ထို့နောက်မှာတော့ သူယူလာသော စာအုပ်ကြီးကို





ထုတ်ပြီး ကြည့်နေလေသည်။

ထို့နောက် မြဝင်းသူ ရေးပေးထားသောစာကို ဖြန့်ဖတ်နေလေသည်။

စာပေါ်မှာ ရေးထားသော စာလုံးများမှာ. .

"ဝေးမြင့်သည်းတွင်း ရေစက်ချင်းကြောင့် ချစ်သောကလျစ်ကလူ သက်ပန်ယူသည် သဝန်စေတမန် ပါးအပ်သည်"

ဖြစ်လေသည်။

"ဒီစာတွေရဲ့အဓိပ္ပါယ်က ဘယ်လိုတဲ့လည်းဆရာ"

"ရှေးကပညာရှိတွေက သူတို့အချင်းချင်း စာရေးကြတဲ့အခါ ရိုးရိုးမရေးကြဘူး၊ စကားဝှက်တွေ လျှို့ဝှက်စာရေးနည်းတွေနဲ့ ရေးကြတယ်၊ ဒီစာရေးနည်းက ပေါရာဏစကားတွေနဲ့ သူရေးချင်တဲ့အကြောင်းအရာကို ရေးထားတာ ဖြစ်ပါတယ်"

"အဲဒီလိုလျှို့ဝှက်ရေးနည်းတွေက ဘယ်လောက်တောင်များ ရှိခဲ့လို့လဲ"

"အများကြီးရှိပါတယ်၊ စုစုပေါင်းဆိုရင် လျှို့ဝှက်စာရေးနည်းမျိုးပေါင်း ငါးဆယ်လောက်ရှိပါတယ်"

"အများကြီးပါလား ကျွန်တော်တို့လည်း ဗဟုသုတရအောင် ဆရာမှတ်မိသလောက် ပြောပြပါလား"

"မှတ်မိပါတယ် ကျွန်တော်ပြောပြပါ့မယ်"

ရှေးကပညာရှိများ ရေးသားခဲ့သော လျှို့ဝှက်စာရေးနည်းနှင့်၊ စာအမျိုးမျိုးရေးနည်းတို့မှာ အောက်ပါအတိုင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(အပြည့်အစုံဖော်ပြပါက ရှည်လျားနေမည်စိုးသောကြောင့် ရေးနည်းခေါင်းစဉ်များကိုသာ ဖော်ပြပေးပါမည်။)

(၁) ပိတုန်းပျံဝဲ ရေးနည်းဖတ်နည်း၊ (၂) ဝါးခွဲ ရေးနည်းဖတ်နည်း၊ (၃) ရင်စေ့ ရေးနည်းဖတ်နည်း (၄) ရင်ခွဲ ရေးနည်းဖတ်နည်း၊ (၅) ငပြေတက်ထက် ရေးနည်းဖတ်နည်း (၆) သုဝဏ္ဏလိပ် ရေးနည်းဖတ်နည်း၊ (၇) သမဏ္ဍာလိပ် ရေးနည်းဖတ်နည်း၊ (၈) ခြသေ့်လည်ပြန် ရေးနည်းဖတ်နည်း၊ (၉) မြွေပွေးကွင်းလူး ရေးနည်းဖတ်နည်း၊ (၁၀) မနော်ဟရာ ရေးနည်းဖတ်နည်း၊ (၁၁) ခရာခပ် ရေးနည်းဖတ်နည်း၊ (၁၂) ရာဇမနော်ဟရာ ရေးနည်းဖတ်နည်း၊ (၁၃) အက္ခရာဖလှယ် ရေးနည်းဖတ်နည်း၊ (၁၄) ဝိပရိတ် ရေးနည်းဖတ်နည်း၊ (၁၅) သတ္တအက္ခရာ ရေးနည်းဖတ်နည်း၊ (၁၆) သေလအက္ခရာ ရေးနည်းဖတ်နည်း၊ (၁၇) ဒူးဂဏန်း ရေးနည်းဖတ်နည်း၊ (၁၈) သကၠစိတ္တက္ခရာ ရေးနည်းဖတ်နည်း၊ (၁၉) နှစ်လွန်းတင်အဝှက် ရေးနည်းဖတ်နည်း၊ (၂၀) သုံးလွန်းတင်အဝှက် ရေးနည်းဖတ်နည်း၊ (၂၁) ရွှေနပေထပ်အဝှက် ရေးနည်းဖတ်နည်း၊ (၂၂) ကြံဖန်ကောက် ရေးနည်းဖတ်နည်း၊ (၂၃) တံဆိပ်ညွှန်ပေါ် အဝှက် ရေးနည်းဖတ်နည်း၊ (၂၄) ပြုစားအဝှက် ရေးနည်းဖတ်နည်း၊ (၂၅) ဝဲရိုက်ဝဲဆင်း ရေးနည်းဖတ်နည်း၊ (၂၆) အတုမရအစမမြင် ရေးနည်းဖတ်နည်း၊ (၂၇) ငပြေဆန် ရေးနည်းဖတ်နည်း၊ (၂၈) ပုစဉ်းထိုးလည်ပြန် ရေးနည်းဖတ်နည်း၊ (၂၉) ဒေါင့်ထဲးတွန့် ရေးနည်းဖတ်နည်း၊ (၃၀) သံပေါက်ဒေါင့်ထဲးတွန့် ရေးနည်းဖတ်နည်း၊ (၃၁) ဝါးမျက်လှန် ရေးနည်းဖတ်နည်း၊





(၃၂) အက္ခရာပြောင်း၍ ရေးနည်းဖတ်နည်း၊ (၃၃) အက္ခရာပြန်၍ ရေးနည်းဖတ်နည်း၊ (၃၄) ဝါးမျက်မြင် ရေးနည်းဖတ်နည်း၊ (၃၅) ငပြေတက်သက်ရင်စေ့ အကောက်အယူ ရေးနည်းဖတ်နည်း၊ (၃၆) ဝါးခွဲရင်စေ့အနုလုံ ပဋိလုံကောက်ယူပုံ ရေးနည်းဖတ်နည်း၊ (၃၇) အရင်းကောက် ရေးနည်းဖတ်နည်း၊ (၃၈) လေးဆင့်ကောက် ရေးနည်းဖတ်နည်း၊ (၃၉) နံသင့်အက္ခရာကောက် အဝှက် ရေးနည်းဖတ်နည်း၊ (၄၀) စက်ဂါထ ရေးနည်းဖတ်နည်း၊ (၄၁)စကြာလေးကျွန်းလည် ရေးနည်းဖတ်နည်း၊ (၄၂) စက်စာ ရေးနည်းဖတ်နည်း၊ (၄၃) ပြန်ကဖတ် ရေးနည်းဖတ်နည်း၊ (၄၄) ဒေါင့်ထဲတွန့်တစ်မျိုး ရေးနည်းဖတ်နည်း၊ (၄၅) ကဗျည်း၊ ကျောက်စာ၊ ဒူးဂဏန်း ရေးနည်းဖတ်နည်း၊ (၄၆) တလိုင်းဘာသာ ဒူးဂဏန်းစာ ရေးနည်းဖတ်နည်း၊ (၄၇) ဖျူလူမျိုးဘာသာ အက္ခရာ ရေးနည်းဖတ်နည်း၊ (၄၈)အက္ခရာဗျည်း ၃၃-လုံးနှင့် သရရှစ်လုံးတို့မပါပဲ ၏၊ ၏၊ ၍၊ သို့၊ ဌ၊ ၎င်း. . စသည်တို့ဖြင့် ရေးသားပုံနည်း၊ (၄၉) ပေါရာဏ စကားဖြင့် ရေးနည်းဖတ်နည်း၊ (၅၀) ပေါရာဏစကား အဖိုအမ ခွဲခြားနည်း စသောစာရေးသားနည်းများဖြစ်သည်။

“ပေါရာဏ”ဟူသည်မှာ ရှေးကအသုံးပြုခဲ့သော စကားလုံးများဖြစ်ပြီး ယခုလူတို့က ခေတ်ကာလအလိုက် အသုံးပြုသောစကား၊ အသုံးအနှုန်းတို့ဖြင့် ပြောင်းလဲသုံးစွဲနေကြခြင်း ဖြစ်ပေသည်။

ရွှေဥမင်ဆရာတော်ကြီး ရေးသားစီရင်တော်မူသော



www.burmeseclassic.com

www.burmeseclassic.com



နိသျူဝိနည်း (၅)ကျမ်းပါဋ္ဌိအဋ္ဌကထာတို့၌ ပေါရာဏကထာကို အခါအားလျော်စွာ ထည့်သွင်းရေးသားတော်မူခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ရှေးခေတ်သုံး ပေါရာဏစကားလုံးပေါင်း (၉၀၀)ကျော်ရှိကြောင်း တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ပေါရာဏစကားလုံးများကို ပြောပြပြီး မြဝင်းသူရေးပို့ပေးသောစာကို စားပွဲပေါ်တင်ပြလိုက်ရာ ကျန်နှစ်ယောက်က စိတ်ဝင်စားစွာဖြင့် ကြည့်ကြလေသည်။

"ဒီစာရဲ့အဓိပ္ပါယ်တွေကို စာရွက်တစ်ရွက်ပေါ်မှာ ကျွန်တော်ရေးပြပါ့မယ်"

ဟုပြောပြီး စာရွက်လွတ်တစ်ရွက်ပေါ်မှာ ပေါရာဏ စာလုံးများနှင့် ၄င်းတို့၏ အဓိပ္ပါယ်တို့ကို ယှဉ်တွဲရေးပြ လိုက်လေသည်။

"ဝေးမြင့်. . . . . လွန်ခဲ့သောအတိတ်ဘဝ
သည်းတွင်း. . . အသည်းနှလုံး
ချစ်သော. . . . အချစ်ထူးသည်
ကလျစ်ကလျူ. . စိတ်တူကိုယ်တူချစ်သည်
သက်ပန် . . . . ရာသက်ပန်လုံး
သဝန်. . . . . . အမှာစာ
စေတမန်. . . . ဆက်သွယ်ပေးသည်၊ ပို့ဆောင်ပေးသည်"





"ဒီစာမှာပါတဲ့ အဓိပ္ပါယ်တွေကို ကောက်ကြည့်ရင် လွန်ခဲ့သောအတိတ်ဘဝက ရေစက်ကြောင့် ယခုဘဝမှာ ချစ်မိပါသည်၊ ရာသက်ပန်လုံး စိတ်တူကိုယ်တူ ချစ်ပါမည်ဟု အသည်းနှလုံးက လက်ခံပါကြောင်း အမှာစာကိုပေးပို့လိုက်ပါတယ်. . ဆိုတဲ့အဓိပ္ပါယ်ရပါတယ်၊ ဒီစာက မိန်းကလေးဖြစ်တဲ့ မြဝင်းသူက သူ့ကိုချစ်ခွင့်တောင်းထားတဲ့ ပက်ထရစ်ကို ပေးခဲ့တဲ့စာဖြစ်ပါတယ်"

ဟု ရှင်းပြလေသည်။

ထိုစာမှာ နီမောင်ပေးပို့ခဲ့သောစာပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ပထမစာကို ပြန်သိမ်းလိုက်ပြီး အိတ်ထဲမှနောက်ထပ် စာတစ်စောင်ကို ထုတ်ပြီးဖြန့်ချလိုက် ပြန်လေသည်။

ထိုစာကတော့ သေဆုံးသူ ပက်ထရစ်ကိုယ်ပေါ်မှ ရသောစာဖြစ်ပြီး ဆားပုလင်းရွှေမိုးထံမှ ယူလာသောစာဖြစ်သည်။ ဒုတိယစာရွက်ပေါ်မှာ ရေးထားသောစာများမှာ. . .

"စန်းပြည့်သန်းခေါင်၊
ဖျားရေလာချိန်၊
ကုတ်သဲ ခရော် ခရွတ်ခဲတန်း၊
ကလျစ်ကလျူ သဝန်ဖြူ. .
ကြင်သူမြန်းလှည့်ပါ ချေလော့. . ."

ဟူ၍ ဖြစ်ပေသည်။

ထိုစာမှာပါသော ပေါရာဏစကားလုံးများ၏ အဓိပ္ပါယ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်လုံးထုတ်ပြီး အဓိပ္ပါယ်ဖော်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရလေသည်။

စန်းပြည့် . . . . လပြည့် (သန်းခေါင်းယံအချိန်)
ဖျားရေ . . . . . ရေတက်ချိန်
ကုတ်သဲ . . . . မြေပတ်ကြားမရှိသောနေရာ
ခရော်ခရွတ် . . မညီညွတ်သောနေရာ
ခဲတန်း . . . . သောင်မြိတ်သောင်စွန်း
ကလျစ်ကလျူ . . စိတ်တူကိုယ်တူချစ်သူ
သဝန်ဖြူ . . . . ကောင်းမြတ်သောစာ
ကြင်သူ . . . . ချစ်သူ . . . ”

“ဒီစာမှာပါတဲ့ ပေါရာဏစကားလုံးတွေရဲ့ အဓိပ္ပါယ်တွေကို ဆီလျော်အောင်ရေးလိုက်မယ်ဆိုရင် အချိန်းအချက်ပြုတဲ့ စာတစ်စောင်ကို တွေ့ရပါတယ်၊

လပြည့်ည သန်းခေါင်ယံအချိန်၊ ရေတက် ရေပြည့်တဲ့အချိန်မှာ သောင်ပြင်စပ်နားက ကျောက်ဆောင်တွေကြားကို လာခဲ့ဖို့ မိန်းကလေးကချိန်းတဲ့စာဖြစ်ပါတယ်”

“ဒါကြောင့် အဲဒီနေရာသွားရင်းက အသတ်ခံရတာ ဖြစ်မှာပေါ့”

“ဒါပေမယ့် ဒီစာနှစ်စောင်ကိုကြည့်ရင် တစ်စောင်နဲ့တစ်စောင် လက်ရေးချင်း မတူပါဘူး၊ ပထမစာက မြဝင်းသူရေးလိုက်တဲ့စာ မှန်ပေမယ့် နောက်တစ်စောင်ကတော့ လူသတ်သမားက ရေးပေးလိုက်တဲ့စာ ဖြစ်ပါတယ်”





ဒေါက်တာမင်းထင်ကျော်က စာရွက်နှစ်ရွက်ကို ယှဉ်တွဲပြီး ပြလေသည်။

ထိုအခါမှ . . လက်ရေးချင်းက ခတ်ဆင်ဆင်တူသော်လည်း အဆွဲအငင် အသတ်ရေးပုံများက သိပ်မတူပဲ ကွဲပြားနေကြောင်းတွေ့ရလေသည်။

“ယောက်ျားတစ်ယောက်ရေးတဲ့ လက်ရေးနဲ့ မိန်းမတစ်ယောက်ရေးတဲ့ လက်ရေးက ကွာပါတယ်၊ စာလုံးရေးပုံချင်းကွာသလို အဆွဲအငင်အသတ်တွေမှာ သိသိသာသာ ကွာပါတယ်”

“ကျုပ်တို့ဒေသမှာတော့ ဒီလိုစာမျိုး ရေးတတ်တဲ့သူမျိုး အတော်ရှားပါတယ်၊ မြဝင်းသူဆိုတဲ့ မိန်းကလေးက သူ့အဘိုးရှိစဉ်က သင်ပေးခဲ့လို့ တတ်တာဖြစ်မယ်၊ သူနဲ့ ဖြစ်နေတဲ့မျက်နှာဖြူကောင်လေးကလည်း သူ့ဆီက စာအုပ်ကြည့်ရလို့ ရေးတတ်ဖတ်တတ်တာ ဖြစ်နိုင်ပါတယ်၊ တခြားတော့ တတ်တဲ့သူ မရှိသလောက်ပါပဲ”

ဦးဗန်ကောင်းက သူ့ထင်မြင်ချက်ကို ပြောသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က . .

“သူ့အဘိုးရှိတုန်းက ပေါရာဏစာတွေ စကားတွေကို ဝါသနာပါလို့ လာသင်တဲ့သူတွေကို သင်ပေးခဲ့ဖူးတယ်လို့ ပြောလိုက်တယ် အဲဒီတုန်းက သင်ခဲ့ဖူးပြီး တတ်တဲ့သူတွေ ရှိနေတာ ဖြစ်မှာပါ”

ဟု ပြောလိုက်လေသည်။

အချိန်က နေဝင်ချိန်ရောက်လာပြီဖြစ်သောကြောင့် ဒေါ



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ မှောင်စပြုလာချေပြီ. .

ထိုအချိန်မှာ အရှုးတေနောင်ရောက်လာပြီး ရေနံဆီဖြင့် အသုံးပြုသော မီးအိမ်ထဲသို့ ရေနံဆီထည့်ခြင်း၊ မီးစာလဲတပ်ခြင်း မီးထွန်းပေးခြင်းများ ပြုလုပ်လေသည်။

ထို့နောက် အခြား ထွေထွေထူးထူး ဘာမှမပြောတော့ပဲ အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ၄င်းတို့ယူဆောင်လာသော အစားအသောက်များကို စားသောက်နေစဉ် ခေါင်းထဲမှာ မူးဝေနောက်ကျိမှုများ ဖြစ်လာသည်။

ဖွင့်ထားသော တံခါးပေါက်မှ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကြီး တိုးဝင်လာသည်။

ထိုအနံ့ကြောင့် မခံနိုင်အောင် ဖြစ်လာကြသည်။

"နှာခေါင်းနဲ့ ပါးစပ်တွေကို အဝတ်နဲ့ စည်းထားကြပါ၊ ဒီအနံ့ကို ကြာကြာရှူမိရင် မေ့လဲသွားလိမ့်မယ်"

ဟု ပြောသဖြင့် နီမောင်နှင့် ဦးဗန်ကောင်းတို့ နှာခေါင်းနှင့်ပါးစပ်ကို အဝတ်စများဖြင့် စည်းထားလိုက်ကြသည်။

"နီမောင် အဲဒီမီးအိမ်ကို မီးစာလျှော့ပြီး ငြိမ်းလိုက်ပေတော့"

နီမောင်က အရှုးတေနောင် ထွန်းပေးခဲ့သော မီးအိမ်ကို ဖြုတ်ယူပြီး မီးငြိမ်းပစ်လိုက်ရာ အခန်းထဲမှာ မှောင်သွားလေတော့သည်။

ထို့နောက်မှာတော့ ပြတင်းပေါက်တံခါးကိုဖွင့်ပြီး ထိုနေ





ရာမှပင် ခက်ခက်ခဲခဲ အောက်သို့ဆင်းကြရလေသည်။

ဗိုလ်တဲမှာ အတော်မြင့်သဖြင့် အောက်သို့ရောက်အောင် အတော်ကြာအောင် ဆင်းကြရသည်။

အောက်သို့ရောက်တော့မှ အနံ့ဆိုးကြီးက လွတ်သွားပြီး အသက်ဝအောင် ရှူနိုင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

## အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံခြင်း

လကွယ်နေ့ညဖြစ်သည်။

ညဥ့်နက်ပိုင်းအချိန်ရောက် သောအခါ ကမ်းခြေတစ်ဝိုက်မှာ အမှောင်ထုများ ဖုံးလွှမ်းနေလေသည်။

လရောင်မရှိသော်လည်း ကောင်းကင်ပြင်မှာ ကြယ်ရောင်များရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေသည်။ ရေတက်ချိန်ဖြစ်သောကြောင့် သောင်ပြင်အချို့ပင် မြုပ်နေပြီး. . . ဒီရေလှိုင်းများက ကမ်းခြေမှာရှိသော ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကျောက်တုံးများကို တဝုန်းဝုန်းနှင့် လာရောက်ရိုက်ခတ်လျက်ရှိနေသည်။

ထိုအချိန်မှာ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးကျောက်ဆောင်များကြားမှာ မည်းမည်းသဏ္ဍာန်တစ်ယောက်မှာ လှုပ်ရှားသွားလာနေသည်။

၎င်းက သားစိမ်း၊ ငါးစိမ်းနှင့် အပုပ်ရည်များကို ပင်လယ်ကမ်းခြေတစ်ဝိုက်သို့ လိုက်လံဖျန်းပက်နေလေသည်။

ထိုအခြေအနေကို မနီးမဝေး ကျောက်ဆောင်တစ်ခုကြားရောက်နေသော နီမောင်တို့သုံးယောက်က ကြည့်နေကြသည်။

အတန်ကြာတော့ မည်းမည်းသဏ္ဍာန်က ကမ်းပေါ်သို့ ခပ်သုတ်သုတ် ပြန်တက်သွားလေသည်။

သူတက်သွားသော်လည်း အပုပ်နံ့ အညှီနံ့များက ကျန်နေခဲ့လေသည်။

"သူ ဘာလုပ်နေတာလည်းဆရာ"

"အကြောင်းတစ်ခုကြောင့် လုပ်နေတာဖြစ်မှာပေါ့"

"စောစောက အခန်းထဲမှာ အသက်ရှူလို့မရအောင် နံတာ ဒီကလာတဲ့အနံ့ပဲဖြစ်မှာပဲ"

နီမောင်က သူထင်မြင်ချက်ကို ပြောသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က. .

"မဟုတ်ဘူး အခန်းထဲမှာ နံတဲ့အနံ့က အပြင်ကလာတဲ့အနံ့မဟုတ်ဘူး၊ အခန်းထဲမှာ ထွန်းပေးထားတဲ့ မီးအိမ်ကနေ





လာတာ"

ဟု ပြောလိုက်သောအခါ နီမောင်တို့နှစ်ယောက်မှာ အံ့ဩသွားကြလေသည်။

"ဘယ်လိုကြောင့် မခံမရပ်နိုင်အောင် အနံ့ဆိုးကြီး ဝင်လာတာလဲ ကြာကြာနေရင် အသက်ရှူရပ်ပြီး သတိမေ့သွားမှာတောင် စိုးရတယ်"

"အခုတော့ မပြောနိုင်သေးဘူး၊ နောက်တော့ စစ်ဆေးကြည့်ပြီးရင် အဖြေတစ်ခုခုတော့ သိရမှာပဲ၊ ဟိုကမ်းခြေဘက်ကို ကြည့်လိုက်ပါဦး"

နီမောင်နှင့် ဦးဇန်ကောင်းတို့က ဒေါက်တာမင်းထင်ကျော် ပြသောနေရာဘက်သို့ လှမ်းကြည့်လိုက်ရာ ကမ်းခြေနှင့် မနီးမဝေး ပင်လယ်ရေပြင် တစ်နေရာမှာ ရေများမောက်ကြွလာသည်ကို မြင်ကြရသည်။

အလင်းရောင် ပိုးတဝါးအောက်မှာ လှမ်းမြင်နေရသော မြင်ကွင်းမှာ ကြောက်စရာကောင်းလှသည်။

ရေအောက်မှ တစ်စုံတစ်ခုသော သတ္တဝါတစ်ကောင် လာနေသကဲ့သို့ မောက်ကြွတက်လာသော ပင်လယ်ရေပြင်မှာ သူတို့ရှိရာသို့ ဦးတည်လာနေလေသည်။

"သတိထားကြ ဒါအန္တရာယ်ဖြစ်နိုင်တယ်"

ဦးဇန်ကောင်းက သတိပေးလိုက်သဖြင့် သုံးယောက်သား ကျောက်ဆောင်တစ်ခုနံဘေးသို့ ကပ်နေလိုက်ကြသည်။

ထူးထူးခြားခြား မောက်ကြွလျက်ရှိသောရေပြင်မှာဆို



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် နီးသောနေရာရောက်တော့ ပြန်ငြိမ်ကျသွားလေသည်။ ထမင်းအိုးပွက်သကဲ့သို့ ဆူပွက်နေသည်လည်း ပျောက်သွားလေသည်။

"စောစောက ဘာဖြစ်တာလဲ"

"ရေအောက်က သတ္တဝါတစ်ကောင်ကောင် ဒီဘက်ကိုလာနေတဲ့ပုံမျိုးပဲ"

"ကျွန်တော်ကြားတာကတော့ ရေသရဲနဲ့ တွေ့တုန်းက အဲဒီလိုရေပွက်မျိုးတွေ ထတယ်လို့ ပြောသံကြားဖူးတယ်"

ဂုဏ်တို့သုံးယောက်မှာ ကျောက်ဆောင်ကြားမှ အခြေအနေကြည့်နေကြသော်လည်း နောက်ထပ်ဘာမှ အခြေအနေမထူးသောကြောင့် ဇဝေဇဝါဖြစ်ကာ အပြင်သို့ ထွက်လိုက်ကြသည်။

သူတို့ရောက်နေသောနေရာမှာ ရေစပ်နှင့် မနီးမဝေးနေရာမှာရှိပြီး စောစောက ရေပွက်ထနေသော နေရာနှင့်လည်း နီးသည်။ ထိုအခိုက်မှာပင် ပင်လယ်ပြင်မှ တိုက်လာသောလေနှင့်အတူ စူးစူးဝါးဝါး အညှီနံ့နှင့် အပုပ်နံ့များ ပါလာလေသည်။

မရှေးမနှောင်းမှာပင် သူတို့နှင့် မဝေးလှသော ရေပြင်ပေါ်သို့ တစ်စုံတစ်ခု ပေါ်လာလေသည်။

ပထမ ရေပြင်ပေါ်မှာ အမြှုပ်များ ထလာသည်။

နောက်တော့ ရေမျက်နှာပြင်မှာ တဖြည်းဖြည်း ကြွတက်လာသည်။ ကြည့်နေရင်းမှာပင် ရေအောက်မှ မည်းမည်းသဏ္ဌာန်ကြီးပေါ်လာလေသည်။





အနက်ရောင် အမွှေးရှည်များက အလျင်ပေါ်လာပြီးမှ ဦးခေါင်းပေါ်လာသည်။

နောက်မှ ကိုယ်လုံးကြီးပါ ပေါ်တက်လာလေသည်။ အမွှေးရှည်များက မျက်နှာပေါ် အုပ်ကျနေသော်လည်း ကြောက်စရာကောင်းသော မျက်နှာပုံပန်းသဏ္ဌာန်ကိုတော့ မသဲမကွဲမြင်နေရသည်။

သရဲသဘက် တစ်ကောင်ကဲ့သို့ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် ခြေတံလက်တံများလည်း ပါသည်။

ထူးခြားချက်မှာ ရေဘဝဲလက်တံကဲ့သို့ ရှည်လျားသော လက်တံနှစ်ချောင်း ပါလေသည်။

ထိုလက်တံရှည်နှစ်ချောင်းမှာ လိပ်ကျောက်မြီးကဲ့သို့ ပျော့ပျောင်းပြီး လိုသည့်နေရာရောက်အောင် ဆန့်ထုတ်နိုင်ကြလေသည်။

သူတို့ရှေ့မှာ ပေါ်လာသော ရေသတ္တဝါကြီးမှာ တခြားမဟုတ်ပေ။ ယခုတစ်လော ပင်လယ်ကမ်းခြေတစ်လျှောက်တွင် တွေ့သမျှလူတို့ကို ဒုက္ခပေးနေသော သတ်ဖြတ်နေသည့် အဂ္ဂိမုခသေမင်း၊ အဂ္ဂိမုခအဆိပ်ကောင်ဟု ခေါ်နေကြသည့် 'ရေသရဲ' ပင် ဖြစ်ပေတော့သည်။

နီမောင်၊ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့မှာ သူတို့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးသေးသော ရေသရဲဟုခေါ်သော ရေသတ္တဝါကြီးအား မျက်စေ့ရှေ့မှာပင် တွေ့နေရသောကြောင့် တအံ့တသြဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြစဉ် ရေသရဲထံမှ လက်တံရှည်တစ်ချောင်း ထွက်လာပြီး သုံးယောက်စလုံးကို ဖမ်းဆွဲလိုက်လေသည်။

"ရွှီး"

ကြာပွတ်တစ်ချောင်းကဲ့သို့ ရှည်လျားသော လက်တံကြီး ထွက်လာသည်ကို မြင်သည်နှင့် တုံ့ဆိုင်းမနေတော့ပဲ ဘေးအန္တရာယ် လွတ်ရာသို့ ရှောင်ပေးလိုက်ကြသည်။

ကြောက်လန့်ပြီး ရပ်နေလျှင်တော့ လက်တံရှည်ကြီးနှင့် ဖမ်းမိသွားနိုင်သော်လည်း သုံးယောက်စလုံးက သတိဖြင့် နေကြသူများ ဖြစ်သဖြင့် အချိန်မီရှောင်ပေးနိုင်ကြခြင်း ဖြစ်လေသည်။

"သူ့လက်တံနဲ့ အထိမခံနဲ့ လက်တံတွေမှာ ဆူးရှိတယ် အဆိပ်ရှိတယ် အဲဒီအဆိပ်ထိရင် အန္တရာယ်များတယ်"

ရှောင်တိမ်းပေးရင်းနှင့် ဦးဇန်ကောင်းက သတိပေးလိုက်သည်။ ဒေါက်တာမင်းထင်ကျော်မှာ သေနတ်တစ်လက်ပါသော်လည်း ယခုအချိန်မျိုးမှာ သေနတ်သုံး၍ မသင့်သေးပေ။ အင်္ကျီအတွင်းအိတ်ထဲမှာ ဓားမြှောင်တစ်လက်တော့ပါသည်။ ထိုဓားမြှောင်ကလည်း ယခုအခြေအနေမျိုးမှာ အသုံးမဝင်လှပေ၊ ရေပေါ်မှ တက်လာသော ရေသရဲကြီးက ၎င်း၏လက်တံရှည်ကြီးဖြင့် မနီးမဝေးမှာရှိသော လူသုံးယောက်ကို ရစ်ပတ်ဆွဲယူရန် ကြိုးစားနေသည်။

သုံးယောက်စလုံးမှာလည်း ဘေးလွတ်ရာသို့ ရှောင်တိမ်းပေးနေကြရသည်။

သူတို့က ကမ်းပေါ်သို့ပြေးရန် ကြိုးစားကြသော်လည်း





ကျောက်တုံးကျောက်ဆောင်များကြားမှာ ဖြစ်သောကြောင့်လွယ်လွယ်ကူကူ တက်ပြေး၍ မရပဲရှိလေသည်။

ထိုသို့ပြေးနေကြရင်းမှာပင် ရေသရဲကြီးက ကမ်းပေါ်သို့ တက်လာချေပြီ။

ထိုအခါမှ ၎င်း၏ ပုံပန်းသဏ္ဌာန်ကို အလုံးစုံမြင်ကြရလေသည်။

တစ်ကိုယ်လုံး အမွေးရှည်များဖုံးနေပြီး လူဝံကြီးတစ်ကောင်နှင့်ပင် တူလှပေသည်။

၎င်းတစ်ကိုယ်လုံး၌ ကြောက်စရာအကောင်းဆုံးမှာ လက်တံရှည်ကြီး နှစ်ချောင်းပင်ဖြစ်သည်။

ထိုလက်တံရှည်ကြီးများနှင့် ပတ်မိသွားလျှင်တော့ လွတ်နိုင်စရာ အကြောင်းမရှိနိုင်ပေ။

ရေသရဲကြီးက ရေထဲမှတက်လာနေပြီဖြစ်သောကြောင့် သူတို့က ထိုနေရာနှင့် ဝေးသောနေရာရောက်အောင် ကြိုးစားပြီး ပြေးကြရသည်။

ရေသရဲကြီး၏ လက်တံရှည်များကလည်း လေထဲမှာ တရှီးရှီးနှင့် အသံမြည်ကာ လူသုံးယောက်တို့ကို လိုက်လံဖမ်းဆီးနေလေသည်။

တစ်ကြိမ်မှာတော့ ကမ်းစပ်သို့ရောက်သွားသော ဒေါက်တာမင်းထင်ကျော် ခြေထောက်တစ်ဖက်ကို ပတ်မိသွားသည်။

"ရွှီး"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို ပက်ဆွဲခံလိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ သဲပြင်ပေါ်သို့ လဲကျသွားလေသည်။

သတ္တဝါကြီးက သူ့ဆီသို့ ဆွဲယူသောအခါ တရွတ်တိုက်ပြီး ပါသွားလေသည်။

သို့သော် ဒေါက်တာမင်းထင်ကျော်က သတိကောင်းသူမို့ နီးရာကျောက်ဆောင်တစ်ခုကို ဖမ်းဆွဲထားလိုက်သဖြင့် တန့်သွားလေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်လည်း ထိုနေရာသို့ ပြေးသွားလေသည်။

"နီမောင် အိတ်ထဲမှာ ဓားမြှောင်တစ်လက်ပါတယ်၊ အဲဒါကိုထုတ်ပြီး ပတ်ထားတာကို ဖြတ်ပစ်လိုက်"

ထိုသို့ပြောသဖြင့် နီမောင်က ဓားကိုနှိုက်ယူနေစဉ်မှာ နောက်ထပ် လက်တံတစ်ချောင်းက ထပ်ရောက်လာသည်။

ထိုလက်တံက နီမောင်ကို ပတ်ဆွဲယူရန်လာနေခြင်း ဖြစ်သည်။ ထိုအခြေအနေကိုမြင်တော့ ဦးဗန်ကောင်းက ၎င်းအင်္ကျီကိုချွတ်ပြီး အနားရောက်လာသော နောက်ထပ်လက်တံတစ်ချောင်းကို ဖမ်းဆွဲထားလိုက်သည်။

နီမောင်က ဓားကိုရသောအခါ ဒေါက်တာမင်းထင်ကျော်ခြေထောက်မှ ပတ်ထားသော လက်တံကို အလျင်အမြန်ဖြတ်သည်။ ဓားကပြတ်သဖြင့် တိခနဲပြတ်သွားသည်။ တစ်ချောင်းပြတ်သွားသောအခါ ဦးဗန်ကောင်းဆွဲထားသော လက်တံကို ထပ်ဖြတ်သည်။





လက်တံနှစ်ချောင်းစလုံး ပြတ်သွားသောအခါ သုံးယောက်သား ဘေးအန္တရာယ်လွတ်ရာသို့ တက်ပြေးကြလေသည်။

လက်တံတစ်ချောင်းက အဖျားပိုင်းပြတ်သွားပြီး၊ ကျန်တစ်ချောင်းမှာလည်း ဒဏ်ရာရသွားပြီ ဖြစ်သောကြောင့် ရေသရဲကြီးလည်း ဆက်မလိုက်တာတော့ပဲ ရေအောက်သို့ ပြန်ဆင်းသွားလေတော့သည်။

၎င်းပြုတ်ကျသွားသောနေရာတစ်ဝိုက်မှာတော့ အတန်ကြာသည်အထိ ရေလှိုင်းများ ထနေလေသည်။

ထိုအခါမှ သုံးယောက်သား တစ်နေရာမှာထိုင်ပြီး အမောဖြေကြလေသည်။

ရေသရဲလက်တံ အပတ်ခံရသော ဒေါက်တာမင်းထင်ကျော် ခြေထောက်မှာတော့ ဖိနပ်နှင့်ဘောင်းဘီ ရှိနေသောကြောင့် အဆိပ်ဆူးများက အသားကို ထိမိခြင်းတော့ မရှိပေ။

"ပင်လယ်ထွက်တဲ့ လူတွေနဲ့တွေ့ရင် တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်နေတာ ဒီသတ္တဝါကြီးပဲဖြစ်မယ်၊ အတော်ကြောက်စရာ ကောင်းတယ်"

နီမောင်က မောဟိုက်နေသော အသံဖြင့်ပြောလိုက်လေသည်။

"လူတွေကို အန္တရာယ်ပေးနေတဲ့အထဲမှာ ရေသရဲထက်ပိုပြီး ကြောက်စရာကောင်းတဲ့လူတွေ ရှိနေသေးတယ်"

"ဘယ်သူတွေလည်း ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ပက်ထရစ်ကိုသတ်တဲ့သူ၊ အရင်တစ်ခါ ဒီဗိုလ်တဲမှာ အသတ်ခံလိုက်ရတဲ့ မျက်နှာဖြူကို သတ်သွားတဲ့ တရားခံပဲ"

"မျက်နှာဖြူက ရေသရဲလက်ချက်ကြောင့် သေသွားတာ မဟုတ်ဘူးလား"

"ရိုးရိုးတွေးရင်တော့ ဒီလိုပဲ တွေးကြမှာပါပဲ။ ဒါထက် ဒီထက်ပိုပြီး လျှို့ဝှက်ချက်တွေ ရှိလိမ့်ဦးမယ်၊ မကြာခင်တော့အ ဖြေသိကြရမှာပါ"

ဟုပြောပြီး စောစောက ရေသရဲလက်တံတစ်ခု ပြတ်ကျ နေသောနေရာသို့ သွားကြည့်သောအခါ သောင်ပြင်ပေါ်မှာ ကျ နေသော အပိုင်းအစတစ်ခုကို တွေ့သဖြင့် ကောက်ယူလာကြ သည်။

ဗိုလ်တဲရှိရာ ပြန်ရောက်တော့ လမ်းထိပ်မှာရပ်နေသော ဦးဖိုးမျှင်နှင့် တွေ့ရလေသည်။

"ဆရာတို့အခန်းထဲက မီးမှောင်နေတာ လှမ်းမြင်လို့ မီးထွန်းပေးဖို့သွားတော့ တံခါးကအတွင်းက ပိတ်ထားတယ် ဆရာတို့က ဘယ်က ပြန်လာတာလဲ"

"ပင်လယ်ဘက်ဆင်းပြီး လမ်းလျှောက်တာပါဗျာ"

"တံခါးပိတ်ရက်သားကြီး ဘယ်ကထွက်သွားတာလဲ"

ဟု ဦးဖိုးမျှင်က တအံ့တဩ မေးသည်။

"ထွက်တုန်းကတော့ ဒီလိုပဲ ထွက်သွားတာပါပဲ ဘယ်လို ကြောင့် ချက်ကျသွားတယ် မသိပါဘူး၊ ခင်ဗျားဆီမှာ သော့ပိုရှိ သလား"





"မ. . မရှိဘူးဆရာ"

ဟု ပြောသဖြင့် နီမောင်က ပြတင်းပေါက်မှ ပြန်တက်ပြီး အခန်းထဲရောက်အောင် ပြန်ဝင်ပြီး တံခါးဖွင့်ပေးရလေသည်။

တံခါးပွင့်သွားတော့ ဦးဖိုးမျှင်ပါ အထဲသို့ ဝင်လိုက်လာ သည်။

"မီးထွန်းပေးရမလားဆရာ"

"နေပါစေတော့ ကျွန်တော်တို့လည်း အိပ်တော့မှာမို့ နောက်လိုမှပဲ ထွန်းတော့မယ်"

ဟု ပြောလိုက်မှ ပြန်ထွက်သွားလေသည်။

ဦးဖိုးမျှင်ပြန်ထွက်သွားမှ ဒေါက်တာမင်းထင်ကျော်က ချိတ်ထားသော မီးအိမ်ကို ဖြုတ်ယူပြီး ကြည့်သည်။

ထို့နောက် မီးထွန်းလိုက်သည်။

ဒီတစ်ကြိမ်မှာတော့ ဘယ်လိုအနံ့မျိုးမှ မရတော့ပေ၊

"စောစောကရတဲ့ အနံ့မျိုး ပျောက်သွားပြီနော်"

"ပျောက်မှာပေါ့ ဒီမီးအိမ်က စောစောကမီးအိမ်မှ မ ဟုတ်တော့တာကိုး"

"အခန်းတံခါး ပိတ်ထားတာကို ဘယ်လိုလဲယူသွားတာ လဲ"

"ဒီဗိုလ်တဲတွေထဲကို ဝင်တဲ့အခြားနည်းတွေ ရှိမှာပေါ့"

"ဘာကြောင့် မီးအိမ်ချင်း လဲသွားတာလည်း ဆရာ"

"ပထမထွန်းတဲ့မီးအိမ်မှာ မီးထွန်းတဲ့ဆီထဲမှာပဲဖြစ်ဖြစ် ဒါမှမဟုတ် တစ်ခုခုပဲဖြစ်ဖြစ် လူတွေကိုအန္တရာယ်ပေးနိုင်တဲ့ အရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပါတယ်၊ ဒီအနံ့ကို ရှူမိရင် မူးမေ့လဲသွားမှာပဲ”

“ဘယ်သူက ဘာကြောင့် အဲသည်လိုလုပ်တာလည်း ဆရာ”

“ဒါကတော့ အခုလောလောဆယ် မပြောနိုင်သေးဘူး၊ ဒါပေမယ့် မကြာခင်တော့ အဖြေပေါ်လာတော့မှာပါ၊ ဆားပုလင်းရွှေမိုးဆီက ယူထားတဲ့မှတ်တမ်းတွေကို ဖတ်ကြည့်ရင်တော့ ကွင်းဆက်တွေ ပေါ်လာမှာပါ”

ဟု ပြောသဖြင့် နီမောင်လည်း ဆက်မမေးတော့ပေ။ ထို့နောက် ၎င်းတို့ယူလာသော ရေသရဲ၏လက်တံ အပိုင်းအပြတ်ကို ကြည့်ကြလေသည်။

ထိုလက်တံမှာ ရုတ်တရက်ကြည့်လျှင်တော့ ရေဘဝဲလက်တံ(သို့မဟုတ်)လိပ်စွန်တစ်ကောင်၏ အမြီးချောင်းနှင့်တူသော်လည်း အသေအချာကြည့်တော့ သိပ်မတူလှပေ။ ထိုလက်တံမှာ အမည်းရောင်ဖြစ်ပြီး စူးချွန်များနှင့် ဓားသွားလိုထက်သော အဖုအထစ်များ ပါလေသည်။

“အဲဒီစူးတွေနဲ့ထိရင် အဆိပ်သင့်နိုင်တယ်”

ဦးဗန်ကောင်းကပြောသည်။

“သူ့အဆိပ်က မြွေဆိပ်နဲ့တူသလား ဆရာကြီး”

“အဆိပ်တွေကတော့ သိပ်မကွာလှပါဘူး၊ ဒါပေမယ့် ဒီအဆိပ်မျိုးက သာမန်အဆိပ်တွေထက် ပိုပြင်းတဲ့ နဂါးအဆိပ်မျိုးနဲ့ ပိုပြီးတူတယ်”

“ဒီလိုဆိုရင် ထိမိရုံနဲ့ အန္တရာယ်ရှိနိုင်တာပေါ့နော်”





“ဆရာအတော်ကံကောင်းတယ်၊ ခြေထောက်ကိုပတ်ဆွဲထားတုန်းက ဘောင်းဘီနဲ့ဖိနပ်သာခံမနေရင် အဆိပ်စူးထိပြီး အဆိပ်သင့်နိုင်တယ်၊ ဒါပေမယ့် ကျုပ်ဆီမှာတော့ အဆိပ်ဖြေဆေး ရှိပါတယ်၊ တစ်ခုခုဖြစ်ရင်တော့ ကုသပေးနိုင်ပါတယ်”

ထိုနောက်မှာတော့ ရေသရဲ၏ လက်တံကို တစ်နေရာမှာထားလိုက်ပြီးနောက် သုံးယောက်သား မအိပ်ကြသေးပဲ. . စကားပြောနေကြစဉ် အပြင်ဘက်မှ အသံလိုလိုကြားလိုက်ရသဖြင့် ပြတင်းပေါက်အကွယ်မှ လှမ်းကြည့်သောအခါ. . ကျောက်ဆောင်များကြားသို့ ဆင်းသွားသော မည်းမည်းသဏ္ဍာန်ကို မသဲမကွဲ လှမ်းမြင်လိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# ဝက်ပါလမ်းမှ စားစာခံဖြစ်ရသူ

တစ်နေ့မှာတော့ ဦးလွန်းမောင်တို့မိသားစုမှာ ကြီးစွာသော စိတ်သောကရောက်စရာ အဖြစ်မျိုးတစ်ခုနှင့် ကြုံကြရလေတော့သည်။ အခြားမဟုတ်ပေ။

မြဝင်းသူမှာ မြို့တွင်းသို့ ကိစ္စတစ်ခု ဖြင့်သွားရာမှ ပြန်ရောက်မလာတော့ခြင်း ဖြစ်လေသည်။

လူများကိုလွှတ်ပြီး တစ်မြို့လုံးအနှံ့ လိုက်လံရှာဖွေပါသော်လည်း အစအနမျှပင် မတွေ့ရပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကလည်း တစ်ယောက်တည်း သွားလာနေကျဖြစ်ရာ ယခုမှ ထူးထူးဆန်းဆန်း ပျောက်သွားသဖြင့် အချို့ကတော့ ချစ်သူနောက်သို့ လိုက်သွားပြီဟု ထင်ကြေးပေး ပြောဆိုကြလေသည်။

သို့သော်လည်း သူမနှင့် ချစ်သူဖြစ်နေသော ပက်ထရစ်ဆိုသူမှာလည်း တလောကမှ သေဆုံးသွားခြင်းဖြစ်ရာ မည်သူနှင့် လိုက်သွားသည်ကို မသိအောင် ဖြစ်နေကြသည်။

မောင်ဖြစ်သူ ဖိုးကျော်ကတော့ အလုပ်သမားအချို့နှင့် အတူ တစ်မြို့လုံးအနှံ့ လိုက်လံရှာဖွေကြလေသည်။

ဦးလွန်းမောင်နှင့် ဒေါ်လွန်းမေတို့ကတော့ သမီးတစ်ယောက်တည်းရှိရာမှ ယခုကဲ့သို့ အကြောင်းတစ်စုံတစ်ရာ မသိရပဲ ပျောက်နေသောအခါ များစွာစိတ်ပူကြရလေသည်။

တစ်ရက်၊ နှစ်ရက်ရှာကြည့်သော်လည်း အစအနမျှမတွေ့ကြသောအခါ ဂါတ်တဲသို့ အကြောင်းကြားရလေသည်။

ရာဇဝတ်အုပ် ဦးမင်းဒင်မှာလည်း ယခင်အမှုများပင် အဖြေမရသေးခင်မှာ နောက်ထပ်အမှုတစ်ခု ထပ်တိုးလာပြန်သောကြောင့် ပိုမိုခေါင်းခြောက်ကြရပြန်တော့သည်။

ထိုအကြောင်းကို ဆားပုလင်းရွှေမိုးကိုပင် တာဝန်လွှဲပေးပြန်ရာ ရွှေမိုးက ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ ပြောပြလိုက်သည်။

“ဆရာရေ ပထမအမှုတောင် မပြီးသေးဘူး နောက်တစ်မှုက ပေါ်လာပြန်ပြီဗျ”





“ဘယ်လိုဖြစ်တာလည်း ပြောပါဦး”

“ဆရာ ဟိုတလောကတွေ့တဲ့ မြဝင်းသူဆိုတဲ့ အမျိုးသမီး ပျောက်နေလို့တဲ့၊ လင်နောက်လိုက်သွားတာပဲဖြစ်မယ် ထင်ပါတယ်”

“သူနဲ့ချစ်သူဖြစ်နေတဲ့ ပက်ထရစ်က သေသွားတာတောင် မကြာသေးတော့ ချစ်သူနောက် လိုက်သွားတာတော့ မဟုတ်လောက်ဘူး ထင်တယ်”

“သူ့ရုပ်ရည်ကချောတော့ ချစ်သူတွေအများကြီး ရှိချင်ရှိနေမှာ တစ်ယောက်သေသွားတော့. . နောက်တစ်ယောက်နဲ့ လိုက်သွားတာရော မဖြစ်နိုင်ဘူးလား”

“စုံစမ်းကြည့်မှပဲ သိရတော့မှာပဲ ခင်ဗျားပြောသလို ချစ်သူနောက်လိုက်သွားတာပဲ ဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ”

“ဘာဖြစ်လို့လည်း ဆရာ”

“အဲဒီလို မဟုတ်ရင်တော့ အန္တရာယ်ဆိုးတစ်ခုခုနဲ့ တွေ့နေရလိမ့်မယ်လို့ ထင်တယ်”

ထိုစကားကြားသောအခါ. . . ရွှေမိုးလည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မြဝင်းသူနှင့် အချိန်ကြာကြာတွေ့ဖူးပြီး အတော်အသင့် အကဲခတ်ခွင့် ရခဲ့လေရာ ထိုကဲ့သို့ မျက်နှာများမည့် အမျိုးသမီးတစ်ယောက် မဟုတ်မှန်းတော့ သိထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်သောနေ့သို့ ရောက်သောအခါ ဦးလွန်းမောင်ထံသို့ လူတစ်ယောက်ရောက်လာပြီး စာတစ်စောင် ပေးသွားလေသည်။

*"ခင်မျှားသမီးကို အသက်ရှင်လျက်နဲ့ ပြန်တွေ့ချင်ရင် ခင်ဗျားမတရားတဲ့နည်းနဲ့ ယူထားတဲ့ မြေပုံစာရွက်ကို ပြန်လာပေးပါ"*

*မြေပုံပေးရမယ့်နေရာက "ရာဇူတိုင်ကျွန်းပဲ" ရာဇူတိုင်ကျွန်းကို လပြည့်နေ့မှာ အရောက်လာပြီး မြေပုံနဲ့ ခင်ဗျားသမီးကို လာရွေးယူပါ အဲဒီရက်ကျော်ရင်သော်လည်းကောင်း၊ ပုလိပ်တွေကို အကြောင်းကြားပြီး ခေါ်လာခဲ့ရင်သော်လည်းကောင်း၊ ခင်ဗျားသမီးကို အသက်ရှင်လျက်နဲ့ ပြန်တွေ့ရဖို့ မမျှော်လင့်နဲ့တော့။*

*ရာဇူတိုင်ကျွန်းက ရေသူရဲ"*

ဟုရေးထားလေသည်။

ထိုစာရတော့မှ ဦးလွန်းမောင်မှာ သမီးဖြစ်သူ မြဝင်းသူပျောက်ရသော အကြောင်းအရင်းကို သိရလေတော့သည်။

"ဒင်းတို့က ငါ့ထက်တောင် ခြေသွက်နေပါရော့လား၊ ဒီတစ်ခါတော့ ဂျင်ပေါ်ထုံးတို့တာ ခံရတော့မယ့် အခြေအနေမျိုး ရောက်နေပြီ"

ဟု မကျေမနပ် တွေးနေလေသည်။

သို့သော်လည်း သူ့အနေနှင့် ဘာမှမတတ်သာတော့ပေ။ ရန်သူဘက်က လက်ဦးနေချေပြီ။





သမီးဖြစ်သူမြဝင်းသူ၏ အသက်ကိုတော့ ဘယ်နည်းနှင့်မှ အဆုံးရှုံးမခံနိုင်သလို သူ့လက်ထဲမှာ ရောက်နေသောရတနာမြေပုံကိုလည်း လက်လွှတ်မပေးလိုပေ။

ထိုရတနာမြေပုံရဖို့ နည်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးနှင့် ကြိုးစားထားရခြင်းဖြစ်သည်။

သူသည် နည်းအမျိုးမျိုးနှင့် ကြံစည်စိတ်ကူးနေရာမှ တစ်စုံတစ်ခုကို သတိရသွားလေသည်။

ထို့ကြောင့် ယုံကြည်စိတ်ချရသော လူတစ်ယောက်ကို ဒေါက်တာမင်းထင်ကျော်ရှိရာသို့ စေလွှတ်လိုက်လေသည်။

ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ နီမောင်အိမ်၌ ရောက်နေလေသည်။

ထိုလူက ဒေါက်တာမင်းထင်ကျော်အား အကျိုးအကြောင်းပြောပြသောအခါ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရောက်အောင်လာခဲ့မည်ဖြစ်ကြောင်း ပြန်ပြောလိုက်လေသည်။

ထိုလူပြန်သွားသောအခါ နီမောင်ကို အကျိုးအကြောင်းပြောပြီး စီစဉ်စရာရှိသည်တို့ကို စီစဉ်ကြလေသည်။

ထိုနေ့ ညဉ့်ဦးပိုင်းအချိန်လောက်တွင် ဦးလွန်းမောင်အိမ်သို့ အသက်အရွယ်ကြီးသော မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ရောက်လာပြီး ဦးလွန်းမောင်နှင့် တွေ့လိုကြောင်း ပြောကြသည်။

ဦးလွန်းမောင်နှင့် တွေ့သောအခါ. . .

"ဘာကိစ္စရှိကြလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်မရှည်သော လေသံမျိုးဖြင့် မေးလိုက်ကြလေသည်။

"ကျွန်တော်က ခင်ဗျားတွေ့ချင်တဲ့ ဒေါက်တာမင်းထင်ကျော်ပါပဲ"

အဘိုးကြီး ဟန်ဆောင်ထားသူထံမှ ထိုစကားကြားတော့မှ သဘောပေါက်သွားသဖြင့် အခန်းတစ်ခန်းထဲသို့ ခေါ်သွားလေတော့သည်။

အခန်းထဲရောက်တော့မှ နှစ်ယောက်စလုံး ရုပ်ဖျက်ထားသည်တို့ကို ဖယ်ပစ်လိုက်ကြသည်။

တစ်ယောက်က နီမောင်ပင်ဖြစ်သည်။

"ကျုပ်သမီးလေးတော့ အဖမ်းခံနေရပြီ"

ဟုပြောကာ ၎င်းလက်ထဲမှစာကို ပေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က လှမ်းယူပြီး ဖတ်ကြည့်လေသည်။

ပြီးမှ မေးလိုက်သည်။

"ခင်ဗျားဆီမှာရှိတဲ့မြေပုံက ဗိုလ်တဲမှာတည်းတဲ့ မျက်နှာဖြူတွေဆီက ရထားတဲ့မြေပုံမဟုတ်လား၊ ဘယ်လိုနည်းနဲ့ ရထားတယ်ဆိုတာ ပြောပြပါလား"

"ဒီအကြောင်းတွေကို နောက်တော့အားလုံး ပြောပြပါ့မယ်၊ အခုလောလောဆယ်တော့ ကျုပ်သမီးလေးကိုသာ ကယ်ပေးပါ"

"စိတ်မပူပါနဲ့ ကျွန်တော်တို့ကြိုးစားပေးပါမယ်၊ ဦးလွန်းမောင်ဆီမှာရှိတဲ့မြေပုံကို ကြည့်ပါရစေ"





ဟု ပြောတော့မှ ၎င်းအခန်းထဲမှာ လျှို့ဝှက်စွာသိမ်းထားသော မြေပုံစာရွက်ကို ထုတ်ပေးလေသည်။

မြေပုံထဲမှာ ကျွန်းတစ်ကျွန်းကို ရေးဆွဲထားပြီး ထိုကျွန်းပေါ်၌ ရတနာများ မြှုပ်ထားသောနေရာကို မြေပုံဆွဲပြထားလေသည်။

ထိုကျွန်းမှာ အခြားမဟုတ်ပဲ ယခုချိန်းသော 'ရာဇူတိုင်ကျွန်း'ပင် ဖြစ်ပေတော့သည်။

"ဒါကြောင့် သူတို့က မိန်းကလေးကို ရာဇူတိုင်ကျွန်းကို ခေါ်သွားပြီးတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်အောင် ကြံစည်ကြတာကိုး ဒါထက်ရာဇူတိုင်ကျွန်းကို မင်းသိသလားနီမောင်"

"သိတယ်ဆရာ တစ်ခါနှစ်ခါလောက် ရောက်ဖူးတယ်၊ လူသူမရှိတဲ့ ကျွန်းတစ်ကျွန်းပါပဲ"

"ဒီကိစ္စလည်း မင်းပါမှဖြစ်မယ် နီမောင်ရေ၊ လိုက်နိုင်မယ် မဟုတ်လား"

"လိုက်နိုင်ပါတယ်ဆရာ လိုက်ခဲ့ပါ့မယ်၊ ကျွန်တော်နဲ့အတူ လက်တွဲညီတဲ့သူတွေလည်း ရှိကြသေးတယ် သူတို့ပါ ခေါ်သွားရင် ပိုကောင်းမယ်"

"လူများတော့ ပိုကောင်းတာပေါ့၊ ဘယ်သူတွေလဲ"

"စောထီးနဲ့ ငမဲအောင်တို့ပါ"

"ကောင်းပြီလေ၊ ဒီကြားထဲမှာ လက်နက်ကိရိယာတွေစုပြီး စီစဉ်စရာတွေကို ကြိုတင်စီစဉ်ထားကြရမယ်"

ဟုပြောပြီး အခြားအကြောင်းများကိုပါ ပြောဆိုတိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

နောက်တစ်ရက်မှာတော့ နီမောင်က ရုပ်ဖျက်ပြီးနောက် မြို့ထဲမှာ စုံစမ်းစရာရှိသည်တို့ကို စုံစမ်းသည်။

မည်သို့မည်ပုံ စုံစမ်းရမည်ကို ဒေါက်တာမင်းထင်ကျော်က မှာကြားလိုက်သည်။

ထို့ပြင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်နှင့် တွေ့ပြီး လိုအပ်သောပြင်ဆင်မှုများ ကြိုတင်ပြုလုပ်ထားရန် မှာကြားထားလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဦးမင်းဒင်၊ ဆားပုလင်းရွှေမိုးတို့နှင့်တွေ့ပြီး အခြေအနေကို ပြောသင့်သလောက် ပြောပြလိုက်လေသည်။

"အခြေအနေ ဘယ်လိုရှိသလဲဆရာ"

"တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလိုပါပဲ၊ ဒီကိစ္စတွေပြီးရင်တော့ ဦးမင်းဒင်လိုချင်တဲ့ အဖြေတွေကိုလည်း သိရမယ် ပြဿနာတွေလည်း ပြီးသွားမှာပါ"

"လူဆိုးတွေလိုချင်တဲ့ မြေပုံစာရွက်ဆိုတာ လွန်ခဲ့တဲ့လပိုင်းလောက်က ဗိုလ်တဲမှာ မျက်နှာဖြူတစ်ယောက် သေဆုံးသွားတဲ့အမှုမှာ ပျောက်သွားတယ်ဆိုတဲ့ မြေပုံစာရွက်ပဲလား"

"အမှန်ပါပဲ"

"ဦးလွန်းမောင်လက်ထဲကို ဘယ်လိုရောက်သွားတာလဲ ကျွန်တော်တို့တောင် မျက်စိလည်သလို ဖြစ်နေပြီ"

"တစ်နည်းနည်းနဲ့တော့ ရောက်သွားတာ ဖြစ်မှာပါ၊ အခုခု





တော့ အဖြေမသိရသေးဘူး"

"ဒါဖြင့် လူသတ်မှုနဲ့များ ပတ်သက်မှုရှိနေမလား"

"တစ်နွယ်ငင်တစ်စင်ပါပေါ့ ဦးမင်းဒင်ရယ်၊ အမှုတစ်ခုဖြစ်လာပြီဆိုရင်တော့ တစ်နည်းနည်းနဲ့တော့ ဆက်သွယ်ပတ်သက်မှုတွေ ရှိနိုင်တာပဲပေါ့၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ ဘယ်လောက်လျှို့ဝှက်တဲ့ ပဟေဠိမျိုးပဲဖြစ်ဖြစ် အဖြေတစ်ခုတော့ ရှိတာချည်းပါပဲ၊ ဥပမာတစ်ခုအနေနဲ့ ပြောရရင် ကောင်းကင်တစ်ခုလုံး မည်းမှောင်နေပေမယ့် အနားသတ်မျဉ်းကတော့ အလင်းရောင်ရှိနေသလိုမျိုးပေါ့ဗျာ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို ဖွာရင်းပြောလိုက်ရာ ရာဇဝတ်အုပ်ဦးမင်းဒင်မှာ များစွာအားတက်သွားလေသည်။

"အားကိုးပါရစေဆရာရယ်၊ ဆရာက စုံထောက်တစ်ယောက်လည်းမဟုတ် . . အစိုးရဝန်ထမ်းတစ်ယောက်လည်း မဟုတ်ပါပဲ ကျွန်တော်တို့မှာ အခက်အခဲရှိတဲ့အခါ လာပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဆရာ့အရည်အချင်းမျိုးနဲ့သာ အစိုးရဌာနမှာဝင်ပြီး အမှုထမ်းအရာထမ်း လုပ်လိုက်ရင်တော့ ချက်ချင်းရာထူးတိုးမှာ အမှန်ပဲ"

"ကျွန်တော်က မျက်နှာဖြူတွေလက်အောက်မှာ အမှုမထမ်းချင်လို့၊ ရှင်းရှင်းပြောရရင်တော့ သူတို့ပြောတာခိုင်းတာ မခံချင်လို့ အေးအေးပဲနေတာပါ၊ အခုလို . . တကူးတကလာပြီး အကူအညီပေးတာကလည်း ကျွန်တော်ရဲ့ ဝါသနာကြောင့်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှို့ဝှက်မှုတွေနဲ့ အားပြိုင်ရတာကို စိတ်ဝင်စားပါတယ်”

“ကောင်းပါတယ် ဆရာရယ်. . ၊ ဆရာလိုလူမျိုး တစ်ယောက်ရှိနေတော့ ကျွန်တော်တို့လို ခပ်ညံ့ညံ့အမှုထမ်းတွေအတွက်ကတော့ အကူအညီရတာပေါ့”

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ရယ်နေလေသည်။

“အခုဆောင်ရွက်မယ့် ကိစ္စမှာလည်း လူအင်အား၊ လက်နက်အင်အားတွေကို ဆရာကြိုက်သလို အသုံးပြုနိုင်ဖို့ ဆားပုလင်းရွှေမိုးကို မှာထားပါမယ်၊ ပင်လယ်ပြင်သွားမယ်ဆိုရင်လည်း စက်လှေတွေအသုံးပြုဖို့ အဆင်သင့်ရှိပါတယ်”

“အခုလို စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်၊ တခြားအစီအစဉ်လေးတွေ လုပ်ရဦးမှာမို့ ခွင့်ပြုပါဦး”

ဟုပြောဆိုနှုတ်ဆက်ပြီးနောက် နီမောင်တို့နှင့် ချိန်းထားသောနေရာသို့ သွားလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ကတော့ ၎င်းတို့ယူဆောင်ကြမည့် လက်နက်ကိရိယာတို့ကို ပြင်ဆင်နေကြလေသည်။ ၎င်းတို့အသုံးပြုသော လက်နက်များမှာ အခြားမဟုတ်ပေ။ ဒူးလေး၊ လင်းလေးနှင့် အဆိပ်လူးမြားတံများပင်ဖြစ်သည်။

ထို့ပြင် ပင်လယ်ပိုင်းဒေသ၌ ငါးဖမ်းထွက်ရာတွင် အသုံးပြုကြသော မှိန်း၊ စလွတ်၊ ဓား၊ မှုတ်ပြောင်း စသည်လည်း ပါဝင်





လေသည်။

သူတို့သည် တိုက်ပွဲတစ်ခုနှင့် ရင်ဆိုင်တွေ့ကြရမည့် သူ့ရဲ့ကောင်းများပမာ တက်ကြွလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

## ရန်သူစက်ကွင်းသို့ သက်ဆင်းကြရခြင်း

ရာဇူတိုင်ကျွန်းမှာ မြောက်မြားစွာသော မြိတ်ကျွန်းစုများထဲမှ တစ်ကျွန်းအပါအဝင် ဖြစ်လေသည်။

အဝေးမှကြည့်လျှင် ငါးကြီးများချိန်တွယ်သော ရာဇူတိုင် (ချိန်ခွင်)နှင့် ပုံသဏ္ဌာန်တူသောကြောင့် ရှေးအဆက်ဆက်ကပင် ရာဇူတိုင်ကျွန်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်အချိန်က ထိုကျွန်းစုများပေါ်မှာ လူနေထိုင်မှုမရှိပဲ ကျောက်တုံးကျောက်ဆောင်များ၊ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်များနှင့် သဘာဝသစ်တောကြီးများက ဖုံးလွှမ်းထားလေသည်။

နောက်ပိုင်းမှာတော့ ကဗန်းလှေများကို နေအိမ်အဖြစ်အသုံးပြုကာ ပင်လယ်ရေပြင်အနှံ့ သွားလာနေထိုင်ကြသော ပင်လယ်ပျော် မော်ကင်းဟု တင်စားခေါ်ဝေါ်ကြသည့် ဆလုံများ တစ်ခါတစ်ရံ လာရောက်နေထိုင်သည်မှလွဲပြီး အခြားအချိန်များမှာတော့ မည်သူမှ မလာရောက်ကြပေ။

မြိတ်မြို့နှင့် အတန်ငယ်ဝေးပြီး ပင်လယ်ဘက်အစွန်ပိုင်း နေရာမှာရှိသောကြောင့်လည်း တကူးတက မလာကြခြင်းဖြစ်သည်။

သားငါးရှာဖွေသူများကလည်း ထိုနေရာအထိ မလာကြသဖြင့် ကျွန်းပေါ်မှာ သစ်တောကြီးများက ဖုံးလွှမ်းလျက် ရှိနေတော့သည်။ ကမ်းခြေတစ်နေရာမှာ တောင်လုံးကြီးများတမျှ ကြီးသောကျောက်ဆောင်ကျောက်တုံးကြီးများရှိသည်။

အချို့ကျောက်ဆောင်များမှာ မတ်စောက်လှပြီး. . . အောက်ဘက်တွင် လိုဏ်ခေါင်းကြီးများရှိသည်။

မြင့်မားသော ကျောက်သား နံရံများထက်မှာတော့ ဇီဝဖိုးငှက်သိုက် အများအပြား ရှိကြလေသည်။

သို့သော်လည်း မည်သူမှ လာရောက်ခွာယူခြင်း မပြုကြပေ။ ရာဇူတိုင်ကျွန်းမှာ ရှေ့ကရေးခဲ့သည့်အတိုင်း ရာဇူတိုင် (ချိန်ခွင်)နှင့် ပုံသဏ္ဌာန်တူပြီး ကျွန်းကအတော်ကြီးသည်။

ကျွန်းပေါ်တွင် ကျောက်တောင်များ၊ တောင်ကုန်းများ





ရှိသည်။ အချို့နေရာများမှ အတော်ကျယ်သော ဂူပေါက်ကြီးများရှိသည်။ အချို့ဂူပေါက်များမှာ လိုဏ်ခေါင်းကြီးများ ဖြစ်နေပြီး ပင်လယ်ကမ်းခြေအထိ ပေါက်လေသည်။

ရေတက်ချိန်တွင် ပင်လယ်ဘက်မှဝင်လာသော ရေများသည် ဂူပေါက်ရှိရာအထိ တက်လာတတ်သည်။

ရေကျချိန်ရောက်လျှင်တော့ လတာပြင်များနှင့်. . . ကျောက်စွန်းကျောက်ချွန်များသာ ပေါ်နေတတ်သည်။

အခြားနေရာများမှာတော့ သစ်ပင်သစ်တောကြီးများက လူတစ်ယောက် မတိုးသာလောက်အောင် ပိတ်ဆီးဖုံးအုပ်လျက်ရှိနေတော့သည်။

ရာဇူတိုင်ကျွန်း၏ ကမ်းခြေတစ်နေရာတွင် သစ်တောကြီးများအပေါ်မှ ကျော်ထွက်နေသော ကျောက်ဆောင်မြင့်ကြီး တစ်ခုရှိသည်။

ထိုကျောက်ဆောင်မြင့်ကြီးမှာ ကျောက်တောင်တစ်လုံးစာမျှ မြင့်လှပေရာ ထိုနေရာမှကြည့်ပါက ပင်လယ်တွင်းမှ အခြေအနေကို အားလုံးလှမ်းမြင်နိုင်သည်။

ကျောက်ဆောင်ထိပ်ပေါ်မှာတော့ လူနှစ်ယောက်ရှိနေသည်။ ၎င်းတို့သည် မှန်ပြောင်းတစ်လက်နှင့် ပင်လယ်ပြင်နေရာအနှံ့သို့ စောင့်ကြည့်နေကြသည်။

ထိုနေရာ၏ အောက်ဘက်မှာတော့ ကျယ်ဝန်းလှသော ဂူပေါက်တစ်ပေါက်ရှိသည်။

ထိုဂူထဲမှာလည်း သေနတ်စသော လက်နက်များ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားသော လူအချို့ရှိနေကြသည်။

အားလုံး (၁၀)ယောက်ခန့်ရှိသည်။

ဂူအတွင်းတစ်နေရာမှာတော့ မိန်းမပျိုတစ်ယောက် ရှိနေသည်။ မြဝင်းသူပင်ဖြစ်သည်။

မြဝင်းသူမှာ လူဆိုးများက အဓမ္မဖမ်းဆီးခေါ်ဆောင်လာသဖြင့် ထိုနေရာသို့ ရောက်နေခြင်းဖြစ်သည်။

အတန်ကြာသောအခါ သူမ,ရှိသောနေရာသို့ လူတစ်ယောက် ရောက်လာသည်။

ထိုလူ၏မျက်နှာကို မြင်သောအခါ ပထမတော့ အံ့သြသွားသည်။ နောက်တော့ မီးဝင်းဝင်းတောက်လုမတတ် ဒေါသဖြစ်နေသည့် မျက်လုံးဖြင့် ကြည့်ကာ မေးလိုက်သည်။

"ဒီလိုယုတ်မာတဲ့ အကြံအစည်နဲ့လုပ်တာ နင့်လက်ချက်ပဲ မဟုတ်လား ထွန်းအောင်ကျော်"

"ယုတ်မာတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲဟာ လုပ်သင့်တာကို လုပ်တာပဲ အခုနင်ငါ့လက်ထဲ ရောက်နေပြီမဟုတ်လား"

"ငါ့ကို ဒီနည်းနဲ့ရအောင် ကြံစည်ရင်တော့ နင်မှားမှာပဲ အသက်သေရင်တောင် မရဘူး"

"အခုထိ လေသံက မာနေတုန်းပါလား၊ နင်က မျက်နှာဖြူတွေကိုမှ အထင်ကြီးနေတာ မဟုတ်လား"

"အဲဒါ နင့်အပူမပါဘူး ပက်ထရစ်ကို နင်သတ်လိုက်တာ မဟုတ်လား"

"ငါမသတ်ဘူး"





"အခုမှ ညာမနေနဲ့ ပက်ထရစ်ပေးလိုက်တဲ့စာကို နီမောင်ဆီကနေ လမ်းကလုယူလိုက်တာလဲ နင့်လူတွေမဟုတ်လား"

"မဟုတ်ဘူး"

"နင်ကလွဲပြီး တခြားဘယ်သူမှ မရှိဘူး၊ နင်က လူယုတ်မာ လူသတ်သမားပဲ"

"ဘာပဲပြောပြော နင့်အကောင်ကို သတ်တာ ငါမဟုတ်ဘူး၊ ငါကဒီထက်အရေးကြီးတဲ့ကိစ္စတွေ လုပ်နေရတယ် အဲဒါ ဘာလည်းဆိုတာ နင်သိသလား"

မြဝင်းသူက အံကြိတ်ပြီး စိုက်ကြည့်နေသည်။

"တခြားမဟုတ်ဘူး နင့်အဖေက ငါတို့ထက် လက်ဦးမှု ယူပြီး ရတနာမြေပုံကိုယူသွားလို့ . . အဲဒါကို မရရတဲ့နည်းနဲ့ ရအောင် ကြိုးစားနေတာ၊ အခုတော့ ငါ့ရဲ့အကြံအစည် အောင်မြင်တော့မယ်၊ ဒီကနေ့ လပြည့်နေပဲ၊ ဒီကနေ့တော့ နင့်အဖေ ဒီကိုရောက်လာတော့မယ်"

ဟု အောင်မြင်သူ တစ်ယောက်ရဲ့လေသံမျိုးဖြင့် ပြောလိုက်လေသည်။

"ငါ့အဖေက ဒီလို ရှုပ်ရှုပ်ထွေးထွေးအလုပ်တွေ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

"နင်က ဘာမှမသိသေးလို့ ဒီစကားပြောနေတာပါ၊ နင်တို့ကတော့ နင့်အဖေကို လူကောင်းတစ်ယောက်လို့ပဲ ထင်နေမှာပေါ့၊ တစ်ချိန်က သူက ပင်လယ်ဓားပြတွေနဲ့ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ လူတစ်ယောက်ပဲ၊ ပင်လယ်ဓားပြတွေရတဲ့ ရွှေငွေရတနာတွေကို ထုခွဲရောင်းချပေးပြီး လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ပေးတဲ့ ပွဲစားတစ်ယောက်ပဲ၊ သူကဒီနည်းနဲ့ ချမ်းသာလာခဲ့တာလေ"

"နင် မဟုတ်တဲ့စကားတွေ ပြောမနေနဲ့"

"နင်က အခုထိ မယုံကြည်သေးပဲကိုး၊ ဒီလိုဆိုတော့လည်းဆက်ပြီး ပြောပြရမှာပေါ့၊ ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြဗိုလ်တစ်ယောက် မြှုပ်ထားတဲ့ ရတနာတွေရှိတယ်၊ အဲဒီနေရာကိုရေးဆွဲထားတဲ့ မြေပုံလည်းရှိတယ်၊ တစ်နေ့တော့ နင်တို့ပိုင်တဲ့ဗိုလ်တဲမှာ မျက်နှာဖြူနှစ်ယောက်နဲ့ ထားဝယ်သားသုံးယောက်လာတည်းတယ်၊ သူတို့ဆီမှာ အဲဒီမြေပုံပါလာတယ်၊ နင့်အဖေကအဲဒီလူတွေကို ဒုက္ခပေးပြီး ရတနာမြေပုံကို ရအောင်ယူထားလိုက်တယ်"

ထိုစကားကြားတော့ မြဝင်းသူမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"အခုငါတို့က နင့်ကိုအသုံးချပြီး အဲဒီမြေပုံကိုရအောင်ပြန်ယူဖို့ ကြိုးစားတာလေ၊ ငါ့အကြံ မပိုင်ဘူးလား"

"နင် ဒီလိုလုပ်တော့ရော လွတ်မှာမို့လား. .၊ မြိတ်ပြန်ရောက်တာနဲ့ အဖမ်းခံရမှာပဲ"

ထိုစကားကြားတော့ ထွန်းအောင်ကျော်က ရယ်နေသည်။

"နင်က ငါ့ကို ငတုံးငအတစ်ယောက်လို့ ထင်နေသလား၊ ငါလိုချင်တဲ့ ရတနာတွေရပြီးရင် မြိတ်ကိုပြန်တော့မယ်များ





ထင်နေသလား၊ နင့်ကိုပါတစ်ပါတည်းခေါ်ပြီး ယိုးဒယားဘက်သို့အပြီးသွားတော့မှာ သိရဲ့လား"

"လူယုတ်မာ"

ထိုအချိန်မှာပင် နောက်ထပ်တစ်ယောက် ရောက်လာပြန်လေသည်။ စကားပြန်ရွှေမောင်ပင် ဖြစ်သည်။

စကားပြန်ရွှေမောင်နှင့် ထွန်းအောင်ကျော်တို့. . နှစ်ယောက်ပေါင်းပြီး ထိုအကြံအစည်ကို အကောင်အထည်ဖော်ကြခြင်း ဖြစ်ပေသည်။

"ထွန်းအောင်ကျော်. . ပင်လယ်ပြင်မှာ စက်လှေတစ်စင်း ဒီဘက်လာနေတာ တွေ့တယ်လို့ပြောတယ်၊ သွားကြည့်ကြရအောင်"

ဟုပြောပြီး နှစ်ယောက်သား ထွက်သွားကြလေတော့သည်။

အချိန်က ညနေစောင်းအချိန်သို့ ရောက်နေချေပြီ။ သို့သော်လည်း ပင်လယ်ပြင်မှာတော့ နေရောင်နှင့် အလင်းရောင်များ ရှိနေသေးသည်။

ထွန်းအောင်ကျော်နှင့် ရွှေမောင်တို့ ရောက်သွားသောအခါ ကျောက်တုံးပေါ်မှာရှိနေသော အစောင့်က လှမ်းပြောသည်။

"ဒီဘက်ကို စက်လှေတစ်စင်း လာနေတယ်ဆရာ"

"အေး မျက်ခြည်မပြတ် စောင့်ကြည့်ထားကြ၊ လက်နက်တွေကိုလည်း အဆင်သင့် ပြင်ဆင်ထားကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုရင်းနှင့် အခြားသူများကိုလည်း လက်နက်များ အဆင်သင့်ပြင်ဆင်ထားရန် မှာကြားထားလေသည်။

ဂှင်းတို့အဖွဲ့မှာ သေနတ်အချို့ပါပြီး အချို့ကတော့ ဓားလှံ စသည်တို့ကို ကိုင်ထားကြလေသည်။

ကြည့်နေရင်းမှာ ပင်လယ်ပြင်မှလာနေသော စက်လှေက ကျွန်းဘက်သို့ တဖြည်းဖြည်း နီးလာလေသည်။

ကျွန်းနှင့် နီးလာသောအခါ စက်လှေဦးဘက်မှာ ရပ်နေသောလူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို လှမ်းမြင်ရသည်။

အခြားသူ မဟုတ်ပေ။

ဦးလွန်းမောင်ပင်ဖြစ်သည်။

နေဝင်ချိန် ရောက်သောအခါမှာတော့ ပင်လယ်ပြင်မှ မောင်းလာသော စက်လှေက ကျွန်းနှင့်နီးသော နေရာသို့ ရောက်လာသည်။ စက်လှေပေါ်မှာတော့ လူများများမပါပဲ စက်လှေမောင်းသမား နှစ်ယောက်နှင့် ဦးလွန်းမောင်တို့ သုံးယောက်သာ ပါလာဟန် ရှိလေသည်။

ကျောက်တုံးပေါ်မှာ စောင့်နေသောအစောင့်က စက်လှေကို ကျောက်ဆောင်နှစ်ခုကြားမှာရှိသော ရေမြောင်းတစ်ခုထဲသို့ သွင်းလာရန် အချက်ပြလိုက်သဖြင့် စက်လှေသမားက ၎င်းရေမြောင်းထဲသို့ စက်လှေကို ထိုးသွင်းလိုက်ရာ အတန်ကြာတော့ ရပ်တန့်သွားလေသည်။

စက်လှေရပ်သွားတော့ ကမ်းစပ်မှ လူတစ်ယောက်ဆင်းလာပြီး စက်လှေထဲမှ အခြေအနေကိုကြည့်သည်။





စက်လှေပေါ်မှာ လူသုံးယောက်သာ တွေ့ရတော့မှ အချက်ပြလိုက်ရာ ကမ်းပေါ်မှလူအချို့ ဆင်းလာသည်။ ထိုအထဲမှာ ထွန်းအောင်ကျော်လည်း ပါလာသည်။

ထွန်းအောင်ကျော်ကို မြင်တော့မှ ဦးလွန်းမောင်လည်း သဘောပေါက်သွားလေတော့သည်။

"ဒါ မင်းလက်ချက်မဟုတ်လား"

"သိပ်လည်း ဒေါသမကြီးပါနဲ့ ဦးလွန်းမောင်ရယ်၊ ဟိုရောက်တော့မှ ပြောကြဆိုကြတာပေါ့၊ ဟေ့ . . စက်လှေသမားနှစ်ယောက်ကို ကြိုးနဲ့တုပ်ပြီး သေသေချာချာ စောင့်ကြည့်ထားကြ၊ ပြီးတော့ ကျောက်တုံးပေါ်မှာ တစ်ယောက်တက်ပြီး ပင်လယ်ပြင်က အခြေအနေကို မျက်ခြည်မပြတ် ကြည့်ထားကြ၊ အခြေအနေထူးတာနဲ့ ချက်ချင်းအချက်ပြကြ ကြားလား"

"စိတ်ချပါဆရာ"

ထို့နောက် ထွန်းအောင်ကျော်က ဦးလွန်းမောင်ကို ခေါ်သွားလေတော့သည်။

ကျန်နေခဲ့သော လူနှစ်ယောက်မှာ . . တစ်ယောက်က ကျောက်တုံးပေါ်သို့ ပြန်တက်သွားပြီး ကျန်တစ်ယောက်က စက်လှေသမား နှစ်ယောက်ကို စောင့်ကြည့်နေသည်။

နာရီဝက်ခန့်ကြာတော့ တောထဲမှ လူတစ်ယောက် ထွက်လာပြီး အောက်ဘက်မှလူကို အသံမကြားအောင် သတ်ဖြတ်လိုက်သည်။

မရှေးမနှောင်းမှာပင် ကျောက်တုံးပေါ် ရောက်နေသူ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကျောကို အဆိပ်လူးမြားတံတစ်ချောင်း ထိမှန်သဖြင့် အောက်သို့ ပြုတ်ကျလာသည်။

ရန်သူနှစ်ယောက် ရှင်းသွားတော့ တောထဲမှ လူသုံးယောက် ထွက်လာကြသည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင်ဖြစ်သည်။

သူတို့က ရန်သူနှစ်ယောက်ထံမှ သေနတ်များကို သိမ်းယူပြီးနောက် စက်လှေသမားနှစ်ယောက်ကို ကြိုးဖြေပေးလိုက်ကြသည်။

ထို့နောက် မှာစရာရှိတာမှာပြီး တောထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်သွားကြလေသည်။

ၾင်းတို့သုံးယောက်မှာ ဦးလွန်းမောင်စက်လှေနှင့် ပါလာကြခြင်းဖြစ်ပြီး ကျွန်းနှင့်နီးတော့မှ ရေထဲသို့ဆင်းသွားကြပြီး အခြားတစ်နေရာမှ တက်လာကြခြင်းဖြစ်သည်။

ထိုအကြောင်းကိုတော့ ထွန်းအောင်ကျော်တို့က လုံးဝမသိကြပဲ ဦးလွန်းမောင်ကိုသာ ၎င်းတို့စခန်းချနေသည့် ဂူရှိရာသို့ ခေါ်သွားကြသည်။

ဂူထဲရောက်တော့ သားအဖနှစ်ယောက် ပြန်တွေ့ကြရလေသည်။

"အဖေ"

"သမီး မြဝင်းသူ နင်ဘာမှ မဖြစ်ဘူးနော်"

ထိုအခါ အနားမှာရှိနေသော ထွန်းအောင်ကျော်က ဝင်ပြောလေသည်။





"ခင်ဗျားသမီးကို မှဲ့တစ်ပေါက် မစွန်းရအောင်ထားတာပါဗျာ၊ ဘာမှ စိတ်ပူမနေပါနဲ့ ကျုပ်မှာတဲ့မြေပုံ ပါရဲ့မဟုတ်လား"

"မင်း အတော်ယုတ်မာပါလား၊ ဒီအကြံအစည်တွေ အားလုံးက မင်းလက်ချက်တွေချည်းပေါ့ ဟုတ်လား"

"ဆင်ကောင်ကြီး တွေ့နေမှတော့ ခြေရာရှာမနေပါနဲ့တော့ဗျာ၊ ဒီလိုကြံစည်တာ ကျုပ်တစ်ယောက်တည်းတော့မဟုတ်ဘူး၊ နောက်တစ်ယောက်ကိုမြင်ရရင် ခင်ဗျားဒီထက် အံ့ဩရဦးမယ်"

ထိုအခိုက်မှာပင် နောက်ထပ်တစ်ယောက်ရောက်လာပြန်သည်။ စကားပြန်ရွှေမောင်ပင်ဖြစ်သည်။

"အော် လက်စသတ်တော့ တစ်ကျိုပ်တည်း တစ်ဥာဏ်တည်းပါလား မင်းကငါ့ဆီလာပြီး သတင်းစုံစမ်းသွားသေးတယ်ပေါ့"

"ဟုတ်ပါတယ်ဗျာ ခင်ဗျားလက်ထဲမှာ ရတနာမြေပုံရှိနေမှန်းသိလို့ တမင်လာပြီး စကားနှိုက်ကြည့်တာပါ"

"တောက် လူယုတ်မာတွေပဲ"

"ကျုပ်တို့ ယုတ်မာတာကိုတော့ ပြောနေတယ်၊ ခင်ဗျားယုတ်မာတာတွေတော့ ထည့်မပြောတော့ဘူးလား၊ အခု ခင်ဗျားလက်ထဲမှာရှိနေတဲ့ ရတနာမြေပုံကို ဘယ်နည်းနဲ့ ခင်ဗျားယူထားတယ်ဆိုတာရော ထည့်မပြောတော့ဘူးလား"

ရွှေမောင်က ပြောလိုက်သောအခါ ဦးလွန်းမောင်မှာ ဘာမှပြန်မပြောသာတော့ပဲ အံတကြိတ်ကြိတ်နှင့်သာ ရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"စကားတွေ အပိုပြောမနေပါနဲ့တော့ဗျာ၊ ကျုပ်တို့လိုချင်တဲ့မြေပုံ ပါလာတယ်မဟုတ်လား"

ထွန်းအောင်ကျော်က မေးလိုက်သည်။

ဦးလွန်းမောင်က ရင်းအိတ်ထဲမှာပါလာသော အိတ်တစ်လုံးဖြင့် ထည့်ထားသည့် မြေပုံစာရွက်ကို ထုတ်ပြလိုက်သည်။

"ဒီမှာပါတယ်၊ မင်းတို့လိုချင်တာရပြီဆိုရင် ငါ့သမီးကို အခုချက်ချင်း ပြန်လွှတ်ပေးပါ"

"ဖြည်းဖြည်းပေါ့ဗျာ လွှတ်ပေးမှာပေါ့၊ ခင်ဗျားယူလာတဲ့ မြေပုံက အစစ်ဟုတ်မဟုတ် ကြည့်ပါရစေဦး"

ဟုပြောပြီး ထွန်းအောင်ကျော်က ဦးလွန်းမောင်လက်ထဲမှ မြေပုံစာရွက်ကို စစ်ဆေးကြည့်နေလေသည်။

မြေပုံဟုသာ ဆိုရသော်လည်း စက္ကူတစ်ရွက်ပေါ်မှာ ရေးထားခြင်းမဟုတ်ပဲ သားရေပြားတစ်ချပ်ပေါ်မှာ ရေးထားသော မြေပုံမျိုးဖြစ်သည်။

ရာဇူတိုင်ကျွန်း၏ အနေအထားကို ရေးဆွဲထားပြီး. . ရတနာများ မြှုပ်ထားသောနေရာကိုလည်း အမှတ်အသားများဖြင့် ရေးပြထားလေသည်။

မြေပုံရေးထားသည့် သားရေပြားမှာ လင်းပိုင်တစ်ကောင်၏ သားရေပြား ဖြစ်သောကြောင့် မပျက်မစီးပဲ ရှိလေသည်။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သောကြောင့် ရုတ်တရက်ကြည့်ပါက စာရွက်တစ်ရွက်၊ သို့မဟုတ် ကတ္တူပြားတစ်ချပ်နှင့်





ပင် တူနေတော့သည်။

မြေပုံစာရွက်ရသောအခါ ထွန်းအောင်ကျော် မျက်နှာပေါ်မှာ ကျေနပ်သောအပြုံးများ ပေါ်လာလေသည်။

"နောက်ဆုံးတော့ ငါကြိုးစားခဲ့တာတွေ အောင်မြင်တော့မယ်၊ ဒီကနေ့ညတော့ အချိန်မရှိတော့ဘူး၊ မနက်ခင်းလင်းတော့မှ ရတနာတွေရှိတဲ့နေရာ သွားမယ်၊ သူ့ကိုပါ သူ့သမီးနဲ့အတူတူ ချုပ်ထားလိုက်ပေတော့ဟေ့"


ဟု ပြောသဖြင့် ဦးလွန်းမောင်ကိုပါ မြဝင်းသူနှင့်အတူ ဖမ်းဆီးချုပ်နှောင် ထားလိုက်ကြသည်။

တောထဲမှာတော့ အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း( ၁၆ )

# နွေးထွေးသောရင်ခုန်သံများ

အချိန်က ညဉ့်ဦးပိုင်းအချိန်ဖြစ်သည်။

လပြည့်နေ့ည ဖြစ်သောကြောင့် လရောင်ကထွန်းလင်းတောက်ပလျက်ရှိရာ ပင်လယ်ပြင်ပေါ်မှာ ငွေရောင်များထွန်းလင်းတောက်ပနေလေသည်။

ရေတက်ချိန်၌ ဖြစ်သောကြောင့်လည်း လှိုင်းအချို့ရှိနေရာ ကျွန်း၏ ကမ်းခြေတစ်လျှောက်သို့ လာရောက်ရိုက်ခတ်နေသည်။ လေတိုးသံနှင့်အတူ လှိုင်းပုတ်သံများက နေရာအနှံ့မှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်နေကြသည်။

လရောင်က ပင်လယ်ပြင်နေရာမှသာမက ရာဇူတိုင်ကျွန်းတစ်ခုလုံးကိုပါ လွှမ်းခြုံထားလေသည်။

သို့သော်လည်း သစ်တောများ ပိတ်ဆီးနေသော နေရာများမှာတော့ ကွက်တိကွက်ကျားမျှသာ အလင်းရောင်ရရှိလေသည်။ ထိုအချိန်မှာ ပင်လယ်ပြင်ဘက်မှ ဖြတ်မောင်းလာသော စက်လှေတစ်စင်း၏အသံ ပေါ်ထွက်လာသည်။

ညအချိန်ဖြစ်သောကြောင့် များစွာဝေးလှသောနေရာမှ ဖြတ်မောင်းသွားသော စက်လှေသံကိုပင် ကြားရလေသည်။ စက်လှေအသံက တဖြည်းဖြည်းနီးလာသဖြင့် ထိုနေရာသို့ နောက်ထပ်လူနှစ်ယောက် ထပ်ရောက်လာသည်။ သူတို့လက်ထဲမှာ သေနတ်နှင့် လက်နှိပ်မီးများ ပါလာကြသည်။

"အခြေအနေ ဘာထူးသလဲဟေ့"

ကျောက်တုံးပေါ်မှာ စောင့်နေသူကို လှမ်းမေးလိုက်သည်။ သို့သော် ဘာမှအသံမကြားရပေ။

"အပေါ်မှာ စောင့်နေတဲ့အကောင် အိပ်ပျော်နေပြီထင်တယ် တက်ကြည့်စမ်းကွာ"

ဟုပြောသဖြင့် ကျန်တစ်ယောက်က ကျောက်တုံးပေါ်တက်ကြည့်လေသည်။

အပေါ်ရောက်တော့ ပင်လယ်ဘက်သို့ မျက်နှာမူထိုင်နေသော လူတိုတွေ့ရသဖြင့် ပခုံးကိုပုတ်ပြီး မေးလိုက်သည်။

"ဟေ့ကောင် အိပ်နေတာလား"





ထိုသို့မေးလိုက်သည်နှင့် ဘေးသို့ယိုင်လဲကာ အောက်သို့ ကျသွားလေတော့သည်။

ထိုအချိန်မှာ အောက်မှာစောင့်နေသူနောက်မှ စက်လှေသမားနှစ်ယောက် ထွက်လာပြီး အသံမထွက်အောင် သတ်ဖြတ်ပစ်လိုက်သည်။

ထိုအချိန်မှာ ကျောက်တုံးပေါ် ရောက်နေသူက ကြောက်လန့်တကြားနှင့် အောက်သို့ပြန်ဆင်းလာရာ အောက်သို့ရောက်သည်နှင့် အသင့်စောင့်နေသော စက်လှေသမားနှစ်ယောက်က ဝိုင်းဝန်းသတ်ဖြတ်လိုက်လေသည်။

နှစ်ယောက်စလုံး သေသွားသောအခါ စက်လှေသမားတစ်ယောက်က စက်လှေထဲမှာ မီးအိမ်တစ်လုံးကို မီးထွန်းပြီး ကျောက်တုံးပေါ်သို့ တက်သွားကာ မီးရောင်ဖြင့် အချက်ပြပေးလိုက်တော့ ကျွန်းနှင့်မနီးမဝေးရောက်နေသော စက်လှေက စက်ရှိန်လျှော့ကာ ကမ်းခြေသို့ ဝင်လာသည်။

စက်လှေပေါ်မှာ ဒေါက်တာမင်းထင်ကျော်အပြင် ဆားပုလင်းရွှေမိုးနှင့် ပုလိပ်များပါလာသည်။

စက်လှေသမားနှစ်ယောက်က သူတို့ရထားသော သေနတ်များကို အပ်လိုက်လေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မည်သို့မည်ပုံ ပြုလုပ်ရမည်များကို အသေးစိတ် ပြောပြလေသည်။

ကျောက်ဂူတစ်နေရာမှာတော့ ဦးလွန်းမောင်နှင့် မြဝင့်သူတို့သားအဖကို ချုပ်နှောင်ထားပြီး. . . ထွန်းအောင်ကျော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေမောင်တို့နှစ်ယောက်က မြေပုံစာရွက်ကို ဖြန့်ကြည့်နေကြလေသည်။

"စက်လှေသံ ကြားလိုက်သလိုပဲ"

ရွှေမောင်က ခပ်တိုးတိုး ပြောလိုက်သည်။

"ငါးဖမ်းစက်လှေတွေ ဖြစ်မှာပါ၊ ကမ်းစပ်မှာအစောင့်တွေရှိတာပဲ အခြေအနေထူးရင် သူတို့အချက်ပေးကြမှာပေါ့"

"ဟိုမှာရှိတဲ့ နှစ်ယောက်ကို စိတ်မချလို့ နောက်ထပ်နှစ်ယောက်တောင် လွှတ်လိုက်သေးတယ်၊ ဦးလွန်းမောင်က ဉာဏ်နီဉာဏ်နက် သိပ်များတာ သူ့ကိုစိတ်ချထားလို့ မရဘူး၊ တော်ကြာပုလိပ်တွေ ပါချင်ပါလာမှာ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ၊ သူတို့သားအဖနှစ်ယောက်စလုံး ငါတို့လက်ထဲ ရှိနေတာပဲ"

ထိုသို့ပြောနေစဉ် အပြင်မှတစ်ယောက်က လှမ်းပြောသည်။

"အခြေအနေ ကောင်းပုံမရဘူး၊ ကမ်းစပ်ဘက်လိုက်သွားတဲ့ နှစ်ယောက်စလုံးလည်း ခုထိပြန်မလာကြသေးဘူး. . . နောက်ပြီး စောစောက တောစပ်မှာ ဖြတ်ပြေးသွားတဲ့ လူရိပ်လိုလို မြင်လိုက်တယ်"

ထိုသို့ပြောသဖြင့် မြေပုံကို ပြန်သိမ်းလိုက်ပြီး သေနတ်များကိုကိုင်ကာ အပြင်သို့ ထွက်ခဲ့ကြသည်။

လရောင်ရှိနေသော်လည်း သစ်ပင်ကြီးများက အုပ်မိုးနေသဖြင့် အလင်းရောင်က ကွက်ကြားလင်းနေသည်။





ထိုအခိုက်မှာပင် တောစပ်မှ ဖြတ်ပြေးသွားသော လူတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် အစောင့်တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

တိတ်ဆိတ်နေသည့် အချိန်ဖြစ်သောကြောင့် သေနတ်သံက ကျယ်လောင်စွာဖြင့် ပဲ့တင်ထပ်သွားလေသည်။

ထိုကဲ့သို့ သေနတ်ဖြင့် လှမ်းပစ်လိုက်သောအခါ အခြေအနေမှာ ခေတ္တတော့ ငြိမ်သက်သွားသည်။

သို့သော်လည်း မကြာမီမှာပင် နောက်ထပ်မည်းမည်းသဏ္ဍာန်အချို့က သစ်ပင်များကြားမှာ ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားနေကြပြန်သည်။

ထိုသို့မြင်သဖြင့် သေနတ်ဖြင့် လှမ်းပစ်ပြန်ရာ ပျောက်သွားပြန်လေသည်။

"ဝုစ်"

တစ်နေရာမှ တိုးတိတ်သော အသံတစ်ချက် ပေါ်ထွက်လာပြီးနောက် သေနတ်ကိုင်ထားသူတစ်ယောက်မှာ မြားချက်ထိပြီး မြေပေါ်သို့လဲကျသွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါမှ ထွန်းအောင်ကျော်နှင့် ရွှေမောင်တို့မှာ သဘောပေါက်သွားကြလေတော့သည်။

"ရန်သူတွေရောက်လာပြီ"

ထိုသို့ပြောပြီး နှစ်ယောက်စလုံး ဂူအတွင်းသို့ ပြန်ဝင်ကြကာ ဦးလွန်းမောင်နှင့် မြဝင်းသူတို့ သားအဖနှစ်ယောက်ကို ကြိုးဖြင့်တုပ်ပြီး အခြားတစ်နေရာမှ ခေါ်ထုတ်ရန် ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး သွားလို့ မဖြစ်ဘူး၊ မင်းက ဒီနေရာက စောင့်နေ၊ ငါက သူ့ကိုခေါ်ပြီး တစ်နေရာကထွက်မယ်"

ဟု ပြောပြီး ထွန်းအောင်ကျော်က မြဝင်းသူကို အကာအကွယ်ယူပြီး နောက်ဘက်အပေါက်မှ အခြားတစ်နေရာသို့ ထွက်ရန်ကြိုးစားလေသည်။

သို့သော်လည်း . . သူထွက်မည့် အပေါက်ဝမှ လူတစ်ယောက်က ကြိုတင် ရောက်နေချေပြီ။

နီမောင်ပင်ဖြစ်သည်။

ထွန်းအောင်ကျော်က နီမောင်ကိုမြင်တော့ သေနတ်ဖြင့် ပစ်သည်။

ထိုသို့ပစ်သည်နှင့် ရိပ်ခနဲ ပျောက်သွားပြီး အခြားတစ်နေရာမှ ပေါ်လာပြန်သည်။

"ကဲကွာ . . ကဲကွာ . ."

"ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

ထွန်းအောင်ကျော်မှာ အတွေ့အကြုံမရှိသောကြောင့် ကြောက်ကြောက်လန့်လန့် မည်းမည်းမြင်ရာသို့ စွတ်ပစ်နေရာ သေနတ်ထဲမှာ ကျည်ဆံကုန်သွားတော့သည်။

ထိုအခြေအနေရောက်မှ နီမောင်က ရုတ်တရက်ပေါ်လာပြီးနောက် ဝင်ရောက်တိုက်ခိုက်လေသည်။

ထွန်းအောင်ကျော်မှာ သေနတ်ပစ်တတ်သော်လည်း အသတ်အပုတ် ကျွမ်းကျင်သူမဟုတ်သဖြင့် နီမောင်ဓားချက်ထိပြီး လဲကျသွားလေတော့သည်။





သူ လဲကျသွားတော့မှ မြဝင်းသူထံပြေးသွားပြီး ကြိုးဖြေပေးလိုက်သည်။

ထိုအခါမှ မြဝင်းသူလည်း လာရောက်ကယ်တင်ပေးသူမှာ နီမောင်မှန်းသိရသဖြင့် ဝမ်းသာသွားလေတော့သည်။

"နီမောင် . . ."

"မြဝင်းသူ ဘာမှမဖြစ်ဘူး မဟုတ်လား"

"ငါဘာမှ မဖြစ်ပါဘူး၊ အခုလို လာကယ်ပေးတာ ကျေးဇူးတင်လိုက်တာ"

"ဦးလေးရော ဘယ်မှာလဲ"

"အဖေ့ကို ဂူထဲမှာ ဖမ်းထားကြတယ်"

"မြေပုံက ဘယ်သူ့ဆီမှာလဲ"

"သူ့ဆီမှာ . . ."

မြဝင်းသူက . . လဲကျနေသော ထွန်းအောင်ကျော်ကို လက်ညှိုးထိုးပြသဖြင့် ကိုယ်ပေါ်မှ မြေပုံစာရွက်ကို ရှာဖွေယူလိုက်လေသည်။

"ဒိုင်း . . ဒိုင်း . ."

"အမလေး . . ."

သေနတ်သံနှစ်ချက် ကြားလိုက်ရသည်။

ကျည်ဆံတစ်တောင့်က သူ့နံဘေးမှ ဖြတ်သွားသော်လည်း ကျန်တစ်တောင့်ကတော့ မြဝင်းသူကို ထိသွားလေသည်။

"မြဝင်းသူ . . ."

နီမောင်က မြဝင်းသူ ဆီပြေးသွားပြီး ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ငြိမ်သက်နေချေပြီ။

အခြားတစ်နေရာဘက်မှလည်း လူဆိုးများ ဂူအတွင်း ဝင်လာကြပြီ ဖြစ်သောကြောင့် မြဝင်းသူကို ပွေ့ထမ်းပြီး ထိုနေရာမှလွတ်အောင် ပြေးရလေသည်။

တစ်နေရာရောက်တော့ ထွက်ပေါက်တစ်ခု တွေ့ရသဖြင့် ထိုနေရာမှ ဝင်ပြေးသောခါ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရောက်သွားလေသည်။

ရေတက်ချိန်ဖြစ်သောကြောင့် ဥမင်လိုဏ်ခေါင်းထဲမှာ ရေများပြည့်နေသည်။

ဥမင်လိုဏ်ခေါင်းအတွင်းမှာ အလင်းရောင်မရှိသောကြောင့်သာ မမြင်ရသော်လည်း အကယ်၍သာ အလင်းရောင်ရှိပြီး မြင်ရပါက ထိုအထဲမှာရှိသော ရေများမှာ ပုံမှန်မဟုတ်ပဲ အမည်းရောင်များ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နီမောင်ကတော့ ထွေထွေထူးထူး မစဉ်းစားပဲ. . ဂူထဲရောက်လာသော ရန်သူများနှင့်လွတ်အောင် ရေထဲမှဖြတ်ကာ အခြားတစ်ဖက်ကမ်းသို့ ကူးသွားလေသည်။

ကမ်းစပ်သို့ ရောက်သောအခါ တက်သွားပြီး ထိုနေရာမှ ထွက်ရန်ကြိုးစားရပြန်လေသည်။

နောက်ဆုံးတော့. . လရောင်ရှိပြီး အတန်အသင့် လုံခြုံသောနေရာသို့ ရောက်သွားလေတော့သည်။

ထိုနေရာရောက်တော့မှ မြဝင်းသူကို အောက်သို့ချပြီး အခြေအနေကို ကြည့်သည်။





မြဝင်းသူမှာ သေနတ်ကျည်ဆံထိမှန်ထားသဖြင့် သတိမေ့နေလေသည်။

သူမ တစ်ကိုယ်လုံးမှာလည်း သွေးများစိုရွှဲနေလေသည်။

"ဒုက္ခပဲ ငါဘယ်လိုလုပ်ရပါမလဲ၊ ဒီအတိုင်းဆိုရင်တော့ ဒဏ်ရာက သွေးထွက်များပြီး ဒုက္ခများတော့မှာပဲ. . မတတ်နိုင်တော့ဘူး"

ဟုတွေးပြီး မြဝင်းသူအပေါ် အင်္ကျီကို ဖယ်ရှားပစ်လိုက်ရသည်။

ထိုအခါမှ ပခုံးစွန်းတစ်နေရာမှာ ထိထားသော ကျည်ဆံရာကို တွေ့ရတော့သည်။

ထိုနေရာမှ သွေးများ အဆက်မပြတ် ထွက်နေသည်။

ကံကောင်းသည်ဟု ဆိုရပေမည်။

ကျည်ဆံက ကိုယ်ထဲမဝင်သွားပဲ ပခုံးစွန်းတစ်နေရာကို ရှပ်မှန်သွားသောကြောင့် ဖြစ်သည်။

သို့ကြောင့်. . မြဝင်းသူအင်္ကျီကိုပင် ဆုတ်ဖြဲပြီးနောက် ပတ်တီးအထပ်ထပ် စည်းပေးလိုက်တော့မှ. . သွေးတိတ်သွားသည်။

"ဒီအတိုင်းထားလို့လည်း မဖြစ်သေးဘူး၊ အအေးပတ်ပြီး အဖျားဝင်သွားနိုင်တယ်"

ဟုတွေးပြီး သူ့အင်္ကျီကို ချွတ်ကာ ရေညှစ်လိုက်သည်။

အတန်ငယ် သွေ့ခြောက်သွားတော့မှ သူမကိုယ်ပေါ်သို့ ဝတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ခေါင်းပေါက်ထဲမှာ ရေပြည့်သွားပြီဖြစ်သောကြောင့်. . တစ်ဖက်ကမ်းမှာရှိသောလူများက ဒီဘက်ရောက်အောင်လာ၍ မရတော့ပေ. . .။

ရေတက်ချိန် (၆)နာရီ၊ ရေကျချိန် (၆)နာရီကြာပေရော။

ရေပြန်ကျဖို့ နောက်ထပ် (၆)နာရီလောက် စောင့်ရတော့မည်။ သို့ဆိုလျှင် မိုးလင်းမှပင် တစ်ဖက်သို့ ပြန်ကူး၍ ရပေတော့မည်။ မြဝင်းသူက သတိမရသေး။

ထို့အပြင် တဟင်းဟင်းနှင့် ညည်းညူနေသည်။

စမ်းကြည့်တော့ ကိုယ်ပူစပြုနေပြီ အဖျားဝင်နေဟန်ရှိသည်။ ချမ်းနေသောကြောင့် တဆတ်ဆတ်တုန်နေသည်။

ခြုံပေးစရာ စောင်လည်းမရှိ။

မီးဖိုပေးစရာလည်း ဘာမှမရှိပေ. . .။

သို့ကြောင့် အခြားနည်း မရှိတော့ပေရာ မြဝင်းသူတစ်ကိုယ်လုံးကို ပွေ့ယူပြီး တင်းတင်းဖက်ထားလိုက်သည်။

အတန်ကြာအောင် ဖက်ထားလိုက်တော့မှ ကိုယ်ငွေ့ရကာ နွေးလာသဖြင့် ညည်းသံပျောက်သွားသည်။

သူလည်း အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

တစ်စုံတစ်ခုကြောင့် ပြန်လန့်နိုးလာလေသည်။

ကြည့်လိုက်တော့ မြဝင်းသူက အလျင်နိုးနေသည်။

သူက ကပျာကယာ ထထိုင်လိုက်ရင်းနှင့်. . . .။

"နင် ဘယ်လိုလုပ်တာလည်း နီမောင်"





ဟုမေးလိုက်သည်။

"ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ ညက ခင်ဗျား ဒဏ်ရာရပြီး ဖျားနေလို့ မတတ်သာတော့လို့ ဖြစ်တဲ့နည်းနဲ့ လုပ်ပေးခဲ့ရတာပါ၊ ပစ်မှားတဲ့ စိတ်မျိုး ကျွန်တော်မှာမရှိပါဘူး၊ ကျွန်တော်ကိုခွင့်လွှတ်ပါ. . ."

ထိုအခါမှ မြဝင်းသူလည်း သဘောပေါက်သွားပြီး ဒေါသဖြင့် ပြောမိသည်ကိုပင် စိတ်မကောင်း ဖြစ်သွားလေသည်။

"ဒါဖြင့် နင်တစ်ညလုံး အကျီမရှိပဲနဲ့ နေရမှာပေါ့"

"ကျွန်တော်တို့က အလုပ်ကြမ်းသမားတွေဆိုတော့ ကိစ္စမရှိပါဘူး၊ ခင်ဗျား နေကောင်းသွားတာကိုပဲ ဝမ်းသာလှပါပြီ"

"ဒါထက် ငါတို့ ဘယ်ရောက်နေကြတာလဲ"

"ဂူတစ်ဂူထဲမှာပါ"

"ငါတို့ တစ်ညလုံး ဒီဂူထဲမှာ နေခဲ့ကြရတာလား"

"ဟုတ်ပါတယ် ရန်သူတွေလက်ကလွတ်အောင် ဒီနေရာကို ခေါ်ခဲ့ရတာပါ. . ."

"ငါ့အသက်ကို ကယ်ပေးခဲ့တဲ့ အတွက် နင့်ကိုကျေးဇူးတင်ပါတယ်၊ ဒါထက် ငါ့အဖေရောဟင်. . ."

"သူတို့လည်း ဘေးအန္တရာယ်ကင်းကြမယ် ထင်ပါတယ်"

ထိုသို့ပြောနေကြစဉ် ချောင်းတစ်ဖက်မှ ခေါ်သံများကြားကြရလေသည်။

"နီမောင်ရေ. ."

"မြဝင်းသူရေ မင်းတို့ဘယ်မှာလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများကြားတော့ မြဝင်းသူကိုတွဲပြီး ဂူထဲမှ ထွက်ခဲ့ကြလေသည်။

အချိန်မှာ. . . နံနက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် ရေကျသွားပေပြီ။

ဂူထဲမှာ ကျောက်တုံးများပေါ်နေလေပြီ. . .။

ထို့နောက် မြဝင်းသူကို ဖေးမတွဲခေါ်ပြီး တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော် အပါအဝင်သူတို့လူများကို ပြန်တွေ့ရလေသည်။

နီမောင်က ဒဏ်ရာအခြေအနေကို ပြောပြပြီး မြဝင်းသူကို ဦးလွန်းမောင်လက်သို့ အပ်လိုက်သည်။

"အခြေအနေ ဘယ်လိုလည်း ဆရာ. . ."

"လူဆိုးတွေကိုတော့ သေတဲ့လူရောအရှင်ပါ ဖမ်းမိလိုက်ပါတယ်၊ ဒီအဖွဲ့ကို ခေါင်းဆောင်တဲ့ ထွန်းအောင်ကျော်နဲ့ ရွှေမောင်ကိုလည်း မိပါတယ်၊ ထွန်းအောင်ကျော်ကတော့ သေသွားတယ်. . ."

ထွန်းအောင်ကျော်က ညကသူ့ဒဏ်ရာချက်ဖြင့် သေဆုံးသွားဟန်ရှိပေသည်။

"မြေပုံရောရလိုက်လား နီမောင်"

"ရတယ်ဆရာ ဒီမှာပါ. . ."

နီမောင်က သူရလာသော မြေပုံစာရွက်ကို ဒေါက်တာမင်းထင်ကျော်လက်သို့ အပ်လိုက်ရာ ဖြန့်ကြည့်ပြီးနောက် ခေါင်းညိတ်ပြလိုက်သည်။





"မင်းတို့ အခြေအနေကရော ဘယ်လိုလဲ"

"ဘာကိုမေးတာလည်း ဆရာ"

"ကောင်မလေးနဲ့ အခြေအနေကို မေးတာပါ"

"သူ့မှာ ဒဏ်ရာရနေလို့ ဖြစ်တဲ့နည်းနဲ့ ပြုစုပေးလိုက်တာပါ၊ တခြားဘာမှ မဖြစ်ပါဘူး ကျွန်တော့်လို အခြေအနေမျိုးနဲ့လည်း ဒီထက်ဘာမှ ပိုဖြစ်ခွင့်မရှိနိုင်ပါဘူး"

"အချစ်ဆိုတာ ဘာမှခြားနားချက် မရှိဘူး၊ တကယ်သံယောဇဉ် ဖြစ်လာပြီဆိုရင် ဘုရင့်သမီးကလည်း အောက်ခြေကလူကို ချစ်ချင်ချစ်မှာပဲ၊ မိန်းကလေးတွေရဲ့ အချစ်မေတ္တာကနားလည်းရခက်တယ်၊ ငါအကဲခတ်ရသလောက်တော့ သူ မင်းအပေါ်မှာ စိတ်ဝင်စားနေပုံပါပဲ"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် နီမောင်က အားနည်းစွာ ပြုံးလိုက်လေသည်။

သူ့စိတ်ထဲမှာတော့ ညကကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တို့ကို သတိရနေသည်။

မြဝင်းသူနှင့် ပတ်သတ်သော အတွေ့အထိများက ယခုအချိန်ထိ ရင်ထဲမှာ နွေးထွေးနေဆဲပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း( ၁၇ )

# ရာဇူတိုင်ကျွန်းမှ ရေသရဲ

အခြေအနေက မကောင်းလှပေ. . . ။

လိုဏ်ခေါင်းထဲမှာ ရေကတစ်ဝက်ခန့် တက်နေလေသည်။ ရေများမှာ ပုံမှန်အခြေအနေမျိုးမဟုတ်ပဲ မည်းနက်နေလေသည်။

မြေပုံက ရာဇူတိုင်ကျွန်းပေါ်မှာရှိနေသော နေရာတစ်နေရာကို ညွှန်းထားလေသည်။

ထိုနေရာကလည်း အခြားနေရာ မဟုတ်ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်နှင့် တစ်ဆက်တည်း ဖြစ်နေသည့် လိုဏ်ခေါင်းပေါက်ကြီး အတွင်းတစ်နေရာ၌ ဖြစ်ပေသည်။

ထိုနေရာမှာ လိုဏ်ခေါင်းပေါက်ကြီး အလယ်နေရာလောက်တွင်ရှိပြီး ရေကျချိန်နှင့် ရေတစ်ဝက်ခန့်ရှိသော အချိန်လောက်သာ သွားနိုင်ပြီး ရေပြည့်ချိန်ဆိုပါက လိုဏ်ခေါင်းတစ်ခုလုံး ရေများပြည့်နေသောကြောင့် သွား၍မရပေ. . .။

ယခုတော့ လိုဏ်ခေါင်းအတွင်းမှာ ရေထက်ဝက်ခန့်သာ ရှိနေလေသည်။

ထို့ကြောင့် မြေပုံအညွှန်းကိုကြည့်ပြီး သွားနေကြသော ဒေါက်တာမင်းထင်ကျော်တို့မှာ သတိထားနေကြရသည်။

ရေက ပေါင်လယ်လောက်အထိ ရှိနေသည်။

သို့သော် ပုံမှန်တော့ မဟုတ်ပေ. . .။

ရေအရောင်က အမည်းရောင် ဖြစ်နေသောကြောင့် နီမောင်က ပြောသည်။

"ဆရာ ပင်လယ်ရေရဲ့ အရောင်က ပုံမှန်မဟုတ်ဘူး. .၊ ဒီလိုအမည်းရောင်တွေဖြစ်နေရင် အန္တရာယ်ရှိနိုင်တယ် ရေသရဲကြီးများ ဒီနေရာရောက်နေရော့သလား"

"ဘာပဲဖြစ်ဖြစ် သတိတော့ထားကြ၊ အန္တရာယ်နဲ့ တွေ့ရင်တော့ လက်မနှေးကြစေနဲ့"

ဒေါက်တာမင်းထင်ကျော်က အားလုံးကို သတိပေးလိုက်လေသည်။

သူတို့အဖွဲ့တွင် ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊





ဦးလွန်းမောင်၊ မြဝင်းသူ၊ စောထီး၊ ငမဲအောင်နှင့် အခြားအလုပ်သမားတစ်ယောက်ပါရာ စုစုပေါင်း ခုနစ်ယောက်ဖြစ်သည်။

အားလုံး သေနတ်နှင့် ဓား၊ လေးမြားတို့ ပါလာလေသည်။ မြေပုံအညွှန်းအတိုင်းသွားရာ ဂူအလယ်လောက်ရောက်သည်အထိတော့ မည်သည့်အန္တရာယ်နှင့်မှ မတွေ့ရပေ။

သို့သော်. . ပင်လယ်ဘက်နှင့် ပိုနီးလာသောအခါ စူးရှသောအညှီနံ့နှင့် ပုပ်နံ့လိုလို အနံ့မျိုးရလာသည်။

နီမောင်တို့မှာ ရေသရဲနှင့် တစ်ကြိမ်တွေ့ဖူးထားသောကြောင့် များစွာစိတ်လှုပ်ရှားနေကြလေသည်။

ဘယ်အချိန်မှာ ဘယ်နေရာက လက်တံရှည်ကြီး တက်လာပြီး ဖမ်းဆွဲလိုက်လေမလဲဟု သတိဖြင့် ကြည့်နေရသည်။

သို့သော်လည်း မည်သည့်အန္တရာယ်မှ မတွေ့ကြရပဲ မြေပုံပေါ်မှ အမှတ်အသားပြထားသောနေရာသို့ ရောက်သွားကြလေသည်။

ကမ်းစပ်နှင့် မနီးမဝေးသောနေရာတွင် ကျောက်တုံးကြီးသုံးတုံး ဖိုခနောက်ဆိုင် ရှိနေသည်။

ထိုနေရာ၏အလယ်ကို တူးကြည့်သောအခါ ကျောက်ပြားတစ်ချပ်ကို တွေ့ရသဖြင့် ဖယ်ကြည့်သောအခါ မြေအောက်မှာ မြှုပ်ထားသော ကြေးသတ္တာတစ်လုံးကို တွေ့ရသဖြင့် ခက်ခက်ခဲခဲနှင့်ပင် အပေါ်ရောက်အောင် ဆွဲတင်ကြလေသည်။

အပေါ်ရောက်တော့မှ ဖုံးနေသော ရွှံ့နွံများကို ရေဖြင့် ဆေးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာမှာ အလျားနှစ်ပေ၊ အနံတစ်ပေခွဲခန့်ရှိပြီး . . စောက်က တစ်ပေခန့်ရှိသည်။ သေတ္တာအဖုံးကို သံကြိုးဖြင့်ပတ်ကာ သော့ခလောက်များဖြင့် ခတ်ထားသည်။

ထိုသော့ခလောက်များမှာ နှစ်တော်ကြာနေပြီဖြစ်သောကြောင့် သံချေးအထပ်ထပ် တက်နေလေပြီ။

အခြားနည်းနှင့်တော့ ဖွင့်ရတော့မည် မဟုတ်ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က အခြားသူများကို နောက်သို့ဆုတ်ခိုင်းပြီး သော့ခလောက်များကို သေနတ်ဖြင့် ပစ်ဖွင့်လေသည်။

"ဒိုင်း. . . ဒိုင်း. . ."

လိုဏ်ခေါင်းအတွင်းမှာ ဖြစ်သောကြောင့် သေနတ်သံများက ပဲ့တင်ထပ်ကာ တုန်လှုပ်သွားလေသည်။

သော့ခလောက်များ ပျက်စီးသွားသောအခါ သံကြိုးများကိုဖယ်ပြီး အဖုံးဖွင့်လိုက်သည်။

အထဲမှာတော့ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ လက်ဝတ်ရတနာမျိုးစုံတို့ကို သေတ္တာတစ်လုံးစာအပြည့် တွေ့ရလေသည်။

ထိုရတနာများမှာ ပင်လယ်ဓားပြ ဗိုလ်ကြီးဟယ်ရီကိန်း မြှုပ်နှံထားခဲ့သော ရတနာသေတ္တာပင် ဖြစ်ပေတော့သည်။

အားလုံးရတနာများကို ကြည့်နေကြစဉ်မှာပင် ချောင်းတစ်ဖက်ကမ်းစပ်မှ သေနတ်သံအချို့ ပေါ်လာပြီး လူငါးယောက် ဆင်းလာကြသည်။

ငါးယောက်စလုံး သေနတ်များပါလာပြီး သူတို့ကို ချိန်





ထားလေသည်။

ဂူထဲမှာရှိသော ချောင်းမှာ ရေစူးနက်သော်လည်း မကျယ်လှသောကြောင့် တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း နီးကပ်စွာ ရှိနေလေသည်။

ခေါင်းဆောင်လုပ်သူက မျက်နှာတစ်ခုလုံး အဝတ်နက်ဖြင့် ဖုံးထားပြီး မျက်လုံးပေါက်သာ ဖော်ထားလေသည်။

"အားလုံးလက်မြှောက်ထားပါ၊ ပြောတဲ့အတိုင်းမလုပ်ရင်တော့ ပစ်သတ်လိုက်မယ်"

ဟုလှမ်းပြောသဖြင့် . . ဘာမှမတတ်သာတော့သဖြင့် လက်မြှောက်ပြီး ရပ်နေကြရတော့သည်။

"ဒီရတနာတွေက မင်းတို့နဲ့ မသက်ဆိုင်ပါဘူး၊ တကယ်သက်ဆိုင်တဲ့သူက ငါပဲ. . ."

"မင်း ဃ်သူလဲ. . . ."

"ငါက တစ်ချိန်က ဓားပြဗိုလ် ဟယ်ရီကိန်းနဲ့လက်တွဲခဲ့တဲ့ သူတစ်ယောက်ပဲ၊ အင်္ဂလိပ်ရေတပ်က လိုက်တိုက်တော့မှ လူစုကွဲသွားတာ၊ သူက ငါတို့ရှာဖွေထားတဲ့ ရတနာတွေကို တစ်ဦးတည်း အပိုင်စီးပြီး ဝှက်ထားခဲ့လို့ လိုက်ပြီးစုံစမ်းနေတာ အတော်ကြာပြီ၊ အခုတော့ တကူးတက ရှာစရာမလိုတော့ပဲ မင်းတို့က ရှာပေးလို့ ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့ကတော့ အခြေအနေကို ကြည့်ပြီး အခွင့်အရေးကို စောင့်နေကြသည်။

ထိုအချိန်မှာ ဂူထဲမှာ ရေက အတော်များလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝက်ကျော်ကျော်ခန့်အထိ တက်လာချေပြီ။

သို့နှင့်အမျှ ရေအရောင်ကလည်း မည်းနက်နေပြီး အနံ့ကလည်း ညှီစော်ပုပ်စော်များ စူးစူးဝါးဝါး နံစော်နေသည်။ ထို့အပြင်. . အိခနဲ တက်လာလိုက်၊ ပြန်ဆင်းသွားလိုက်နှင့် မငြိမ်မသက်ဖြစ်နေသည်။

ထိုအခြေအနေကို နီမောင်က သတိထားပြီး ကြည့်နေလေသည်။

"မင်းတို့ကို ငါမသတ်ချင်ဘူး၊ ဒီရတနာတွေကလည်း မင်းတို့နဲ့ မသက်ဆိုင်ဘူး၊ ဒါကြောင့် အသက်မသေချင်ရင် ဟိုဘက်နားမှာ ငြိမ်ငြိမ်ရပ်နေကြ"

ဟု သေနတ်ဖြင့်ချိန်ပြီး အမိန့်ပေးသဖြင့် ပြောသည့်အတိုင်း အတော်ဝေးဝေးမှာ သွားရပ်နေကြရသည်။

"ရေတက်လာပြီဟေ့. . . ဟိုဘက်ကို မြန်မြန်ကူးကြရအောင်"

ဟုပြောပြီး ခေါင်းဆောင်လုပ်သူက အလျင်ကူးလာသည်။ ကျန်လေးယောက်က. . နောက်မှ ရှေ့ဆင့်နောက်ဆင့်လိုက်လာကြသည်။

ရေက ခါးလည်လောက်အထိ ရောက်နေပြီဖြစ်သဖြင့် ဖြတ်ကူးကြရသည်မှာ ခရီးမတွင်ပဲ ရှိနေကြသည်။

ထိုအခိုက်မှာပင် ပင်လယ်ဘက်မှ တစ်စုံတစ်ခု ဝင်လာနေသဖြင့် ရေများက ချက်ချင်းအိတက်လာလေသည်။

လူငါးယောက်မှာလည်း. . တစ်ဖက်ကမ်းသို့ရောက်





အောင် ကြိုးစားပြီး ကူးနေကြသည်။

ထိုအခိုက်မှာပင် ရှေ့ဆုံးမှကူးနေသော လူဆိုးခေါင်းဆောင်ကို လက်တံရှည်ကြီးတစ်ချောင်းက ပတ်ဆွဲချသွားလေတော့သည်။

"ရှိုး"

"အား"

လက်တံရှည်ကြီးက ရှေ့ဆုံးမှလူကို ဆွဲပတ်ယူသွားပြီးနောက် ရေထဲမှာ တဝုန်းဝုန်းဖြင့် ဖြစ်နေတော့သည်။

ထိုအခြေအနေကိုမြင်သော ကျန်လေးယောက်မှာ. . ကြောက်လန့်တကြားဖြင့် ကမ်းသို့ရောက်အောင် ကူးပြေးကြလေသည်။

အချို့က ဒီဘက်ကမ်းသို့ ကူးလာပြီး အချို့က ဟိုဘက်ကမ်းသို့ ပြန်ကူးသွားကြလေသည်။

ထိုအခြေအနေကြောင့် ဒေါက်တာမင်းထင်ကျော်က သေနတ်ကိုပြန်ယူပြီး အခြေအနေကြည့်နေသည်။

ကျန်လူများကလည်း လက်နက်များကို အဆင်သင့် ပြင်ထားကြလေသည်။

ရတနာသေတ္တာနှင့် ဦးလွန်းမောင်တို့ သားအဖကိုတော့ ဘေးလွတ်သော့နေရာသို့ ပို့ထားလေသည်။

အတန်ကြာတော့. . ရေအောက်မှ မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာလေတော့သည်။

အဂ္ဂိမုခ အဆိပ်ကောင်၊ အဂ္ဂိမုခသေမင်းဟု အမည်တွင်



www.burmeseclassic.com

www.burmeseclassic.com



နေသော ရေသရဲကြီးပင် ဖြစ်တော့သည်။

ရေသရဲကြီး၏ လက်တံရှည်တစ်ချောင်းက . . လူတစ်ယောက်ကို ပတ်ထားပြီး အခြားတစ်ချောင်းက ရေစပ်နှင့်မနီးမဝေးမှာ ရပ်နေသည့် နီမောင်တို့ကို လှမ်းဆွဲရန်ပြင်လေသည်။

"ရှီး"

လိပ်ကျောက်မြီး(သို့မဟုတ်) ကြာပွတ်တစ်ချောင်းကဲ့သို့ တက်လာသော သေမင်းတမန် လက်တံရှည်ကြီးကို အတွေ့အကြုံရှိသူများက လျင်မြန်စွာ ရှောင်ပေးနိုင်ကြသော်လည်း အတူပါလာသော ထွန်းဖေဆိုသော လူကိုတော့ ပတ်မိသွားလေတော့သည်။

"အမယ်လေးဗျ. . ကယ်ကြပါဦး"

ရေသရဲကြီးက ပတ်မိသွားသောလူကို ရေထဲသို့ ဆွဲချသွားစဉ် နီမောင်က ကပျာကယာ ပြေးသွားပြီး လက်တံကို ဓားဖြင့် ခုတ်ဖြတ်လိုက်လေသည်။

"ကဲကွာ. . လူတွေကို ဒုက္ခပေးလှတာ"

"ဒုတ်'

လက်တံရှည်မှာ တိခနဲ ပြတ်သွားသောကြောင့် ထွန်းဖေမှာ ရေစပ်၌ကျန်ခဲ့လေသည်။

ရေသရဲကြီးမှာ. . လက်တံရှည်တစ်ချောင်း ပြတ်သွားသောကြောင့် ကြောက်စရာကောင်းလောက်အောင် အော်ဟစ်လိုက်ပြီး ကျန်လက်တံရှည်ဖြင့် ပတ်ထားသောလူကို ကမ်းစပ်သို့ ပစ်တင်လိုက်လေသည်။





ထိုနောက် ထိုလက်တံဖြင့် နောက်ထပ်ဖမ်းဆွဲရန် ပြင်ပြန်လေသည်။

"ဝှီး"

ဒီတစ်ကြိမ်မှာလည်း လက်တံရှည်ကြီး ဝဲတက်လာသည်နှင့် အဆင်သင့်စောင့်နေသော နီမောင်က. . ဓားဖြင့်ပိုင်းချရာ ပြတ်ကျသွားပြန်လေသည်။

ဒီတစ်ခါတော့ လက်တံရှည်နှစ်ချောင်းစလုံး မရှိတော့သော ရေသရဲကြီးက ဒေါသတကြီးအော်ဟစ်ကာ သူတို့ရှိနေသော ကမ်းဘက်သို့ တက်လာလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကမ်းစပ်မှဒူးထောက်ထိုင်ကာ ပြောင်းရှည်သေနတ်ဖြင့် အသေအချာ ချိန်ပြီး ပစ်ချလေသည်။

"ဒိုင်း"

ပထမတစ်ချက်ထိတော့ တုံ့ခနဲဖြစ်သည်။

နောက်တစ်ချက် ချက်ကောင်းကိုရွေးပြီး ပစ်ပြန်သည်။

"ဒိုင်း"

ဒီတစ်ခါတော့ မခံနိုင်တော့ပဲ တအိအိနှင့် နောက်သို့ ယိုင်ကာ လဲကျသွားလေတော့သည်။

"ဝုန်း"

ထိုနေရာမှာ ရေလှိုင်းကြီးများ ပွက်ထသွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့နှစ်ယောက်က ရေစပ်သို့ဆင်းပြီး နောက်ထပ် ပေါ်လာဦးမလားဟု စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ပေါ်မလာတော့ပေ။

အတန်ကြာအောင် စောင့်ကြည့်ကြသော်လည်း အခြေအနေ မထူးတော့မှ သက်ပြင်းချနိုင်ကြလေတော့သည်။

ဒီဘက်ကမ်းကို ရောက်လာသော ရန်သူနှစ်ယောက်ကိုတော့ စောထီးနှင့်ငမဲအောင်တို့က ဖမ်းထားကြသည်။

ဟိုဘက်ကမ်း တက်ပြေးသွားသော လူနှစ်ယောက်ကိုတော့ မတွေ့ရတော့ပေ။

ထိုအခါမှ ရေစပ်မှာရှိနေသော ခေါင်းဆောင်လုပ်သူကို အပေါ်ဆွဲတင်ပြီး မျက်နှာဖုံးချွတ်လိုက်သည်။ အခြားသူမဟုတ်ပေ။

အရှုးယောင်ဆောင်နေသည့် တေနောင်ပင် ဖြစ်ပေတော့သည်။ တေနောင်မှာ အဆိပ်သင့်ပြီး အသက်မရှိတော့ပေ။ သည်တော့မှ ဦးလွန်းမောင်က နောင်တရသော စကားဆိုလေသည်။

“ဟိုတုန်းကတော့ ဦးလည်း လောဘစိတ်ကြောင့် မှားခဲ့မိပါတယ်၊ ဒါကြောင့်ဗိုလ်တဲမှာ ဦးဖိုးမျှင်ကို ဒလံထားပြီး မြေပုံသတင်းကို စုံစမ်းခိုင်းထားခဲ့ပါတယ်”

“ဒါဖြင့် မျက်နှာဖြူတွေ မြေပုံစာရွက်နဲ့ ရောက်လာတော့ ဘယ်လိုနည်းနဲ့ ရအောင်ယူခဲ့ပါသလဲ”

“ဦးဖိုးမျှင်ဆီမှာ အဆိပ်ဆီတစ်မျိုး ရှိပါတယ်၊ အဲဒီအဆိပ်ဆီကို မီးထွန်းတဲ့ဆီထဲမှာ ရောထည့်ပေးလိုက်ရင် မီးအိမ်က အငွေ့ရှူမိတာနဲ့ မူးမေ့သွားတာပါပဲ။ သူတို့မူးမေ့လဲနေတုန်း မြေ





ပုံစာရွက်ကို ယူထားလိုက်ပြီး တစ်ယောက်ကိုတော့ ရေသရဲဝင်ဆွဲနိုင်အောင် အပေါက်ကနေ အောက်ကိုချပေးလိုက်တာပါ”

“ရေသရဲရောက်လာအောင် ဘယ်လိုလုပ်သလဲ”

“သူရောက်လာအောင်ဆိုရင် အပုပ်ရေ အညှီရေတွေ၊ အသားတုံးတွေ ပစ်ချပေးရင် ရောက်လာလေ့ရှိပါတယ်”

ထိုစကားကြားတော့. . အမှောင်ထဲမှာ ကမ်းစပ်တလျှောက်၌ သွားလာလှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်ကြီး၏ အဖြေ ပေါ်သွားတော့သည်။

“အဲဒါကိုရော ဦးဖိုးမျှင်ကပဲ လုပ်တာပဲလား”

“ဟုတ်ပါတယ်”

“ပတ်ထရစ်ကို ဘယ်သူသတ်တာလဲ”

“သမီးကို မျက်နှာဖြူတစ်ယောက်နဲ့ မပတ်သက်စေချင်လို့ ဦးဖိုးမျှင်ကိုပဲ အသတ်ခိုင်းခဲ့တာပါ၊ ကျုပ်မှာအပြစ်ရှိတဲ့အတိုင်း အရေးယူရင်လည်း ခံပါမယ်”

“ဒါထက် ဦးဖိုးမျှင်ဆီကို အရူးတေနောင်လာပြီး အကူအညီပေးနေတယ်ဆိုတာ အရင်ကမသိဘူးပေါ့”

“မသိပါဘူး သူက အဲဒီကတည်းက အရူးယောင်ဆောင်ပြီး အကြံနဲ့လာနေတာ ဖြစ်မှာပေါ့၊ ကျုပ်တို့ကတော့ မသိခဲ့ကြဘူး၊ အခုမှ သိရတော့တာပါ”

“အခုမှပဲ ပြဿနာတွေရဲ့ အဖြေအားလုံး ရှင်းသွားပေတော့တယ်”

“ကျုပ်လည်း. . အရင်ကတော့ လောဘစိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်သင့်တာတွေ လုပ်ခဲ့မိပါတယ်၊ အခုလို. . . အသက်ဘေး အန္တရာယ်နဲ့တွေ့တော့မှ နောင်တရပါပြီ၊ လောကမှာ အသက် ထက်တော့ ဘယ်အရာမှ ပိုပြီးတန်ဖိုးမရှိပါဘူး၊ ကျုပ်လောဘ စိတ်နဲ့ မလုပ်သင့်တာတွေလုပ်ခဲ့လို့ ကျုပ်သမီးလေးလည်း အခုလိုဒုက္ခမျိုးတွေနဲ့ ကြုံရတာပါ၊ ဒါကြောင့် ဒီရတနာတွေကို လည်း မမက်မောတော့ပါဘူး၊ ကျုပ်မှာ. . အပြစ်ရှိတယ်ဆိုရင် လည်း ဝတ္တရားရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါတော့ မောင်ရယ်"

ဦးလွန်းမောင်က များစွာနောင်တရသော လေသံဖြင့် ဝန်ခံပြောဆိုလေသည်။

"လူဆိုတာ မမှားဘူးတဲ့သူ မရှိပါဘူး၊ အမှားကို အခုလို ပွင့်ပွင့်လင်းလင်း ဝန်ခံတာကိုတော့ ချီးကျူးပါတယ်၊ ဦးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော်ဆောင်ရွက်ပေးသွားပါ မယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

ထို့နောက်မှာတော့ ရတနာသေတ္တာကို တစ်ပါတည်း သယ်ဆောင်ကာ. . ဂူအတွင်းမှ အပြင်သို့ထွက်ခဲ့ကြလေတော့ သည်။ အပြင်ဘက်မှာတော့ အလင်းရောင်များ ကောင်းစွာရ နေချေပြီ။





# အခန်း(၁၈)

## ချစ်သူတို့အတွက် အရေးအကြီးဆုံးသောအချစ်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ရက်အနည်း ငယ်ကြာသောအခါ ထိုအချိန်က ထုတ်ဝေသောသတင်းစာနှင့် ဂျာနယ်များတွင် သတင်းထူးတစ်ပုဒ် ပါလာလေသည်။

*"ထူးဆန်းပြီး. . ကြောက်မက်ဖွယ်ကောင်းသော ရေ သတ္တဝါအကြောင်း"*

*(၁၂၂၆)ခုနှစ် နယုန်လဆန်း (၄)ရက် (၁၉၀၃)ခု၊ မေလ (၂၉)ရက်)သောကြာနေ့တွင်. . မြိတ်မှာရှိသော နယ်[illegible]တင်း*



www.burmeseclassic.com

www.burmeseclassic.com



ထောက်တစ်ဦး ရေးသားပေးပို့သော သတင်းတစ်ပုဒ်မှာ. . .

လွန်ခဲ့သော လပိုင်းလောက်က ကြီးစွာသော မုန်တိုင်းကြီးတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက်တွင် ပင်လယ်ပြင်မှာနေသော သတ္တဝါကြီးတစ်ကောင် မြိတ်ကမ်းခြေသို့ ရောက်လာခဲ့လေသည်။

ထိုရေသတ္တဝါကြီးမှာ အဂ္ဂိမုခအဆိပ်ကောင်ဟု ခေါ်ကြပါကြောင်း၊ 'အဂ္ဂိမုခ'ဟူသော အဓိပ္ပာယ်မှာ မီးလောင်သကဲ့သို့ ပူပြင်းသောအဆိပ်ဟူ၍ဖြစ်ပေရာ ၎င်းအဆိပ်ရေနှင့် ထိသမျှသေကျေပျက်စီးကြရလေသည်။ အချို့ကလည်း ထိုသတ္တဝါကို ရေသရဲဟု ပြောဆိုကြသည်။ ပုံပန်းသဏ္ဌာန်မှာ လူနှင့်ပုံသဏ္ဌာန်တူပြီး တစ်ကိုယ်လုံး အမွေးရှည်များရှိကြောင်း၊ ရေဘဝဲကောင်ကဲ့သို့ လက်တံရှည်ကြီးနှစ်ချောင်းပါပြီး ထိုလက်တံရှည်ကြီးဖြင့် လူများကို ဖမ်းယူသတ်ဖြတ်ခဲ့ကြောင်း၊

၎င်းသတ်ဖြတ်ခဲ့သဖြင့် ငါးဖမ်းသမားသုံးယောက်၊ ခရီးသွားမျက်နှာဖြူတစ်ဦးနှင့် ခရစ်ယာန်ကျောင်းသား ပက်ထရစ်တို့ သေဆုံးခဲ့ရပါကြောင်း။ နောက်ပိုင်းမှာတော့ မြိတ်မြို့ဂါတ်တဲမှ ရာဇဝတ်အုပ် ဦးမင်းဒင်နှင့် ပုလိပ်များ၏ ကြိုးစားဆောင်ရွက်မှုကြောင့် ထိုရေသရဲကြီးကို နှိမ်နင်းနိုင်ခဲ့ပါကြောင်း၊ ထိုသို့နှိမ်နင်းရာမှာလည်း သက်စွန့်ဆံဖျား နှိမ်နင်းရသည်ဖြစ်ရာ သတ္တဝါကြီးကို မရလိုက်သော်လည်း ၎င်း၏လက်တံအပိုင်းအပြတ်တစ်ခုကိုတော့ ရရှိခဲ့ပါကြောင်း။ ယခုအခါမှာတော့ ဦးမင်းဒင်ဦးဆောင်သော ပုလိပ်အဖွဲ့၏ ဆောင်ရွက်မှုကြောင့် ကြောက်စရာကောင်း





သော ရေသရဲရန်မှ ကင်းဝေးသွားပြီးနောက် ကမ်းခြေမှာနေကြသော လုပ်သားပြည်သူ အပေါင်းတို့မှာလည်း စိတ်ချမ်းသာပျော်ရွှင်မှု ရရှိနေပြီဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

ဟူသောသတင်းနှင့်အတူ နီမောင်တို့ယူလာသော ရေသရဲလက်တံပြတ်ကိုပါ ဓာတ်ပုံနှင့်တကွ ဖော်ပြပေးထားလေသည်။ ထိုသတင်းကိုတွေ့တော့ နီမောင်က. . .

"ရေသရဲ ဖမ်းတုန်းက သူတို့ပါတာလည်း မဟုတ်ပဲနဲ့ သတင်းစာမှာရေးတော့လည်း သူတို့အကြောင်းချည်းပဲ"

ဟု မကျေမနပ် ပြောဆိုလေသည်။

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ပြုံးနေလေသည်၊

"ရေးပါစေကွာ ဒီလိုရေးမှလည်း ကျေနပ်မှာကိုး၊ အဓိကက လူတွေသေရတာ ရေသရဲလက်ချက်လို့ အားလုံးက သိသွားလေ ပိုကောင်းလေပဲ"

"ဘယ်လိုကြောင့်လည်းဆရာ . . ."

"ဒီလိုထင်တော့မှ . . ဦးလွန်းမောင်နဲ့ ဦးဖိုးမျှင်တို့ အေးအေးနေရမှာပေါ့၊ အမှန်အတိုင်းထားရေးရင် သူတို့လည်း လူသတ်မှုနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်နေတော့ မျက်နှာဖြူတွေရဲ့ နှိပ်စက်တာခံရမှာပေါ့"

"ဘာကြောင့်သူတို့အတွက် ဖုံးကွယ်ပေးတာလဲ"

"ရှင်းရှင်းပြောရရင်တော့ ငါက မျက်နှာဖြူတွေကို အလွန်မုန်းတဲ့လူပဲ၊ ငါတို့တိုင်းပြည်က သယံဇာတတွေကိုလည်းယူ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အပြင် ငါတို့တိုင်းရင်းသားတွေကိုလည်း နှိပ်စက်နေကြတဲ့အထဲမှာ နောက်ထပ် ငါတို့တိုင်းရင်းသားတွေထပ်ပြီး နှိပ်စက်ခံရမယ့် အလုပ်မျိုးတော့ ဘယ်တော့မှမလုပ်ပါဘူး၊ ကိစ္စတွေလည်း ပြီးပြီဆိုတော့ သူတို့အေးအေးနေကြပါစေ၊ အားလုံးထင်နေသလို လူတွေသေရတာ ရေသရဲကြီးလက်ချက်လို့ ယူဆပြီး. . အမှုပိတ်လိုက်တော့လည်း အေးသွားတာပေါ့"

ဟုပြောပြလေသည်။

"ဆရာရဲ့စိတ်ဓာတ်ကိုတော့ ကျွန်တော်လေးစားမိပါတယ်"

ထို့နောက်မှာတော့ ရလာသောရတနာပစ္စည်းများကို အညီအမျှ ခွဲဝေယူကြရာ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့လည်း ရကြလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က နီမောင်ကိုမေးလေသည်။

"မင်းလည်း နေ့ချင်းညချင်း ချမ်းသာလာပြီဆိုတော့ ဘာလုပ်မယ် စိတ်ကူးသလဲ"

"ငွေရရင်တော့ အန္တရာယ်များတဲ့ ပင်လယ်ထွက်တဲ့အလုပ်တွေ မလုပ်တော့ပဲ ခြံတစ်ခြံဝယ်ပြီးတော့ပဲ လုပ်ကိုင်စားသောက်မယ်လို့ စိတ်ကူးထားပါတယ်"

ထိုစကားကြားသောအခါ ဦးလွန်းမောင်က ဝင်ပြောလေသည်။

"မင်းမှာ ဒီလိုစိတ်ကူးရှိတယ်ဆိုရင်တော့ ငါကပဲ အကူအညီပေးပါ့မယ်၊ ငါ့မှာ ဒူးရင်းခြံနဲ့ ရာဘာခြံတစ်ခြံရှိတယ်၊ အဲဒီခြံကို မင်းကိုပေးပါ့မယ်"

"ဗျာ"

"မအံ့သြပါနဲ့ကွာ ငါတို့သားအဖနှစ်ယောက်စလုံးကို အန္တရာယ်ကလွတ်အောင် အကူအညီပေးခဲ့ကြတဲ့ ကျေးဇူးကို ပြန်ဆပ်တာပါ၊ ငါ့မှာ ရာဘာခြံတွေ အများကြီးရှိပါတယ်၊ ဒီခြံက သက်သက်ထားတာမို့ မင်းကိုအပိုင်ပေးပါ့မယ်"

ဟုပြောရာ နီမောင်လည်း ဝမ်းသာသွားလေသည်။

ကိစ္စများပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က ရန်ကုန်ပြန်ကာနီးတော့ နီမောင်ကိုမေးသည်။

"မင်း အခြေအနေကရော ဘယ်လိုဆက်လုပ်မှာလဲ"

"မြဝင်းသူနဲ့ ကိစ္စကို မေးတာလားဆရာ"

"ဟုတ်တယ်လေ"

"ဖြစ်မယ်မထင်ပါဘူး ဆရာရယ်"

"မင်းက တယ်လည်းစိတ်အားငယ်တတ်တာကိုး. . ၊ ယောကျ်ားတစ်ယောက်အတွက် မဖြစ်နိုင်တာ ဘာမှမရှိဘူး၊ ကြိုးစားရင် ဘာမဆိုရနိုင်တယ်၊ ကိုယ့်ဘက်က ကြိုးစားမှု မရှိလို့သာ အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးရတာမျိုးတွေ ရှိတတ်တာ"

နီမောင်က ဘာမှမပြောပဲ ခေါင်းငုံ့ထားလေသည်။

"(၁၈၂၁-၁၈၈၁)ကာလအတွင်းက ဟင်နရီဖရက်ဒရစ် အေမီရယ်(လ) (HENRI FREDERIC AMIEL) ရေးခဲ့တဲ့ ဒဿနလက်ဆောင်တစ်ခုရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com



Life is short and we have not too much time for gladdening the hearts of those who are travelling the dark way with us.

OH, be swift to love!

Make haste to be kind."

အခိပ္ပာယ်က "ဘဝဆိုတာတိုတောင်းပါတယ်၊

ကိုယ့်နဲ့အတူအမှောင်လမ်းကို

လျှောက်လှမ်းနေရသူတွေ

နှလုံးစိတ်ဝမ်း အေးချမ်းစေဖို့

ကိုယ့်မှာ အချိန်သိပ်မရပါဘူး၊

ဒီတော့ ချစ်စရာရှိ မြန်မြန်

ကြင်နာစရာရှိ သွက်သွက်သာဖြစ်ပါစေ" တဲ့

ဘယ်လောက်ကောင်းတဲ့အဓိပ္ပာယ်လဲ. . ဒီတော့ မင်းလည်း ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ လိမ်ညာမနေနဲ့၊ ရင်ထဲက တကယ့်နှစ်သက်နေတယ် ချစ်နေတယ်ဆိုရင်တော့. . . မြန်မြန်သွက်သွက်နဲ့သာ သူ့အချစ်ကိုရအောင် ကြိုးစားပေတော့၊ ကံကောင်းပြီး ပျော်ရွှင်မှုရပါစေလို့လည်း ဆုတောင်းပေးခဲ့ပါတယ်"

ဟုပြောဆိုနှုတ်ဆက်ပြီးနောက် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ရန်ကုန်သို့ ပြန်သွားလေတော့သည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ နီမောင်တို့မိသားစုမှာ ဦးလွန်းမောင် လက်ဆောင်ပေးသော ခြံထဲသို့ ရွှေ့ပြောင်းနေထိုင်ကာ ခြံအလုပ်များကို စတင်လုပ်ကိုင်နေကြပြီဖြစ်





သည်။

ခြံမှာအတော်ကျယ်ဝန်းပြီး သီးပင်စားပင်များနှင့် ရာဘာပင် အတော်များများရှိသဖြင့်. . . စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကိုပါ တစ်ပါတည်း ခေါ်ထားရလေသည်။

တစ်နေ့တော့ ခြံထဲသို့ မြဝင်းသူ ရောက်လာလေသည်။ သူမလက်ထဲမှာလည်း စက္ကူဖြင့်ပတ်ထားသော အထုပ်တစ်ထုပ်ကိုင်ထားလေသည်။

"မြဝင်းသူပါလား ဘာကိစ္စရှိလို့လည်းဟင်"

"ကိစ္စရှိမှ လာရမှာလား"

"မဟုတ်ပါဘူး ဟိုမှာအလုပ်တွေ မနိုင်ရင် ခါတိုင်းလိုပဲ ကျွန်တော်တို့ သုံးယောက်ကို ခေါ်ခိုင်းပါလို့ ပြောမလို့ပါ"

"နင်က သူဌေးဖြစ်နေမှပဲ၊ ဒီအလုပ်မျိုးတွေ လုပ်ချင်သေးလို့လား"

"ကျွန်တော်က ဘဝမေ့တတ်တဲ့လူမျိုး မဟုတ်ပါဘူး"

"ဒီလိုဆိုတော့လည်း ဝမ်းသာရမှာပေါ့၊ ရော့ဒီမှာ နင့်ရဲ့အင်္ကျီကို ပြန်လာပေးတာ"

ဟု ပြောပြီး သူမယူလာသောအထုပ်ကို ပေးသဖြင့် လှမ်းယူထားလိုက်လေသည်။

ဂူထဲမှာ ဒဏ်ရာရစဉ်က. . ဝတ်ပေးခဲ့သော အင်္ကျီဖြစ်သည်။

"ပခုံးကဒဏ်ရာရော သက်သာသွားပြီလား"

"ဒဏ်ရာတော့ သက်သာသွားပါပြီ၊ ဒါပေမယ့် စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ တစ်ခုခု ဖြစ်နေသလိုပဲ”

“ကျွန်တော့်ကို မကျေမနပ် ဖြစ်နေတာလား”

“မဟုတ်ပါဘူး”

“ကျွန်တော်လည်း အဲဒီက ပြန်လာကတည်းက တစ်ခုခု ဖြစ်နေသလိုပဲ”

“ဘာဖြစ်နေတာလဲ”

“မကြာခဏ မြဝင်းသူကို သတိရနေမိတယ်”

“အပိုတွေ ပြောမနေနဲ့ ပြန်ရောက်ကတည်းက အိမ်ကိုတောင် တစ်ခေါက်မှ လှည့်လာဖော်မရပဲနဲ့”

“ဒီမှာ ခြံထဲကို ရွှေ့ပြောင်းနေရလို့ မလာဖြစ်တာပါ၊ ဒါပေမယ့် စိတ်ထဲကတော့ အမြဲသတိရနေပါတယ်”

“အခုတောင် ဒီကလာမှ တွေ့ရတာ မဟုတ်လား”

“မဟုတ်ပါဘူး မြဝင်းသူကသာ လက်ခံမယ်ဆိုရင် မြဝင်းသူရှိတဲ့ နေရာမှာပဲ အမြဲနေချင်နေတာ”

“အလို ခြံထဲသတင်းလာပြီးမေးတဲ့လူကို မသိမသာနဲ့ ရည်းစားစကား ပြောနေတာလား”

“အခွင့်အရေးယူတယ်လို့တော့ မထင်ပါနဲ့၊ ဂူထဲမှာ တွေ့ကြပြီးကတည်းက ကျွန်တော် မြဝင်းသူအပေါ် စွဲလမ်းမှုဖြစ်ခဲ့တယ်၊ ကျွန်တော့် မေတ္တာကို စဉ်းစားပေးပါ”

“အခုမှပြောတာ စဉ်းစားဖို့အချိန်တော့ ပေးရမှာပေါ့”

“ဘယ်လောက်ကြာကြာ စောင့်ရမလဲဟင်”

“အိုး . . မေတ္တာဆိုတာ သစ်ပင်စိုက်သလို ချက်ချင်းစိုက်





ချက်ချင်းပေါက်နိုင်တာမှ မဟုတ်တာ၊ သူ့အလိုလိုပေါ် လာတဲ့အထိတော့ စောင့်ပေးရမှာပေါ့”

“ဒါဖြင့် ကျွန်တော်ကသာ သတိရနေတာ မြဝင်းသူက ကျွန်တော့်ကို သတိမရဘူးပေါ့နော်”

“သတိရလို့ပဲလာတာ ခြံထဲတောင်ရောက်နေမှတော့ ဒီစကားမျိုး မေးရသလား”

ဟု မျက်စောင်းတစ်ချက်ထိုးရင်း ပြောလေသည်။

“တကယ်ပဲလားဟင် ဝမ်းသာလိုက်တာ မြဝင်းသူရယ် အခုမှပဲ သဘောပေါက်တော့တယ်”

ဟု ပြောပြီး မြဝင်းသူ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။ မြဝင်းသူ့က မရုန်းမဖယ်ပေ။

“ငါ့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား”

“တကယ်ချစ်တာပေါ့၊ ရင်ထဲက နှစ်နှစ်ကာကာကို ချစ်နေတာ၊ မြဝင်းသူကရောဟင်”

“မေးစရာလိုသေးလို့လား”

“လိုတာပေါ့၊ သေသေချာချာ မသိရသေးပဲနဲ့ ဘယ်မှာစိတ်ချလို့ရမှာလဲ”

“နီမောင်ရယ် အမှန်ပြောရရင် ငါလည်းနင့်လိုပါပဲ ဂူထဲမှာတွေ့တုန်းက နင့်ရဲ့ကြင်နာမှုတွေနဲ့ တွေ့ပြီးကတည်းက နင့်ကို အမြဲသတိရနေပြီး စွဲလမ်းမှုဖြစ်ခဲ့ရတာပါ”

“အို့ . . ဝမ်းသာလိုက်တာ မြလေးရယ်၊ အခုမှပဲ စိတ်ချလက်ချ ချစ်ခွင့်ရတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ မြဝင်းသူကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။

မြဝင်းသူကလည်း ရင်ခွင်ထဲသို့ တိုးဝင်လာကာ ပြန်ဖက်ထားလေသည်။

ယခုတော့ အေးချမ်းတိတ်ဆိတ်သော ခြံထဲမှာ သူတို့နှစ်ယောက်အတွက် ချစ်စကားချင်း ဖလှယ်ရာ. . ချစ်သူတို့နေရာတစ်ခု ဖြစ်သွားလေတော့သည်။

လောကတွင် အချစ်သည် အရာရာတွေထက် အရေးအကြီးဆုံးဖြစ်သည် ဟူသော စကားမှာ ချစ်သူတွေအတွက်တော့ အမှန်ကန်ဆုံးစကားပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော. . (ရာဇူတိုင်မှရေသရဲ)အမည်ရှိဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီး ဖြစ်ပေတော့သတည်း။ ။

အနိစ္စာပေဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။ ။



BURMESE CLASSIC .com
www.burmeseclassic.com